


www.burmeseclassic.com
www.burmeseclassic.com

# ပုဏ္ဏမီ

## ကျေစေလို


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၁၀၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၀၀၅၀၇

၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှံ့စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။




## အခန်း(၁)

လက်ကနာရီကို တစ်ချက်ကြည့်လိုက်ပြီး **"ထူးဦး"**က ကျွတ်ခနဲ တစ်ချက်စုတ်သပ်လိုက်မိပါသည်။ ကဲ ... ဘယ်လိုလဲ ကွာ ... ဒီနေရာမှာ ထိုင်နေရတာ တစ်နာရီနီးပါး ... အဲ ... ကတောင် ကတော့မယ် မထင်ဘူး ...။ တစ်နာရီကျော်ကျော် လောက်တောင် ရှိသွားခဲ့ပြီ ...။ ဘာဆက်လုပ်ရမှာလဲ ...။ ဘယ်မှာလဲ "အလုပ်"ဆိုတာကြီးက။

"အလုပ်"ဆိုတာ ခေါင်းထဲဝင်လာသောအခါ ... အိမ်မှာ ကျေးဇူးရှင် မွေးသဖခင်ကို သတိရသည်။ မွေးသဖခင်နှင့် ထူးဆိုတာက ဘယ်တော့မှ အစေးမကပ် ... ကီးမကိုက်ခဲ့ကြသည့် လူသားနှစ်ဦးပါ။ ပြဿနာတစ်ခုရယ်လို့ ဖြစ်လာတိုင်း ကိုယ်က ချည်း မှားနေပြီး ... မွေးသဖခင်ကချည်း မှန်နေတတ်တာကို ကိုယ်တိုင်က သိလွန်းလို့သာ ထူးမှာ အမြင်မတူ ကီးမကိုက်လှ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဖခင်ဖြစ်သူကို တစ်ခွန်းမှ မလှန်ရဲဘဲ ခုထက်တိုင် သူစီမံသမျှ ငြိမ်သက် နာခံနေခဲ့ရတာပါ ...။

တစ်နေ့ကတော့ဖြင့် ... အလုပ် ... အလုပ် ... တဲ့။

"ဟော့ကောင် ထူး ... မင်းအသက် ဘယ်လောက်ရှိပြီလဲ..."

အဲဒီလို သိရက်နဲ့ အရေးမပါလှသည့် စကားမျိုးကို စတင်လာပြီဆိုရင် နောက်ဆက်တွဲ ကြီးကြီးကျယ်ကျယ်တွေပါ ဆက်တိုက် ပါလာတော့မည် ဆိုတာကိုသိသော ထူးမှာ ... Classical ဂီတာလေးကို ဖုန်တစ်စက်မှ မရှိအောင် ဖုန်သုတ် အရောင်တင်နေလျက်ကပင် ...

"ဖားသားကလည်းဗျာ ... သိရက်သားနဲ့ လာမေးနေပြန်ပါပြီ ..."

"ဟော့ကောင် ... အဖေကို အဖေလို့ပဲခေါ်စမ်း ... ဖားသားတွေ ... မွေးသဖခင်တွေ ... အမေ့ခင်ပွန်းတွေ မလိုချင်ဘူး ... မင်းနဲ့ငါ အရေးပါတဲ့ စကားကောင်းတွေကို ပြောမလို့ ... ပြောင်ချော်ချော် လာလုပ်မနေနဲ့ ..."

အဖေ ဘယ်လိုပြောပြော ထူးက "ရက်စ်"ဟု ခပ်ပြောင်ပြောင် တုံ့ပြန်လိုက်လျှင် ... မလှမ်းမကမ်းမှာ တမင်လာကြည့် စောင့်ရပ်နေပြီဖြစ်သော မေမေ့ထံမှ "ထူး"ဟု သတိပေးသံ တစ်ချက် ထွက်ပေါ်လာလေသည်။

"ဟာ ... ဟုတ်ပြီ ... ဟိုမှာ မေမေ တစ်ယောက်လုံး ရှိနေတဲ့ဟာကို ... ကျွန်တော့်အသက် သိချင်ရင် မေမေ့ကိုမေးလိုက်ပါလား ... သူအသိဆုံးပဲ ..."



"ဟော့ကောင် ... စကားကောင်းကောင်း ပြောဖို့ ငါပြောနေတယ်နော် ... မင်းက ကာယကံရှင်ပဲ ... မင်းအသက်ကို မင်းက မင်းအမေထက် ပိုသိရမှာပေါ့ ..."

"ဟာ ... ကျွန်တော်က အဲဒီနေ့က မေမေ့ဗိုက်ထဲက အေးအေးလေး ထွက်လာရတာ ... မေမေကတော့ မတရားသဖြင့် နာကျင်အော်ဟစ်ခဲ့ရတာတဲ့ ... အော်လောက်အောင် နာခဲ့ရတဲ့နေ့ကို သူ မေ့ပါ့မလား ..."

မေမေ့ မျက်နှာမှာ မထိန်းလိုက်နိုင်သော အပြုံးလေး လှစ်ခနဲ တစ်ချက်ပေါ်လာပြီးလျှင် မေမေက ထူးအနားသို့ရောက်ရှိလာကာ ထူးလက်ထဲက ဂီတာကို အသာကလေးဆွဲယူမ,လိုက်၏။ ကိုယ့်လက်ထဲက ဂီတာကို လာလုသူမှာ မေမေ ဖြစ်နေတာမို့ ထူးက အတင်းကြီး ပြန်လိုက်လုမနေတော့ဘဲ အားသွားသည့် လက်နှစ်ဖက်ကို ပိုက်လိုက်မိသည်။ ပြီးမှ ... ဖေဖေ့ရှေ့မှာ လက်ပိုက်ထားရသလိုလိုကြီး ဖြစ်နေပါပြီဟု တွေးမိသော တစ်ခဏမှာတော့ ထူးက လက်ပိုက်ကို မြန်မြန်ထက်ထက်ကြီး ပြန်ဖြေချလိုက်မိလေသည်။

ဖေဖေက ထူးရဲ့ လုပ်ပုံကိုင်ပုံ၊ တွေးပုံ ခေါ်ပုံတို့ကို ကြိုသိနေနှင့်ပုံပင် ...။ လက်ပိုက်ကို ပြန်ဖြေချလိုက်ပြီး အဲဒီလက်ကြီးနှစ်ချောင်းကိုပဲ ဘယ်နားသွားထားထားရမှန်း မသိတော့သလို ကိုယ့်ယို့ကားရား တွဲလောင်းကြီး ဖြစ်နေသည့် ထူးရဲ့ပုံစံကိုကြည့်ကာ "ဟင်း"ခနဲ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"ကဲ ... ဘယ်သူပိုသိသိ ... ဖြေစမ်း ... မင်းပါးစပ်က ပြော၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ့်နှစ်ပါ ခင်ဗျ ..."

ထုး ရွဲ့လိုက်ပြန်တာကို သိပုံရပေမဲ့ ဖေဖေက လိုရင်းပျောက်မှာစိုးပုံနှင့် အဲဒီအတွက်ကို ဘာမှပြောမနေတော့ဘဲ ...

"အေး ... အသက်နှစ်ဆယ့်နှစ်နှစ်တောင် ရှိနေပြီဆိုတဲ့ ယောက်ျားတစ်ယောက်ဟာ ... မင်းလို လတ်လျားလတ်လျားနဲ့ အားအားယားယား မတည်မငြိမ်ကြီး ဖြစ်မနေသင့်တော့ဘူး ... ဒီအချိန်မှာ အလုပ်နဲ့အကိုင်နဲ့ တည်ငြိမ်နေသင့်ပြီ ... အဲဒီလို ဖြစ်မနေလို့လည်း မင်းရဲ့ပုံစံဟာ ခုထိကလေးလိုလို ပေါ့လိုလိုနဲ့ ဘာပုံပေါက်မှန်းမသိ ဖြစ်နေတာပဲ"

"ဟာ ... ဖေဖေကလည်း ကျွန်တော်က လိုလည်းမလိုအပ်သေးဘဲနဲ့ ဥစ္စာရှာတဲ့ အရွယ်ကို မြန်မြန်ကြီး ရောက်ရတော့မှာလား ... ကျွန်တော် ပညာရှာနေတယ်လေ"

"အေး ... မင်း ပြောသလိုပဲ လိုလည်းမလိုအပ်သေးဘဲနဲ့ ဆိုတဲ့ စကားကိုပဲ ငါကလည်း ပြန်သုံးရတော့မှာပဲ ... ပညာရှာတယ် ဆိုရင်လည်း ကျောင်းသားအရွယ်မှာ ကျောင်းပဲတက်ပြီး ပညာရှာနေရမှာပေါ့ကွ ... လိုလည်းမလိုအပ်ဘဲနဲ့ အဝေးသင်တက္ကသိုလ်ပဲ ယူပစ်လိုက်ပြီး တစ်နေ့တစ်နေ့ အိမ်မှာပဲ လတ်လျားလတ်လျားကြီးနဲ့ ... အလုပ်မရှိ အကိုင်မရှိ အားအားလပ်လပ်ကြီး ..."

"ဟာ ... အဖေ ... အဖေ ... ဒီလိုတော့ မဟုတ်တာ မစွပ်စွဲနဲ့ဗျာ ... နေ့စဉ် ကျောင်းသွားတက်မနေချင်လို့ အဝေး



သင်ယူတာ ဘာအပြစ်များ ရှိလို့လဲ ... ပိုလာတဲ့အချိန်တွေမှာ ကျွန်တော်ဝါသနာပါတဲ့ ဂီတ ..."

"တိတ်စမ်း"

ထုးက မေမေ့ဘက်သို့ မှုန်တေတေဖြင့် ကြည့်လိုက်လျှင် ... အမြဲတမ်းလိုလိုပင် သူ့ခင်ပွန်းသည်ကြီးဘက်ကပဲ ရပ်တည်တတ်မြဲ အမေက ထုးဘက်ကပင်းကာ ဘာမှကူပြောပေးမည့်ပုံ မရပေ ...။

"ဟင်း ... ငါက ခေတ်နောက်ပြန်ဆွဲနေတဲ့ အဘိုးကြီးတစ်ယောက် မဟုတ်ဘူးကွ ... ဖြစ်နိုင်ချေသာ ရှိမယ်ဆိုရင် ငါကိုယ်တိုင်တောင် ရှေ့တန်းတက်ပြီး စင်တင်ပေးလိုက်ချင်သေးတယ် ... ခုတော့ဗျာ ... ဆိုလိုက်မှဖြင့်လည်း အသံကွဲ ... တီးလိုက်မှဖြင့်လည်း ဘယ်လိုမှ နားထောင်လို့မရ ... ဖြစ်မြောက်ဖို့ လမ်းစလေးတစ်စလောက် ရှိရင်တောင်မှ ကိုယ်တိုင် ပခုံးထမ်း တင်ရမလား ... တင်ရရဲ့"

ဟုတ်တာဆို နာလိုခံခက် ... အမျက်ထွက်တဲ့ ...။ ဆတ်ဆတ်ခါ နာကျင်သွားသော ထုးသည် ... ကိုယ့်အားနည်းချက်ကို အဖေက နင်းသလိုပင် ... အဖေလည်း အထိနာစေမည့် အားနည်းချက်ကို ပြန်နင်းမှ ဖြစ်မည်ပေါ့ဟု စိတ်ပုပ်ကို လျှင်မြန်စွာ မွေးလိုက်ရင်း ...

"အဲဒါနဲ့ပဲ ဘကြီးက ကျွန်တော့်ကို နှိုင်းစားတော့မယ်ပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် "အင့်"ခနဲနေအောင်ပင် အောင့်သွားပုံ ရပါသည်။ စင်စစ်မတော့ ထူးဦးရဲ့ အဖေဟု အမည်ခံထားသူ ဦးမြင့်ဦးမှာ ထူးဦး၏ ဘကြီးသာလျှင် ဖြစ်ပါသတည်း။ သို့သော် အဲဒီလိုအဖြစ်မှန်ကို ဖော်ထုတ်လျှင် သူ နည်းနည်းမှမကြိုက် ...။ အင်မတန်မှကို ဆတ်ဆတ်ခါရှာသည်။ ဒါကိုသိသည့် ထူးဦးကလည်း အကွက်ရရင် ရသလို သူတစ်ပါး ဆတ်ဆတ်ခါမည့် ကိစ္စကို မကြာခဏဆိုသလိုပင် ထုတ်ဖော်တတ်လေသည်။

"အေး ... ငါ့ဘာသာ မင်းဘကြီးပဲ ဆက်လုပ်နေရရင် အကောင်းသားနဲ့ မင်းတောင်းပန်လို့ မင်းအဖေနေရာကို ဝင်လိုက်ရပြီးကတည်းက ငါလည်း ငါးပါးကို မှောက်တော့တာပဲကွ ..."

အမယ် ... ဒီတစ်ခါမှာတော့ အောင့်ပင်အောင့်သော်ငြား ထူးဦးကို ချက်ကျလက်ကျ ပြန်တွယ်နိုင်သေးပုံထောက်တော့ အဖေ့ကြည့်ရတာ သူ့ဘက်ကတော့ လျှော့တော့မည့်ပုံမရ ...။ အပြတ်ကို မောင်းတင်လာပြီးခဲ့ပုံသာ ရပေသည်။ အင်း ... အခုတော့ ပြောအားရှိပြီပေါ့ ...။ ထူးဦးကိုက ... ငါးနှစ်သားအရွယ်မှာ ဖခင်ရင်း ဦးတင့်ထူး ဆုံးပါးသွားခဲ့လေတော့ ... အဖေ့အစ်ကို လူပျိုကြီး ဦးမြင့်ဦးပို ဖက်,ဖက်ပြီး ... "အဖေ"ချည်း တွင်တွင်ခေါ်ကာ ... "အဖေလုပ်ပါ"ဟုချည်း ပူဆာခဲ့တာတဲ့ ...။

ခဲအိုနှင့် ခယ်မလည်း မျက်နှာပူစရာတွေဖြစ် ... နှစ်ဖက်ဆွေမျိုးတွေလည်း ... "ဟဲ့ ... အို"နှင့် ဒုက္ခရောက် မျက်နှာပျက်ကုန်ကြ ...။ သို့သော် ... နောက်ဆုံးမှာတော့ ထူးဦးရဲ့



ရက်ဆက်ငိုသံတို့ကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းကောင်းဟာ ဒီတစ်နည်းပဲ ရှိတော့တယ် ... ဟု ... ကလေးတစ်ယောက်ရဲ့ စိတ္တဇ ဖြစ်နေမှုကိုငဲ့ကာ ဒီခဲအိုနှင့် ဒီခယ်မတို့ခမျာ မျက်နှာပူပူနှင့်ပဲ တစ်အိုး တစ်အိမ် အသစ်ပြန်စ ထူထောင်လိုက်ကြရတဲ့ အဖြစ်ပါပဲ။

ဘကြီးတစ်ဖြစ်လဲ အဖေနှင့် ... တူတစ်ဖြစ်လဲသား ထူးဦး တို့မှာ တစ်ယောက်ကို တစ်ယောက်လည်း မျက်စိအောက်က အပျောက်မခံ ချစ်ခင်ခဲ့ကြပါလျက် ... ထူးဦးတစ်ယောက် အရွယ်ကလေး ရလာရသောအခါမှာတော့ အဖေရင်းသားရင်း မဟုတ်ခဲ့သည့် အဖြစ်ကပဲ သူတို့နှစ်ယောက်ကို အစေးမကပ် ... ကီးမကိုက်စေတော့သလို ဖြစ်စေခဲ့သည် ထင်ပါသည်။ ထူးဦး ကိုယ်၌ကိုက ကိုယ်ကချည်းမှား ... အဖေကချည်း မှန်နေတတ်တာတွေကိုလည်း သိပါရက် ... မလျှော့နိုင်တော့တာ ...။ ဒီကြားထဲ မေမေကလည်း သားဘက်ကဖြင့် မပါဘဲ ... မှန်နေတဲ့ဘက်ကပဲ တွင်တွင်ရပ်တတ်လေတာမို့ ... နဂိုတည်းက ငှဲ့၊ ငပဲ့ ကောင်လေးတစ်ကောင် ဖြစ်ခဲ့တဲ့ ထူးဦး အဖို့ ပိုပိုပြီးတော့သာ ဆိုးလာစေတော့တာပေါ့ ...။

"နက်ဖြန်ခါကျရင် မင်း(----)လမ်းကိုသွား ... အဲဒီမှာ အလုပ်အင်တာဗျူး တစ်ခုရှိတယ် ... ဝင်ဖြေ ... ဖြေတဲ့နေရာမှာလည်း ငါ့မျက်နှာကို အိုးမဲမသုတ်မိစေနဲ့ ... ကောင်းကောင်းဖြေ ... မရရအောင်ဖြေ ... မရရင် မင်းနဲ့ငါနဲ့တွေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဖေကလည်း မတရားတာ ... သူတို့ဘာသာ အကြိုက်မတွေ့လို့ဘဲဖြစ်ဖြစ် ... စိတ်ပုပ်ပြီးတော့ဘဲဖြစ်ဖြစ် မခန့်ရင်ကော ... ကျွန်တော့် အပြစ်ပဲလား"

"ပုံမှန်အတိုင်းဆိုရင် ... ဒီအလုပ်ကို မင်းမရစရာ ဘာအကြောင်းမှ မရှိဘူး ... ငါ့မျက်နှာနဲ့ မင်းကို ခန့်ကိုခန့်မှာပဲ ... ကဲ ... ဒါပဲ ... သွားတော့ ... တစ်ခွန်းမှထပ်ပြီး စောဒက မတက်နဲ့တော့ ..."

အဖေ့ဘက်က ထူးဦးကို ဘယ်လောက်ပင်ချစ်ချစ် ... ဘယ်လိုပင် အလိုလိုက်လိုက် ... ထူးဦး ဘက်ကလည်း ဘယ်လိုနည်းနဲ့မဆို ဂျစ်ကန်ကန် ရွဲ့စောင်းစောင်းလုပ်လို့ရရ ... တကယ်တမ်း ဆုံးမစရာရှိရင်တော့ အဖေဟာ ပုံလဲနေအောင်လည်း ရိုက်တတ် ... ဒီ့ထက်ဆိုးဝါးသော နည်းများနှင့်လည်း သင်ခန်းစာပေးတတ်လေ့ရှိတာမို့ ထူးခမျာ အစစ်အမှန် အခြေအနေအားဖြင့်မှာတော့ အဖေ့ကို ငယ်ကြောက်ပါပင် ...။ ဘယ်လောက်ပဲ အပြိုင်ပြော ခွာရာတိုင်းလို့ရရ ... နောက်ဆုံး အဆုံးသတ်မှာတော့ အဖေက "ဒါ" ဆိုရင် ... "ဒါပဲ" ... စကားကို မပြင်တတ်တော့သည် ဖြစ်ရာ ဘယ်လိုမှ ငြင်းမရတတ်။

သို့သော် ထူးကလည်း ထူးလေကွယ် ...။ ငါးနှစ်သားဘဝမှာတောင် လူပျိုကြီးခဲအိုနှင့် မုဆိုးမခယ်မတို့ကို မရရအောင် ပေးစားစီမံနိုင်ခဲ့သူလေ ...။ အဖေသွားခိုင်းသည့် အလုပ်အင်တာဗျူးသို့ အရောက်မှာတော့ ... အဖေ့ဆီ ဘယ်လိုပဲသတင်းပြန်ရောက်နိုင်ပစေ ... ထူးဦးက အစွမ်းကုန်ဂျစ်ကျ ... ကပ်ဖဲ့တိုက်ပါတော့သည်။



"အဖေနာမည်"

"ဦးတင့်ထူး ... အဲလေ ... ယောင်လို့ ... ဦးမြင့်ဦး ..."

အင်တာဗျူးမေးသည့် အဘိုးကြီးက ထူးကို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ ...

"မိဘအလုပ်အကိုင်"

"ဆိုက်ကားနင်းပါတယ်ခင်ဗျာ"

အဘိုးကြီးမျက်နှာ ရဲခနဲ ဖြစ်သွားပါသည်။ အဖေ့မိတ်ဆွေဖြစ်ဟန်တူသော အဘိုးကြီးမှာ "မြင့်ဦး ကွန်ပျူတာရောင်းဝယ်ရေးနှင့် Service Centre" ဖွင့်ထားသော အဖေ့ အလုပ်အကိုင်အကြောင်းကို မသိနိုင်မှာ မဟုတ် ...။ ထူးရဲ့အဖြေစကားကြောင့် ထူးကို စိုက်ကြည့်နေသော အကြည့်များက ပို၍စူးရဲလာပြီးလျှင် ...

"ပညာအရည်အချင်းကရောကွာ ..."

"အဖေလား ... ကျွန်တော်လား"

"မင်းပေါ့ကွ ..."

"ကျွန်တော်ကတော့ ရေးတတ် ဖတ်တတ်ပေါ့ ..."

အဘိုးကြီးက အဖေပြုံးတတ်သော မဲ့တဲ့တဲ့ အပြုံးမျိုးကြီးဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ကဲ ... မင်းက ရေးတတ်ဖတ်တတ် ဆိုရင် မင်းအဖေက ရောတဲ့ကွာ ..."

"အဖေလည်း ... အင်း ... အဖေကလည်း ဖတ်တတ်ရေးတတ် ..."

"ဖတ်တတ် ရေးတတ်နဲ့ ရေးတတ် ဖတ်တတ်က ဘာကွာသလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကွာတာပေါ့ အန်ကယ်ရ... ကျွန်တော်က အရေးပိုသာတဲ့ သဘောပေါ့ ... အဖေကတော့ အဖတ်ပိုသာတဲ့ သဘောပါ ... အဲဒီလို ကွာတယ်လေ ..."

အဘိုးကြီးက သဘောကျလာပုံနှင့် "တဟားဟား" အော်ရယ်ပစ်လိုက်ပါသည်။

"ကဲ ... ရေးတတ်ဖတ်တတ် အပြင် ဘာတွေတတ်ကျွမ်းသေးလဲကွာ ..."

အမှန်စင်စစ်မတော့ အဖေ့လက်ချက်နှင့် ... လှော်ကက်ခဲ့ရသော တစ်ခုပြီးတစ်ခုတောင် မကသည့် ... တစ်ခုမပြီးခင် တစ်ခုတက်ထားရသော သင်တန်းများအရ ... ထူးမှာအလုပ်ခန့်လိုသူများ ကြိုက်နှစ်သက်လောက်သည့် တတ်ကျွမ်းမှု အရည်အချင်း၊ ထောက်ခံချက်လက်မှတ် ပေါင်းစုံပင် ရှိနေခဲ့ပါသည်။ သို့သော် ...

"ဒီ့ပြင် ကျွမ်းကျင်တာတွေကတော့ ... ကရာတေး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဗန်တို၊ ဗန်ရှည်၊ လက်ဝှေ့ ..."

"ဟိုး ... ဟိုး ... ရပြီ ... တော်လောက်ပြီ ... ကဲ ... မင်း ပြန်နိုင်ပါပြီ ..."

ထူးက "ငါကွ"ဟု ကျိတ်ကြွေးကြော်ကာ စိတ်လက်ပေါ့ပါးစွာ ထိုင်ရာမှ ထရပ်လိုက်မိစဉ် ...

"မင်းကို ငါ အလုပ်ခန့်လိုက်ပြီ ... မနက်ဖြန်ကျရင် ဒီလိပ်စာအတိုင်း မနက်ရှစ်နာရီထက် နောက်မကျစေဘဲ အရောက်လာခဲ့ပါ ... အဲဒီကျမှပဲ လုပ်ရမဲ့အလုပ်နဲ့ လစာအကြောင်းကို အကျေအလည် ဆွေးနွေးကြတာပေါ့ ..."



သေရောပဲ ...။ ထူး လှည့်ထွက်လာခဲ့သောအခါ ... အင်တာဗျူးလုပ်ရာ ရုံးခန်းထဲမှ အဘိုးကြီးရဲ့ ရယ်သံကျယ်ကြီးတစ်ခုက လွင့်ပျံ့ပြီး ကျန်ရစ်လေသည်။ အဲဒီတော့မှ ထူးက သတိထားမိသွားသည်မှာ အလုပ်အင်တာဗျူးသာ ဆိုသည် ... ကိုယ်ကလွဲလို့ လာလျှောက်ဖြေဆိုသည့်သူလည်း တစ်ယောက်မှ ကိုမမြင် ...။ ကိုယ်သည်သာ တစ်ဦးတည်း "only one" ဖြစ်နေကာ ... ကိုယ်ဘာပြောပြော ဘာလုပ်လုပ် ... နောက်ဆုံးကျတော့ ဒီအလုပ်က ကိုယ်နဲ့ ပစ်မလွဲဘဲ ဖြစ်နေတော့တဲ့ ပုံပါလား ...။ အင်း ... ထူးဦးတစ်ယောက်တော့ မွေးသဖခင်ရဲ့ ချောင်ပိတ်ဖမ်းခြင်းကို ကောင်းကောင်းကြီး ခံလိုက်ရချေပြီ။

ပိုသေချာသည်မှာ ... ညနေဘက် ထမင်းစားဝိုင်းကျတော့ မေမေက ... "ထူး ... အလုပ်အင်တာဗျူး ဖြေခဲ့တာ ဘယ်လိုလဲ"ပဲ ရှိသေး ... အဖေက ထူးကို ပါးစပ်ဟခွင့်တောင် မပေးတော့ဘဲ ...

"ကိုစန်းလွင်က မင်းသားကို သဘောကျလွန်းလို့တဲ့ ရီရီ... ကိုယ့်ဆီ ဖုန်းဆက်ရင်း တဖွဖွနဲ့ ပြောလို့ကို မပြီးဘူး ... ဒီတစ်ခါတော့ ဒီကောင့်အတွက် မင်းသေချာ့ကို ဂုဏ်ယူပေတော့ ..."

ကဲ ... ချည်ပြီးတုတ်ပြီး ...။ ထူးခမျာ ... မေမေ့မျက်နှာက ရွှင်လန်းကျေနပ်နေသော အပြုံးကလေးကိုလည်း မပျက်စီးစေချင် ...။ "အဲဒီမှာ အလုပ်မရခဲ့ရင်တော့ ... ဆိုင်ကစာရေးတစ်ယောက်ကို ဖြုတ်ပစ်လိုက်မယ်ဟေ့ ... အဲဒီစာရေးနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



မင်း ဝင်လုပ်ပေတော့ ..."ဟူသော အဖေ့စကားကြီးကိုလည်း စိတ်ပျက် ...။ ဒီလိုနဲ့ပဲ ... ဒီတစ်ခါ အဖေနဲ့သားတို့ရဲ့ ပြိုင်ပွဲမှာ ထူးတစ်ယောက် ဒိုင်ပွဲရပ်၊ နောက်ကောက်၊ နလံမထူနိုင်လောက် အောင်ကို မှောက်ရက်ကြီး လဲကျကာ ရှုံးနိမ့်သွားခဲ့ရတော့တာပါ ပဲ ...။

"တက္ကသိုလ်ကို အဝေးသင်ပဲ ယူမယ်ဆိုရင် အလုပ် တစ်ခုခု ဝင်လုပ်ရမယ်"ဆိုတဲ့ အဖေ့စကားလည်း အောင်သွားခဲ့ တာပေါ့လေ ...။ ထူး ကိုယ်တိုင်လည်း ကိုယ်က ဝါသနာပါပေ မဲ့ ဖြစ်ဖြစ်မြောက်မြောက် ဖြစ်မလာတဲ့ သီချင်းဆို ... စီးရီး ထုတ်ကြည့်ဖို့ကိစ္စကို တစ်စထက်တစ်စ စိတ်ဝင်စားမှု လျော့နည်း လာခဲ့ပြီး ... ဝါသနာကို ဝါသနာအရလောက်ပဲ ဆက်လက်လိုက် စားလေ့လာကာ အလုပ်တစ်ခုခု လုပ်ကြည့်တော့ဖို့ကို စိတ်ဝင်တစား ရှိလာမိသည့် အချက်လည်း ပါတာပေါ့ ...။ အဖေ့ထံမှာ ဝင်လုပ် ရတာထက် စာရင်တော့ ဘာမှန်းမသိတဲ့ ... တခြားဘယ်အလုပ် မဆိုက်သော ပိုလုပ်လို့ကောင်းနေနိုင်မှာကိုလည်း ထူးက သေချာကို သိရှိဆုံးဖြတ်နိုင်ပြီးသားလေ ...။

ဒါနဲ့ပဲ ဒီနေ့မနက် ထူးက လိပ်စာအတိုင်း အလုပ် ဝင်ဖို့ လာခဲ့ပါသည်။ အိမ်ကြီးရှင် လူကြီးမင်း သူဌေးသူကြွယ်များ က ခြံတံခါးကိုသာ ဖွင့်ပေးစေပြီး အိမ်တံခါးကိုတော့ဖြင့် ယောင် လို့မှ ဖွင့်ဟမပေးကြတာကြောင့် ထူးခမျာ ရောက်ကတည်းက ခြံထဲမှာပဲ ထိုင်စောင့်နေခဲ့ရတာ ...။ ခုဆိုရင် တစ်နာရီကျော်ပြီ ... ဘယ်မှာလဲ'အလုပ်'ဆိုတာကြီးက ...။



ဒီအလုပ်ရှင်က အဖေနဲ့ပေါင်းပြီး ပညာတော့ပြပြီ ထင်တယ် ...။

"နောက်ဆယ်မိနစ်ပြည့်လို့မှ အကြောင်းမထူးရင်တော့ ပြန် မယ်ကွာ ..."

ထူးက ပါးစပ်ကနေပြီး ထုတ်ဖော်ကာ ကြွေးကြော် ထားလိုက်သည်။ သို့သော် ဆယ်မိနစ်လည်း မပြည့်လိုက်ရပါ ... ငါးမိနစ်မျှပင် မပြည့်ခင်မှာပင် ... မနေ့က အင်တာဗျူးခဲ့သော လူကြီးက ထူးရဲ့မြင်ကွင်းထဲသို့ ဝင်ရောက်လာကာ ...

"ကြာပြီလားဟေ့ ..."

"ကြာပြီပေါ့ဗျ ... ပျင်းလို့ဖြင့် သေတော့မယ် ..."

"ဟား ... ဟား ... ဟား ... မင်းဟာ မင်းအဖေပြောထား တာထက် ပိုသဘောကျဖို့ ကောင်းတယ် ... အဲဒါကြောင့် မင်းကို ငါကရွေးတာ ..."

"ဒါပေမဲ့ ကျွန်တော်ကတော့ အန်ကယ့်ကို ရွေးချင်မှ ရွေးမှာ ... ကျွန်တော်လုပ်ရမဲ့ အလုပ်က ဘာလဲ ... လစာကော ဘယ်လောက်ရမလဲ ... ဒါကို သိရပြီးမှ အန် ကယ့်ကို ကျွန်တော့်အလုပ်ရှင်အဖြစ် ကျွန်တော်က ရွေး မရွေး အဖြေပေးနိုင်မှာ ..."

"ငါက မင်းရဲ့အလုပ်ရှင် မဟုတ်ပါဘူးကွ မောင်ထူးဦးရ"

"ဒါဖြင့် ဘယ်သူလဲခင်ဗျာ ... အဖေများ တစ်ဖက်လှည့် နဲ့ ..."

"နိုး ... နိုး ... နိုး ... မင်းအလုပ်ရှင်နဲ့မင်း မကြာခင် တွေ့ ရမှာပါ ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဦးက တစ်ကိုယ်တည်း နှုတ်ခမ်းလေး ကျိတ်ရွဲ့လိုက်မိရင်း ... "လျှို့ဝှက်ဆန်းကြယ်ပဲ"ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။ အဘိုးကြီးက ထူးဦးရဲ့စကားကို ကြားပေမဲ့ မကြားယောင်ဘဲ ဆောင်နေကာ ...

"မင်းကို ခြံထဲမှာ တစ်ယောက်တည်း ပစ်ထားရတာကတော့ ဒီအလုပ်က သည်းခံနိုင်ခြင်း အတိုင်းအတာတွေ အတော်ပဲ လိုလို့ပဲဟေ့ ... မဆိုးဘူး ... တစ်နာရီကျော်တောင် စောင့်နိုင်တော့ မင်းနဲ့ ဒီအလုပ်နဲ့ ကိုက်မှာပါ ..."

"ရှင်းရှင်းပဲ ပြောပါတော့ အန်ကယ်"

သူက ထူးဦးကို အတော်ကြီး စိတ်ရှည်နိုင်သူအဖြစ် စိတ်ချီးမွမ်းခန်း ဖွင့်နေချိန်မှာပင် ထူးဦးက သည်းမခံနိုင်တော့ ဖြစ်လာပါတော့သည်။ ထိုအခိုက်မှာပဲ ... အိမ်ကြီးပေါ်မှ စူးရှကျယ်လောင်လှသော မိန်းကလေးသံလေးတစ်ခုက ...

"ပါပါရေ ... ဘယ်မှာလဲ ..."

"ဒီမှာဟေ့ ... လာခဲ့ ဒီကို ..."

တစ်ခဏတွင်းချင်းမှာပင် ထူးဦးရဲ့ရှေ့သို့ လှတပတ (အဲ ... ပြီးတော့ ရွတ ... ဆွတ)ကောင်မလေးတစ်ယောက်က ဖြုန်းစားကြီး ဆိုသလိုပင် ရောက်ရှိလာကာ ...

"သူလား ပါပါ ..."

"ဟုတ်တယ် သူပဲ ..."

ကောင်မလေးက ထူးဦးကို ဈေးဝယ်တစ်ယောက်ရဲ့ အပြစ်ရှာ စစ်ဆေးတတ်သော မျက်လုံးမျိုးဖြင့် လှည့်ပတ်ကာ ကြည့်ရှုလိုက်သည်။



"ကဲ ... မောင်ရင့်ရဲ့ အလုပ်ကတော့ ... ဟောဒီက ငါ့သမီးရဲ့ သက်တော်စောင့် ... ဘော်ဒီဂတ်(Body Guard)ပဲ"

"ခင်ဗျာ ..."

အံ့သြပါရဲ့ ...။ 'ဒါမျိုးရှိသလား'ဟုတောင် မေးရမလို ဖြစ်နေပြီ ... ထူးဦးရဲ့ အံ့အားတသင့်ပုံစံကို လှပတပမရွတဆွတက တခိုးခိုး တခွစ်ခွစ်မြည်အောင်ပင် ရယ်ချလိုက်လေသည်။

"မလုပ်နိုင်ဘူးဗျာ ... အဓိပ္ပာယ်မှ မရှိတာ ..."

အဘိုးကြီးက အထက်စီး အပြုံးကြီးနှင့် ပြုံးလိုက်ကာ ...

"မောင့်ရင့် အဖေကတော့ ခိုင်းချင်ရာခိုင်းဗျာ ... အလုပ်ရယ်လို့ရှိရင် တော်ပြီဆိုပြီး ငါ့ဆီက တစ်နှစ်စာ လခကြိုထုတ်သွားတာပဲကွယ် ..."

"ခင်ဗျာ ... တစ်နှစ်စာ ... ဒါဖြင့် တစ်လဘယ်လောက်နဲ့လဲ ..."

"တစ်သောင်း"

ထွက် ... နည်းလိုက်တာ ...။ အဖေ ... အဖေ ... တန်ဖိုးဖြတ်ရက်ပါပေတယ် အဖေရယ် ...။ ချည်ပြီး တုပ်ပြီးမှုမက သော့နှင့်ပါ ထပ်ခတ်လိုက်သေးတာပါလား ...။

"ရယ်စရာကြီးဗျာ ... အန်ကယ့်သမီးက ဘယ်လိုမျိုးဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေနိုင်လို့ ... ဘယ်လောက်များ သွားလေရာရာမှာ လူဝိုင်းလူအုံမှာမို့လို့ သက်တော်စောင့် ဘော်ဒီဂတ် ငှားပေးထားရမှာလဲ ... ဒါ ... သိပ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူး ထင်တယ်နော် ... ကျွန်တော် အလုပ်ရသွားပြီဆိုလို့ သူငယ်ချင်းတွေက ဝိုင်းမေးကြရင်တောင် သူဌေးသမီးတစ်ယောက်ရဲ့ ဘော်ဒီဂတ်လို့ ဖြေရမှာလား... ဟား ဟား ဟား ဟား ... ရုက်စရာတောင် ကောင်းသေးတယ် ..."

"အလုပ်ဟူသမျှ ဂုဏ်ရှိစွပါကွ ... ရိုးသားကြိုးစားရင် ဘယ်အလုပ်မှ ရှက်စရာကောင်းမှာ မဟုတ်ပါဘူး ..."

ထူးဦးက ခေါင်းကို အဆက်မပြတ် ခါယမ်းနေရင်းက ကိုယ့်အလုပ်ရှင်ဆိုသည့် ကောင်မလေးကို ခပ်ကြာကြာတစ်ချက် လှမ်းကြည့်လိုက်မိသည်။ ကြည့်နေရင်း ကြည့်နေရင်းကပင် "ခေတ်ကာလအဘိုးကြီးနှစ်ယောက်ရဲ့ ရည်ရွယ်ရင်းမှန်က ဘာပါလိမ့်" ဟု တွေးမိသွားသောအခါမှာ ထူးဦးရဲ့ မျက်နှာက ပြုံးစိစိရိပ် ပေါက်လာလေတော့သည်။ ကောင်မလေးကတော့ ထူးဦး သူ့ကို စကြည့်နေကတည်းက မျက်လုံးရွှဲကြီးတွေကို တစ်စက်ကလေးမှ မျက်တောင်မခတ်ဘဲ ခပ်တည်တည် ပြန်လည်စိုက်ကြည့်လျက်သား။

"ကဲ ... ဘယ်လိုလဲ ... လုပ်ဖို့ ဆုံးဖြတ်တယ် မဟုတ်လား"

"သက်တော်စောင့်ဆိုတော့ အဲဒီအသက်ကို ရန်ရှာနေတဲ့ လူတွေ ရှိနေလို့လား"

အဘိုးကြီး နည်းနည်းတော့ တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ ခဏကြာမှ သူ့သမီးဘက် သူလှမ်းကြည့်ရင်း ...



"သူ့ပုံစံလည်း ကြည့်ဦးလေ ... ရန်များလိမ့်မယ်လို့ မောင်ရင် မထင်ဘူးလား ... ဒါပေမဲ့ မောင်ရင်ပဲ ကရာတေး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဗန်တို၊ ဗန်ရှည်၊ လက်ဝှေ့ ကျွမ်းတယ်ဆိုကွ ..."

ကဲ ... ကိုယ့်စကားနဲ့ ကိုယ်ပဲ ...။ ထူးက ပြုံးစိစိပဲလုပ်နေလိုက်ပါသည်။ အဘိုးကြီးက ထူးနှင့် သူ့သမီးကို တစ်ချက်စီလှမ်းကြည့်လိုက်ရင်း ... သူ့လက်ကနာရီကိုလည်း တစ်ချက်ပြန်ကြည့်ကာ ...

"ကဲ ... ငါ အလုပ်သွားစရာရှိတယ် ... အလုပ်ကိစ္စအပြည့်အစုံကိုတော့ မင်းတို့ချင်းပဲ ညှိကြကွာ ..."

ကောင်မလေးက သူ့အဖေ ထွက်သွားသည်နှင့် အကြောင်းမဲ့ ... အဓိပ္ပာယ်မဲ့ ..."ခိ" ဟု တစ်ချက်ရယ်လိုက်ကာ ...

" '**ပန်းဝတ်မှုံ**'လို့ ခေါ်ပါတယ် ... သူကတော့ ထူးဦးနော် ..."

"ဟုတ်တယ်"

"သူ့အလုပ်က ဘာမှတော့ ထူးထူးထွေထွေ မရှိပါဘူး ... ဒါပေမဲ့ ဝတ်မှုံကတော့ မနက်ရှစ်နာရီကနေ ညရှစ်နာရီထိ သွားချင်တဲ့နေရာကို သွားချင်တိုင်း လျှောက်သွားပစ်တာပဲ ..."

ထူးဦးက မျက်နှာကို တစ်ချက်မဲ့လိုက်သည်။

"အလုပ်ချိန်များတယ် ... မလုပ်နိုင်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"လခပိုပေးမယ်လေ ..."

"ဘယ်လောက်ပဲပေးပေး ... မနက်ကိုးနာရီကနေ ညနေငါးနာရီအထိပဲ ..."

"ခြောက်နာရီထားပါ ... ပြီးတော့ တစ်ချို့နေရာတွေကျ အချိန်ပိုသွားရင်လဲ ..."

"အချိန်ပိုသွားရင် အိုဗာတိုင်(over time)ကြေးကို သပ်သပ်ပြောမယ် ... ပြီးတော့ စနေနဲ့ တနင်္ဂနွေမှာလည်း တစ်ရက်ပဲ လာနိုင်မယ် ... ကြိုက်တဲ့ရက်ရွေး ..."

"အမယ် ... သူက မာမာထန်ထန်နဲ့ ..."

"မကြိုက်ရင် မခန့်နဲ့ပေါ့ ... ကဲ စဉ်းစားထား ... ဒီနေ့က စပြီးတော့လည်း အလုပ်မဝင်နိုင်သေးဘူး ... ဒီနေ့ နှစ်ဆယ့်ကိုးရက်နေ့နော် ... နောက်လဆန်း တစ်ရက်နေ့ကျမှ စဝင်မယ် ... ဒီကြားထဲမှာ တစ်ခုခု ပြောချင်ရင် ဖုန်းဆက်လိုက်၊ ငါ့ဖုန်းနံပါတ် မင်းအဖေ သိလိမ့်မယ် ..."

ကောင်မလေးရဲ့ နှုတ်ခမ်းမှာ ထော်လန်တက်သွားပါတော့သည်။ ထူးဦးကတော့ ပြောပြီးပြီးချင်းပင် လှည့်ထွက်လာခဲ့တော့သည်။ ကဲ ... မှတ်ထားကြ ... လူကို အကြောင်းမရှိ ... ခံနိုင်ရည်စမ်းသပ်တာပါဆိုပြီး ခြံထဲ တစ်နာရီလောက် ထိုင်ခိုင်းထားတာမျိုးကို ဘယ်တော့မှ သည်းခံလိမ့်မယ် မထင်နဲ့နော် ...။

ညနေဘက်ကျတော့ အိမ်က ကျေးဇူးရှင်ဖခင်က အလုပ်အကြောင်းကို မေးသည်။ ထူးဦးက ဖြစ်ကြောင်းရယ်ကုန်စင်ကို ခပ်ဟားဟားလေး ဇာတ်ကြောင်းပြန်ရင်း ...



"ဘယ်လိုလဲ ... အဖေတို့ခေတ်ရဲ့ သားရေးသမီးရေး ... အာဝါဟဝိဝါဟ စပ်နည်းဟပ်နည်းတွေက ဒါအကုန်ပဲပေါ့ ဟုတ်လား ..."

အဖေ 'ထောင်း'ခနဲ ဒေါပွသွားသည်။ တောက်တစ်ချက်ကိုပင် ခေါက်လိုက်ကာ ...

"တောက် ... ကိုစန်းလွင်က ဘာတွေ လျှောက်လုပ်တယ် မသိပါဘူး ... ကျုပ်သားကို အလကားမထားချင်လို့ ... ကျုပ်အလုပ်ထဲလည်း ဒီကောင်က မဝင်ချင်လို့ အလုပ်တစ်ခုခုလောက် ပေးစမ်းပါလို့ ပြောမိတာကို ဒီလူက ဘာလုပ်တာလဲ ... အဓိပ္ပာယ်မရှိဘူး ... ဘာသဘောလဲ ... နားကို မလည်ဘူး ..."

အဖေ့ပုံစံက တကယ်ပဲ နားမလည်ဟန်နှင့် စိတ်တွေ ဘာတွေ ဆိုးနေပါသည်။ ထူးဦးက အဖေ့ကို အကဲခတ်လိုက်သည်။ ဟန်ဆောင်နေတာလား ... ဟုတ်မည့်ပုံမရ ...။ တကယ့်ကိုပင် ခုမှစသိလိုက်ရသည့် အလုပ်ဆန်းတစ်ခုထဲမှာ စိတ်ရှုပ်ထွေး တွေးမရ ဖြစ်နေဟန်သာရှိသည်။ သူ့မိတ်ဆွေ ဦးစန်းလွင် အပေါ်လည်း စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားဟန်အပြည့်နှင့် ဖြစ်၏။

"လခလည်း ဘယ်မှာကြိုယူထားလို့လဲ ..."

"အဖေ့သူငယ်ချင်းက စိတ်မှမှန်ရဲ့လား"

"မပြောတတ်ဘူး ... ဒါပေမဲ့ အဲဒီလို အလုပ်မဟုတ်တာတွေတော့ ငါက နည်းနည်းလေးမှ အားမပေး သည်းမခံနိုင်ဘူး ... မင်းမသွားနဲ့တော့ ... ငါကြည့်ပြောလိုက်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွန်တော်က လုပ်ဖို့ဆုံးဖြတ်လိုက်ပြီ"

"ဘာ ..."

"အလုပ်လေး အကိုင်လေးရှိမှ အခြေတကျနဲ့ လူလေးစား မှာ ..."

ထူးဦးက အမေပြောနေကျ စကားများကို ပြန်သုံးလိုက်သဖြင့် ... အမေက "ဟိတ်ကောင်"ဟု သတိပေးသလို ခေါ်လိုက်သည်။ မေမေကလည်း သူလုပ်နေကျအတိုင်း မျက်ရိပ်မျက်ခြည် မျက်စ မျက်နတို့နှင့် ထူးဦးကို ဘောင်ခပ်ရန် ကြံလေသည်။ ထူးဦးက လူကြီးနှစ်ယောက်အနားမှ အမြန်ဆုံး လစ်ထွက်လာခဲ့ရင်းက ...

"ဘာပဲဖြစ်ဖြစ် ... ကျွန်တော် လုပ်တော့မယ် ... ပျော်စရာလေးပဲ ဖြစ်ဖို့များပါတယ်"

အဖေ့ဆီမှ တောက်ခေါက်သံကျယ်ကျယ် တစ်ချက်ထွက်ပေါ်လာပါသည်။ ပြီးလျှင်တော့ ... "ရီရီ ... ကိုယ့်ကိုတယ်လီဖုန်းစာအုပ် ရှာပေးစမ်း"ဟုဆိုကာ သူ့မိတ်ဆွေကြီး ဦးစန်းလွင်ရှိရာသို့ ချက်ချင်း ဖုန်းထဆက်နေပေတော့သည်။

※ ၆ ※



"ညည်းအလုပ်က ဘောင်းဘီရှည်မဝတ်လို့ မရဘူးတဲ့လား အေ ..."

"ဩော် ... မရလို့ပါ အမေရယ် ... တကယ်ပါ ..."

အမေက **"ခေါင်းဖြူ"**ကို စိတ်ညစ်သလိုလိုလေးနှင့်ပဲ ဆက်လက်စိုက်ကြည့်ကာ ဘာမှထပ်မပြောတော့ပေ ...။ အလုပ်ဝတ်စုံ ယူနီဖောင်းကို အပြည့်အစုံ လဲလှယ်ဝတ်ဆင်လိုက်ပြီးသော ခေါင်းဖြူက အမေ့မျက်နှာကို ခေါင်းနှင့် တစ်ချက်ဝှေ့လိုက်ကာ ချွဲလိုက်ရင်း ...

"ခေါင်းက ယောက်ျားတွေကိုပဲခန့်တဲ့ အလုပ်မျိုးမှာ ခေါင်းကို ခန့်ပေးပါလို့ မရမကပြောပြီး ဝင်လုပ်နေတာကိုးအမေရဲ့၊ မော်တော်ဆိုင်ကယ် စီးနေရတဲ့အလုပ်ကို ထဘီကြီးနဲ့ လုပ်နေရမှာကတော့လည်း မဟုတ်သေးပါဘူး အမေရယ် ... တစ်ချို့အလုပ်တွေမှာ မိန်းကလေးတွေ နောက်ကွဲစကတ်တိုတိုလေးတွေနဲ့ လုပ်နေကြရတာနဲ့ စာရင်တော့ ခေါင်းရဲ့ ဘောင်းဘီရှည်ကမှ လုံခြုံလွန်နေရပါသေးတယ်"

အမေက သူ့သမီး ခေါင်းဖြူကို လှည့်ပတ်ကြည့်ပြီး သက်ပြင်းတစ်ချက်ကိုချသည်။ ခေါင်းဖြူဟူသော နာမည်လေးနှင့် လိုက်အောင်ပင် ဖြူဖွေးနေသော ခေါင်းမလေးတစ်ကောင် ကနေ

www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ကြွကြွရွရွ တင့်တင့်တယ်တယ်ကလေးနှင့် လှနိုင်လှသော သမီးကလေးသည် အမေ့မျက်စိထဲ တယ်မတွေ့လှသော ရုပ်လက်ရှည်၊ ဘောင်းဘီရှည်တို့နှင့်ဆိုလည်း လှတာကတော့ ငြင်းမရအောင် လှနေသေးတာပင် …။

"ဒီခေတ်လူတွေများ ကြားမကြားဖူးပါဘူးအေ … အပျင်းပဲကြီးလွန်းကြတာ ထင်ပါရဲ့ … မုန့်များကိုယ်တိုင်တောင် ဆိုင်မှာသွားဝယ်မစားနိုင်ကြတော့ဘူးတဲ့ … အိမ်အထိမှာ စားရတယ်လို့ပဲ …"

"အဲလိုလူတွေ ရှိနေလို့ ခေါင်း အလုပ်ရနေတာပေါ့ အမေရဲ့ …"

ခေါင်းက … ပီဇာနှင့်ကိတ်မျိုးစုံလုပ်ငန်းတစ်ခုမှာ လုပ်ပါသည်။ အမေ့စိတ်ကြိုက်နှင့်သာ ဆိုရင်တော့ မိန်းကလေးပီပီ မုန့်ဖုတ်သောဌာနမှာသာ အလုပ်ဝင်စေချင်မည် ဖြစ်ပေမဲ့ ခေါင်းကတော့ Home Delivery အိမ်တိုင်ယာရောက် မုန့်မှာစားသူ များထံ မော်တော်ဆိုင်ကယ်တစ်စီးနှင့် မုန့်လိုက်ပို့ရသော ဘက်မှာ သာ အလုပ်ဝင်ဖြစ်ခဲ့သည်။

ဒါကလည်း ဝင်ချင်တိုင်းဝင်လို့ ရတာတော့ မဟုတ်ပါ။ အခု ခေါင်းလုပ်နေသော နေရာဟာ အရင်က ခေါင်းရဲ့ကိုကို ကိုဖိုးချိုတစ်ယောက် လုပ်သွားခဲ့သော နေရာမို့ အလုပ်ရှင်က ခေါင်းတို့ကို စာနာကြင်နာကာ အဲဒီနေရာကို ဆက်ပေးထားခဲ့ခြင်း ပင်ဖြစ်ပါသည်။



အမေ့စိတ်ကြိုက်ဖြစ်အောင် မုန့်ဖုတ်ဌာနမှာလည်း ခန့်ပေးစရာ နေရာကမရှိတော့ …၊ ရှိရင်တောင် ခေါင်းကမလုပ်နိုင်ပါ။ တစ်နေ့တစ်နေ့ အခန်းကြီးတစ်ခန်းထဲမှာ ပိတ်မိနေကာ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ် … ကိုယ်လုပ်ချင်တာမှ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ မရနိုင်မည့် နေရာမျိုးမှာ ခေါင်းက ဘယ်လိုမှ အလုပ်ဝင်မနေနိုင် …။ ခေါင်းမှာက စားဝတ်နေရေးအတွက် အလုပ်တစ်ခုခုတော့ ရှိကိုရှိရမည့်အပြင် … ထိုအလုပ်ဟာလည်း တစ်နေရာတည်းမှာ ဖင်ထိုင်ကျောက်ချကြီး ဖြစ်မနေဘဲ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်မပြတ် … အမြဲထိတွေ့လှုပ်ရှားသွားလာနေရသည့် အလုပ်ဖြစ်ဖို့ လိုသည်မဟုတ်လား …။

"တီ … တီ"

"ဟော … အလုပ်က ဖယ်ရီလာပြီ … သွားတော့မယ် အမေ"

ခေါင်းက အမေ့ပါးကို ရွှတ်ခနဲ တစ်ချက်နမ်းကာ ထွက်လာခဲ့ချိန်တွင် ကျေကလည်းကျေနပ် … မကျေနပ်ကလည်း မကျေနပ်ချင်နှင့် အမေက သူ့ပါးကလေး သူကိုင်ရင်း အီလည်လည်ကြီးနှင့် ကျန်ရစ်လေသည်။ ခေါင်းဖယ်ရီကားပေါ်ရောက်တော့ ကားပေါ်မှာ ခေါင်းထက် အရင်ကြိုပါလာကြပြီးသား ဌာနပေါင်းစုံမှ ဝန်ထမ်းများက ယူနီဖောင်းအပြည့်နှင့် တက်လာသော ခေါင်းကို ဝိုင်းကြည့်ကြကာ … အစ်မတစ်ယောက်က …

"ခေါင်းဖြူက ဘယ်လောက်ကြည့်လိုက် ကြည့်လိုက် ယူနီဖောင်းနဲ့ချည်းပဲ … အလုပ်ထဲရောက်မှ လဲဝတ်ရင်လည်း ရပါတယ်ဟယ် …"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတည်း ဝတ်လာလိုက်လည်း ရတာပဲ အစ်မရယ်... ဟိုရောက်မှ တစ်ခါပြန်လဲရမှာ ဒေါင်းဖြင့် စိတ်မရှည်ပါဘူး ..."

အမှန်ကတော့ မိန်းမတွေကတော့ ထားပါတော့ ... ရသမျှ အချိန်ကလေးမှာ အပြင်ဝတ်စုံလေးတွေ အလဲလဲအလှယ်လှယ်နှင့် ရှိုးပြဟန်လုပ်ချင်ကြမည်ပေါ့ ...။ ယောကျ်ားကြီးတွေကကျတော့ ဘာအလုပ်ရှုပ်တာတုန်း ...။ ဒေါင်းကတော့ အလုပ်ရှုပ်လည်း မခံနိုင်။ အလဲလဲအလှယ်လှယ် ရှိုးပြနေစရာ အပြင်ဝတ်စုံလည်း များများစားစားမရှိ။ ပြီးကျတော့ ယူနီဖောင်းကိုပဲ စွဲစွဲမြဲမြဲ ဝတ်ရသည့် အကြောင်းရင်းတစ်ခုက ဒေါင်းမှာ ရှိနေသေးသည်။

"သင်းက အိမ်ကနေ ယူနီဖောင်း တစ်ခါတည်း လဲလာခဲ့တော့ ... အလုပ်ထဲရောက်လို့ ငါတို့အကျီလဲနေရချိန်မှာ သူက သူဌေးရှေ့သွားပြီး မတ်တတ်ရပ်ပြနေနှင့်ပြီ ... အတော်မြားတဲ့ ဟာမလေး ... ဟင်း ..."

"အောင်မာ ... ခင်များကြီးတို့လည်း ဒေါင်းလိုဖြစ်ချင်ရင် အိမ်ကတည်းက ယူနီဖောင်းပဲ တစ်ခါတည်း ဝတ်လာခဲ့ကြပေါ့ ... အလွယ်လေး ..."

ဒေါင်းက ချက်ချင်း ပက်ခနဲ ပြန်ပက်လိုက်တော့ ဒေါင်းနှင့်အတူတူ မုန့်လိုက်ပို့ရသောဌာနမှ အစ်ကိုကြီးက တဟဲဟဲနှင့် ရယ်နေလေသည်။ ဒေါင်းတို့ အလုပ်ထဲမှာ တခြားဌာနတွေတော့ မသိ ... Home Delivery အိမ်တိုင်ရာရောက် မုန့်လိုက်ပို့ရသော မော်တော်ဆိုင်ကယ်သမားကတော့ ဒေါင်းပါနှင့်ဆို ငါး



ယောက် ...။ ကျန်လေးယောက်က ဒေါင်းထက် အသက်ကြီးကြသည့် အစ်ကိုကြီးများချည်း ဖြစ်လေသည်။ ဒေါင်းကိုဆိုသူတို့က သူတို့သူငယ်ချင်း ကိုဖိုးချို၏ ညီမလေးလည်း ဖြစ်နေတာမို့ ဒေါင်း ဘာလုပ်လုပ် ဘာပြောပြော ဗွေမယူ ... ချစ်ခင်စိတ်အပြည့်နှင့် တကယ့်နှမကလေးတစ်ယောက်လိုပဲ စောင့်ရှောက်ကြလေသည်။

"ရတယ် ... ရတယ် ... ကိစ္စမရှိဘူး ... သင်းက တစ်ချို့နေ့တွေကျ ... သူဌေးရှေ့ မပြေးနိုင်သေးဘူး ... ရည်းစားဆီပဲ အရင်ဆုံးပြေးပြီး ဖုန်းလှည့်ရတာ ... သူ့သူ့ရည်းစားနဲ့ အလွမ်းသယ်နေတဲ့ နေ့တွေဆို ငါကလည်း အမြန်ဆုံးနည်းနဲ့ အဝတ်လဲပြီး သူ့ထက် အရင်တောင် သူဌေးရှေ့ သွားရပ်ပြထားလိုက်တာပေါ့ ... ဒီကောင်မလေး ဘာတတ်နိုင်သေးလဲ ... ဟဲဟဲဟဲ ..."

"အောင်မာ ... ကိုကျော်ကြီးနော် ... ဘယ်မှာရည်းစားရှိလို့လဲ ..."

"ဒါဖြင့် အလုပ်ထဲရောက်ရောက်ချင်း ... သူဌေးမသိအောင် ဖုန်းပြေးဦးပြီး ချက်ချင်းဖုန်းကောက်ကောက်လှည့်ရတာ ဘယ်သူ့ဆီလဲ ... ငှဲ ငှဲ ငှဲ ..."

"ဘယ်သူ့ဆီပဲ ဖြစ်ဖြစ်ပေါ့ ... ရည်းစားကတော့ မရှိဘူး"

"ပြီးရင်တော့ လက်ကိုင်ပဝါလေးအုပ်ပြီး စကားကို တိုးစိစိ ပိဖျောက်ပိဖျောင်ကလေးနဲ့ ပြောမယ်လေ ..."

"ဟော့ကောင် ... တစ်ခါတလေကျ လေလေးဘာလေးအောင် ချွန်ထည့်လိုက်သေးတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါကျတော့ တောက်ခေါက်သံတစ်ချက်ပဲပေးပြီး ဖုန်းပြန်ချ ..."

"တစ်ခါတလေ ကျတော့လည်း ... ရယ်သံကျယ်ကြီးနဲ့ ခင်ဗျ"

"ဟိုတစ်နေ့ကတော့ Walkman ကက်ဆက်ပေါက်စလေးနဲ့ ဟက်ပီးဘတ်သ်ဒေး(Happy Birthday)သီချင်းကိုပဲ ဆယ်ခေါက်လောက် ဆက်တိုက်ဖွင့်ပြနေပြန်ရော ခင်ဗျာ ..."

"ကြည့်စမ်း ... ကြည့်စမ်း ... အားလုံး ဒေါင်းကိုချည်း လိုက်ချောင်းနေကြတယ်"

ဒေါင်းက တရှုံးရှုံး တရှဲရှဲနှင့် ဒေါ်ပွလာလျှင် အုပ်စုလိုက်ဝိုင်းပြီး ဒေါင်းကို စနေကြသော အစ်ကိုကြီးများထံမှ ပါမကာ ... ဖယ်ရီတစ်ကားလုံးမှာ ရယ်သံများနှင့် ဝေစီသွားလေတော့သည်။

စာရင်းအင်းဌာနမှ အစ်မကြီးသည် အတူလိုက်ရယ်နေ ရင်းကပင် မျက်လုံးပြူး ရင်ဘတ်ဖိနေတော့ရင်း ...

"ဒီခေတ်သမီးရည်းစား ထားပုံတွေများ ဆန်းသစ်လိုက်တာနော် ... ကျွန်မတို့တုန်းကတော့ အိမ်မှာလည်း ဖုန်းမရှိတာနဲ့ ခုအိမ်ကလူနဲ့ ဖုန်းလည်း တစ်ခါမှမပြောဖြစ်ပါဘူး ... ဖုန်းထဲကနေ အဲဒီလို လေချွန်ထည့်လိုက်၊ တောက်ခေါက်ထည့်လိုက်၊ သီချင်းဖွင့်ပြလိုက်နဲ့ လုပ်ဖို့ဆိုတာများဝေးလို့ စဉ်းတောင်မစဉ်းစားမိဘူး ... စကားပြောရမယ်ဆိုလည်း ရှိုးရိုးပဲပေါ့ ... ဒီခေတ်ကလေးတွေကတော့ ဆန်းတယ်..."



"အော် ... အစ်မကြီးကလည်း အဲဒီလို ကတိကတောက်လေးတွေနဲ့ သွားသွားဆွနိုင်မှ တစ်ဖက်ကလူမှာလည်း အသည်းတယားယားနဲ့ ဖီလင်တွေတိုးပြီးရင်းတိုးရင်း ဖြစ်နေတော့မှာပေါ့ ..."

အစ်မကြီးက "ဟုတ်လား"ဟု တကယ့်ကို အံ့အားတသင့်ကြီးနှင့် ပြောလိုက်သဖြင့် ဒီတစ်ခါမှာတော့ တစ်ကားလုံးက အဲဒီအစ်မကြီးကိုပဲ ဝိုင်းပြီးရယ်ချလိုက်ကြလေသည်။ ဒေါင်းကတော့ ရှုပုပ်ပုပ်သာ လုပ်ထားပြီး အားလုံးနှင့်အတူ လိုက်မရယ်ပါ ...။ အစ်မကြီးကတော့ ... "အော် ... ဒေါင်းက ဖုန်းဆက်ချိန်ရဖို့ အိမ်ကတည်းက ယူနီဖောင်း လဲလာခဲ့တာလား ... ဟုတ်လား..." နှင့် ဆက်လက်၍သာ အံ့အားသင့်မဆုံး ဖြစ်နေလေသည်။

သူတို့လုပ်တာနဲ့ ဒေါင်းတော့ "အလုပ်ထဲရောက်ရောက်ချင်း ဖုန်းပြေးဆက်လိုက်ဦးမယ်"ဟု ကြံထားခဲ့တာလည်း ဘယ်လိုလုပ်ရမလဲ မသိတော့ ...။ အဲဒီအစ်ကိုကြီးအုပ်စုဟာ ဘယ်အချိန်ကတည်းက ဝိုင်းချောင်းနေကြသည်ကိုမသိ ...။ ဒုက္ခပါပဲ ... ဒေါင်းပြောသည့် စကားတွေကိုပါ ကြားများကြားနေကြသေးသလား ...။

"ကောင်မလေး ... နှင့်ကို သူဌေးက ဖောက်သည်အိမ်များများ ရှာနိုင်လွန်းလို့ ပ,စားပေးထားတာနော် ... နှင်ဖုန်းပြောပြောနေတာ သူ မသိဘူး မထင်နဲ့ ... မဖြစ်စလောက်လေးမို့ အသာလွှတ်ပေးထားတာ ... ငါတို့ထက်လည်လို့သာ ငါတို့သူဌေး လုပ်နေတာ သိရဲ့လား ... လွန်ကဲမလာစေနဲ့ ...သူမျက်စိနောက်လောက်အောင်တော့ မဖြစ်စေနဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟောတော့ … ဒေါင်းကဖြင့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေတာ …။ ဘဝတူအလုပ်သမားများကတော့ သိနေကြပေမဲ့ သူဌေးကတော့ဖြင့် ဒေါင်း ဖုန်းဆက်ဆက်နေတတ်တာကို မသိဘူးပဲ မှတ်ထားတာ …။

"အေးလေ ညီမလေးရယ် … ချစ်တာကတော့လည်း ချစ်တာပေါ့ … အစ်မတို့တုန်းကလည်း ကိုယ့်ကိုယ်ကိုယ်တော့ ဟုတ်လှပြီ ထင်ပေမဲ့ တစ်ဘက်မှာတော့ ဣန္ဒြေမရ ဖြစ်နေတာမျိုးတွေ ရှိချင်ရှိခဲ့မှာပါ … ဒါပေမဲ့ ကိုယ်က ပြီးသွားပြီ … လွန်သွားပြီဆိုတော့ ခုချိန်မှာတော့ သူများကို ဆုံးမဖို့ပဲ မြင်တတ်တော့တယ် … ကိုယ်ကချည်း ဖုန်းခဏခဏ စ,စ,ဆက်မနေပါနဲ့ ညီမရယ် … ယောကျ်ားလေးလုပ်တဲ့လူက သဘောကျနေရင်တောင် သူ့အိမ်က ရှိသေးတယ်၊ သူ့မိဘတွေက ရှိသေးတယ် …"

"အား … ခက်တာပဲ … ရည်းစားဆီ ဆက်နေတာမှ ဟုတ်ပါဘူးဆို …"

ဒေါင်းရဲ့စကားကို ဘယ်သူမှ အယုံအကြည် ရှိကြပုံမရ …။ ဒေါင်းကလည်း အဲဒီလောက်ထက်ဘော့ ထပ်ပြီးပြည့်ပြည့်စုံစုံကြီး ရှင်းမပြနိုင်တော့ဘူးလေ …။ သွားပြီ …။ ဒီနေ့တော့ ဖုန်းဆက်လို့ မရနိုင်တော့ …။ အားလုံးက လတ်တလော ဝိုင်းဆုံးမထားကြတာကြီးတွေနဲ့ဆိုတော့ အလုပ်ထဲရောက်တာနဲ့ ဒေါင်းကိုပဲ ဝိုင်းအကဲခတ်နေကြတော့မှာ …။ အားလုံးကို ဂရုမစိုက်ပါဘူးဆိုပြီး ပေါ်တင်ကြီး ရွဲ့သလိုဖြစ်မှာမျိုးကိုတော့ ဒေါင်းကမလုပ်



ရဲပါ။ ဒေါင်းပျော်သော … ဒေါင်းနှင့်အဆင်ပြေနေသော ဒီအလုပ်ထဲမှာ ဒေါင်းက အငယ်ဆုံးလည်း အငယ်ဆုံးပီပီ ကိုယ့်ကိုလူချစ်လူခင် ဝိုင်းများနေကြတာမျိုးကိုသာ လိုချင်ပါတယ် …။

အလုပ်ထဲရောက်တော့ ဒေါင်းမှာ နံရံထက်မှာချိတ်ထားသော ဖုန်းအမည်းလေးကို ငေးကြည့်နေရုံမျှနှင့်သာ အီလည်လည်ကြီး ကျေနပ်နေရပြီး ဘာမှလှုပ်ရှားခွင့် မသာပါ။ ဒီနေ့ ဒေါင်းက ဖုန်းလှည့်ပြီးတာနဲ့ …။ "Pizza(ပီဇာ)"ဟူသော စကားလေးတစ်လုံးတည်းကိုပဲ အော်ထည့်လိုက်ဖို့ စိတ်ကူးထားတဲ့ဟာ။ ဒေါင်းရဲ့အသံဟာ သေးငယ်နေပြီး အသံ့ဩဇာနှင့် မပြည့်စုံမှာစိုးလို့တောင် ပါးစပ်ထဲထည့်ငုံပြီး ပြောဖို့ အိမ်ကနေ သံပရာသီးသေးသေးတစ်လုံးကို အသင့်ယူခဲ့သေးတာ …။

အိမ်မှာအစမ်းငုံကြည့်ပြီး ပြောတုန်းကတော့ ထွက်လာတဲ့အသံဟာ ဘာသံကြီးမှန်းမသိ … ဒေါင်းရဲ့မူလသံနဲ့ မတူတော့တဲ့ပြင် … သံပရာသီးက လည်ချောင်းဝကို သွားတစ်ပြီး "အော့"ခနဲ တစ်ချက်ဖြစ်သွားချိန်မှာ အဖျားခတ်တုန်ယင်သွားတဲ့ "ပီး … ဇာ … ဟာ … ဟာ …"ဆိုတဲ့ အသံကြီးဟာ ကြောက်စရာလိုလိုကြီးတောင် ဖြစ်နေခဲ့တာ …။ ခုတော့ ဒါကိုလုပ်လို့မရတော့ …။

ကဲ … ရှိပါစေ …။ ဒီနေ့မရ … နောက်နေ့ပေါ့ … "ပီဇာ"ဟု အော်ထည့်ပြီးမှသာ ထိုအိမ်သို့ ပီဇာမုန့် မမှာဘဲနှင့် သွားပို့ဖို့ အစီအစဉ်ကို နောက်နေ့ … နောက်နေ့သို့ပဲ ရွှေ့လိုက်တာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါင်းဖြူ ရည်းစားနဲ့ စကားမပြောရလို့ စိတ်ကောက်နေပါသည် ..."

ဒေါင်းက လာစနေသော အစ်ကိုကြီးတစ်ယောက်ကို မျက်စောင်းပိတ်ထိုးပစ်လိုက်ကာ ဆက်ပြီး ထိုင်ငိုင်မနေတော့ဘဲ သူတို့ပြောသလိုပင် ... သူဌေးရှေ့ ... ခပ်ဖားဖားကြီးနှင့် ပြေးရပ်ပြထားလိုက်ပါတော့သည်။

"ဟော ... ဒေါင်းဖြူကတော့ အချိန်မှန်ပဲ ... ကဲ ... ဒီနေ့ ပုံမှန်အော်ဒါတွေ ရှိသလား"

သူဌေးကတော်က ဖုန်းလက်ခံစကားပြောနေရာမှ ဒေါင်းဘက် မေးတစ်ချက်ဆတ်ပြီး လှမ်းပြောသည်။

"ဟုတ် ... အလုံမှာ ခရေပင်လမ်းနဲ့ သီရိရိပ်သာ ... စမ်းချောင်း ရှမ်းလမ်းနဲ့ မကြီးကြီးလှမ်း ... ပြီးတော့ ... အဲဒါပြီးရင် ကမာရွတ် အာတီးယားလမ်းနဲ့ လှည်းတန်း အဝိုင်းကြီးအလွန်က ခိုင်ရွှေဝါလမ်း ... ပြီးတော့ အင်းစိန်လမ်းမကြီးပေါ်မှာပဲ ... Cafe House လေးတစ်ခု မနေ့ကပဲ အစမ်းသွားတင်ပြီး စပ်ထားသေးတာ ရှိသေးတယ် ..."

သူဌေးကတော်က ခေါင်းညိတ်ပြကာ ဆိုင်ကယ်သော့လေးတစ်ခု ဒေါင်းထံသို့ လှမ်းပေးလိုက်သည်။ ပုံမှန်အထွက်ဌာနမှာ ဒေါင်းဝင်မှာကြားသွားရမည့် မုန့်စာရင်းများကို ပြင်ဆင်ထည့်သို ထုပ်ပိုးနေချိန်တွင် ဒေါင်းက ကိုယ့်ဆိုင်ကယ်လေးကို ရေဆေးကြောသုတ်သင်ကာ ... ဆီစစ် ... စက်အခြေအနေ စစ်ဆေးခြင်းများတို့ကို ပြုလုပ်ထားရပေလိမ့်မည်။



ခုခေတ်မှာက ပုံမှန်လက်ဖက်ရည်ဆိုင်တွေအပြင် ... ဆိုင်ရဲ့ အပြင်အဆင် သားနားမှု ... ဝန်ဆောင်မှုတွေကို ထူးခြားအောင်လုပ်ကာ လက်ဖက်ရည် ကော်ဖီတစ်ခွက်ကို လေးငါးရာကနေ ထောင်ကျော်အထိ ယူတတ်သော ဆိုင်မျိုးလေးတွေလည်း၊ တစ်စထက်တစ်စ များပြားဈေးကွက်ဝင်လာကြပြီ ဖြစ်ပေရာ ... ထိုဆိုင်ကလေးမျိုးများသည် ဒေါင်းတို့လုပ်ငန်းလို အတော်အတန် ဈေးကြီးသည့် ကိတ်မုန့်၊ ပီဇာမုန့်တို့အတွက် ဈေးကွက်ရှာ၊ ဈေးကွက်ချဲ့စရာနေရာကလေးများဖြစ်၍ လာလေသည်။

ဒေါင်းတို့ရဲ့လုပ်ငန်းက ဟိုတယ်ကြီးတွေမှာလည်း လိုက်တင် ...။ ရန်ကုန်မြို့ထဲတင် သုံးလေးနေရာခွဲဖွင့်ထားသော ကိုယ်ပိုင်မုန့်ဆိုင်ကလေးတွေမှာလည်းရောင်း ... အိမ်သို့လည်း လိုက်ပို့တဲ့အပြင် ... အဲဒီလိုကော်ဖီဆိုင်လေးတွေမှာလည်း လိုက်စပ်ပြီး လိုက်တင်ရပါသေးသည်။ အဲဒီလို ကော်ဖီဆိုင်လေးမျိုးများ အသစ်ဖွင့်ပြီဆိုရင် ... ဒေါင်းမှာ ကိုယ့်လိုပဲ တခြားမုန့်ဖုတ်လုပ်ငန်းတွေနှင့်လည်း ပြိုင်ရ ... ကိုယ့်အချင်းချင်းထဲက တခြားအစ်ကိုကြီးတွေနှင့်လည်း ပြိုင်ရတော့ကာ ကိုယ့်ဖောက်သည်ဖြစ်အောင် မျက်လုံးပြူး မျက်ဆံပြူး နားစွင့်လှုပ်ရှားရတော့တာ အမောပါပင်။

ဒေါင်းက ကိုယ့်ဆိုင်ကယ်လေးကို ကိုယ်သနေချိန်မှာ ဂိုဒေါင်ရှိရာသို့ တခြားအစ်ကိုကြီး လေးယောက်တို့လည်း အလျှိုလျှိုပင် ရောက်ရှိလာကြလေသည်။

"ဒေါင်းဖြူ ... သူဌေးကတော်က နင့်နဲ့ငါ လမ်းကြောင်းတူတယ် ... မုန့်တွေလည်း မျှတင်ရမှာ တူတူသွားကြဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... ပြောလို့လား ... ဒေါင်းကိုကျတော့ ဘာမှ မပြောလိုက်ပါလား ..."

"မဟုတ်ဘဲနဲ့ ငါကဘာလို့များ ညာပြောစရာအကြောင်း ရှိလို့လဲ ... နင်နဲ့များ အတူတူ မသွားချင်လိုက်တာ ... ပြီးကျပြဿနာဖြစ်ရင် ငါချည်း ခေါင်းခံရတာ ..."

ဒေါင်းက ကိုကျော်ကြီးကို စိတ်ညစ်ညစ်နှင့်ကြည့်ပြီး မချိသွားဖြဲ တဟဲဟဲ ရယ်လိုက်သည်။ ဒေါင်း အလုပ်ဝင်စကတော့ ဆိုင်ကယ်စီးကလည်း မကျွမ်းသေးတဲ့အပြင် ... ဆိုင်ကကျွမ်းကျင် လုပ်သားကြီးတွေ အထပ်လိုက်စီပြီး ထည့်သိုပေးလိုက်သည့်မုန့်များ ဟာ ဒေါင်းရဲ့ မကျွမ်းမကျင်နိုင်မှုကြောင့် တစ်ခုနဲ့တစ်ခု ထိ,ပိ ပြီး ပြားတာကပြား ... ထုပ်ပိုးထည့်သိုလာသည့်ဘူးမှာ ဆီကွက် တာကကွက် ...၊ လွတ်ကျတာကျ၊ အိမ်မှားပို့တာကပို့နှင့် ... အတူတွဲဖက်လှေ့ကျင့်ပေးခဲ့ရသော ကိုကျော်ကြီး ခမျာ အတော် ကြီး ခေါင်းကျိုန်းခဲ့ရလေတာ ...။

"အောင်မာ ... အဲဒါက အစမို့ပါ ... ခုတော့ ဆရာ့ထက် တပည့်လက်ဆောင်းထက် ... ကိုကျော်ကြီးတောင် ဒေါင်းကို မမီဘူး ..."

"ထားပါ ... ထားပါ ... ကဲ ... နင်မယုံလည်း သူဌေး ကတော်ကို သွားမေး ..."

"မေးမနေတော့ပါဘူး ... ဒါပေမဲ့ ..."

ဒေါင်းက ရုတ်တရက် ... ကိုယ်ဆိုင်ကယ်လေးကို... ကိုကျော်ကြီးရဲ့ ဆိုင်ကယ်နားသို့ အသာရွှေ့န်းယူသွားလိုက်ကာ... ခပ်တိုးတိုးနှင့် ...



"ဒါပေမဲ့ လမ်းမှာ ဒေါင်းက ဝင်ချင်တဲ့နေရာဝင်ပြီး ... လုပ်ချင်တဲ့ဟာလေးတွေ လုပ်စရာရှိတယ်နော် ... ဘယ်သူ့ ကိုမှ ပြန်မပြောကြေး ..."

"ဘာလဲ ... မုန့်မဆက်ရလို့ ရည်းစားအိမ်ကို ကိုယ်တိုင် ပေါက်ချသွားတော့မလို့လား... ဒေါင်းဖြူ ... ဒေါင်းဖြူ ..."

"ကျွတ် ... မဟုတ်ပါဘူးဆို ..."

ကိုကျော်ကြီးက ဒီဒေါင်းဖြူ တစ်ယောက်တော့ "မနိုင်စိန်ပဲ"ဟု သဘောထားလိုက်ဟန်နှင့် ဘာမှထပ်မပြောတော့ပေ ...။ သို့သော် ... သူက ဘာမှမပြောတော့ပေမဲ့ တစ်စုံတစ်ခုကို ထပ်မံစဉ်းစားသွားမိသော ဒေါင်း အဖို့ကတော့ ပြောစရာ စကားတွေ ထပ်ပေါ်လာရပြန်ပါသည်။ ကိုကျော်ကြီးကား ... အရင်က ဒေါင်း အစ်ကို ကိုဖိုးချို့နှင့်တွဲဖက် ...။ ကိုဖိုးချို သွားဖူးသမျှနေရာတိုင်း ကိုကျော်ကြီး သိနေကျွမ်းနေမည်မှာ အသေအချာပင် ...။

ဒေါင်းမှာ တကယ်ပဲ ကိုယ့်ရည်းစားဆီသို့ ခိုးသွား ချင်လို့ပါ ဆိုရင်တောင်မှ အစ်ကိုအရင်းလို ဖြစ်နေပြီဖြစ်သော ကိုကျော်ကြီးကို ဘာမှမပွင့်လင်းရဲစရာအကြောင်းမရှိ ...။ ဤနွေ မဲ့တာ မမဲ့တာတွေက နောက်ထား ... ပြတ်ပြတ်သားသားတော့ တင်ပြတောင်းဆိုရဲသည်သာ ...။ သူ့ပါ တိုင်ပင်အဖော်လုပ်ထား တော့ ကိုယ့်အတွက်တောင်မှ ပိုပြီးတည်ငြိမ်လုံခြုံစေသေးတာ ပေါ့ ... မဟုတ်ဘူးလား။

သို့သော်... ခုကိစ္စကတော့ ဘယ်လောက်ပဲ ရင်းနှီး ခင်မင်ပါသည်ဆိုဆို ... ကိုကျော်ကြီး မပြောနဲ့ ... ဒေါင်းရဲ့ အမေ တောင်မှ သိခွင့်မရှိ ... ပေးသိလို့ မဖြစ်တဲ့ကိစ္စမျိုးလေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်ကြီး ... ကိုကျော်ကြီးက စမ်းချောင်းသွားလိုက်၊ ဒေါင်းက အလုံသွားလိုက်မယ် ... ပြီးရင် ကမာရွတ်မှာ ပြန်ဆုံကြမယ် ..."

အလွန်တရာ စိတ်ကုန်နေပုံရသော ကိုကျော်ကြီးက "လုပ် ... လုပ်"ဟူသည့် သဘောနှင့် လက်ပဲယမ်းပြလိုက်ကာ...

"ကမာရွတ်မှာ ပြန်ဆုံမဲ့ အချိန်နဲ့နေရာတော့ အတိအကျ ချိန်း ... ပေါက်ကရ တစ်ခုခုလည်း ရုတ်ရုတ် ရုတ်ရုတ် လုပ်မယ်မကြံနဲ့ ... နင့်အမေက ငါ့ကို သေချာအပ်ထားတာ ... ရည်းစားသနာထားတာတော့ ဒီအရွယ်ရှိနေပြီဟာ ငါလည်း ဘာမှပြောမနေချင်ဘူး ... ဒါပေမဲ့ တစ်ခုခုဆိုရင် ငါ့မှာ နင့်ကို စောင့်ရှောက်ထိန်းသိမ်းရမဲ့ တာဝန်က ရှိနေတယ် ... သွားလေသူ မျက်နှာကလည်း ရှိသေးတာ..."

ဒေါင်းရဲ့ မျက်နှာကလေး ... 'အင့်'ခနဲ ... 'မဲ့'ခနဲ ဖြစ်သွားရပါသည်။ အဲဒါပေါ့ ... အဲဒီသွားလေသူကြောင့်ပဲပေါ့ ကိုကျော်ကြီးရဲ့ ...။ ဒေါင်းမှာ အခုလောလောဆယ် သူ့တစ်စိတ်ကလွဲပြီး ဘာဘာညာညာ တောင်ရှောင်အီအီလည်း စိတ်မဝင်စားနိုင်တာ ...။ သူသေဆုံးသွားခဲ့ရတဲ့ ကိစ္စကိုပဲ ခုထက်ထိ အခဲမကျေ ...။ မဖြေနိုင်ဖြစ်နေသေးတာ ... ကိုကျော်ကြီးရယ် ... ဖွင့်ပြောလို့ရရင်များ ပြောပြချင်လိုက်တာ ...။ တော်ကြာ မဆီမဆိုင် ခင်ဗျားကြီးပါ အမှုပတ်ပြီး ဒုက္ခရောက်နေမှာစိုးလို့နော် ...။





"ကဲ ... ပြောစမ်း ... မင်းကို မုန်းနေ ... ရွံရှာစက်ဆုပ်နေနိုင်တဲ့လူ ဘယ်နှယောက်လောက်များ ရှိနေနိုင်သလဲ"

နေရင်းထိုင်ရင်းကြီးပင် "အင့်ဟင့်ဟင့်"တို့ "ခိ"တို့ "ခွစ်"တို့ အသံတွေထွက်နေတတ်လေ့ရှိသော ကောင်မလေးသည် ထူးဦး၏ အမေးစကားကို လိုရင်းတော့ဖြင့် တစ်ခါတည်း မဖြေလိုက်သေးဘဲနှင့် ... "ဟင့် ဟင့်"နှင့် နှစ်ချက်လောက် အရှိန်ယူလိုက်ရင်းကပင် ...

"ဘယ်သိမှာလဲလို့ ..."

"ဟာ ... မသိလို့ရမလား"

"ဘယ်လိုလုပ်သိမှာလဲ ... ဝတ်မှုံတို့ကတော့ ကိုယ့်ချစ်တဲ့လူကိုပဲသိတယ် ... မုန်းတဲ့လူကိုမသိ ... မုန်းတဲ့လူကလည်း သိပ်တော့မရှိနိုင်ပါဘူး ... များသောအားဖြင့်ကတော့ ချစ်ကြတာပဲ ... ခိ ..."

အဲဒီအမှုအရာတွေကိုကပဲ မုန်းစရာကောင်းနေတာ ...။

ပစ်ပစ်နှစ်နှစ်ကလေး တွေးလိုက်မိသော ထူးသည်... ဘယ်လိုမှစိတ်မရှည်ချင်ဖွယ်ရာ အီညှောက်ညှောက်ပုံစံဆီမှ အကြည့်ကို အမြန်လွှဲကာ ဟိုးခပ်ဝေးဝေးတစ်နေရာဆီသို့ ငေးကြည့်နေလိုက်ရင်း ... ဦးနှောက်ထဲမှာလည်း ခုလောလောဆယ် ဖြစ်ပျက်နေသည့် ကိစ္စတွေကို ရှင်းကိုမရှင်း ...။

www.burmeseclassic.com

www.burmeseclassic.com



အဖေက ကောင်မလေးရဲ့အဖေကြီး ဦးစန်းလွင်ဆီ ဖုန်းလှမ်းဆက်ရင်း ... "ခင်ဗျားက ဘာလုပ်တာလဲဗျ ..."ဟု မေးသောအခါ ဦးစန်းလွင်သည် ဝိုချင်းချမတတ်ပင် သူ့ရဲ့အခက်အခဲတွေကို အဖေ့ထံ တင်ပြရင်ဖွင့်ပါတော့သည်တဲ့။ ငယ်ကတည်းက မိတဆိုးလေးမို့ စွတ်အလိုလိုက်ခဲ့မိသော သူ့သမီးဟာ ကြီးပြင်းအရွယ်ရောက်လာသောအခါမှာ ဆုံးမပဲ့ပြင်မရ ... ဘာဖြစ်လို့ဖြစ်နေ့ုန်းပင် အဖေလုပ်သူက ပြန်မသိနိုင်တော့အောင် နာမည်လည်းပျက် ... ကြောက်စရာ လန့်စရာလည်းကောင်း ... အတော့်ကို အဆိုးကြီး ဆိုးလို့နေပါသတဲ့။

အပေါင်းအသင်း မိတ်ဆွေကောင်လေး ... ကောင်မလေးများနှင့် တရုန်းရုန်း တအုံးအုံး ... အိမ်မကပ် ပိုက်ဆံဖြုန်းဆိုတာလောက်ကတော့ အကင်းလောက်ပဲ့ဟု ဆိုရမည်ပင် ...။ ခုကိစ္စကတော့ "ပန်းဝတ်မှုံပေါ့"ဟု ဆိုလိုက်ရင် ရှိရှိသမျှ အမျိုးကောင်းသားရှင် ... သမီးရှင် မိဘများက လုံးဝကို အော့ကြောလန် ... ကိုယ့်သားသမီးနဲ့တောင် မပေါင်းစေချင်ကြတော့လောက်အောင်ထိပင် ဖြစ်နေပါပြီဆိုတာကို ဦးစန်းလွင် ခမျာ အချိန်လွန်မှပင် သိရတော့သည်တဲ့။

ကဲ ... သင်းတို့မပေါင်းချင်ကြလဲ ဘာဖြစ်သေးသလဲ၊ ကိုယ်ကပင် စတင်ကာ အားလုံးကို အနိုင်နဲ့ပိုင်း ... အဆက်ဖြတ်ပစ် ...။ မဖြတ်လို့ကလည်း မဖြစ်ဘူးလေ ... ကိုယ်ကမဖြတ်ရင်လည်း သင်းတို့တွေဘက်က စဖြတ်တော့မှာပဲ ဖြစ်သည့်အပြင် ... မမြင်ရတဲ့ ဘယ်သူမှန်းမသိတဲ့ အနှောင့်အယှက်အန္တရာယ် တစ်ခု



ကလည်း ဒီအပေါင်းအသင်း အုပ်စုတွေကြားကပဲ ပြန်ဖြစ်နေနိုင်သေးတာပဲ မဟုတ်လား ...။

တစ်ဖက်မှာလည်း ကိုယ့်စီးပွားရေးလုပ်ငန်းနှင့်ကိုယ် မအားလပ်နိုင်သော ဦးစန်းလွင်က ပန်းဝတ်မှုံကို ရှိရှိသမျှအပေါင်းအဖော်အားလုံးနှင့် အဆက်ဖြတ်စေပြီးသောအခါ ကိုယ့်သမီးကို ကိုယ်လည်း တစ်ချိန်လုံး လိုက်စောင့်ကြည့်နေနိုင်တာ မဟုတ်ဘဲနှင့် "တစ်ဦးတည်း အိမ်မြဲကာနေစေ ..."ဟု ချုပ်ချုပ်ချယ်ချယ်ကြီး လုပ်ထားလို့ မရတာကို သေချာပင် သဘောပေါက်ပါသည်။

"ထိန်းမရ သိမ်းမရ"ဟု အဆိုရှိသော ကိုယ့်သမီးဟာ ခုချိန်မှာ "ဘိန်းဖြူရှူ၊ ဆေးချ၊ ပေါက်ကရသုံးဆယ် အကောင်တွေနှင့် ဖြစ်ချင်တိုင်းဖြစ် ..." စသည့်အဆင့်မျိုးတော့မဟုတ်သေးဘူးဆိုတော့ကာ ... မိဘမေတ္တာနှင့် ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်နေနိုင်သည့်အပြင် ... အဲဒီလိုအခြေအနေမျိုးတွေအထိ သက်ရောက်မသွားစေဖို့ကို နည်းနည်းကြည့်လုပ်ဖို့ လိုအပ်လာပြီမှန်း ဦးစန်းလွင်က သဘောပေါက်သည်။ ဒီအချိန်မှာပဲ ... လူကိုယ်တိုင်အရရော၊ စိတ်ဓာတ်ရေးရာ ... အဆင့်အတန်းအရရော၊ စီးပွားရေးအရ၊ အသိုင်းအဝိုင်းအရ၊ အဘက်ဘက်က ပြည့်စုံကာ ကိုယ်အတော်ကြီးသဘောကျလေးစားရသည့် ဦးမြင့်ဦးက ကိုယ့်ကို ဘုမသိ ဘမသိနှင့် သူ့သားအတွက် ကြည့်လုပ်ပေးဖို့ အကူအညီတစ်ခုကို တောင်း၊ လာလေတာ ...။

ဦးစန်းလွင်က ခပ်မြန်မြန်ပဲ စုံစမ်းကာ၊ ခပ်မြန်မြန်ပဲ စဉ်းစားဆုံးဖြတ်လိုက်သည်။ ဦးမြင့်ဦး၏သားကို ဦးမြင့်ဦးက

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းမကျ ... မနိုင်နိုင်တော့ပါဘူး ဆိုတာဟာ ကိုယ့်သမီးပန်းဝတ်မှုံနှင့် ယှဉ်လိုက်တော့ ရယ်တောင်ရယ်ချင်သေး ...။ ပထွေးနှင့် မယားပါသား တည့်ရိုးထုံးစံ မရှိကြသည့် အလေ့အထအရသာ ထိုကလေးက ဂျစ်ကန်ကန် ဖြစ်ချင်နေတာဖြစ်ပြီး ထိုပထွေးဟာ ထိုမယားပါသားကလေးကိုယ်တိုင်က ချစ်ခင်ရသည့် ဘကြီးအရင်းလည်း ပြန်ဖြစ်နေပြန်သေးသောအခါ ... သူများတကာ ပထွေးနှင့် မယားပါသားတွေလောက်လည်း သူတို့နှစ်ဦးကြားက အခြေအနေက ဆိုးလှတာမဟုတ်ပါပေ ...။

အသက်နှစ်ဆယ့်နှစ် အရွယ်မှာ "အလုပ်မလုပ်ချင်လို့ ... လတ်လျားလတ်လျားနဲ့ ဂျစ်ချည်းပဲ တိုက်နေလို့"ဟု ဦးမြင့်ဦး စိတ်စောပူပန်နေသည့်သူ့သားမှာ ဦးစန်းလွင်က စုံစမ်းလိုက်ရသလောက်ကတော့ အနေအထိုင်၊ စိတ်ဓာတ်ရေးရာအရ ခုခေတ်ယောက်ျားလေးတွေထဲမှာဆို ... အကောင်းစားကြီးမဟုတ်တောင် ... လူဆိုးကလေးလို့ကတော့ ဘယ်လိုမှမပြောနိုင်ပါ ...။ ကာယကံရှင် ကိုယ်တိုင်ကလည်း အဆိုးထဲကမဟုတ် ... မိဘမျိုးရိုးကလည်း ကောင်းနေသည်ဆိုတော့ ဘာလိုသေးလို့လဲ ...။

ပွင့်ပွင့်လင်းလင်း အလွန်ရှိပြီး ကိုယ်ကောင်းဖို့လည်း ကိုယ်အလွန်သိတတ် တွက်တတ်ပြန်သေးသော ... ခေတ်အဘိုးကြီး ဦးစန်းလွင်သည် ... ဦးမြင့်ဦး၏သားတော်မောင်ကို ကိုယ့်သမီးပန်းဝတ်မှုံနှင့် ဖြစ်ချင်လည်း ဖြစ်သွားကြပစေ ... ကောင်းတယ်ဟု မှန်မှန်ကန်ကန်ပင် တွက်မိသွားသောအခါ ကိုယ်ရံတော် Body Guard အဖြစ် ခေါ်ခန့်ထားလိုက်ပါတော့သည်။



"ဒီလိုရှိတယ် ကိုမြင့်ဦးရဲ့ ... ခုချိန်မှာ ကျုပ်သမီးကလေးက ကြွယ်ပိုး ကြွယ်ဝနဲ့ အဘက်ဘက်က ပြည့်စုံနေလေတော့ ... သိုက်တူးချင်တဲ့ ကောင်တွေကလည်းရှိ ... ပြန်ပေးဆွဲ၊ ခိုးပြေးချင်တဲ့ ရန်သူတွေကလည်း မနည်း ... မနာလိုဖြစ်ပြီး ရန်ရှာချင်ကြတဲ့ သူကလည်း ခပ်များများနဲ့ဆိုတော့ ကျုပ်မှာ တစ်နေ့မှ ရတက်မအေးရပါဘူးဗျာ ... အဲဒါကြောင့် ခင်ဗျား အကူအညီတောင်းလာတော့ ကျုပ်မှာ ကိုယ့်ဖို့ပဲ ကိုယ်ကြည့်ပြီး တအားကို ဝမ်းသာသွားရတာပဲ ...

ခုလောလောဆယ်တော့ ကျုပ်သမီးကလေးကို ကျုပ်ရဲ့အလုပ်တွေထဲမှာ စိတ်ပါလာအောင် ဝင်လုပ်ချင်လာအောင် ဘယ်လိုမှ ဆွယ်တရားဟောလို့ မရသေးလို့ပါ ... ကျုပ်မှာ သူ့ကို စိတ်မချရတာနဲ့ အလုပ်တောင်ဖြောင့်ဖြောင့်မလုပ်နိုင်ဘူး ... ခုလို ခင်ဗျားသားကိုခေါ်ပြီး သမီးအနားမှာ အနီးကပ် ပဲ့ပြင်ထိန်းသိမ်းဖို့ ထားပေးထားလိုက်တော့ ကျုပ်မှာ သမီးအတွက် ဘယ်လိုမဆို စိတ်ချသွားရပြီ ...

နောင်တော့လည်း သမီးလေးက လည်ရုပတ်ရကလေးလုပ်ရတာကိုပဲရိုးပြီး အလုပ်ထဲ စိတ်ပါလာမှာပေါ့ဗျ ... စောင့်ကြည့်နေပါ ... မကြာပါဘူး ... အများဆုံးကြာလှ ခြောက်လ တစ်နှစ်ပေါ့ ... အဲဒီအခါကျတော့ သူတို့ချင်းလည်း ရင်းနှီးပြီဆိုတော့ ... နှစ်ယောက်စလုံးကိုတွဲပြီး ကျုပ်ရဲ့ အလုပ်သင်ပေးမှာပေါ့ ... လူငယ်တွေဆိုတော့လည်း အလုပ်ခွင်ထဲဝင်ရတာ သင်ရတာတောင်မှ အဖော်ကလေးနဲ့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ပို႔ပြီးစိတ်ဝင်တစားလည်း ဖြစ်နိုင်တာပေါ့ ... စိတ်ချပါ ... ခင်ဗျားကောင်ရော ... ကျုပ်သမီးပါ ခင်ဗျားလိုချင်တဲ့ပုံစံမျိုး အထိ မရောက်ရောက်အောင် လုပ်ပေးဖို့ ကျုပ် တာဝန်ထားစမ်းပါ ... ခုလောလောဆယ်အတွက်ကတော့ ခင်ဗျားကို ကျုပ်က အဖျှအညီတောင်းနေတာဗျနော် ဦးမြင့်ဦး... မောင်ထူးဦးရဲ့ အမေကိုလည်း ပြောပြပါ ... ကျုပ်ကအနူးအညွတ်ကို အကူအညီ တောင်းကြည့်တာပါလို့ ..."

ကဲ ... ဘယ်တတ်နိုင်တော့မှာလဲ ...။ ကိုယ်ကလည်းစပြီးအကူအညီတောင်းသေး ... သူကပြန်တောင်းတော့ "မကူညီနိုင်ပါဘူး"ဆိုရင် လူကြားလို့တောင်မကောင်း ...။ ထူးဦးကိုယ်တိုင်ကလည်း ဦးမြင့်ဦးဘက်က အင်တင်တင် ဖြစ်သွားသည့်အလုပ်မှန်း သိတာမို့ ရွဲ့ပြီး "လုပ်ကိုလုပ်မယ်ဗျာ ..."ဟု ပြောနေပြီ။ ထူးဦးရဲ့မေမေ ဒေါ်ရီရီကတော့ ...

"ဦးစန်းလွင်ဆိုတဲ့လူက ရိုးမှရိုးပါ့မလား အစ်ကိုကြီး ... သူ့သမီးနဲ့ထူးကို ရည်မှန်းချင်တာများ ဖြစ်နေမလား ..."

"သေချာသလောက်ပေါ့ကွာ ... နို့မို့ဆိုရင် သူ့သမီးကိုသူစိတ်မချလို့ ထိန်းဖို့ကိစ္စကို သူစိမ်းယောကျ်ားပျိုလေးတစ်ယောက်ကိုခေါ်ပြီး အနှာ ကပ်ထားပေးပါ့မလား ... ဦးလေးသားချင်း အရင်းအချာ အသက်ကြီးကြီးထဲကပဲ စီစဉ်မှာပေါ့ ... ခုဟာကတော့ ဒီလူနဲ့ဒီလူ ယှက်ကြစမ်းဟယ်လို့ လုံးဝကိုသတ်မှတ် ... ဖွတ်ဆွဲစေ့ပေးလိုက်တဲ့ သဘောမျိုးပဲ"

"ဟင် ... ဒါဆို ဘယ့်နှယ်လုပ်မလဲ ..."



"မင်းကောင်ပေါ်မှာပဲ မူတည်တာပေါ့ ... သူ မနှစ်သက်ရင် ဘယ်သူမှအကွက်ဆင်လို့လည်းမရ ... ရိုက်ပေးစားလို့လည်း ရမှာမဟုတ်ပါဘူး ... သူကမှ နှစ်သက်နေပြီဆိုရင်လည်း မင်း ဘယ်လိုမှ ခွဲရမှာမှ မဟုတ်ဘဲ ..."

"ကောင်မလေးက ဘယ်လိုလေးလဲ ... ရိုးရိုးသားသားအေးအေးဆေးဆေးနဲ့ ကောင်းကောင်းမွန်မွန်လေးထဲကမှ ဟုတ်ပါ့မလား ..."

"အဲဒီလို မဟုတ်နိုင်လို့ ဘော်ဒီဂတ်တောင် ငှားထားရပါတယ်ဆိုမှကွာ ... ဟား ဟား ..."

မေမေကတော့ အတော်ကြီး ပူရှာသည်။ ထူးရဲ့စိတ်ကိုသိသည့် အဖေကတော့ "လုံးလုံးကိုမပူ"ဟု အဆိုရှိလေသည်။ ဒီလိုနဲ့ပဲ ... ဒီရယ်စရာကောင်းသည့် အလုပ်ကြီးကိုလုပ်ဖြစ်ဖို့ ထူးဦးမှာ အတည်ပေါက်ကြီးပဲ ဖြစ်သွားခဲ့ရပြီ ဆိုပါတော့ ...။ တကယ်တမ်း အလုပ်ဝင်ဖြစ်ပြီဆိုမှ သူ့အဖေကြီး ပူမယ်ဆိုလည်းပူလောက်စရာ ... ကောင်မလေးဟာ အရွယ်လေးနဲ့မျှ မလိုက်အောင် အင်မတန်ပင် ရန်များ ... လူမုန်းများလှတာကို အံ့ဩစဖွယ်ကောင်းအောင်ပင် ထူးဦးက ကြုံတွေ့လိုက်ရလေသည်။ အမိကအားဖြင့်ကတော့ မလည်ရှုပ်သွားလုပ်ထားပြီး ... ကလေးကစားသလို ... ချစ်သူရည်းစားထည်လဲများခဲ့သည့် ကောင်တွေရဲ့အန္တရာယ် ...။

ကားတင်ပြေး၊ အရှက်ခွဲ၊ နာမည်ဖျက် စသဖြင့်လုပ်လို့ရတာမှန်သမျှ အကုန်လုပ်ချင်နေကြဟန်ရှိသော ကောင်များရဲ့ရန်ဟာ မအေးလှတာ ထူးဦးက သဘောပေါက်ပါရက် ကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးကတော့ဖြင့် "သူ့မုန်းသူမရှိနိုင် ... ချစ်သူတွေချည်းပဲ ... ခွိ"တဲ့ ... ကဲ ...။ အဲဒီလိုပေါ်ပေါ်တင်တင် အန္တရာယ်တွေကတစ်မျိုးအပြင် စဉ်းစားရကျပ်လှသော ဖုန်းနှင့်တစ်မျိုး၊ စာနှင့်တစ်ဖုံ ခြိမ်းခြောက်ကြတာတွေကလည်း နေ့စဉ်နဲ့အမျှ ဆိုသလိုကို ရှိနေပါသေး။ ဘာတွေလည်းမသိ ...။

အစပိုင်းတုန်းကတော့ သူ့ဆီအဲဒီလိုဖုန်းတွေ စာတွေ ရောက်,ရောက်နေတာကိုပဲ ခိ ... ခွိ ...မပျက် အထူးတဆန်းအနေနှင့် ကျေနပ်ပျော်ရွှင်နိုင်သေးသော ကောင်မလေးဟာ ခုနောက်ပိုင်းကျတော့ အနည်းငယ် တွေးတတ်ခေါ်တတ်လာပြီး စိတ်ညစ်ရကောင်းမှန်း သိလာခဲ့ပြီ ...။

"မြင်နေရတဲ့ အရုပ်ကောင်တွေထက် မမြင်ရဘဲ အန္တရာယ်က စိုးရိမ်စရာ ပိုကောင်းတာ ဦးရဲ့ ..."

လူကိုလည်း "ဦး"ဟု မခေါ်ပါနဲ့လို့ ဘယ်လိုပင်ပြောပြော ... "ဘာဖြစ်လဲ ... အသက်ကြီး နင်းကန်ကြီးနေပြီလို့ စွပ်စွဲတာမဟုတ်ပါဘူး ... နာမည်ကို အဖျားဆွတ်ခေါ်တာပါ ဦးရဲ့ ..."ဟူသော တစ်ခွန်းနှင့် သူခေါ်ချင်သလို ဆက်ခေါ်နေသော အခေါ်အဝေါ်ကိုတော့ဖြင့် မပြင် ...။

"မနေ့ကရတဲ့ စာထဲမှာကလည်း I know what you did last summer တဲ့"

"ဘာဖြစ်လဲ ... အဲဒါ ဗီဒီယိုအခွေ နာမည်ပဲ ..."

"အို ... အလကားနေရင်းကြီး သက်သက်တော့ ဗီဒီယိုခွေ နာမည်ကြီးကို လာရေးပြနေပါ့မလား ..."



"ငါကြည့်ပြီးပြီ ... မင်းလည်းကြည့်လိုက်ဦး ... အဲဒီကားက သိပ်ကောင်းတယ်လို့ ဆိုလိုတာ ဖြစ်မှာပေါ့ ..."

"ကျွတ် ... ဦးကလည်း နေရင်းထိုင်ရင်း အခြေအနေတွေကို လိုက်ဖော့ပစ်နေတယ်"

"မင်းပဲ မင်းမှာမုန်းတဲ့လူ မရှိနိုင်ပါဘူးဆို ..."

"ဒီလိုပဲ ပြောရတာပေါ့ ... ဒါပေမဲ့ အဲဒီဖုန်းသံတွေနဲ့ စာတွေကိုတော့ ကြောက်တယ် ... စုံစမ်းပေး ... ဖြေရှင်းပေး ... ဒါပဲ ..."

အင်း ... ဒီလိုလေးလည်း နည်းနည်းပါးပါးအကြောက်တရားလေးကတော့ ရှိဦးမှပါပဲ ... နို့မို့ဆို တစ်နေ့တစ်နေ့မိုးလင်းတာနဲ့ ထွက်လိုက်ရတဲ့ အပြင်တွေက တချောင်းချောင်း ...။ ထူးဦးမှာ သူ့ရဲ့ဘော်ဒီဂတ်ဆိုတော့လည်း ကိုယ့်ရဲ့အလုပ်ချိန်အတွင်း သူသွားလေလာလေရာတွေနောက် တကောက်ကောက်ပေါ့ ...။ ဒါကိုပဲ သူ့ရဲ့ရည်းစားဟောင်းတွေ ... မဟောင်းတဟောင်းတွေ၊ အသစ်ဖြစ်လတ္တံ့တွေတို့က ထူးဦးကို သူတို့ရဲ့ပြိုင်ဘက် ... ယခုလက်ရှိ ကံထူးရှင်အဖြစ် သတ်မှတ်ကာ ရန်စောင်ကြ ... သိသိသာသာပင် ပြဿနာရှာကြ၊ လာဆွေးနွေးကြ ...။ တစ်နေ့တစ်နေ့ ဒါတွေနှင့်ပဲ အလုပ်ကရှုပ်နေရတော့သည်။

ခုလောလောဆယ်တော့ မကြာခဏ လာနေသည့် ဖုန်းတွေ စာတွေကိုကြောက်သည်ဟုဆိုကာ အိမ်နည်းနည်းမြဲနေလေသည်။ စာက နှစ်ရက်တစ်စောင်နှုန်းလောက်ရကာ ... တစ်စုံတစ်ခုအတွက် ဦးတည်ကြံစည်ပြီး အကွက်ချနေတဲ့ပုံမျိုးဆိုတာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



လှသလို ... ဖုန်းတို့ကလည်း ... ထူးဦးတို့ ... ဒီပြင်အိမ်ကလူတွေနဲ့တို့ ဆုံရင်ဘာမှမပြော ... သူကိုင်ဖြစ်မှသာ ... ခြိမ်းခြောက်သည့်သဘောပါသော တစ်ခုခုကို လုပ်လုပ်ပြပြီး ချသွားတော့တာတဲ့။

ထူးဦးက "ဖုန်းမကိုင်နဲ့"ဟု အမိန့်ချထားသော်လည်း ကောင်မလေးမှာ အမှတ်မရှိ ...။ အမြဲကောက်ကောက်ကိုင်ပြီး ... ပြီးရင် သူ့ပဲ"ကြောက်သည်"ဟုဆိုကာ "အင့်ဟင့်ဟင့်"နှင့်ဖြစ်နေပြန်ပါရော ...။

"တကယ်တော့ မင်းအဖေက မင်းကို ဘော်ဒီဂတ် ငှားထားပေးတဲ့ ကိစ္စဟာ မှားတယ်ကွ ... တကယ်လုပ်သင့်တာက မင်းကို ယောကျ်ားပေးစားလိုက်ဖို့ပဲ ... ဒါမှ ဒီပြဿနာတွေက ငြိမ်းသွားမှာ ..."

"ဘယ်ဟုတ်မလဲ ... အဲဒီအခါကျမှ ပိုဆိုးလာမှာ ... ယောကျ်ားဆိုတာ မိန်းမရပြီးရင် မိန်းမနား တစ်နေကုန် တစ်နေခမ်း ငုတ်တုတ်ကပ်နေလို့ ဘယ်ရမလဲ ... အဲလိုနေတဲ့ ယောကျ်ားမျိုး ဘယ်နှယောက်လောက်များ ကြားဖူးလို့လဲ ... သူ့အလုပ်ရှိရာ သူလုပ်ရဦးမှာပေါ့ ... အဲဒီလို အနားမှာသူမရှိချိန်ကျမှ ဝတ်မှုံမှာ အန္တရာယ်ကြုံပါပြီဆိုရင် ဘယ်လိုလုပ်မလဲ ... အဲဒီယောကျ်ားက ဘာမှတောင်သိလိုက်မှာတောင် မဟုတ်ဘူး ...

ယောကျ်ားယူပြီးကာမှ မလုံခြုံပြန်သေးလို့ ဘော်ဒီဂတ်ထပ်ငှားနေရဦးမယ်ဆိုရင်တော့ အဲဒီဘော်ဒီဂတ်ဟာ တခြားဘယ်ရန်သူ ဘယ်သူဘယ်ဝါနဲ့မှ ပြဿနာလုပ်စရာ



မလိုတော့ဘူး ... တစ်နေ့ တစ်နေ့ အဲဒီယောကျ်ားနဲ့ပဲ ပြဿနာဖြစ်ပြီး သတ်ပုတ်နေကြရုံပဲ ..."

အင်း ... သူပြောတော့လည်း ဟုတ်တုတ်တုတ် ...။

"ဒါပေမဲ့ မင်းယောကျ်ားယူသွားပြီ ဆိုရင်တော့ အနည်းဆုံးတော့ မင်းကို လိုချင်လို့ အကွက်ချောင်းပြီး တစ်ယောက်နဲ့တစ်ယောက်လည်း ရန်ရှာနေကြတဲ့ သကောင့်သားတွေရဲ့ အန္တရာယ်တွေကတော့ ရပ်တန့်သွားမှာပေါ့ ... အဲဒါနဲ့တင်နည်းလား ..."

"ထင်သလား ... ဟိ ..."

အဲဒါပဲကြည့်တော့ ... အဲဒါတွေပေါ့ ... အမြင်ကတ်ပြီး မုန်းစရာကောင်းနေတာ ...။

"မင်း ဘယ်လိုထင်လဲ ... မင်းဆီလာနေတဲ့ စာတွေဖုန်းတွေဟာ တစ်ယောက်တည်းက လုပ်နေတာ ဖြစ်မလား ... ဟိုလူကလည်းလုပ်၊ ဒီလူကလည်းလုပ် ... နေရာပေါင်းစုံ၊ လူပေါင်းစုံဆီကလား ..."

"မာင့်အင်း ... သေချာတယ် ... တစ်ယောက်တည်းရဲ့လက်ချက်ပဲ ..."

"ဘယ်လိုလုပ်သိသလဲ ..."

"တစ်ပုံစံတည်းပဲဟာ ... လက်ရေးကလည်း တူတယ် ... ပြီးတော့ အကြောင်းအရာ အဖြစ်အပျက်လေးတွေကို တစ်ခုချင်းရေးပြနေတာ ... တစ်ယောက်တည်းနဲ့ ပတ်သက်ခဲ့တဲ့ပုံစံမျိုးပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီလာနေကျ စာတို့မှာ ... များလွန်းလာပြီး ဘယ်သူ့ဆီကလာနေမှန်းမသိ လျှို့ဝှက်သလိုပုံစံမျိုးကြီးဖြစ်နေလို့သာ ပန်းဝတ်မှုံခမျာ ကြံဖန်ကြောက်နေရရှာတာပါ။ များသောအားဖြင့်ကတော့ ... ခြိမ်းခြိမ်းခြောက်ခြောက်တွေ သိပ်မပါ ...။

"၁၉၉၉ ... ဖေဖော်ဝါရီလ(--)ရက် ...(--)နေ့ မနက်(၁၀)နာရီအချိန် ... ပြည်သူ့ဥယျာဉ်မှာ ..." ... စသဖြင့်သော စာများကသာ များပါသည်။ ထူးဦးက "အဲဒီနေ့ ... အဲဒီအချိန် ... အဲဒီနေရာမှာ ... မင်းဘာလုပ်ခဲ့သလဲ"ဆိုရင်တော့ ... ဝတ်မှုံက "ဘယ်သိပါ့မလဲ ..."တဲ့။ တမင်မဖြေချင်တာ မဟုတ်မှန်း ... သိကိုမသိတော့တာမှန်း ထူးဦးက ယုံကြည်မိသည့်အတွက် ... ထိုစာ၏ အတိမ်အနက်ကို ဘယ်လိုမှ ထပ်မံနှိုက်ထုတ်ယူလို့ မရနိုင်တော့တာလည်း သေချာပေါက်ပင် ဖြစ်နေပါသည်။

ပန်းဝတ်မှုံလို မိန်းကလေးမျိုးကိုများ အမှတ်တရဖြစ်စရာ အကြောင်းအရာတွေနှင့် လာရောက်သတိပေးဇာတ်လမ်းဆင်နေရတယ်လို့ စာပိုင်ရှင်ရယ် ...။ တစ်ဖက်က လူကသာ မှတ်မှတ်ရရနှင့် အတိအကျကြီးတွေ ဖြစ်နေပေမဲ့ ပန်းဝတ်မှုံတို့ကတော့ "မမှတ်မိဘူး ..."ဆိုတာ တစ်ခုနှင့်ပင် ပြတ်ကရော။ သူ့အဖေကြီးခမျာတော့ သူ့သမီးမှာ အဲဒီလို စာတွေ ဖုန်းတွေနှင့်ပါ အနှောင့်အယှက်ခံနေရတာကို သိသေးပုံမရပါ ... မမြင်သာသည့် အနှောင့်အယှက်ထက် မြင်သာ ထင်သာ ပေါ်ပေါ်တင်တင်တွေ ဖြစ်နေကြသော အန္တရာယ်ကောင်များ၏ အရေးကိုပဲ အကြောက်ကြီး ကြောက်ပြီး တွေးပူနေရှာတာ။



"ဒီမှာ ... ဘောဒီဂတ်နော် ... စာတွေဖုန်းတွေအကြောင်း စုံစမ်းပေးလို့ ပြောပြီးပြီ ... ရအောင်အမြန်ဆုံး စုံစမ်းပေတော့၊ မြင်သာထင်သာဆိုရင် ဝတ်မှုံတို့က ဘာကိုမှမကြောက်ဘူး၊ မမြင်ရတဲ့ ကိုယ်ဘာမှမတတ်နိုင်တဲ့ အရာတွေဆို အားလုံး ကြောက်တယ် ... အဲဒါကြောင့် လူလူချင်းတော့ ဘယ်တော့မှ မကြောက်ဘူး ... သူရဲကိုတော့ကြောက်တယ်လို့ ပြောတာပေါ့ ..."

ထူးဦးက ရယ်ချင်သွားရပေမဲ့ တမင်ပင် မရယ်ဘဲ နေလိုက်ပါသည်။

"ဘာမှန်းမသိတဲ့ဟာကို တွေးကြောက်ပြီး အိမ်မြဲနေရတာလည်း နည်းနည်းမှ မကြိုက်ပါဘူး ... ကြာကြာကြီးလည်း အိမ်တွင်းပုန်း ကုလားမ လုပ်မနေနိုင်ဘူး ... ထွက်မြဲတိုင်း ထွက်မယ် ... အဲဒီကိစ္စကြီးကိုလည်း ကြောက်တယ် ... ဟာကွာ ... အမြန်ဆုံး စုံစမ်းပေး ..."

"မင်းကိုယ်တိုင်တောင် စာထဲက အကြောင်းအရာတွေကို မသိတာ ... ငါကရော ဘယ်လိုလုပ် သိနိုင်မှာလဲ ..."

"ဒါဖြင့် ဘော်ဒီဂတ် ငှားထားရတာ ဘာအသုံးကျသလဲ"

"မင်းငှားထားတာ ဘော်ဒီဂတ်ပဲ ... စုံထောက်မှ မဟုတ်တာ ... မင်းသွားလေရာ တကောက်ကောက်ပါပြီး ... မင်းအန္တရာယ်မရှိအောင် လုပ်ပေးနိုင်ရင် ပြီးပြီ ... စုံစမ်းတာတွေ ထောက်လှမ်းတာတွေတော့ ရမှာမဟုတ်ဘူး ... အဲဒါမျိုးတွေပါ လိုချင်ရင် ... စုံထောက်တစ်ယောက်ထပ်ငှား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ပြီးရော ... ဒါဖြင့်ရော ... ကားသော့ ... လာ ... အပြင်သွားမယ် ..."

"မင်းငှားထားတာ ဆော်ဒီဂတ်နော် ... ဒရိုင်ဘာမဟုတ်ဘူး ... ဆော်ဒီဂတ်နဲ့ ဒရိုင်ဘာကိစ္စကို ပူးတွဲဖြစ်စေချင်ရင် လစာကိစ္စကို ပြန်ညှိရလိမ့်မယ် ... ခုလောလောဆယ်တော့ မင်းကားကို မင်းပဲမောင်း ... ငါကဘေးကပဲ စီးမယ် ..."

ခါတိုင်းတော့ သူမောင်းတဲ့ကားကို မစီးချင်၍ ထူးဦးပဲမောင်းလိုက်တာပါပဲ ... ဒီနေ့တော့ သူ့ပုံစံကို အမြင်ကတ်တာနဲ့ပင် ထူးဦးကလည်း ခပ်ရွဲ့ရွဲ့နှင့် အကြောင်းပြထားလိုက်သည်။ ကောင်မလေးခမျာ "ဟင်း"ခနဲ အတော်ကြီး စိတ်ခုသွားပုံရကာ ကားကို တလမန်းကြမ်းပင် ဦးတည်ရာမရှိ ... မောင်းချင်တိုင်းလျှောက်မောင်းနှင်ပါတော့သည်။

"အေးဆေးမောင်းနော် ... ပြောထားရက်က တိုက်ရင်တော့ ငါက ကိုယ်လွတ်ရုန်းမှာ ..."

"စိတ်ချ ... ကိုယ်လွတ်ရုန်းချိန် မရအောင်ကို အဲဒီဘက်က နေ ဆွဲပြီးတိုက်ပစ်မယ်"

ပြောရင်း ဆိုရင်းပင် တစ်စုံတစ်ခုကြောင့် ကားကို ညာဘက်လမ်းကြောသို့ ဆွဲချပြီး ဘရိတ်ဆောင့်အုပ်ရပ်လိုက်ရသောကားကလေးမှာ လမ်းဘေးက ဓာတ်တိုင်တစ်ခုနှင့် မလှမ်းမကမ်းမှာ အမှိုက်ပုံတစ်ခုထဲ ခေါင်းတိုးဝင် ဝုန်းခနဲ ရပ်တန့်သွားပါတော့သည်။ ကောင်မလေးဘက်က ကားတံခါးမှာ အမှိုက်ပုံ ခံနေ၍ ဖွင့်မရ ...။ ထူးဦးက တောက်တစ်ချက်ခေါက်ကာ ကိုယ့်တံခါးကိုယ်ဖွင့်ပြီး အပြင်သို့ ထွက်လိုက်ရပါသည်။



"တောက် ... ဆိုင်ကယ်စုတ် ဆိုင်ကယ်ပြတ် ... အိမ်ကဲ့ထွက်ကတည်းက ပါလာတာ မသိဘူးများ မှတ်နေလို့လား၊ ဒီလောက် မောင်းနေတာတောင် ပါဖြစ်အောင် ပါသေးတယ် ..."

ပန်းဝတ်မှုံကလည်း "တောက်"တစ်ချက်နှင့် ဖြစ်တောက်ဖြစ်တောက်နှင့် ထူးဦးဘက်တံခါးမှ ကားအပြင်သို့ ထွက်လာသည်။

"ဒီလိုမှန်းသိ ... သင်းကိုရှောင်ကိုမရှောင်ဘူး ... ခေါင်းချင်းဆိုင်ပြီး တိုက်ထည့်ပစ်လိုက်တယ် ..."

"ဟာ ... ဘာတွေ ပြောနေတာလဲ ..."

"ဘာပြောရမလဲ ... ဒီတစ်ယောက်ကလည်းပဲ ဆော်ဒီဂတ်ဖြစ်ပြီး သူ့လောက် မျက်စိသေတဲ့လူ မရှိတော့ဘူး ... ဟောဟိုမှာတွေ့လား ... ဟိုဆိုင်ကယ် ... စိတ်တိုနေပါတယ်ဆိုမှ အိမ်ကထွက်ကတည်းက ကပ်ပါလာတာ ... ခုလည်း ကားရှေ့ကို အတင်းကြီး ဖြတ်ဝင်ပစ်လိုက်လို့ သူ့ရှောင်ရင်း သူများကားက အမှိုက်ပုံထဲရောက်ရတာ ... ခုကြည့် ... ဟိုမှာ မထိမဲ့မြင်နဲ့ ... ခုထိထွက်မသွားသေးဘူး ..."

စိတ်တိုတိုနှင့်မို့ "ခ"တွေ "ခွ"တွေ "အင့်ဟင့်ဟင့်"တွေ ပျောက်ဆုံးနေသော ပန်းဝတ်မှုံ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ... ကားရပ်ထားရာနှင့် တော်တော်ကြီး အလှမ်းကွာလှသော နေရာလောက်မှာ ဆိုင်ကယ်ကို ရပ်တန့်ထားရင်း ကား

www.burmeseclassic.com

www.burmeseclassic.com



ရှိရာနောက်ဘက်သို့ သမင်လည်ပြန် ... ပြန်လှည့်ကြည့်နေသော လူတစ်ယောက်ကို တွေ့ရလေသည်။

ဟင်း ... ယောက်ျားတန်မဲ့နဲ့ ... အကျီဘောင်းဘီက အရောင်တူ အညိုဖျော့ဝမ်းဆက်နဲ့ ...။ လူပုံက ဘာမှန်းမသိသလို ဆိုင်ကယ်ကလည်း သေးသေးကုပ်ကုပ် ...၊ အဖြူရောင်သုတ်ပြီး အင်္ဂလိပ်စာတန်းပေါင်းစုံ လျှောက်ရေးထားသော ... ပုံးတစ်ပုံးက ပါလိုက်သေး ... ပုံးဘေးမှာလည်း ရောင်စုံအလံလေးတစ်ခု တပ်ထားသော ရေဒီယာတိုင်လိုဟာလေးက တစ်ခု ...။

"ဘာလဲ ... အဲဒါကော ... မင်းရဲ့အဆွယ်အပွား အဆက် အသွယ်ထဲကပဲလား ... ယောက်ျားတန်မဲ့ အညိုရောင်ဖြော် ဝမ်းဆက်နဲ့ ... ဟား ဟား ဟား ..."

ထူးက အကျယ်ကြီး အော်ရယ်နေဆဲမှာပင် ဆိုင်ကယ်က စက်ပြန်နှိုးကာ တစ်ရှိန်ထိုး ဆက်လက်ထွက်ခွာသွားလေတော့သည်။ ပန်းဝတ်မှုံမှာ အစပိုင်းကတော့ တောက်တခေါက်ခေါက်၊ ခြေတဆောင့်ဆောင့် ...။ ခဏကြာမှ အနည်းငယ်တွေဝေသွားကာ ... နှုတ်မှလည်း ...

"ကိုဖိုးချိုကြီးလား မသိဘူး ..."

"ဘာလဲ ... ယောက်ျားတန်မဲ့နဲ့ အညိုဖျော့ဝမ်းဆက်က မင်းလူလား ..."

"မပြောပါနဲ့ ... အဲဒါ အလုပ်ယူနီဖောင်းပါရှင့် ... Pizza and Cake City ကလေ"



"အော် ... အဲဒီလိုလား ... ဘာပဲဖြစ်ဖြစ် နောက်ထပ် ရန်သူတစ်ယောက်ပေါ့ ... ဟုတ်လား"

"အင်း ... ကိုဖိုးချိုကြီးကတော့ အဲဒီလို လုပ်ပါ့မလားမသိဘူး ... ဒါပေမဲ့ ကိစ္စမရှိပါဘူး ... လုပ်လည်းအရေးမကြီးပါဘူး ..."

ပန်းဝတ်မှုံက ခုနကကိစ္စကို ခေါင်းထဲမှ လျင်မြန်စွာပင် ဖျောက်ထုတ်ပစ်လိုက်သည်။ ထူးဦးကို ခိုင်းနေရင်လည်း မရနိုင်မည့်တူတူ ... ဘာမှပြောမနေတော့ဘဲ အမှိုက်ပုံထဲ ခေါင်းစိုက်နေသောကားကို "ဂီးဂီး" သံမြည်အောင် နောက်ပြန်ဆုတ် ပြန်ရွှေ့နေလေတော့သည်။

စိတ်အပြောင်းအလဲ မြန်လှပုံရသော ကောင်မလေးမှာ ခုနက သူ ထူးဦးကို စိတ်ခုခဲ့သေးတာကိုလည်း ခေါင်းထဲရှိဟန် မတူတော့ ...။ ကားကတော်တော်နှင့် နောက်ပြန်ဆုတ်လို့မရဘဲ ဂီးဂီးသံသာ အကျယ်ကြီးမြည်လျက် ဘီးချော်နေတာကိုပဲ သူ့မှာ တခိခိ ... တဟင့်ဟင့်နှင့် ပျော်စရာ ရှာတွေ့သွားပုံရကာ ...

"ခွိခွိ ... ကားရွှေ့ရတာ မောတောင်မောတယ် ... ပြီးရင် အမောပြေ ပီဇာသွားစားကြရအောင် သိလား ..."

"မစားချင်ပါဘူး ... မင်း ခုနလူကို သွားပြန်ချောင်းမလို့ မဟုတ်လား ... ရန်များပါတယ် ... ကိုယ်ကစပြီး ပြဿနာ မရှာချင်နဲ့ ..."

"ခစ် ခစ် ... အဲဒီလူကတော့ သဘောကောင်းပါတယ် ..."

"မကောင်းလို့ပဲ မင်းကို ကားတိုက်သေအောင် လုပ်ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မရပါ ...။ ကားပြန်ဆုတ်လို့ ရသွားပြီး မောင်းထွက်လာခဲ့ပြီးသည့်နောက် ... တစ်နေရာမှာ ကားရပ်လိုက်၍ ထူးဦးက ဘေးဘယ်ညာသို့ လှည့်ကြည့်လိုက်သောအခါ ...

ကိုယ့်ကားရပ်ထားသည့် ပလက်ဖောင်း၏ ဘေးက ဆိုင်သည် ... Pizza and Cake City ပဲ ဖြစ်လို့နေလေသည်။

✱ ◉ ✱



## အခန်း(၂)

ထိုလူကို ဒေါင်းက ကောင်းကောင်းသိပါသည်။ ထိုလူသည် ယခုလက်ရှိကာလအတွက် ဟိုမိန်းမရဲ့အတွဲပင် ...။ သူ့ရုပ်ရည်က တစ်ခါတွေ့ဖူးမြင်ဖူးပြီးရင် မမှတ်မိစရာမရှိအောင် ရုပ်ရည်အားက ကောင်းလှတဲ့အပြင် ... မျက်နှာပေါ်ကို ကြည့်လိုက်တာနဲ့ တန်းမြင်နိုင်ရလောက်သည့် ထူးခြားကြည့်ကောင်းလှသော မျက်ခုံးမွေးနှစ်ဖက်တို့ကြောင့် သူ့ပုံစံက သူလိုငါလိုလူတွေထဲမှာ ထင်ရှားပြီး ပြတ်သားနေလေသည်။

ဒီလိုလူမျိုးကလည်း အဲဒီလို မိန်းမရဲ့ အတွဲဖြစ်နေရပြန်သတဲ့လား ...။ အေးလေ ... ယောကျ်ားဆိုတာမျိုးက ပြောနိုင်တာမှ မဟုတ်တာ ... ဒေါင်းရဲ့အစ်ကို ကိုဖိုးချိုလို အင်မတန်အေးဆေးနူးညံ့လှပေမဲ့ မိန်းမသနာ ကိစ္စကျတော့ ဘယ်လိုမှ စိတ်မဝင်စားတတ်သည့် လူမျိုးတောင်မှ ဒီမိန်းမနဲ့ကျတော့ ပက်ကျပြီး ဒလိမ့်ခေါက်ကွေးပင် ဖြစ်သွားခဲ့ရသေးတာ မဟုတ်လား ...။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမဟာ ယောကျ်ားတစ်ယောက် သူ့အပေါ် ကြွေကျပြီး မလှုပ်သာ မရုန်းသာ ... နွားကြီးပဲ ကောင်းကောင်း ဖြစ်နေအောင် လုပ်တတ်သည့် နေရာမှာတော့ သူမတူပဲ ထင်ပါရဲ့ ...။

ဒေါင်းက တမင်တကာပင် ထိုလူထိုင်နေသည့် စားပွဲမှာ သွားဝင်ထိုင်လိုက်သည်။ ထိုသူက ကော်ဖီတစ်ငုံကို ဖြည်းညှင်းစွာ သောက်နေရာမှ ဒေါင်းကို မော့ကြည့်လိုက်သော အခါ ဒေါင်းက ခပ်တိုးတိုးနှင့် ...

"တခြားစားပွဲတွေ အားလုံး လူပြည့်နေပြီမို့လို့လေ ..."

ထိုသူက ခေါင်းတစ်ချက်ညိတ်ပြကာ သူ့အကြည့်တို့က ဒေါင်းထံမှ သူ့လက်ထဲက စာအုပ်ဆီသို့သာ ပြန်ရောက်သွားပါတော့သည်။ အမှန်စင်စစ်တော့ တခြားစားပွဲတွေအားလုံး လူပြည့်နေတာ မှန်ပေမဲ့ ကိုယ်လိုမိန်းကလေးတစ်ယောက်တည်း ... ဒါမှမဟုတ် နှစ်ယောက်လောက်ပဲရှိနေသည့် စားပွဲတွေလည်း အများကြီး ရှိသားပင် ...။ ထိုလူက အဲဒီအဖြစ်အပျက်ကို ဂရုစိုက်နိုင်ပုံမရ ...။ ဒေါင်း သူ့စားပွဲမှာ ဝင်ထိုင်တာဟာ ဘာ့ကြောင့်လဲ ... ဟု အဖြေထုတ်ချင်သည့်ပုံလည်း မရှိ ...။ ခုလောလောဆယ်မှာ သူဟာ ဒေါင်းထက် သူ့လက်ထဲက စာအုပ်ကိုသာ စိတ်ဝင်စားလို့ နေပါသည်။

ဒီကော်ဖီဆိုင်လေးကကျတော့ တစ်မျိုး ... ကော်ဖီတစ်ခွက်ကို ဈေးကြီးကြီးယူထားတာနှင့်တန်အောင် သူပြန်ပေးသည့် ဝန်ဆောင်မှုက ... ကက်ဆက်သံ အကျယ်ကြီးလည်းမဟုတ် ...



မီးမှိန်မှိန် ဖယောင်းတိုင်လေးတွေလည်းမရှိ ...။ တီးဝိုင်းလည်း မပါ ... မော်ဒယ်တွေလည်းမရှိ ...။ သူ့ရဲ့ထူးခြားချက်က စာအုပ်စင်များတည်း ...။

ငြိမ်သက်တိတ်ဆိတ်နေသည့် ကော်ဖီဆိုင်ထဲမှာ ကော်ဖီတစ်ခွက် ... ပီဇာတစ်ချပ် ... သို့မဟုတ် ကိတ်တစ်ချပ်လောက်နှင့် စာအုပ်တစ်အုပ်ကိုင်ကာ တစ်နေကုန်ထိုင်ချင်ရင်လည်း ဝဲလ်ကမ်း(Welcome)ပင် ...။ စာအုပ်ငှားခွင့်မရှိ၊ အိမ်ယူသွား၍မရ၊ တစ်ထိုင်တည်းနှင့်မပြီးလျှင် နာမည်ပြောပြီးပြန်ထားခဲ့ ... နောက်နေ့မှလာဆက်ဖတ်ရုံပင် ...။ တချို့လူတွေအတွက်တော့ ထူးဆန်းကောင်း ထူးဆန်းနေမည်ဖြစ်သော သူ့ရဲ့တီထွင်ဝန်ဆောင်မှုမှာ သူ့အတိုင်းအတာလေးနှင့်တော့ဖြင့်သူ အောင်မြင်နေသည် ...။

အပြင်ဘက်က လှမ်းကြည့်လျှင်တော့ ဘာမှမမြင်ရသည့် မှန်အမည်းတပ် အခန်းကျယ်ကြီးဟာ အထဲမှာတော့ လင်းချင်းပြီး အေးစိမ့်စိမ့်ကလေး ဖြစ်နေကာ ... ဝါသနာတူသူများ၏ အလိုက်သိတတ်မှုတို့ဖြင့် ... တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

ဒီဆိုင်ကလေးမှာ မှန့်လာသွင်းနေကျဖြစ်သည့် ဒေါင်းဟာ ကျယ်ဝန်းသော မှန်ခန်းကြီးထဲမှာ စာအုပ်တစ်အုပ်စီနှင့် ငြိမ်းချမ်းနေနိုင်ကြသော လူအပေါင်းတို့ကို အားကျငေးမောနေခဲ့ရတာ ကြာပါပြီ ...။ သို့သော် ဒေါင်းရဲ့အလုပ်က တစ်လမှ နှစ်ရက်ပဲ အနားရကာ ထိုနှစ်ရက်ဟာလည်း တစ်ယောက်တည်း အထီးကျန်ဖြစ်နေရှာသည့် အမေ့အတွက်ပဲ အချိန်ပေးနေရတတ်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ အားကျပင်ကျသော်ငြား ဒေါင်းမှာ အကောင်အထည်မဖော်နိုင်ခဲ့ ...။ ခုတော့ ရပြီ ...။

"သူဌေးနှင့် သူဌေးကတော်"ဟုခေါ်မှ သဘောကျတတ်ကြသော အလုပ်ရှင်လင်မယားက ဗန်ကောက်သို့ ငါးရက်ခရီးထွက်သွားသဖြင့် (မကြုံစဖူး၊ မဖြစ်စဖူး၊ ရှားရှားပါးပါး၊ ထူးထူးဆန်းဆန်း) အလုပ်ကို ငါးရက်စလုံးပင် ပိတ်ချလိုက်ကာ ဝန်ထမ်းအားလုံးကို လစာပြည့် ခွင့်ငါးရက်စီ ပေးလိုက်လေသည်။ အားလုံးသဘောတကျ ဝမ်းပန်းတသာနှင့် ... ဒေါင်းကတော့ ကိုယ့်စိတ်ကူးယဉ် အစီအစဉ်ထဲက ဒီဆိုင်လေးသို့ အရင်ဦးဆုံး ပြေးလာလိုက်သည်။

အရေးထဲ ယူနီဖောင်းနှင့် မဟုတ်သည့် ဒေါင်းကို ဒီဆိုင်က ကောင်မလေးက ... Self.service ကိုယ့်ဘာသာမုန့်နှင့် ကော်ဖီကို သွားထယူစဉ်က ... "ပီဇာကောင်းတယ်အစ်မ"ဟု သတင်းပေးလိုက်သေးသည်။ "သိပါတယ်၊ မနေ့ကပဲ လာပို့ထားတာပဲဟာ"ဆိုတော့ ကြောင်စီစီနှင့် ပြီးမှ ... "ဟား"ခနဲ ခပ်ရှက်ရှက်နှင့် မှတ်မိသွားတော့တာ။

အေးချမ်းစွာ စာဖတ်ရင်း အနားယူဖို့ မူလပထမ စီစဉ်ထားသည့် အစီအစဉ်ထဲမှာ ... ဒေါသတွေမပါ ... အာဃာတတွေမရှိ ...။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများထက် ... ဒေါင်းနှစ်သက်သည့် စာအုပ်တစ်အုပ်အုပ်ထဲမှာပဲ ပျော်ဝင်ပစ်လိုက်တော့ဖို့ စီစဉ်လာခဲ့ပြီးကာမှ ဒီရောက်တော့ လှမ်းတွေ့လိုက်ရတာက ဒီလူ ...။ ဒေါင်းရဲ့ အတွေးထဲမှာ အတိတ်နဲ့အာဃာတကို



ဘယ်လိုလုပ်များ ကြိုးစားဖျောက်ယူလို့ ရတော့မှာလဲ ...။ စာထဲလည်း ဘယ်လိုမှ စိတ်နှစ်စိတ်ဝင်စားလို့ ရတော့မှာမဟုတ်တော့တဲ့တူတူ ဒေါင်းက နံရံဘေး လေးဘက်လေးတန်ရှိ စာအုပ်စင်ကြီးများမှ ... ကြုံရာစာအုပ်တစ်အုပ်ကို ကောက်ဆွဲလာလိုက်ကာ ထိုလူရှိရာ စားပွဲမှာပဲ ထိုင်ဖြစ်အောင်ကို ဝင်ထိုင်လိုက်မိတော့တာပါ ...။

ဘာပဲဖြစ်ဖြစ် စာအုပ်လေးတော့ဖြင့် ဖွင့်ဖတ်ထားကာ ဟန်ဆောင်ပြထားရဦးမှာမို့ ဒေါင်းက လက်ထဲကစာအုပ်ကို ဖွင့်လှန်လိုက်မိချိန်မှာတော့ စိတ်ပျက်လက်ပျက်နှင့်ပင် ကျွတ်ခနဲအော်မြည်မိမတတ် ဖြစ်သွားရပါသည်။ ဒေါင်း ဆွဲယူလာမိသည့်စာအုပ်က အင်္ဂလိပ်လို ရေးသားထားသော အင်ဂျင်နီယာပိုင်းဆိုင်ရာ ဘာသာရပ်စာအုပ်တစ်အုပ် ဖြစ်လို့နေသည်လေ ...။

ကဲ ... ဘာမှလဲ နားလည်မှာမဟုတ်တဲ့တူတူ ဆိုတော့ ကိုယ့်ရှေ့ကလူကို ပိုမိုအကဲခတ် ... စိတ်တွေကို ဒေါသမောဟ အာဃာတ တရားတွေဆီ အကြီးအကျယ် လွှင့်ဖြန့်ထားဖို့ အခွင့်အရေး ပိုရသွားတာပေါ့နော် ...။ ဒေါင်းက စာအုပ်ကိုဖွင့်ထားရင်းကြီးက စာအုပ်ပေါ်မှ မျက်ဝန်းကျော်ကာ ကိုယ့်ရှေ့ကလူဆီပဲ အကြည့်ကို အကုန်လုံး ပို့လွှတ်ထားလိုက်ပါတော့သည်။

ဒေါင်းက ထူးဦးကို အာရုံစိုက်နေချိန်မှာ ကိုယ်တိုင်လည်း စာအုပ်ထဲ မနည်းကြီး စိတ်ထည့်ထားရသည့် ထူးဦးက စာအုပ်ပေါ်ကို မျက်လုံးမရွှေ့စတမ်း မျက်တောင်မခတ်စတမ်းကြီး စိုက်ကြည့်နေပြီး ... လူကတော့ တနံ့နံ့ ... တရှိန်ရှိန်နှင့် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



တွေချည်း နင်းကန်ပြီး ထွက်နေမိလေသည်။ ဖြစ်နိုင်ရင် ခုချိန်မှာ ပန်းဝတ်မှုံကို လည်ပင်းညှစ်ပြီး အသေပဲ သတ်ပစ်လိုက်ချင်သည်။

ဒီလောက် ထူးဦး တစ်ယောက် နောက်ကတကောက်ကောက်လိုက်ပြီး ထပ်ချပ်ရှိနေတာတောင်မှ ဘယ်အချိန်က ဘယ်လိုအလစ်မှာ ထပြီး လှုပ်ရှားလိုက်သည် မသိ ...။ ဒီနေ့မနက်တော့ ...

"ချစ်ချစ်နဲ့ ချိန်းထားလို့ ... ဦးက ချစ်ချစ်ဆီ လိုက်ပို့ပေး... ပြီးရင် ကားယူသွား ... တစ်နေရာရာမှာ တစ်နာရီလောက်နေ ... ပြီးရင် ဝတ်မှုံကို ခုနနေရာမှာပဲ ပြန်လာခေါ်ချေ"

"ဟာ ... အလုပ်ချိန်အတွင်းမှာတော့ ... ငါနဲ့မင်းနဲ့ မခွာရဘူးလို့ မင်းအဖေက မှာထားတယ်လေကွာ ..."

"အဲဒါ ပါပါက တမင်သက်သက် စိတ်ပုပ်ထားတာ ... အန္တရာယ်တွေ ဘာညာဆိုတာကဖြင့်နည်းနည်း ... အဓိကကတော့ ဝတ်မှုံကို ရည်းစားမထားနိုင်အောင် လုပ်ထားတာ ဦးရဲ့ ... သိရဲ့လား ..."

"အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ ..."

"ဘယ်ရမလဲ ... လူပဲဟာ အချစ်နဲ့ မကင်း ..."

"ကျွတ် ... ဒါတွေ ငါ့ကို လာပြောမနေနဲ့ ... မင်းပြောသလို မင်းကို မင်းသူငယ်ချင်းဆီ ခဏလိုက်ပို့ထားတုန်း ဖင်းတစ်ခုခုဖြစ်ရင် ငါပဲ နာမည်ပျက်မှာ ... ငါနာမည်ပျက်ရင် ငါ့မိဘလည်း မကောင်းဘူး ..."



"အမယ်လေး ... သိတတ်နေလိုက်တာ ... ဝတ်မှုံတို့က ဗိုလ်ချုပ်ဈေးထဲပဲ ခဏတဖြုတ်လောက် ပတ်ကြမှာပါ ... ဘာမှ မဖြစ်နိုင်ပါဘူး ... သူက ဝတ်မှုံကို အမှတ်တရလက်ဆောင်တစ်ခုခု ဝယ်ပေးချင်လို့တဲ့ ... ဝတ်မှုံကလည်း လိုချင်တဲ့ဟာကို ..."

"ရှုပ်တီးရှုပ်ယှက်ကွာ ... မိန်းကလေးနှစ်ယောက်တည်း ဈေးပတ်နေရင် ... မင်းပုံစံနဲ့ဆို နောက်က အနည်းဆုံး အကောင်သုံးလေးကောင်လောက်ကတော့ ပါလာကြမှာပဲ ... မဖြစ်ဘူး ... ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး ... မင်းတို့နှစ်ယောက်ဘာသာ ရှေ့ကသွား ... ငါနောက်ကနေ ကိုယ့်ဘာသာ လိုက်နေမယ်"

"ကျွတ် ... မိန်းကလေး နှစ်ယောက်လို့ ဘယ်သူကပြောလို့လဲ ..."

"နို့ ... မင်းပဲချစ်ချစ်ဆို ..."

"အဲဒါ ချစ်စနိုးလေး ပြောတာ ... အမှန်က ဝတ်မှုံရဲ့ရည်းစားကို ဆိုလိုတာ ..."

ထူးဦး တစ်ယောက် ပါးစပ်အဟောင်းသားပင် ဟသွားရပါတော့သည်။ "ဘယ်တုန်းကရည်းစားလဲ" ဆိုတော့ ... "ဒီလိုပေါ့ ..." ဟူသော မရေမရာ အဖြေကို ပေးကာ ...

"သမီးရည်းစားစုံတွဲ လျှောက်လည်နေတာကို နောက်ကနေ တကောက်ကောက်လိုက်ပြီး ဘာလိုက်လုပ်နေမှာလဲ ... အဲလောက်တော့ သိတတ်ဖို့ ကောင်းပါတယ်ရှာ ...

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံမှာ သူ့ကိုချစ်ချစ်က အထင်မလွဲအောင်တောင် မနည်းရှင်းပြထားရတာ ... အဲလိုကြီး ပါလာလို့တော့မဖြစ်ဘူး ... ဟုတ်တယ်မှတ်လား ...”

ထူးဦးကလည်း ဘယ်နည်းနဲ့မှ ... လုံးဝလိုက်မသွားချင်တော့ပါ ...။ အလွန်တရာသာ စိတ်ကုန်စက်ဆုပ်နေရတော့ပြီး ...

“မင်းအဖေက ...”

“ဟာ ... ပါပါ သဘောတူတဲ့လူနဲ့ကတော့ ဘယ်လိုမှ ဖြစ်နိုင်မယ် မထင်ပါဘူး ... အဲဒီလိုကလည်း မဖြစ်နိုင် ... ကိုယ်တိုင်လည်း ရည်းစားမထားရဆိုရင် ဝတ်မှုံက အပျိုကြီးပဲ လုပ်ရတော့မှာလား ... မဖြစ်သင့်တာ ... နော် ... နော် ...”

“မင်းအဖေ သဘောတူတဲ့လူက ဘာဖြစ်နေလို့လဲ ...”

“ဝတ်မှုံကိုမှ စိတ်မဝင်စားတာ ... ဘယ်လိုလုပ်ရမလဲ”

“နည်းနည်းပါးပါး ဆွေးနွေးကြည့်ပေါ့ကွာ ... မိဘစိတ်ချမ်းသာမယ်ဆိုရင် ...”

ထူးဦးရဲ့စကားမှာ အဆုံးမသတ်လိုက်ရပါ ...“ဟိ.. ဟိ ... တကယ်လား ... တကယ်ဆွေးနွေးကြည့်လိုက်ရမလား...” ဟူသော မေးခွန်းကို ရုတ်တရက် မသက်သာလာတာမို့ ထူးဦးက စကားစကို ဖြတ်ချရပ်တန့်ကာ ... စိတ်ပျက်လက်ပျက်နှင့်ပဲ ကိုယ်ဘာဆက်လုပ်ရမလဲ ... ဘာလုပ်သင့်သလဲ ဆိုတာကို စဉ်းစားသည်။



“ဝတ်မှုံတို့ ဘယ်မှမသွားပါဘူး ... မယုံရင် စကောဲဈေးမှာပဲ ချပေး ... အဲဒီရှေ့မှာပဲ ကားနဲ့ထိုင်စောင့် ... ဝတ်မှုံတို့နောက် မလိုက်ဘူးဆိုရင် ကိုယ့်ဘာသာပဲ ဈေးပတ်ချင်လည်း ပတ်ပေါ့ ... ဝတ်မှုံကတော့ ချိန်းပြီးပြီ ... သွားမှာပဲ ...”

နောက်ဆုံးတော့ ထူးဦး ခမျာ ... ပန်းဝတ်မှုံရဲ့ ချစ်ချစ်ဆိုသူ ဆောင့်ကြွားကြွား ကောင်လေးတစ်ယောက်ရဲ့ မိုက်ဂိုက်ဖမ်းသော အကြည့်တို့ကို လျစ်လျူရှုရင်ဆိုင်လိုက်ရပြီး သကာလ ... တစ်နာရီကျော်ဟူသော အချိန်ကို ကြံဖန်ဖြုန်းဖို့ရာ ဒီ “Book Cafe” ထဲ ရောက်ဖြစ်နေရတော့တာပါပဲ ...။ ဒီအလုပ်ကို စိတ်ကုန်လွန်းလို့ ထွက်ပစ်လိုက်တော့ဖို့ အကြိမ်ကြိမ်စဉ်းစားမိလိုက်တိုင်း ... အိမ်ကကျေးဇူးရှင် ဖခင်ရဲ့ ကွန်ပျူတာဆိုင်လုပ်ငန်းထဲ ခြေစုံပစ်ဝင်လိုက်ရတော့မဲ့အရေးကြီးပဲ ပြေးပြေးတွေးမိတာနဲ့တင် ... စဉ်းစားခန်းက စဉ်းစားခန်းအဖြစ်မှာပဲ ရပ်တန့်ကာ... အကောင်အထည်က မဖော်ရဲ ...။

ဟာ ... ဒါက ဘယ်လိုဖြစ်တာလဲ ...။

ကိုယ့်စာအုပ်ထဲကိုယ် လုံးလုံးစိတ်မဝင်စားသော ထူးဦးမှာ စာအုပ်ကို စားပွဲပေါ်မှာ ဖွင့်ချထားပေမဲ့ မျက်စိအကြည့်ကတော့ ... စာတွေအပေါ်မှာ ရောက်မနေဘဲ ဟိုရောက်ဒီရောက်ပဲ ရှိလေရာ ... စားပွဲပေါ်မှာ ခင်းထားသော မှန်ပြားအနက်ပေါ်သို့ အကြည့်အရောက်မှာတော့ ... “ဟ ... ဘယ်လိုလဲ ...” ဟု စိတ်ထဲက ပြုံးရယ်ချင်ချင်ပင် ဖြစ်သွားရပါသည်။ “နေရာမရှိတော့လို့ ...” ဟု ဆိုကာ ကိုယ့်စားပွဲမှာ လာဝင်ထိုင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူဖွင့်ထားသည့် စာအုပ်ပေါ်မှ အကြည့်တွေ ခုန်ပျံကျော်လွှားကာ ထူးဦးဆီသို့ပဲ တစိုက်မတ်မတ် ရောက်ရှိနေလေတော့တာကို စားပွဲမှန်ပြား အနက်ပေါ်မှာ ထင်းထင်းကြီး မြင်နေရသည်လေ ...။

ထူးဦးက နှုတ်ခမ်းလေးကို အသာလေးဖွင့်ဟကာ "ဟင်းဟင်းဟင်း"ဟု ရယ်လိုက်မိသည်။ ရယ်သံက အသံပါခပ်တိုးတိုး ထွက်သွားရသောအခါ ဒေါင်းရဲ့ပုံစံကလည်း နည်းနည်းပါးပါး လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေသည်။

ဒေါင်းက ထူးဦးရဲ့ မျက်နှာကို သေချာကြီး ကြည့်လိုက်သည်။ ဖတ်နေတဲ့ စာထဲမှာ ရယ်စရာပါလို့လား ...။ ကြည့်နေရင်း ... ကြည့်နေရင်းပင် ထူးဦးရဲ့ မျက်စိအကြည့်တို့က စာအုပ်ပေါ်မှာမဟုတ်ဘဲ ... တစ်နေရာသို့ ရောက်ရှိနေကြောင်းသာ ဖြစ်ကြောင်း သဘောပေါက်လိုက်သော ဒေါင်းမှာ ထိုနေရာသို့လိုက်ပြီး ကျော်ကြည့်လိုက်မိသောအခါ ...

"ဟင်း ..."

ထူးဦးရဲ့ ရယ်သံက ခုနကထက် နည်းနည်းကလေး ပိုကျယ်ပြီး ထွက်လာ၏။ မှန်နက်ပေါ်က အရိပ်တွေထဲမှာ သူနှင့်ကိုယ် မျက်လုံးချင်းတွေ သွားဆုံမိလျက်သား ဖြစ်နေကြလေသည်။

"ဘာရယ်တာလဲ ..."

ဒေါင်းရဲ့ ခပ်ဆတ်ဆတ်မေးခွန်း အဆုံးမှာတော့ ထူးဦးက ကိုယ့်ရှေ့ကစာအုပ်ကို အပြီးအပိုင်ပဲ ပိတ်ချပစ်လိုက်တော့ကာ ဒေါင်းကို အတိအလင်း မျက်လုံးချင်းရင်ဆိုင်ပြီး



ကြည့်လိုက်မိတော့လေသည်။ ပထမတော့ ဒေါင်းမှာ ဘာလုပ်ရမလို ... ညာလုပ်ရမလို ... ကြောင်အအ ... ရှက်အမ်းအမ်းကြီး ဖြစ်သွားမိသေးသည်။ နောက်တော့လည်း မထူးတော့သည့် တူတူတော့ ကိုယ်လည်း ကိုယ့်ရှေ့ကစာအုပ်ကို ခပ်တည်တည်ပဲ လိုက်ပိတ်ချလိုက်ပါတော့သည်။ ထူးဦးရဲ့ ရယ်သံက စာအုပ်ကိုပိတ်လိုက်တော့မှ ရပ်မသွားသည့်ပြင် ပိုလို့တောင် ကျယ်လာသေးသည်။ ဆိတ်ငြိမ်နေသည့် နေရာတစ်ခုမှာ ရယ်သံကျယ်ကြီး ထွက်သွားမှာစိုးသဖြင့် လက်နှင့်အမြန်အုပ်ပိတ်လိုက်ရသည့် အထိပင်ဖြစ်လေသည်။

"အဲဒီလောက် ရယ်စရာ ဘာမှမရှိဘူး ..."

ဒေါင်းက ခပ်ကျိတ်ကျိတ်ကလေး ရန်တွေ့လိုက်သည်။

"ရှိတယ်ကွ ... ကိုယ်တို့စာအုပ်တွေကိုလည်း ကြည့်လိုက်ဦး"

ဒေါင်းက ထူးဦး ပြောသည့်အတိုင်း စာအုပ်တွေကို အမြန်ကြည့်လိုက်မိပြီးလျှင် ... ပြုံးစစလေး ဖြစ်သွားပြီးမှ ဘာမှမဖြစ်သလို မျက်နှာကို ပြန်တည်လိုက်သည်။ စားပွဲပေါ်မှာ အဖုံးပိတ်လျက်သား ခပ်တည်တည်နေရာယူနေကြသော စာအုပ်နှစ်အုပ်မှာ အဖုံးချင်းက ချွတ်စွတ် ...။ စက်ပစ္စည်းတွေအကြောင်း ရေးထားသည့် အင်ဂျင်နီယာဘာသာရပ်ပိုင်းဆိုင်ရာ အတွဲ(၁)နှင့် အတွဲ(၂) ဖြစ်လို့နေလေသည်။

ထူးဦးက ဒေါင်းကိုကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"တမင်လိုက်လုပ်တာတော့ မဟုတ်ပါဘူးနော် ..."

"အောင်မာ ... ဘာလုပ်စရာ အကြောင်းရှိလဲ ..."

"ဒီလိုဆိုရင်တော့ လူတွေဟာ မာန်ဆောင်ချင်လာရင် ဒီစာအုပ်ကိုပဲ ရွေးမိကြတယ် ထင်ပါရဲ့ ..."

ဒေါင်းက ထူးဦးကို မျက်စောင်းလေး မရွယ့်တရွယ်နှင့် ...

"ဘာမှမဆိုင်ဘူး ..."

"မင်းက စာအုပ်ထဲမှာမှ စိတ်မရှိဘဲ ..."

ဒေါင်းက ရှက်ရှက်နှင့် ဒေါပွသွားမိပြန်သည်။ ငြင်းလို့လည်း မရနိုင် ... ဒေါင်းမှာ စာအုပ်ပေါ်မှ မျက်စိကျော်ပြီး သူ့ကို ခိုးကြည့်နေမိတာကို သူက စားပွဲမှန်အနက်တွေပေါ်က တစ်ဆင့် ပြန်ခိုးကြည့်ကာ သိနှင့်နေပြီးသားပဲဟာ ...။

"တွေ့ဖူးလို့ ကြည့်နေတာ ..."

ဒေါင်းက ဆင်ခြေပေးရင်း စကားတောက်ဖို့ ပြင်လိုက်သောအခါ ထူးဦးက မျက်ခုံးနှစ်ဖက်ကို ပင့်တင်ရင်း ... "ဟုတ်လား"ဟု ခပ်ချိုချို ပြန်မေး၏။

"ဆံပင်ဝါဝါနဲ့ ကောင်မလေးနဲ့ အတူတူလေ ..."

"ဪ ... ဒီလိုဆိုရင်တော့ ဟုတ်မယ် ထင်ပါတယ် ..."

"မပါဘူးလား ..."

"ဟင် ..."

"အဲဒီကောင်မလေးလေ ... မပါဘူးလား ... အတူတူတွဲပြီးတော့ မြင်ဖူးထားတာ တစ်ခါနှစ်ခါ မကဘူး ..."



ကိုယ်နှင့် ပန်းဝတ်မှုံ တို့ကို ဘာဘာညာညာ သတ်မှတ်ထင်မြင်နေသူ တစ်ယောက်နှင့် တွေ့နေရပြန်ပြီမို့ ထူးဦးက စိတ်ခပ်ပျက်ပျက်နှင့်ပင် ...

"မပါဘူးဗျ ... သူက သူ့ရည်းစား ... သူ့အတွဲနဲ့သူ ... စကော့ဈေးသွားကြတယ် ..."

ဒေါင်းမှာ ပါးစပ်အဟောင်းသားပင် ဟသွားရကာ ... ထူးဦးကို အားနာအနေခက်နေရဟန်တွေ ဒေါင်း မျက်နှာပေါ်မှာ မြန်မြန်ကြီး ပေါ်လာရပြီးလျှင် နောက်ဆက်တွဲအနေနှင့်ကတော့ သနားကရုဏာနှင့် ကိုယ်ချင်းစာခြင်းတို့ကပါ ဆက်တိုက်ကပ်ပါလာခဲ့ရပါတော့သည်။

အင်း ... သွားပြန်ပြီထင်တယ် တစ်ယောက်။

"ဆော ... ဆောရီးနော် ..."

"ဘာကို ဆောရီးတာလဲ ..."

"ဟို ... မေးမိတာ ..."

"မေးမိတာ ဘာဖြစ်လဲ ... ရတာပဲဟာ ... ပန်းဝတ်မှုံနဲ့ သိလို့လား ... မှာစရာရှိရင်လည်း မှာလိုက်ပေါ့ ... ဒီက အပြန် သူ့ကို ဗိုလ်ချုပ်ဈေးမှာ ပြန်ဝင်ခေါ်ပြီး အိမ်ပြန်ပို့ပေးရဦးမှာ ..."

ဒေါင်းမှာ အံ့သြ၍ ကုန်နိုင်ဖွယ်ပင် ဖြစ်သွားခဲ့ရပါပြီတည်း ...။ ယောကျ်ားတွေ ... ယောကျ်ားတွေ ...။ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်နော် ...။ လောကကြီးမှာ ပန်းဝတ်မှုံကလွဲရင် မိန်းကလေး မရှိတော့ဘူးလို့များ ထင်ကုန်ကြလို့လား ...။ ကိုယ့်အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုချိုကြီးကို နွားကြီးလုံးလုံးဟု ထင်ခဲ့မိသော ဒေါင်းဖြူမှာ ကိုယ့်ရှေ့ကယောကျ်ားရဲ့ ဖြစ်အင်ကို အကြားမှာတော့ ကိုချိုကြီးလို အူတိအူတ ... ခပ်အေးအေးနဲ့လူမျိုးရဲ့ နွားကျခံခြင်းမှာ ဘာဆန်းလဲဟုပင် တွက်လိုက်မိရပါပြီ ...။

ဒီလူဆိုရင် ... အတွင်းစိတ်ကတော့ ဘယ်လိုရှိမယ် မသိပေမဲ့ ရုပ်ရည်အရကတော့ ထူးခြားထက်မြက်နေပြီး ... သူတစ်ပါးဆီမှာ အညှဲခံနေမဲ့ပုံမျိုး လားလားမှ မရှိတဲ့အပြင် သူကတောင်မှ အရင်စပြီး တစ်ကွက်သွားတင်ထားတာမျိုး ... ခပ်ကျောကျောလေး လုပ်လိုက်ရမှ စားဝင်အိပ်ပျော်တတ်တာမျိုးတွေကိုပဲ လုပ်တတ်မဲ့ပုံမျိုး မဟုတ်လား ...။ ခုကျတော့ အဲလိုလူကတောင်မှ ... သူ့ရည်းစားအတွဲသစ်နဲ့ သူစိတ်ကြိုက်လည်ပါစေ ... ဟု ခွင့်ပြုထားရပြီး ... ပြီးကျရင် သွားတောင်မှကြို့ပြီး အိမ်ပြန်ပို့ပေးရဦးမတဲ့ ... ထူးပေ ဆန်းပေစွ ... အံ့သြဖွယ်ကောင်းလှန်းပေစွ ...။

ထူးဦးမှာ ကိုယ့်ရှေ့က ကောင်မလေးရဲ့ ပုံစံကို ကြည့်ပြီး အံ့သြနေမိပါသည်။ ဘာဖြစ်သွားတာပါလိမ့် ...။ ခပ်ရှက်ရှက်နှင့်လား ... ဘာ့ကြောင့်မှန်းမသိ ... ရန်လိုချင်နေသော ပုံစံလေးက ရုတ်တရက် ပျောက်ကွယ်သွားကာ ... သူမလေးရဲ့ မျက်နှာပေါ်မှာ အံ့သြခြင်းနှင့် ဓိတ်မကောင်းသလိုလို ဘာလိုလိုတွေကသာ အစားထိုးဝင်ရောက်လာရတာက ဘာလို့ပါလိမ့်။

"ပန်းဝတ်မှုံနဲ့ သိလို့လား ..."

"မသိပါဘူး ... ဘာလို့ သိရမှာလဲ ..."



ခပ်သွက်သွက် ... ခါးခါးသီးသီး ပြန်ငြင်းပစ်လိုက်ပုံကလည်း အံ့သြစရာ ... ထူးဦးက ခေါင်းတညိတ်ညိတ်နှင့်ပင် ...

"ကျွန်တော့်နာမည်က ထူးဦးလို့ ခေါ်ပါတယ် ..."

"ဟုတ်ကဲ့ ... ကျွန်မကတော့ ဒေါင်းဖြူတဲ့ ..."

"ဒေါင်းဖြူ ..."

"ဟုတ်ကဲ့ ..."

"ရိုးသလိုလို ဆန်းသလိုလိုပဲနော် ... နာမည်က ..."

ထူးဦးက ပြောပြောဆိုဆိုနှင့် ကိုယ့်ကော်ဖီခွက်ကို ပြီးအောင် မော့ချ ... ကိုယ့်စာအုပ်ကို ကောက်ကိုင်လိုက်ကာ ...

"အချိန်နှစ်ပြီ ... ပြန်ရတော့မယ် ..."

ပြောလိုက်ပြီးမှ ကောင်မလေးကို စချင်လာပြန်သဖြင့် ...

"ဟောဟိုနားမှာ ကြည့်စမ်း ... စားပွဲတစ်လုံး လွတ်နေတယ် တွေ့လား ... အခုမှ လွတ်သွားတာလား ... နဂိုတည်းက ဒေါင်းဖြူ ဒီစားပွဲမှာ လာဝင်ထိုင်ခါနီးတည်းက လွတ်နေတာလား မသိဘူးနော် ..."

သူပြသည့် နေရာကို ယောင်ယောင်မှားမှားနှင့် လိုက်ကြည့်မိပြီးမှ ဒေါင်းက ရုတ်တရက် ထောင်းခနဲ ဒေါပြန်ပွသွားရတော့သည်။ ကြည့်ပါလား ... ဒါ တမင်သက်သက် ဒေါင်းကို ရိသွားတာ ...။ ဖတ်ဖြစ်မှာ မဟုတ်တဲ့ စာအုပ်ကိုယူ ... စားပွဲလွတ်ရှိရက်နဲ့ သူ့စားပွဲမှာ လာဝင်ထိုင် ... မှန်အနက်ထဲမှာ အရိပ်ပေါ်နေတာကိုတောင် သတိမထားမိနိုင်ဘဲ သတိလက်လွတ်ကြီး သူ့ကိုချောင်း ... နာမည်ပြော ... မိတ်ဆက်။

www.burmeseclassic.com

www.burmeseclassic.com



အား ... ဒေါင်းအဖြစ်က အောက်လိုက်တာ။ ခပ်ပေါပေါ ခပ်လွယ်လွယ် မိန်းကလေးတစ်ယောက်ကို တွေ့ဖူးထားသဖြင့် မိန်းကလေးတိုင်းကို ဒီလိုချည်း သတ်မှတ်နေမိတော့မည့် သူမျိုးရဲ့ ရှေ့မှောက်မှာမှ ဒေါင်းက အဖြစ်ဆိုးဆိုးကြီး အောက်ပြလိုက်မိသလို ဖြစ်သွားရတယ်လို့ကွယ် ...။

သူ့ပုံစံဟာလည်း ကြည့်ဦး ...။ ဒီလိုမျိုးတော့ ဘာများသနားနေစရာ ရှိမှာလဲ ... သူ့ဟာက ဒီအချိန်မှာ သနားစရာကောင်းနေရမဲ့ကိစ္စကို သနားစရာမကောင်းတော့တဲ့ပြင် မုန်းစရာကြီးတောင်မှ ဖြစ်နေပြီ ...။ သူကလည်း အလကားကြီးပဲကို ...။ ကိုဖိုးချိုလို အရက်ခွက်ထဲ ခေါင်းစိုက်ချကာ ကမ္ဘာကြီးကို ပြွမ်းထိုးမှောက်ခုံမြိုကာ ဖြစ်ချင်ရာဖြစ်စလို့ ... သဘောထားပစ်လိုက်မဲ့အစား ... သူကလည်း တခြားမိန်းကလေးများကို ရိတိတိ ... နောက်တောက်တောက်နဲ့ ...။ ဘာမှ ခံစားနေရပုံမှ မရှိတာ ...။

အေးလေ ... သူတော်ချင်း သတင်းလွှေ့လွှေ့ ... အာ ... မဟုတ်ပါဘူး ... အဲဒီစကားပုံဟာ ကိုဖိုးချိုအတွက်ဆိုရင်တော့ဖြင့် မမှန်ပါဘူး ... ကိုဖိုးချိုဟာ သူတို့လိုလူမျိုးတွေနှင့် တစ်ဂိုဏ်းတည်းဝင် "သူတော်"ချင်းမဟုတ်ပါဘူး ...။

ဒေါင်းက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ စာအုပ်ကိုဆွဲရင်း သူ့ထက်အရင် ရှေ့ကနေ ဒေါကြီးမောကြီးနှင့် ဖြတ်ထွက်လာခဲ့လိုက်သည်။ တစ်စက်မှလည်း ပြန်လှည့်မကြည့်။ ထူးဦးကတော့ ရုတ်ချည်း ပြောင်းလဲသွားပြန်တဲ့ အခြေအနေကြောင့် ပခုံးနှစ်ဖက်သာ အသာတွန့်မိရင်း နေရာတင် ရပ်ကျန်ရစ်လေသည်။



တစ်ချို့ မိန်းကလေးတွေ ဆိုတာမျိုးဟာ နည်းနည်းလောက်ကလေး စမိရင်ပဲ တအားကြီး စိတ်ဆိုးတတ်ကြသလား။ ဪ ... မသိပါဘူး ...။

✽ ၆ ✽

"အား ..."

အကျယ်ကြီး အော်ထည့်လိုက်မိပြီး ခုန်ပေါက်ရုန်းကန် တွန်းထိုးလိုက်မိပြီးကာမှ ... ကိုယ်ဟာ အိပ်မက်မက်နေခဲ့ပြန်တာပါလား ဆိုတာကို ... ဒေါင်းက သိရှိလိုက်ရပါသည်။ အိပ်ရာဘေးက စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်မိတော့ မနက်လေးနာရီ ...။ အတော်စောသေးပေမဲ့ ပြန်အိပ်ချင်စိတ်ကတော့ လုံးလုံးမရှိတော့ပါ ...။ ငုတ်တုတ်ကလေး ထထိုင်ရင်း ခုတင်ပေါ်မှာ ဆက်လက်ငြိမ်သက်မိနေရာက ... ခုနက အိပ်မက်အကြောင်းက ခေါင်းထဲပြန်ရောက်လာခဲ့ပါသည်။

ကိုဖိုးချိုရယ် ...။ ကိုဖိုးချိုကြီး မကျွတ်သေးဘူးလားမသိပါဘူး ...။

ဒီအတွေးကို ခုနေခါမှာ ဘယ်သူ့ကိုမှ ပြောလို့မရပါ။ ကိုဖိုးချို ဆုံးပြီးကာစက တစ်ခါပြောခဲ့မိသဖြင့် ... လုပ်ဖော်ကိုင်ဖက် အစ်ကိုကြီးတွေထဲမှရော ... ဆွေမျိုးများဆီကပါမ,က ...

www.burmeseclassic.com

www.burmeseclassic.com



အမေကပါ ခေါင်းကို မျက်နှာထိ မျက်နှာထားနှင့် ... "ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"ဟု သတိပေးတာကို ခံရပြီးပြီ ...။

"မကျွတ်မလွတ်ရအောင် အစိမ်းသေမှ မဟုတ်တာပဲဟာ ... ငါတို့ သူ့အတွက်လည်း အလှူတွေ ဘာတွေလုပ် ... အမျှအတမ်းပေး ... သာဓုခေါ်နိုင်းပြီးပြီပဲ ... နင်ကမကျွတ်ဘူးချည်း ထင်နေတော့ နင့်အစ်ကိုကပဲ ... မကောင်းတဲ့အတိတ်အကုသိုလ်ကံတွေကြောင့် ဘဝမကူးဘဲ သရဲပဲဖြစ်နေသလိုလို ... ပေါက်ကရတွေ လျှောက်,လျှောက်မပြောပါနဲ့ ခေါင်းရယ် ... နင်က အဲဒီလို ဖြစ်နေရင် နင့်အမေကဘယ်လိုနေရမလဲ ... ကိုယ့်အမေအတွက်လည်းကိုယ် ခေါင်းထဲထည့်ဦးမှပေါ့ ..."

အစ်မဝမ်းကွဲ တစ်ယောက်ကတော့ ခေါင်းကို သတိပေးစကား ဆိုခဲ့ပါသည်။ အမေ့အတွက် ခေါင်းထဲထည့်ရမယ်ဆိုတာကတော့ မှန်ပါသည်။ သို့သော် အမေဟာ ဒီကိစ္စအတွက် ခေါင်းထက်တောင်မှ ခံနိုင်ရည်ရှိတာ ခေါင်း သိသည်။ အရက်ကိုလုံးဝတစ်ခါမှလည်း မသောက်ဖူးပါဘဲနှင့် မူးရူးခေါင်းစိုက်နေအောင် သောက်ကာ အစာအိမ်ပေါက် သေခဲ့ရသော သားကြီးဖြစ်သူအတွက် အမေ့ရဲ့ ခံစားချက် တုံ့ပြန်မှုမှာ အံ့ဩစရာပင် ကောင်းသည်။

"သူဒီလိုဖြစ်အောင် သူ့ဘာသာပဲ လုပ်သွားတာ ... သူ့ဘဝ သူ့ကံ သူ့ဘာသာ စီမံတာ ... ဖြစ်ချိန်တန်လို့ ဖြစ်သွားခဲ့တာ ..."



ခေါင်းကမှ အိပ်ရာထဲ ပုံလဲခဲ့သေးသည်။ အမေကတော့ မဖြေနိုင်သည့် သမီးငယ်ကိုတောင် ပြန်ပြုစုနေနိုင်သေးကာ တကယ့်ကို စိတ်ရောလူပါမာပြီး သတ္တိရှိနိုင်တာလား ... တရားရှင်ပီပီ အမှန်ကို ရင်ဆိုင်နိုင်တာလား မသိ ... သားတစ်ယောက်လုံးကို ဆုံးရှုံးခဲ့ရပေမဲ့ ပုံမှန်လောက်ပဲ ဝမ်းနည်းစိတ်မကောင်းဖြစ်ခဲ့ကာ မြန်မြန်ပဲ နာလန်ထ ထူထောင်လာနိုင်လေသည်။

ခေါင်းမှာတော့ ခုထက်ထိလည်းမပြီး ...။ ဘယ်တော့မှလဲ ပြီးနိုင်တော့မည် မထင်ပါ ...။ ဘာလို့လဲ ဆိုတော့ ရက်လည်ပြီး နောက်တစ်ရက်မှ စတင်ကာ ကိုကို့ကို ခေါင်းကအိပ်မက်မက်ခဲ့သည်လေ ...။ ပထမကတော့ ခေါင်းဟာလည်း အစ်ကိုတစ်ယောက် ဆုံးရှုံးရတဲ့ ညီမငယ်တစ်ယောက်အဖြစ် ပုံမှန်ကြေကွဲဝမ်းနည်းရရုံလောက်ပါပဲ ...။ အိပ်မက်မက်ပြီးတဲ့ အချိန်ရဲ့နောက်ပိုင်းရက်တွေမှ စတင်ကာသာ ပုံမှန်ကြေကွဲရရုံလောက်မ,ကခဲ့ရတော့တာ ...။

"ခေါင်း ... သူ့နာမည်က ပန်းဝတ်မှုံတဲ့ ... လှပသလောက် ရက်စက်တတ်တဲ့ ... လှည့်ဖြားတတ်တဲ့ ... အဋ္ဌာရသ ပေါင်းစုံကို တစ်ယောက်တည်းနဲ့ ကျမ်းကြေနေခဲ့တဲ့ ကောင်မလေးရဲ့ နာမည်က ပန်းဝတ်မှုံလို့ ခေါ်တယ် ... (--) ရပ်ကွက်က အိမ်နံပါတ်(၁၂) ...။ အဖေကြီးနာမည်က ဦးစန်းလွင်တဲ့ ...(-----)ကုမ္ပဏီမှာ အကြီးအကဲ ... ပိုင်ရှင်ပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ခေါင်း အစက လုံးဝမှ သိမထားခဲ့တာ ...။

ကိုဖိုးချိုဟာ သူများတကာတွေလို ဒိုင်ယာရီရေးကျင့်တို့ ဘာတို့လည်း ရှိခဲ့တာမဟုတ် ...။ ခေါင်းက ခေါင်းရဲ့အစ်မဝမ်းကွဲ "မှူမှူ"ကို ဒါတွေပြန်ပြောပြခဲ့တော့ ...။

"အရင်တည်းက နင်တစ်နည်းနည်းနဲ့ သိထားပါလိမ့်မယ် ခေါင်းရယ် ..."

"မဟုတ်ဘူး ... အိပ်မက်မက်တာ ... တကယ်မက်တာ ... ကိုဖိုးချိုက ခေါင်းကို အိပ်မက်ထဲမှာ တကယ့်ကို လာပြောပြခဲ့တာ ..."

"အေးလေ ... မက်တာကလည်း တကယ်ပေါ့ ... အိပ်မက်ထဲမှာ ပြောပြတယ်ဆိုတာလည်း တကယ်ပဲ ဖြစ်ခဲ့လိမ့်မယ် ... ဒါပေမဲ့ ဒါတွေကို သိထားပြီးတာကတော့ အရင်ထဲကပဲ ဖြစ်မှာပေါ့ ... အဲဒါကို စိတ်စွဲပြီး အိပ်မက်ထဲ ထည့်မက်တာပေါ့ ..."

"မဟုတ်ဘူး ... ခုမှသိတာ ... ခေါင်း အဲဒါတွေအားလုံးကို လိုက်စုံစမ်းပြီးပြီ ... တကယ်ပဲ ဟုတ်နေတယ် ... အဲဒီ ပန်းဝတ်မှုံဆိုတဲ့ မိန်းမဟာလည်း အဲဒီအိမ် ... အဲဒီနေရာမှာ တကယ်ပဲ ရှိတယ် ... သူ့အဖေကလည်း ဦးစန်းလွင်ပဲ"

မမှူမှူကတော့ ခေါင်းကို စိတ်ညစ်သောအကြည့်နှင့်ပဲ ကြည့်နေတော့ကာ ...

"အယူ မသီးစမ်းပါနဲ့ ခေါင်းရယ် ... နင်အရင်က ဒါမျိုး မဟုတ်ပါဘူး ..."



"မမှူက ဘာလို့ မယုံတာလဲ ... ခေါင်းက အမေ့ကိုပြော ပြလို့မရလို့ ... တစ်ယောက်ယောက်ကိုလည်း ပြောပြချင်လို့ မမှူကိုပြောတာ ... မမှူကမှ မယုံတော့ ခေါင်းက ဘယ်သူ့ကိုသွားပြောပြလို့ ရတော့မလဲ ..."

"ဟဲ့ ... ငါက အစ်မဖြစ်ရက်နဲ့ ... အယူသီးပြီး စိတ်ကူးယဉ်ချင်နေတဲ့ ညီမလုပ်သူကိုတော့ ထောက်ခံပြီး ကိုယ်ပါလိုက် ... အယူသီးနေလို့ ဘယ်ဖြစ်ပါ့မလဲ ... ကောင်းရာကောင်းကြောင်း ဖြစ်နိုင်တဲ့လမ်းကြောင်းကိုပဲ ညွှန်ပြပြီး... ကိုယ့်ညီမမှာ အယူမှားနေတဲ့ကိစ္စမျိုး ရှိနေရင်လည်း ဖြေဖျောက်ပေးဖို့ပဲ ရှိတာပေါ့ ..."

ခေါင်းက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုပဲ ယမ်းခါလိုက်မိပါတော့သည်။

"ဖိုးချို ဆုံးသွားတဲ့ကိစ္စမှာ နင့်အမေထက် နင့်ကိုပိုထိခိုက်စေသလို ဖြစ်သွားတာ ငါသိပါတယ် ခေါင်းရယ် ... ဒေါ်လေးက အသက်ကြီးပြီ ... နင်တို့သားအမိရဲ့ နေရေးထိုင်ရေး စားဝတ်နေရေးကိစ္စဟာ နင့်ခေါင်းပေါ်ရောက်လာတယ် ... ကိုကျော်ကြီးတို့ ဝိုင်းလုပ်ပေးလိုက်ကြလို့ အလုပ်တစ်နေရာ နင်ရသွားခဲ့ပေမဲ့ ... အရင်ကတွဲခဲ့တဲ့ သူငယ်ချင်းတွေနဲ့အတူတူ ... ကလေးလိုလိုနဲ့ နင် ကျောင်းဆက်တက်လို့ မရတော့ဘူး ... တက္ကသိုလ်ကို အဝေးသင်ပြောင်းလျှောက်ဖို့အတွက် ကျောင်းတစ်နှစ် ပျက်ခဲ့လိုက်ရတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



နင်ဘယ်လိုခံစားရမလဲ ငါကိုယ်ချင်းစာပါတယ် ... အဲဒီအတွက် နင် ဖိုးချိုကို ခဏ ခဏ တမ်းတပြီး အိပ်မက်အမြဲမက်နေမယ် ... ရတယ် ... ဒီအထိ အိုကေပဲ ... ဒါပေမဲ့ ... အိပ်မက်ထဲကနေ စကားပြောတယ်တို့ ... နင်မသိသေးတဲ့ အကြောင်းအရာတွေကို ခုမှ သူ ပြောပြမှ သိလာရတယ်တို့ ဘာတို့ ... ဒါ နင့်စိတ်က ထွင်နေတဲ့ ဇာတ်လမ်းတွေပဲ ဖြစ်မှာပါ ဒေါင်းရယ် ... အဲဒါကြီးကို အတည်ယူပြီး အဟုတ်ကြီး မလုပ်စမ်းပါနဲ့ ... ငါတကယ်ပြောတာ ... ကြာကြာနေရင် နင်ရူးသွားလိမ့်မယ်ဟဲ့ ...

နင့်မှာ အားကိုးရာမဲ့လာသလို ခံစားလာရရင် ငါတို့ ရှိတယ် ... နင့်ဦးလေးသားချင်းတွေရှိတယ် ... မရှိတော့တဲ့ လူကို မသိစိတ်နဲ့ဆက်ပြီး လှမ်းအားကိုးမနေနဲ့တော့ဟယ်၊ သူဆုံးသွားရတဲ့ကိစ္စကို ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် လို့လဲ ... လိုက်ပြီးရှမယ်ရှာ ... တရားခံစာရင်းသွင်းမနေချင်နဲ့တော့ ... ပြီးပြီ ... ထားလိုက်တော့ ... ကိုယ့်အစ်ကို ကိုသတိမရရဘူး မဟုတ်ဘူး ... သတိရ ... ဒါပေမဲ့ နင့် ဇာတ်လမ်းတွေကိုတော့ ရပ်တော့ ..."

ဒေါင်းက မမူကို ဘာမှပြန်ပြောမနေတော့ပါ။ ခေါင်းကလေးငုံ့ ... မျက်လွှာလေးအသာချထားကာသာ ငြိမ်နေပေးလိုက်တော့သည်။ အားရှိပါးရှိကြီး ဆုံးမလိုက်ပြီးသည့် မမူကတော့ သူ့စကားတွေအောင်ပြီး ဒေါင်းတော့ အတော်ကြီးသဘောပေါက်နားလည် နာယူသွားပြီပဲ ထင်နေလိမ့်မည်။ ဒေါင်းမှာတော့ စကားနည်းရန်စဲ ...။ မယုံကြည်လျှင် ... လက်မခံနိုင်လျှင် ...



အားကိုးတကြီး တိုင်ပင်ပြောပြသည့် သူကိုပဲ အရူးစာရင်းသွင်းချင် လာလျှင် ...၊ ဆက်လက်ပြောပြနေစရာ အကြောင်းမရှိတော့ပါ။ သို့သော် သူဆုံးမသလို ဒီဇာတ်လမ်းကို ဒီတင်ရပ်ကာ ကိုယ့်အစ်ကို ဖြစ်သူရဲ့ ဆန္ဒတွေကို အပြီးအပိုင် လျစ်လျူရှုပစ်လိုက်တော့စရာ အကြောင်းလည်းပဲ မရှိပါ ...။

ကိုယ့်အစ်ကိုတစ်ယောက်လုံး မကျွတ်မလွတ်ဘူးဆို တဲ့အဖြစ်ကို ဒေါင်းလည်း ကျေကျေနပ်နပ်ကြီးနှင့် လက်သင့်ခံရ သည်တော့ ဘယ်ဟုတ်ပါ့မလဲ ...။ လူကြားလို့မှ မကောင်းတဲ့ဟာ။ ကိုယ့်ဘာသာ ဇာတ်လမ်းထွင်ပြီး စပြောဖို့ဆိုတာကတော့ဝေးပါ သေးသည် ...။ ဒါပေမဲ့ ခုဟာကတော့ လက်မခံချင်လည်းပဲ လက်ခံရတော့မည့်ကိစ္စ ...။ ကိုယ်က ကိုယ်တိုင်ကြုံနေရသည့် ကာယကံရှင်လေ ...။ သူများတကာလို အကြားနဲ့တင်မှ မဟုတ် တာကြီး ...။

နောက်ထပ်ကြုံကြုံလာရသည့် အိပ်မက်ဇာတ်လမ်းစဉ် များအကြောင်းကိုတော့ ဒေါင်းက ဘယ်သူ့ကိုမှ ပြောပြမနေတော့။ ဒေါင်းဘာသာပဲဒေါင်း မျိုသိပ်ပြီး သိရှိနေရလေ ... ဒေါင်းမှာတစ် ယောက်တည်း ကျိတ်ခံစားနေရသည့်အတွက် ... အဲဒီပန်းဝတ်မှုံ ဟူသည့် မိန်းမကို ပို့ပိုပြီး ဒေါသထွက် မုန်းမျက်နာကြည်းရလေ လေ ...။

သူဟာ ကိုဖိုးချိုကို တကယ့်အရုပ်နွားကလေးတစ် ကောင်လို ... တဝိဝိမြည်ထွက်သွားနိုင်လောက်အောင်ကို လှည့်ပစ် နိုင်ခဲ့သည် ...။ ကိုကိုဟာ သူ့ဆီမှာ "ဘွတ်အဲ"ဟု နှုတ်မှ အသံ မထွက်ခဲ့ရရုံ တစ်ယောက်ပါပဲတဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"အနာခံရင် အသာစံရမယ်ဆိုတဲ့ စကားဟာ ဟုတ်ကို မဟုတ်ဘူး ဒေါင်း ... ကိုကိုဟာ သူ့ဆီမှာ ဘယ်လိုပဲအနစ်နာခံ ... အပြောအဆိုခံပြီး အောက်ကျသည်းခံခဲ့ခဲ့ ... နောက်ဆုံးကျတော့ ... သူပျင်းလာပြီဆိုတဲ့ အခါမှာ ဒီလို အရုပ်တစ်ရုပ်မျိုး သူ့မှာ လက်ခံရှိနေရတာကိုတောင် သူက ဝန်လေးလာပြီ ... ကိုကို့လောက် အခြေအနေအဆင့်အတန်းနဲ့ လူမျိုးကို ရွေးချယ်ဖို့ဝေးလို့ ... အနားမှာတောင် လုံးဝဆက်မထားချင်တော့တဲ့အခါမှာ ... အရင်က ဘယ်လိုပဲ ရှိခဲ့ ရှိခဲ့ ... ဘာမျက်နှာကိုမှ မထောက်တော့ဘဲ ... ရှောင်းပဲ ... လုံးဝရှောင်းပဲ ... ခြေထောက်နဲ့ ပိတ်ကန်မထုတ်လိုက်တာ တစ်ခုကိုပဲ သူ့ကို ပြန်ကျေးဇူးတင်နေရတော့မဲ့ အချိုးမျိုးကို သူက ချိုးပြလိုက်တာပါ"

ညှိုးငယ်နေရှာက ဒေါသထွက်လာသည့် ကိုကို့မျက်နှာကြီးကို အိပ်မက်ထဲမှာများ ကြုံလိုက်ရရင် ... မမူတို့ဟာ နောက်တစ်နေ့မနက်မှာ ပြန်ကိုနိုးမလာတော့ဘဲ တစ်ခါတည်း ကြောက်လန့်တကြားကြီးနဲ့ အသက်တန်းထွက်သွားနိုင်လောက်မည်ထင်သည်။ ပုံမှန်မြင်တွေ့ဆက်ဆံနေရသည့် ဒေါင်းပင် အလန့်ကြီးလန့် ... အထိတ်ကြီး ထိတ်သွားခဲ့ရကာ ... လန့်နိုးခဲ့ရပြီးသည့်နောက်မှာ ... "အဲဒီလို မျက်နှာမျိုးကြီးနဲ့တော့ ကိုကိုဟာ ဒေါင်းရဲ့ အိပ်မက်တွေထဲကို ထပ်ဝင်မလာပါစေနဲ့တော့ ..."လို့ကို ဆုတောင်းမိခဲ့ရဖူးတာပါ ...။

သို့သော်မရ ...။ ဒေါင်းရဲ့ဆုတောင်းဟာ မပြည့်ခဲ့ပါ ...။



"ကိုကို့အတွက် ဒေါင်း သူ့ကိုလက်စားပြန်ချေပေးရမယ် ... ဘာကိုမှ ဂရုမစိုက်တတ်တဲ့ ဒီမိန်းမကို အကြောက်တရားနဲ့ တဖြည်းဖြည်း ခန်းခြောက်ပြီး ဝဋ်လည်အောင် ဒေါင်းလုပ်နိုင်ရမယ် ... ကိုကို့မှာ အစီအစဉ်ရှိတယ် ... ဒေါင်း ..."

ဒီနောက်မှာတော့ ဒေါင်းဟာ ပန်းဝတ်မှုံထဲ ဖုန်းအကြိမ်ကြိမ်ဆက် ... စာတွေအကြိမ်ကြိမ်ပို့ကာ ... ညင်သာသိမ်မွေ့သော နှောင့်ယှက်မှုပုံစံတွေနှင့် ချဉ်းကပ်နေရပါတော့သည်။ အဲဒီလို ဆက်ဆံကြည့်တော့ ပန်းဝတ်မှုံမှာ တမလွန်မှ ကိုဖိုးချိုတင်မက ဒီဘဝထဲမှာပါ ရန်သူတော် အတော်ကြီးများလှကြောင်း ဒေါင်း သိလာရသည်။ ယောကျ်ားဆိုတဲ့ လူမျိုးတွေဟာ ဒီမိန်းမ တစ်ယောက်ကိုပဲ ချစ်လည်းချစ်နိုင်ကြ ... မုန်းလည်းမုန်းနိုင်ကြ။ ဒေါင်းကတော့ အချစ်မပါ ... အမုန်းကြီးသက်သက်နှင့် ... မုန်းပြီးရင်း မုန်းရင်း ... ဒေါသထွက်ရင်း ... နာကြည်းရင်းနှင့်သာ တည်း။

တည်ငြိမ်ကြည်လင်နေသည့် ဒေါင်းတို့မိသားစုဘဝလေးကို သူပဲ မွှေနှောက်ခလောက်ဆန်ပစ်လိုက်သည်။ သူ့ကြောင့် ဒေါင်းရဲ့အစ်ကိုဆုံးပါးခဲ့ရသည်။ သေပြီးတာတောင်မှ မကျွတ်မလွတ် ... သူ့စိတ်တစ်ခုနှင့် ဒေါသတကြီး ဖြစ်နေရရှာသည်။ ဒေါင်းမှာလည်း ပူဆွေးဝမ်းနည်းရတာကတစ်မှု ... အကြိမ်ကြိမ် အိပ်ရေးပျက်ကာ ကြောက်လန့်တကြီး စိုးထိတ်ပူပင်နေရတာက တစ်မှု ...။ ကြာရင် မမူပြောသည့်အတိုင်း "နင်ရူးသွားလိမ့်မယ်ဟဲ့ ..."ဆိုတာ အမှန်ပင် ဖြစ်လာနိုင်ပေလိမ့်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်ခဲ့ကြရသည့် မောင်နှမ ဆိုပေမဲ့လည်း ဘဝချင်းခြားပြီးသွားသည့် ကိုဖိုးချိုကို ခုချိန်မှာတော့ ဒေါင်းက ကြောက်ပါသည်။

အထူးသဖြင့်ကတော့ သက်ရှိထင်ရှားရှိစဉ်က မအေး ဆေးချိုသာကာ ဒေါသကင်းလှသည့် အစ်ကိုဖြစ်သူကို အမြဲ ဒေါသတကြီးပုံစံကြီးနှင့်ပဲ ပြန်ဆုံနေရသည့်အတွက်ကို ဒေါင်းက ပိုပြီး ကြောက်လွန်းရသည်။

ကိုကို့ကို မမေ့နိုင်ပါ ...။ သို့သော် မဆုံချင်တော့။ အိပ်မက် မမက်ချင်တော့ ...။ ဒါပေမဲ့လည်း ... ကိုကို့ဆန္ဒတွေ မပြီးမချင်းတော့လည်း ဒေါင်းဟာ ဘယ်လိုမှလုပ်မရ ... ပြုမရ။ ကိုကိုနှင့် တွေ့နေရဦးတော့မှာပဲ ဆိုတာကို သေချာနေရလေသော အခါ ... ဒေါင်းမှာ ငရဲကြီးရင်လည်းကြီးပါစေတော့ ...။ "ဒီမိန်းမ တစ်ယောက် မြန်မြန်သေသွားရင် ကောင်းမှာပဲ"ဟု မတောင်း ကောင်းတဲ့ဆုတောင်းမျိုးကိုပင် တောင်းမိနေတော့ကာ ... ဖြစ်နိုင် ရင် ... ဥပဒေကိုသာမငဲ့ရရင် ... ကိုယ့်ဆုတောင်းပြည့်ဖို့ရာ ကိုယ် ကိုယ်တိုင်ပင် ဓားနဲ့တက်ခုတ် ... ခုတ်ရ ...။ ဓာတ်လမ်းကိုအဲပြီး သာ ဖြတ်ပစ်လိုက်ချင်လွန်းလှပေပြီ ...။

ဒီကြားထဲမှာလည်း ဒေါင်းဟာ ပန်းဝတ်မှုံကို အနု နည်းနဲ့ လိုက်လံနှောင့်ယှက်နေရတဲ့ အကုသိုလ်လုပ်ငန်းအပြင် ... ကုသိုလ်ရေးလေးတွေလည်း တတ်နိုင်သမျှ များများဖိလုပ်ကာ ... ကိုဖိုးချိုကို အမျှအတမ်း ပေးဝေမိတာက အကြိမ်ကြိမ် ...။ သို့သော် ကိုယ်က ဘယ်လောက်အမျှပေးပေး ... သူက လက်သင့်ခံကာ



'သာဓု'ခေါ်ဦးမှကိုး ...။ သူကမှ သူ့ကိစ္စမပြတ်သေးလို့ဆိုပြီး ဒီဘဝက မကျွတ်ချင်သေးရင် ဒေါင်းက ဘာများလုပ်နိုင်မှာမို့လဲ။ သူ့ကိစ္စပြတ်အောင် ဆက်လက်ကူညီနေရတာကလွဲရင် ဒေါင်းမှာ ဘာမှမလုပ်နိုင် ...။ ဘာမှ မတတ်နိုင် ...။

သူ့ကိစ္စကလည်း အနုနည်းနဲ့ ညင်သာသိမ်မွေ့စွာ နှောင့်ယှက်နေရခြင်းဟာ အရာကော ထင်နိုင်ပါ့မလား ...။ အကြမ်းအရမ်းနှင့် မိုက်တိမိုက်ကန်း ... မျက်နှာချင်းဆိုင် ဖော်ကား ချင်နေကြတာတွေကိုတောင်မှ မှုဟန်မရှိသော ထိုမိန်းမသည် ဒေါင်း လုပ်နေတာလေးတွေ အတွက်ဆိုရင်တော့ ... "ရယ်စရာ ကောင်းလိုက်တာဟယ် ... ပျင်းတောင်ပျင်းသေး ..."ဟုများ ဆိုနေလေမလား ...။

ခုတလောလေးမှာတော့ဖြင့် ထူးဦးဟု အမည်ရသော ဟိုလူတစ်ယောက်ဟာ ... "ရန်များကို ကိုယ်ရှင်းမယ် ..."ဟူသည့် စတိုင်အချိုးမျိုးနှင့် ပန်းဝတ်မှုံ၏ ရှေ့သို့ ဝင်ရောက်လာကာ ... ပန်းဝတ်မှုံမှာ ပေါ်ပေါက်နေသမျှ အတိုက်အခိုက် ... အနှောင့် အယှက် ... အန္တရာယ်ရန်စွယ်ပေါင်းစုံကို မားမားမတ်မတ်ကြီး ဒိုင်ခံဖြေရှင်းပေးနေတော့တာ ...။ ပန်းဝတ်မှုံတော့ဖြင့် မသိ ... ဒေါင်းဖြူသာဆိုရင်တော့ အဲဒီလိုလူမျိုးတစ်ယောက် ကိုယ့်အတွက် သာရှိနေမယ် ဆိုလို့ကတော့ ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ...။ ဒေါင်းဆီက စာလေးတွေ ဖုန်းလေးတွေမျိုး ဆိုရင်တော့ ပြောမနေ နဲ့တော့ ... ပေါ်တင်ကြီး တက်ချဲနေကြသော လူမျိုးတွေကိုပါ လုံးဝ,လုံးဝကို ကြောက်မိတော့မှာ မဟုတ်ပါဘူး ...။

www.burmeseclassic.com

www.burmeseclassic.com



အေးလေ ... ပန်းဝတ်မှုံရဲ့ ပုံစံကလည်း အဲဒီလိုပဲ ဖြစ်နေတော့တဲ့ ဟာပဲကို။ ဒါနဲ့တောင်မှ အဲဒီလူကို ရှေ့တင်ပေါ်တင် ထားပြီး နောက်တစ်ယောက်နဲ့ ဗိုလ်ချုပ်ဈေး လည်သတဲ့ ...။ တကယ့်ကို ... လုံးဝ ... အံ့ဖွယ်သုတပင် ...။ လောကကြီးမှာ မျက်နှာပြောင်တိုက်ပြီး လုပ်ရဲကိုင်ရဲကြသူတွေပဲ အောင်မြင်အဆင် ပြေနေကြတယ် ထင်ပါရဲ့။

ဒီညတော့ဖြင့် ကိုဖိုးချို့က ပြောလာခဲ့ပြီ ...။

"ဒေါင်း ... သူ့စိတ်ကို အနှောင့်အယှက် ပေးနေတာတွေ လုံလောက်ပြီ ... ကိုယ်ထိလက်ရောက် ထိခိုက်စေ နည်းလမ်းတွေကို ငါတို့ စသုံးလို့ရနိုင်ပြီ"

ဟိုတစ်လောကလည်း မရည်ရွယ်ဘဲ(လုံးဝတကယ် ကိုမရည်ရွယ်ပါဘဲ)ကိုယ့်ကြောင့် အဲဒီမိန်းမနဲ့ ဟိုလူမှာ ကားမှောက် ပြီး သေကြရတော့မလိုလိုပင် ဖြစ်သွားခဲ့ပြီးပြီ ...။ အဲဒီတုန်းက လည်း အမှိုက်ပုံကြီးထဲ ဝင်သွားကြတာကို သိသိကြီးနဲ့ သေများ သွားကြပြီလားလို့ လန့်လိုက်ရတာ ...။ ကားထဲကနေ နှစ်ယောက် လုံး အေးအေးဆေးဆေး ပြန်ထွက်လာနိုင်ကြတာကိုမြင်မှ သက် ပြင်းကောင်းကောင်း ချနိုင်ပါသည်။ ကိုယ်က စိတ်ထဲမှာ ခားနဲ့ တက်ခုတ်ရ၊ ခုတ်ရ၊ ဟု တေးထားပေမဲ့ ... တကယ့် တကယ် တမ်းကကျတော့ ကိုယ်လည်း အသည်းနှလုံးကြီး မာကျောကာ ဘာကိုမှ အမှုမထားဘဲ နေ,နေတဲ့ လူဆိုးကြီးမျိုးမှ မဟုတ်တာ လေ ...။



သို့သော် ... ကိုဖိုးချို့ရဲ့ စကားတွေကိုတော့ လွန် ဆန်လို့မဖြစ် ... မလွန်ဆန်ရဲ ... မလွန်ဆန်ရက်ပါ ...။ ကိုကိုဖိုးချို့ ရယ် ... လူဆိုတာ သူ့အကုသိုလ်နဲ့သူပဲ သွားပါ ... ရှိပါစေလား...။ ကိုယ်ကတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ် ... ဒီ့ထက်ကောင်းတဲ့ ဘဝ ကူးကလေးကို ရရှိလိုက်နိုင်စေဖို့ ဒေါင်းရဲ့အမျှအတမ်းလေးတွေ ကိုပဲ အေးအေးဆေးဆေး လက်သင့်ခံကာ ... သာဓုသုံးကြိမ်ခေါ် ကြည့်လိုက်ပါတော့လား။

ဒေါင်းလည်း ဝမ်းနည်းပင်ပန်းလွန်းလှနေပြီ ...။ ကိုဖိုးချို့ရဲ့ စိတ်ထဲမှာ စွဲသွားတဲ့ ... ဒေါသဟာ ... ဟိုမိန်းမကို ထိခိုက် ... မထိခိုက် မသေချာလှဘဲ ကိုဖိုးချို့ ချစ်တဲ့ ကိုဖိုးချို့ရဲ့ ညီမလေးကိုပဲ ထိခိုက်နေစေပြီလေ, ...။ ဒေါင်း စိတ်ညစ်တယ် ... သိရဲ့လား။

၆

"ပန်းစည်းလည်း လက်သင့်မခံနဲ့ ... မုန့်ကိုလည်း ဆိုင်မှာ သွားဝယ်စား ... အိမ်ကို မှာမစားနဲ့ ... ဘယ်သူ့ဆီက လက်ဆောင်မှလဲ မယူရဘူး ... တံခါးဘဲလ်သံမြည်တိုင်း လည်း ကိုယ်ကချည်း ဦးအောင်ပြေးထွက် ဖွင့်ချင်တဲ့ အကျင့်ကို ရှောင် ... ဒီအိမ်မှာ ကောင်မလေးတွေ အများ ကြီးရှိတယ် ... သူတို့လုပ်ကြလိမ့်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဦးက စိတ်လိုက်မာန်ပါ ဒေါသတကြီးနှင့် ခပ်မာမာ ကျူးအော်နေမိချိန်မှာ ပန်းဝတ်မှုံကတော့ သူ့ထုံးစံအတိုင်း နှုတ်ဖျားမှ "တဟင့်ဟင့်"နှင့် အသံထွက်လို့နေလေသည်။ ပန်းဝတ်မှုံရဲ့ အဖေကြီး ဦးစန်းလွင်ကတော့ သူကိုယ်တိုင် ဘယ်တော့မှ မဆုံးမတတ်သည့် သမီးဖြစ်သူကို သူများတကာက ဒီလောက်ကြီး ဝင်အော်အာပြနေတာကိုပဲ အကျေနပ်ကြီး ကျေနပ်နေပုံနှင့် … ထူးဦးရဲ့ စကားအဆုံး …

"ကြားလား သမီး … မောင်ထူးဦး ပြောတာ အကျိုးနဲ့ အကြောင်းနဲ့ ဆီလျော်တယ် … ဒါ သမီးနားကို နားထောင်ရမယ် … လက်သင့်ကို ခံရမဲ့ကိစ္စ …"

"ဟင့် … ခါတိုင်းလည်း ဒီလိုပဲ …"

ထူးဦးက ပန်းဝတ်မှုံဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း …

"ခုက ခါတိုင်းနဲ့ မတူဘူး… မင်းကတော့ မင်းဆီ တစ်ခုခု ရောက်လာပြီဆိုရင် မင်းမှာ ချစ်သူခင်သူတစ်ဦး တိုးပြန်ပြီ ဆိုပြီး ပျော်လို့ … ဂုဏ်ယူလို့ … မင်းရဲ့အကျင့်ကိုသိနေတဲ့ သူတစ်ယောက်ယောက်ကပဲ မင်းကိုချောက်ချနေတာ … အဲဒါ မင်းကို ချစ်လွန်းလို့ဆိုပြီး ဂုဏ်ယူနေစရာမဟုတ်ဘူး … မုန်းနေတာ … အမြင်ကတ်နေတာ … အေး … အခုလောလောဆယ်တော့ ချောက်ရုံလှန့်ရုံ … စိတ်အနှောင့်အယှက်ပေးရုံပဲ ဖြစ်လိမ့်မယ် … ဒါပေမဲ့ တစ်ချိန်ချိန်ကျရင်တော့ အသေလုပ်လိမ့်မယ် … ကြည့်နေ … အဲဒီအခါကျမှ သေလို့သေမုန်းတောင် သိလိုက်မှာ မဟုတ်ဘူး"



ပန်းဝတ်မှုံ၏ မျက်နှာမှာ "ဟင့်"တွေ "ခွိ"တွေ ပျောက်ဆုံးသွား၍ကာ ထူးထူးခြားခြား တည်တည်တံ့တံ့ ဖြစ်သွားသည်။ ဒီအဖြစ်ဟာ ထူးခြားရှားပါးပေမဲ့ အတူပူးတွဲနေလာတာ ကြာပြီဖြစ်သည့် ထူးဦးကတော့ ကောင်းကောင်းကြီး ရိပ်မိသိရှိလို့နေပြီ …။ အဟင့် … အဟိနှင့် မူယာမာယာများကာ ချွဲနွဲ့ပြစ်ထစ်နေတတ်သော ဒီကောင်မလေးဟာ ဒေါသထွက်ပြီဆိုရင် သိပ်ကြောက်စရာကောင်းလာတတ်သည်။ သူမဟာ ဘယ်ဘက်ကမှ လွယ်မည့် ကောင်မလေးမျိုးမဟုတ် …။ ရည်းစားများ ပွေလီရှုပ်ထွေးကာ အလကားနေရင်း အမူပိုနေတတ်သည့်ဘက်မှာ စိတ်ပျက်စရာ ဖြစ်သလို … ဒေါသတစ်ခုနှင့် ထင်ရာစိုင်းတတ်သည့် နေရာမှာလည်း တကယ့်ကို ကြောက်စရာလေးပင် ဖြစ်လာတတ်သည်မှာ ကိုယ့်ကိုယ်တွေ့ပင်တည်း။

ထူးဦးခမျာ ကံကမကောင်း အကြောင်းကမလှလေတော့ သင်းတကယ်တမ်း ဒေါသထွက်လာပြီဆိုသော အချိန်များကို သင်းကားမောင်းနေဖြစ်ချိန်များနှင့်ချည်း အမြဲလို ဒက်ထိအချိန်ကိုက်ချည်းပဲ ကြုံဆုံဖူးနေလေရာ … အဲဒီအချိန်မျိုးတွေကျ ကိုယ့်ကိုယ်ကိုယ် "ဒီတစ်ခါတော့ ငါ တကယ်ပဲ သွားပါပြီ"ချည်း ထင်လိုက်မိသည်ချည်း …။ ပြောလည်းမရ … ဆိုလည်းမရ … ချော့မရ … ခြောက်မရ … တကယ့်ကို မျက်စိစုံမှိတ်ကာ ကြမ်းတတ်တော့သည့် ကောင်မလေးမျိုး ဖြစ်နေလေသည်။

သူ့သမီးဟာ အဲဒီလိုပါ ဆိုတာကို သူ့အဖေကြီးတောင်မှ သိမှသိပါလေစ မသိ …။ ထူးဦးကတော့ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်းပဲ သူ့ကို တစ်စုံတစ်ယောက်က အသေကိုလုပ်မှာဟု စကားကုန်ပြောပစ်လိုက်သည့် ထူးဦးကြောင့် ကောင်မလေးမှာ ဒေါသထွက်သွားပြန်ပုံ ရှိလေသည်။ ဒါကိုလည်း ထူးဦးကသိသည်။ ထူးဦးကို စကားပြောပုံ မာထန်ရက်စက်လှချည့်ဟု ဒေါသထွက်တာမဟုတ် ...။ သူ့ကို သေစေချင်လောက်သည်အထိ မုန်းသူရှိသည်ဆိုတာကိုသာ ဒေါသထွက်သွားတဲ့ပုံပါ ...။

ဘယ်လိုကောင်မလေးမုန်းကို မသိ ...။ သူ့ဘက်ကတော့ လူတကာကို ချစ်ချင်ချစ်မည် ... မုန်းချင် ကြည့်မရချင် ဖြစ်ချင်ဖြစ်မည်။ ဒီတစ်စက္ကန့်မှာ ချစ်နေခင်နေပေမဲ့ နောက်တစ်စက္ကန့်အကြာမှာ မုန်းချင်လည်း ထမုန်းပစ်လိုက်မည်။ သူ့ "ချစ်လှချည်ရဲ့ ..."ဟု လက်သင့်ခံထားသော ချစ်သူရည်းစားပေမဲ့လည်း ခုချက်ချင်း စိတ်မသင့်ရင် ကောက်ဖြတ်ပစ်ချင်လည်း ဖြတ်ပစ်မည်။

တစ်ဖက်လူကို လူလို့ ယောကျ်ားလို့ မသတ်မှတ်။ အရုပ်လို နွားလို သဘောထားကာ ကစားချင်တိုင်းကစား ...လှည့်ချင်တိုင်းလှည့်မည် ...။

အဲ ... သူ့ကိုတော့ ချစ်ကြ ... ခင်ကြ ... ယောင်လို့မှတောင် မမုန်းရ ...။ သူ့ရည်းစားများဟာလည်း သူကပျင်းလာလို့ ... မုန်းလာလို့ ဖြတ်တာကိုသာ စောင့်ခံကြရမည် ... သူ့ကိုစမဖြတ်ရ ...။ သူ့ကို မုန်းပြီ ... ဖြတ်ပြီဆိုလို့ကတော့ ... မပြီးနိုင်တော့သော ဒေါသများနှင့် ပြဿနာအကြီးအကျယ်ပဲ ဖြစ်သွားတော့မည်သာ ဖြစ်ပေသည်။



ကဲ ... အဲဒီလို ကောင်မလေးမျိုးကို ဘယ်လိုပြောမလဲ ...။

"ဘယ်သူလဲ ... ဝတ်မှုံကို အသေလုပ်မှာ ... လုပ်ဝံ့လုပ်ကြည့်စမ်း...အခု ဒါတွေလုပ်နေတာကော ဘယ်သူလဲ ..."

"ဘယ်သိပါ့မလဲ ... အစောကြီးထဲ စာတွေဖုန်းတွေလာနေကတည်းက မင်းကို ဘယ်သူမုန်းနေသလဲ ... မင်းစဉ်းစားဦးလို့ ငါပြောခဲ့တယ်လေ ... မင်းက မင်းကိုယ်မင်း သိပ်ကြီးထင်နေပြီး မုန်းသူမရှိပါဘူးဆို ..."

"ဟိုစာတွေ ဖုန်းတွေနဲ့ ဒီကိစ္စတွေရဲ့ လက်သည်ကတစ်ယောက်တည်းပဲလား ..."

ထူးဦးက ပြန်မဖြေဘဲ နေလိုက်သည်။ သူကမွဲမေး ရတယ်ရှိသေး ... သိပါလား ... ကိုယ့်အကြောင်းကိုယ် ...။ စာတွေဖုန်းတွေကို ကြောက်လှပါသည်ဟု ဆိုခဲ့တာလည်း သူ ...။ ကျတော့ အမှတ်ကမရှိ ...။ ဘယ်လို သူ့ဌေးသမီးလဲမသိ ... ကိုယ်လည်း မဝယ်နိုင် ... မစားနိုင်တာလည်း မဟုတ်ဘဲနဲ့ ... သူများတကာရဲ့ ပေးစာကမ်းစာကို စောင့်ယူရိတာကိုလည်း အင် တန်မှပင် ဝါသနာထုံလှကာ ... "ဒါကတော့ ဘယ်သူကပေးတာ၊ ဒါလေးကတော့ ဘယ်သူက ပို့လိုက်တာ"နှင့် ကြွားဝါဂုဏ်လုပ်ချင် တာလည်း အမော ...။ ပိုးကြေးပန်းကြေး လက်ဆောင်မျိုးကို မြင်ရရှက်ရနှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး လက်ခံရတာကိုပဲ သူ့မှာ အဟုတ်ကြီးထင်နေပုံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပဲ ... လူကြုံတို့ ... Home Deliveryတို့ ... စာတိုက်ကတစ်ဆင့်တို့ ... ခြံဝမှာ ဘယ်သူလာထားသွားမှန်းမသိတို့ ရောက်ရောက်လာကြသော ပစ္စည်းပစ္စယတွေထဲမှာ ... ပန်းစည်းထဲမှာ ပင့်ကူကြီး ပါလာရတာနဲ့ ...။ ကိတ်မုန့်ထဲမှာ ကြွက်အသေကောင်တစ်ကောင် ပါနေရတာနဲ့ ... လက်ဆောင်ထုပ်ထဲမှ အစစ်နှင့်မခြားသော မြွေရုပ်တစ်ရုပ် ထွက်လာရတာနဲ့ ... ခြံဝမှာ ထွက်ရပ်နေတုန်း ... ကားတစ်စီးအပြင်းဖြတ်ပြီး ... သကြီန်တွေမှာတောင် တားမြစ်ထားပြီဖြစ်သော ရေပူဖောင်း ရေဘော်လုံးထုပ်လို အနီရောင်အရည်တွေပါသော အထုပ်တစ်ထုပ်နဲ့ ပစ်ပေါက်သွားတာမျိုးကို ခံလိုက်ရတာနဲ့ ...။

သူ့မှာ မျိုးစုံနေအောင်ပင် ဖြစ်ပျက်နေတော့တာ ...၊ သူ့နေရာမှာသာ တော်ရုံသာမန်မိန်းကလေးဆိုရင် ခုလောက်ရှိချောက်ချားတုန်လှုပ်မှုများစွာနှင့် စားဝင်အိပ်ပျော်တော့မှာတောင် မဟုတ် ...။ သူ့မှာတော့ "ကြောက်တယ် ... ဟင့်ဟင့်"နှင့်ပါးစပ်ကထုတ်ပြောကာ တကယ်လည်း စိတ်အနှောင့်အယှက် အနည်းငယ်တော့ ရှိပုံရပေမဲ့ အနေအစားကမပျက် ...၊ အသွားအလာကမလျော့ ...။ အရုပ်တော်ပုံကီစ္စတွေကို ဖုံးတန်းကမရပ် ...။

"ဦး ဆိုလိုတာက-နောင်အခါတွေကျရင်တော့ ဒီပန်းစည်းထဲက ပင့်ကူဟာ အဆိပ်ရှိတဲ့အကောင် ဖြစ်ချင်ဖြစ်နေမယ်ပေါ့ ... ကိတ်ထဲမှာလည်း ကြွက်သေမဟုတ်ဘဲ အဆိပ်ခတ်ထားရင် ထားမယ်ပေါ့ ... မြွေအရုပ်ဟာလည်း တကယ့်မြွေအရှင် ဖြစ်ရင်ဖြစ်နေမယ်ပေါ့ ... ဒီလိုလား ..."



"ဟုတ်ချင်ဟုတ်မှာပေါ့ ..."

ပန်းဝတ်မှုံက မျက်မှောင့်ခပ်ကုပ်ကုပ်နှင့် ငြိမ်သက်သွားပေမဲ့ သမီးဖြစ်သူကို အင်မတန်မှကို ချစ်လှစွာသည်ဆိုသော သူ့အဖေကြီးကမူ ထူးဦးတို့ရဲ့ စကားတွေကို လူငယ်တွေရဲ့စိတ်ကူးယဉ်ဟာသကွက်တွေပဲဟုသာ ထင်ပုံနှင့် သိပ်အရေးမထားခေါင်းထဲသိပ်ထည့်ပုံ မရလှဘဲ ... သူ့သမီးကို ...

"သမီး ... ပါပါက သမီးကို စိတ်ပူလို့ မောင်ထူးဦးကို စောင့်ရှောက်ဖို့ အဖော်ထည့်ထားတာနော် ... မောင်ထူးဦးရောက်လာမှ သမီးမှာကြုံနေရတဲ့ အနှောင့်အယှက် ပြဿနာတွေ နည်းတန်သလောက် နည်းသွားတာ ပါပါ အသိပဲ ... သူ့ကျေးဇူးရှိတယ် ... သူကလည်း သမီးကို ဒီလောက်စိတ်ပူပြီး ဂရုစိုက်တာ ... သူပြောတာနားထောင် ... ပြန်လှန်ပြောပြီး ကိုယ်ကချည်း အနိုင်မယူရဘူး ... ကြားလား ... ကဲ ... ကဲ ... မင်းတို့နှစ်ယောက် ဆက်တိုင်ပင်ကြပေါ့ ... ငါကတော့ အလုပ်ရှိသေးတယ် ... ဆက်လုပ် ... ဆက်လုပ် ..."

အင်း ... မပူတာတော့လည်း ဟုတ်မည်မထင် ... ပူတော့လည်း ပူပုံအရသား ... သူ့အပူကို မျှဝေခံစားမည့်သူတစ်ဦးပေါ်လာတာနှင့်ပဲ ... "ရော့ ... အင့်"ဆိုပြီး ဖျတ်ခနဲ လက်လွှဲပြောင်းပေးခဲ့ချင်သည့် သဘောပဲ ထင်ပါရဲ့ ...။ ပန်းဝတ်မှုံကတော့ သူ့အဖေထသွားတာနှင့် မျက်နှာလေးကို မလှလှအောင်မဲ့လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံလား ... စိတ်တွေပူပြီး ဂရုစိုက်တာ ... ဟား ဟား ဟား ..."

ထူးဦးက ဘာမှစကားမပြန် ... သူ့ကို လှတ်ကာက ချစ်မှခင်မှ ကျေနပ်တတ်သော၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ သူစိမ်းယောကျ်ားလေးမှန်သမျှ သူ့ကိုသာ ဝိုင်းကြိုက်နေကြစေချင်ပုံရှိသော ပန်းဝတ်မှုံမှာ ထူးဦးကိုလည်း သူ့ဂိုဏ်းထဲသွင်းပြီး သူ့လက်အောက်က နွားတစ်ကောင်များ ဖြစ်လာဦးမလား ... ဟု ပထမပိုင်းတုန်းက အကဲတော့ စမ်းခဲ့သေးသည်သာ ...။

သို့သော် သူ့ရဲ့ဘော်ဒီဂတ်ဟာ ကျောက်ရုပ်ထက်တောင်မှ ပိုမာနေတော့သည့် အသည်းနှလုံးတစ်စုံနှင့် သူ့ကို စိတ်ယိုင်ကာ ချစ်မြတ်နိုးလာနိုင်ဖို့ဝေးလို့ အမြဲတစေ အမြင်ကတ်မနေမိအောင်ဘဲ မနည်းကြိုးစားနေရတဲ့သူဖြစ်မှန်း သူသေချာသဘောပေါက်သွားပြီးတဲ့ နောက်မှာတော့ ... သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေကို ရုပ်တန်းကရုပ်ကာ ... (ထူးဦးကိုလည်း ဆက်လက်အလိုရှိ ... အသုံးလိုနေသေးတာနှင့်ပဲ) မပြင်းမပျော့ ... အနေတော်လောက် မှန်းဆက်ဆံနေခဲ့ရတာ မဟုတ်လား ...။

ဘယ်လိုပင်ဖြစ်ပစေ ... သူ့အပေါ် စိတ်ယိုင်ကျချစ်မလာခဲ့ခြင်းအတွက်ကိုတော့ အတော်ကသိကအောက်ဖြစ်ပုံနှင့် အမြဲစကားနာထိုး စောင်းမြောင့်နေတတ်သေးတာ ...။

"နေဦး ... ပြောစရာရှိတယ် ... ခုနက ပါပါရှိနေလို့ ... မပြောဘဲထားထားတာ ... ဟိုစာတွေဖုန်းတွေတို့ ... ခုကိစ္စတွေရဲ့တရားခံဟာ လူတစ်ယောက်လား မသိဘူး... စဉ်းစားမိထားတာရှိတယ် ..."



"ဟာ ... လူတစ်ယောက်ဆိုတာကတော့ သေချာတာပေါ့၊ ခွေးတစ်ကောင် ကြောင်တစ်ကောင်ကတော့ ဒါမျိုးတွေ လုပ်နိုင်ပါ့မလား ..."

"တော်စမ်းပါ ... အကောင်းပြောနေတာ ... ဒါပေမဲ့ တွေးသာတွေးမိတာပါ ... ဟုတ်ရဲ့လားလဲ မသိပါဘူး ... သူက ဒါမျိုးတွေ လုပ်မဲ့ပုံတော့ မဟုတ်ဘူး ... သိပ်အေးတာ ... ပျင်းစရာတောင် ကောင်းလောက်အောင် အေးတာ၊ အဲလောက်ကြီးဆိုတော့လည်း ပျင်းတောင်ပျင်းလာလို့လေ ဝတ်မှုံက ဖြတ်ပစ်လိုက်တော့ သူ့ခမျာမှာ မျက်ရည်စက်လက်နဲ့တောင်မှ တောင်းပန် ..."

"တော်တော့ ... ယောကျ်ားတစ်ယောက် မင်းကြောင့် မျက်ရည်ကျရတယ် ဆိုတာကို နောက်ယောကျ်ားတစ်ယောက်ရှေ့မှာ အားရပါးရကြီး ဘယ်တော့မှ ပြောမပြမိစေနဲ့ ... အထူးသဖြင့် ငါ့လိုယောကျ်ားမျိုးရှေ့မှာတော့ ပိုပြီးမပြောနဲ့ ... လုံးဝမပြောနဲ့ ..."

ပန်းဝတ်မှုံက ထူးဦးကို ရူးရူးကြီး လာကြည့်နေပြီးတော့မှ ...

"သူ့နာမည်က ကိုဖိုးချိုတဲ့ ..."

"ဩော် ... Pizza and Cake City က တစ်ယောက်လား ... မင်း ဟိုတစ်ခါပြောဖူးတဲ့လူ ..."

"ဟင် ... မှတ်ဉာဏ်ကလည်း ကောင်းလိုက်တာ ... ပြောကောပြောဖူးလို့လား ... အဲဒီတစ်ယောက်အကြောင်းက

www.burmeseclassic.com

www.burmeseclassic.com



ဘာမှဖြင့် ပြောလောက်စရာမှ မရှိတာ … ပြန်ပြောင်းပြောပြနေဖို့ကတော့ အခေးကြီးပဲ …”

ထူးဦးက သူ့ကို ခပ်တည်တည် စိုက်ကြည့်လိုက်တော့ ပန်းဝတ်မှုံက … “ဟုတ်တာပြောတာပဲ …”ဟု ဂရုမစိုက်သလို ပြောလိုက်ပြီးလျှင် …

“ဘာအကြောင်းနဲ့ ပတ်သက်ပြီး သူ့အကြောင်းကို ပြောဖူးတာလဲ …”

“ကျွတ် … ဟိုတစ်ခါ မင်းကားအရမ်းမောင်းတုန်းက ဆိုင်ကယ်တစ်စီးနဲ့ တိုက်မိမလိုလို ဖြစ်တုန်းကလေ … ငါကထူးပြီး ဉာဏ်ကောင်းနေတာ မဟုတ်ဘူးကွ … မင်းကသာထူးပြီး ဦးနှောက်နည်းနေတာ ထင်တယ် …”

“ဪ … ဪ … သိပြီ … သိပြီ … ဟုတ်သားပဲ … အမယ်လေး … ရိုးရိုးပြောလည်း ရပါတယ် … ဒီလောက်ဒေါပွလာစရာလည်း မလိုပါဘူးနော် … ဟုတ်ပြီ … အဲဒါဆိုပိုလို့တောင်မှ ဖြစ်နိုင်ချေ များလာသေးတယ် … အဲဒီတုန်းကလည်း အဲဒီဆိုင်ကယ်ဟာ တမင်သက်သက်ကြီး လိုက်လုပ်တာ … သေချာတယ် … အဲဒီတုန်းက သူတို့မုန့်ဆိုင်ကို လိုက်သွားပေမဲ့ မတွေ့လို့ မမေးခဲ့ရဘူးလေ …”

“သူလို့ မင်းက ဘာကြောင့် ထင်လာရတာလဲ …”

“ဟီဟိ … ပြောရင် မရယ်ကြေး … ခိ …”

“ကျွတ် … အဲဒီ ခိတွေ ခွပ်တွေကို ခဏထားပြီး ပြောမဲ့ဟာကိုပဲ ပြောစမ်းပါ”



“ညကလေ … အဲဒီ ကိုဖိုးချိုကြီးကို အိပ်မက်မက်တယ်သိလား … အမယ်လေး … အိပ်မက်ထဲမှာလေ ကြိမ်းလိုက်မောင်းလိုက်တာဆိုတာ … စုံနေတာပဲ … အပြင်မှာများ ရဲရဲတောင် မော့ကြည့်ရဲတာ မဟုတ်တဲ့လူကများ … အိပ်မက်ထဲမှာ လာအနိုင်ယူနေတယ် … သူ့ကိုဖြတ်ပစ်တဲ့အတွက် ဘာလုပ်လိုက်မယ် … ညာလုပ်လိုက်မယ် နောင်တကောင်းကောင်းရစေမယ်နဲ့ … တကယ်ပဲ ကြောက်ရတော့မလိုလိုနဲ့ … ပြီးကျမှ အိပ်မက် ဖြစ်နေတယ် … ခွိ …”

“ဟာ … အဲဒါနဲ့ပဲ ဒီကိစ္စတွေဟာ သူ့လက်ချက် ဖြစ်ရတော့မလား … မင်းဟာက ဟုတ်မလိုလိုနဲ့ … ပြီးကျမှ အဖျားက ရှူးသွားတော့တယ် …”

“ဪ … ဖြစ်နိုင်ချေရှိတာကို ပြောတာပေါ့ … နို့မို့ဆို သူ့လိုလူကိုများ သူများက အိပ်မက်ထဲအထိ ထည့်မက်နေစရာ ဘာအကြောင်း ရှိမှာလဲ … သူနဲ့ကြိုက်နေတုန်းကတောင်မှ သူများအိပ်မက်ထဲမှာ ပါခွင့်ရဖို့ စာရင်းမရှိတဲ့သူကများ… ခုလို ပြတ်သွားတာဖြင့် ကြာ့ကြာလှပြီ … ဒီကြားထဲမှာလည်း ထပ်မတွေ့တာ … အိပ်မက် မက်စရာအကြောင်းကို မရှိဘူး … အဲဒါ စဉ်းစားမိတာလေ … သူ့တော်ကောင်းမို့ နတ်ရှီးဆော်သလားလို့ … ခိ ခိ …”

“မဖြစ်နိုင်တာ …”

“ဘာက မဖြစ်နိုင်တာလဲ … အိပ်မက် မက်တယ်ဆိုတာလား … နတ်ရှီးဆော်တယ် ဆိုတာလား … ဒါတွေဟာကိုဖိုးချို လက်ချက်ပဲလား ဆိုတာလား …”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုမှ မဟုတ်ဘူး ... အဲဒါတွေ အားလုံးကမှ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်ဦးမယ် ... မင်းက သူတော်ကောင်းဆိုတာတော့ လုံးဝပဲ ... လုံးဝမဖြစ်နိုင်ဘူး ..."

ဒေါသထွက်နေချိန် မဟုတ်ဘဲ ... ခိ,ခွိ နေချိန် ဖြစ်နေသည့် ပန်းဝတ်မှုံက ထူးဦးရဲ့ စကားကို စိတ်မတိုဘဲ ... "ဟား ဟား"ဟု လှောင်ရယ်သာ ရယ်ပစ်လိုက်ရင်းက သူတို့ညှော်ခန်းရဲ့ စားပွဲတစ်ခုပေါ်က Yangon Directory စာအုပ်ကြီးကို ထယူလိုက်ကာ ...

"ကဲပါ ... လုပ်စမ်းပါ ... ရော့ ... အဲဒီစာအုပ်ထဲမှာ Pizza and Cake City ရဲ့ ဖုန်းနံပါတ်ပါလိမ့်မယ် ... ကြည့်ပြီးတော့ ဆက်ပေးပါ ... မိန်းမသံဆိုရင် ဝတ်မှုံမှန်း ကျိန်းသေသိသွားမှာစိုးလို့ ... ယောကျ်ားသံဆိုတော့ ဘာပဲပြောပြော အဟန့်လည်း ရှိတာပေါ့ ... သူနဲ့တွေ့ရင် ... ခင်ဗျားဘာလို့ ဒါတွေ လုပ်နေရတာလဲလို့ တန်းဗွပ်စွဲပြီး တန်းသာပြောပစ် ... ဟုတ်မဟုတ် တန်းပြီးသိသာလိမ့်မယ် ... အဲဒီလူက ဘာမှ ဟန်ဆောင်ထားလို့ မရတဲ့အထဲက လူမျိုး ... ဟုတ်တဲ့နေရင် တန်းပြီး ပေါ်မှာပဲ ... မဟုတ်တော့လည်း ပြီးရောပေါ့ ..."

"မင်းလို မိန်းကလေးကများ အိပ်မက်တွေ ဘာတွေကို အယုံအကြည် ရှိရတယ်လို့ ..."

"တကယ့်ကို အိပ်မက်ထဲ ထည့်လောက်စရာမဟုတ်တဲ့ လူစားမို့လို့ ထူးဆန်းနေတာပါဆို ... နောက်တစ်ခု ထပ်



ပြောလိုက်ရင် ဒီလက်တောင်မှ သူ ပိုထူးဆန်းသွားလိမ့်ဦးမှာ သိရဲ့လား ..."

"ဘာလဲ ... မင်းရဲ့ အိပ်မက်ထဲမှာ ငါရောပါနေပြန်လို့လား ..."

"ဟား ဟား ဟား ဟား ... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချေလား ဆရာကြီးရဲ့ ... မဟုတ်ပါဘူးရှင် ... ဦးကို ဝတ်မှုံရဲ့ အိပ်မက်ထဲ ထည့်ပေးချင်စိတ် ရှိပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်တာမို့ တောင်းပန်ပါရစေ ... ဘာလို့လဲ ဆိုတော့ ဝတ်မှုံက လုံးဝအိပ်မက်မမက်တတ်တဲ့ လူမျိုး ဖြစ်နေလို့ပါ ... ဘဝမှာ ဒါပါနဲ့ဆိုမှ နှစ်ခါလား သုံးခါလားပဲ အိပ်မက်မက်ဖူးတာရှင်ရဲ့ ... ဝတ်မှုံက ခေါင်းချလိုက်ပြီဆိုတာနဲ့ တုံးခနဲပဲ ... တစ်ရေးနိုးပြီဆိုရင် မိုးလင်းနေပြီပဲ ... ဒါပဲ ... သိရဲ့လား ..."

"အင်းလေ ... ဒီလိုဆိုရင်တော့လည်း မင်းပြောသလို နတ်နှိုးဆော်တာတွေ ဘာတွေ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့၊ နတ်ကောင်းတော့ မဖြစ်နိုင်ဘူး ... မင်းကိုယ်ထဲကနတ်ဆိုရင်တော့ ဒါသေချာတယ် နတ်ဆိုးပဲ ..."

"ဘာပဲဖြစ်ဖြစ် ... ရော့ ... ရော့ ... ခုချိန်လောက်ဆို သူ မနက်ပိုင်း မုန့်ပို့ကာ ပြန်ရောက်နေလောက်ပြီ ... ဆိုင်မှာပဲ ရှိနေလိမ့်မယ် ... ရော့ ... ဆက်ပေး ..."

ထူးဦးက Yangon Directory ထဲက Pizza and Cake City ရဲ့ ဖုန်းနံပါတ်ကိုရှာပြီး လှည့်ကြည့်လိုက်ပါသည်။ ဟ[illegible]သည်

www.burmeseclassic.com

www.burmeseclassic.com



ရှိ ... မဟုတ်သည်ရှိပေါ့လေ ...။ တစ်သက်လုံးမှ အိပ်မက်သုံးခါပဲမက်ဖူးသည့်သူ ဆိုတော့ တော်ကြာ ဟုတ်နေခဲ့ရင် ဘယ်လိုလုပ်မှာလဲ။ မိန်းကလေးတစ်ယောက်ရဲ့ အစွဲအလမ်းကြီး အယူသည်းမှုတွေကိုတော့ ထူးဦးက ပြောင်လှောင်လိုစိတ် မရှိပါ ... ကိုယ့်ဘာသာယုံကြည်တာ မယုံတာက တစ်ပိုင်းပေါ့လေ ...။ အထူးသဖြင့်ကတော့ ခုလောလောဆယ်မှာ ကိုယ်ဘယ်လိုပြောပြော မနာနိုင်ဘဲ ရန်စကားပြန်မဆိုတဲ့အပြင် ... ခိ၊ ခွိ မပျက်သော ကောင်မလေးကို ကိုယ့်ဘက်က ဒီလောက်လေး လုပ်ပေးရတာ ဘာမှ ဝန်လေးစရာမရှိဘူးမဟုတ်လား ...။

ပြီးကျတော့ ကိုယ်ဟာ သူ့ရဲ့ ဘော်ဒီဂတ်တစ်ယောက် အနေနဲ့ဆိုရင် သူ့အပေါ်မှာ အန္တရာယ်ရှိလာနိုင်သော ကိစ္စမျိုးတွေမှာ သူ သံသယရှိနေတဲ့ကိစ္စကို ကိုယ်မှ မဖြေရှင်းပေးရင် ဘယ်သူက ဖြေရှင်းပေးမှာလဲ ...။

"ဟုတ်ကဲ့ ... Pizza and cake City ကပါလားခင်ဗျာ ... ကျွန်တော် ကိုဖိုးချို့ရဲ့ သူငယ်ချင်းပါ ... သူများရှိလားလို့ ရှိရင် စကားပြောပါရစေ ..."

တစ်ဖက်မှ ဖုန်းကိုင်သော မိန်းမ၏အသံမှာ ခဏတိတ်သွားရပြီးမှ ... အသံခပ်တုန်တုန်နှင့် ...

"မသိသေးဘူးလားဟင် ... မောင်ဖိုးချို ဆုံးသွားတာ ... သုံးလေးလလောက် နီးပါးတောင်ရှိနေပြီ ... အစာအိမ်ပေါက်သွားပြီး ဆုံးတာ ... ရုတ်တရက်ကြီးပဲလေ"

ထူးဦးလည်း တစ်မျိုးကြီးပင် ဖြစ်သွားရပါသည်။



"သူ့သူငယ်ချင်း ဘယ်သူလဲ ...ကိစ္စရှိရင် သူ့အိမ်ကလူကို ဘာပြောပေးရမလဲ ..."

ထူးဦးက "ကိစ္စမရှိပါဘူး"ဟုဆိုကာ ဖုန်းကို ချလိုက်ပါသည်။ ပြီးလျှင်တော့ ကိုယ့်နံဘေးနားမှာ စူးစူးစမ်းစမ်း ပုံစံလေးနှင့် ရှိနေသည့် ဝတ်မှုံထံ မျက်ခုံးနှစ်ဖက် ပင့်တင်ပြီး လှည့်အကြည့် ...

"ဘာတဲ့လဲဟင် ... ဘာတဲ့လဲ ..."

"မင်းရဲ့ နတ်ဆိုးက မင်းကို စချင်နောက်ချင်နေတယ်နဲ့တူပါရဲ့ ... သူ့ခမျာ ပျင်းနေရှာတယ် ထင်တယ် ..."

"ဩော် ... ဘာတဲ့လဲဆိုမှ ... ဘာတွေ လျှောက်ပြောနေတာလဲ ..."

"ကိုဖိုးချို ဆိုတဲ့လူက ဆုံးသွားတာ လေးလလောက်ရှိပြီတဲ့ ..."

ပန်းဝတ်မှုံ၏ မျက်နှာ သွေးဆုတ်ဖြူလျော်သွားသည်မှာ ကြောက်ဖို့တောင်ကောင်းသည်။ မိုက်တီမိုက်ကန်း ဂျစ်ကန်ကန်နှင့် ကောင်လေးမျိုးတွေ အုပ်လိုက်ကြီး မျက်နှာချင်းဆိုင်လာရန်ရှာတာကိုပင် ကြောက်ရလန့်ရကောင်းမှန်းမသိ ... မထိမဲ့မြင် ပုံစံမျိုးနှင့်ပဲ ရှိခဲ့သော ပန်းဝတ်မှုံသည် မက်ခဲ့လှသော သူ့အိပ်မက်ထဲ ရောက်လာသည့်သူက ဆုံးရှာပြီဆိုတာကိုတော့ ဘယ်လိုမှ မခံစားနိုင်လောက်အောင် အကြောက်ကြီး ကြောက်သွားခဲ့ပုံနှင့် ...

"အား ... ကြောက်တယ် ... ကြောက်တယ် ... ကိုဖိုးချိုကြီးက သူ့မှာ ဘာအပြစ်များရှိလို့လဲ ... လို့ ငိုပြီးပြော

www.burmeseclassic.com

www.burmeseclassic.com



ထားတာ ... သူ မသေခင်မှာ စေးသွားမှတ်သွားသေးလား မသိဘူး ... ကြောက်စရာကြီး ...”

“ဟာ ... မင်းကလည်းကွာ ... မဖြစ်နိုင်တာ ...”

“ဖြစ်ရင် ဖြစ်မှာပေါ့ ... သူဆုံးတာ ဘယ်လောက်ကြာပြီ”

“လေးလလောက်တဲ့ ...

“ဟာ ... ကွက်တိပဲ ... သူ့ကို ဖြတ်ပစ်လိုက်တာလည်း လေးလကျော် ငါးလနီးပါးလောက်ပဲ ရှိဦးမယ်ထင်တယ်၊ အား ... သေချာတယ် ... မှတ်သွားမှာပဲ ... ကြောက် ... ကြောက်တယ် ...”

ပန်းဝတ်မှုံရဲ့ ပုံစံဟာ ခါတိုင်းလို သူ့ကိုမချစ် ချစ်အောင် ... စိတ်ဝင်တစား မဖြစ်ဖြစ်အောင် ချစ်စရာကောင်းလောက်သည့် ပုံစံမျိုးလေးနှင့် ဟန်ပြကြောက်ပြနေသည့် ပုံစံမျိုး မဟုတ်။ တကယ့်ကိုပင် ရှူးရှူးဝါးဝါး ပြင်းပြင်းထန်ထန်ကိုပဲ ကြောက်နေခဲ့တော့တာပါ ...။

“ဒါများ ဘာကြောက်စရာရှိလဲကွာ ... ဟိုတစ်ခါ ရဲနိုင်ဆိုတဲ့ကောင် မင်းကို လာရန်ရှာတုန်းကကော မင်းကြောက်ခဲ့လို့လား ...”

“အဲဒါက ဘာဆိုင်လဲ ... အဲဒါက ရဲနိုင် ... ပြီးတော့မသေသေးဘူး ... အရှင်ကြီး”

ထူးဦးက ရယ်ချင်လာမိပေမဲ့ မရယ်ဖြစ်လိုက်ပါ။ ကောင်မလေးမှာတော့ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် ...။ “နောက်တစ်ခါအိပ်မက်ထပ်မက်ရင် ဘယ်လိုလုပ်မလဲ ...”ဟု ကြံဖန်တွေးပူကြောက်ရွံ့နေရှာတော့သည်။



“မဖြစ်နိုင်ပါဘူးကွာ ... မင်းက အိပ်မက်မက်ခဲ့တဲ့သူပဲ”

ထူးဦး၏ စကားမှာ အရာမထင်လိုက်ပါ ...။ စာနှင့်ဖုန်းတွေကို ကြောက်ပါသည် ဆိုတုန်းကလည်း မမြင်ရတဲ့ဟာတွေမို့ ကြောက်တယ်လို့သာ ပြောခဲ့တာ ဒီလောက်ကြီးမဟုတ် ...။ ပန်းစည်းတွေ လက်ဆောင်ထုပ်တွေထဲ တိရစ္ဆာန်အသေတွေ၊ အရှင်တွေ၊ အရုပ်တွေ ပါလာပြန်တုန်းကလည်း မြင်လိုက်ရတဲ့အချိန်မှာလန့်အော်တာကသာ အဆိုးဝါးဆုံးလောက်ဖြစ်လျက် ... နောက်ကျတော့ ဘယ်သူ့လက်ချက်လဲ ... ဆိုတာကို သိချင်စိတ်ကသာကြောက်စိတ်ထက် ပိုများနေခဲ့တာ ...။

ခုအိပ်မက်ကိစ္စကျတော့ တစ်မျိုးဖြစ်သွားခဲ့ပြီ ...။

အိပ်မက်မက်ခဲ့သော သူ့အိပ်မက်ထဲကလူက သေသွားခဲ့ပြီးပြီဆိုသော ကိစ္စဟာ ပန်းဝတ်မှုံ အတွက် အတော်ကြီးထိထိခိုက်ခိုက်နှင့် စိတ်တထင့်ထင့် ဖြစ်သွားခဲ့ဟန် တူလေသည်။ စိတ်ကစွဲနေတော့ ကိုယ့်ရဲ့အတွေးထဲမှ ထိုလူက ထွက်ကိုမထွက်တော့ဘဲ ရှိနေမှာပေါ့ ...။

နောက်ည, နောက်ည, နောက်ညတွေမှာလည်း အမြဲလိုလိုပင် ထိုလူတစ်ယောက်တည်းကိုပဲ ဆက်တိုက်ဆိုသလို ညစဉ်ညတိုင်း အိပ်မက်မက်လို့သာ နေတော့သည်တဲ့ ...။ အိပ်မက်ထဲမှာလည်း ထိုသူက အမြဲကြိမ်းမောင်းနေခဲ့တော့တာမို့ ပန်းဝတ်မှုံခမျာ ... ကြောက်လန့်တကြား မအိပ်နိုင် မစားနိုင်နှင့် ပိန်လိုတောင်သွားသည်။

✿ ၉ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ထူးဦးက Pizza and Cake City ဆိုင်ကလေးကို အပြင်ကနေ ကားတစ်စီးနှင့် လာရပ်ပြီး အကဲခတ်နေမိပါသည်။ ထူးဦးရဲ့စိတ်ထဲမှာ ဒီဆိုင်ကလေးကို သင်ကိုမသက်ာလှတော့ပေ။

အစကတော့ ပန်းဝတ်မှုံကို နှောင့်ယှက်နေသည့် မမြင်ရသောသူဟာ အိပ်မက်ထဲကလူ ... သို့မဟုတ် အိပ်မက်ထဲက လူနှင့် ဆက်စပ်နေသောသူပါ ဆိုတာကို ထူးဦးက အစွဲအလမ်း အယူသည်းမှုတစ်ခုအဖြစ် ခေါင်းထဲကို မထည့်ဘဲ မဖြစ်နိုင်ဟုသာ နေခဲ့တာပေါ့ ...။ ဒါပေမဲ့ နောက်ကျတော့ စဉ်းစားစရာကိစ္စက အများကြီး ရှိလာသည်။ မမြင်ရသော ... နှောင့်ယှက်မှုများဟာ အဲဒီ ပီဇာပို့သမားနှင့် အဆက်အစပ်တွေ ရှိရှိလို့လာသည်။

"ဖုန်းမကိုင်ပါနှင့်"ဟု ဘယ်လိုပြောပြော မရသော ပန်းဝတ်မှုံထံမှ တစ်နေ့က ထူးဦးက ဖုန်းကိုလုယူပြီး နားထောင်



ကြည့်လိုက်မိသည် ...။ ပန်းဝတ်မှုံမှာ ပြီးရင်တော့ သူ့အပြင် သူရဲကြောက်တတ်လိုက်တာကလည်း နှစ်ယောက်မရှိ... ပြောစကား ကတော့ ဘယ်တော့မှ နားမထောင်ချေ ...။ အဲဒီနေ့ကသာ ထူးဦး ကြားလိုက်ရသော ဖုန်းထဲက အသံကြီးကို သူကြားလိုက်ရရင် တစ်ချက်တည်း လန့်အော်ပြီး အသက်တောင် ထွက်သွားတော့ လား မသိ ...။

"ပီးဇာ ... ဟား ... ဟား ... ဟား ..."ဟူသော အသံကြီးမှာ ပါးစပ်ထဲကို တစ်ခုခုထည့်ပြီး ပြောလိုက်သည့်အသံ န်း သိသာနေသော်လည်း ဗလုံးဗထွေးကြီးနှင့် ယောက်ျားသံလား၊ မိန်းမသံလားပင် မကွဲတော့ကာ ... ဘယ်လိုမှ ကြောက်စိတ်မရှိ သည့် ထူးဦးပင် ထိုအသံကြီးကြောင့် တစ်မျိုးကြီး ဖြစ်သွားခဲ့ရ သေးသည်။ နောက်တစ်ခါကကျတော့ ... ထူးဦးနှင့် ပန်းဝတ်မှုံတို့ အပြင်သွားကြစဉ်မှာ "ဘယ်သူလာပို့သွားမှန်းမသိ"ဟု အိမ်ကလူ များက အတိအကျ မပြောနိုင်ကြသော Pizza and Cake City က zza မုန့်ပုံးအပြားကြီးထဲမှာ ... လွှင့်ပစ်ရမည့် ပီဇာမုန့်အကျိုး ကျေ အပိုင်းအစများ၊ စားလက်စ တစ်ဝက်တန်းလန်းများ ... ချဉ်ရေနှင့် ပေလူးနေသည်များ ... ဗောသားလိုးချထားသည့် များ ... ဖြတ်စဖြင်းတောင်း ပီဇာမုန့်တို့ရဲ့ခလယ်မှာ ခပ်တည် ည်ပါလာသည့် အရာကတော့ အသွားချွန်ထက်သည့် စတီးဓား းတစ်ချောင်းပါ ...။

ပန်းဝတ်မှုန်ကတော့ မဖြစ်နိုင်သည့် သရဲကိုပဲ တတွင် င် စွပ်စွဲကာ ပြောလို့ငိုလို့ မဆုံးပြီ ...။ ထူးဦးကတော့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အဲဒီဆိုင်က တစ်ယောက်ယောက်ကို မသင်္ကာတာ။ ဒီလောက် အကျိုးအကျေ အပိုင်းအစ ... စားလက်စတွေပါပါနေသည့် ပီဇာမုန့်များဟာ ... ဒီဆိုင်ရဲ့ အမှိုက်ပုံးထဲမှ မဟုတ်လျှင် ဘယ်နေရာကမှ မဖြစ်နိုင် ...။ ဒီဆိုင်ရဲ့ အမှိုက်ပုံးထဲအထိ ဝင်ရောက်ပတ်သက်နေနိုင်သူဟာ ဒီဆိုင်က ပိုင်ရှင် ... သို့မဟုတ် ... အလုပ်သမား တစ်ယောက်ယောက် မဟုတ်လို့ ဘယ်သူများ ဖြစ်နိုင်တော့ဦးမှာတဲ့လဲ ...။

ပြီးကျတော့ ပန်းဝတ်မှုံတော့ သိမသိ မသိ ... ထူးဦးရဲ့ စိတ်ထဲမှာတော့ ကိုယ်တို့မို့ အပြင်ထွက်လိုက်ရင် ... အပေါ်ညို အောက်ညို ယူနီဖောင်းဝတ် ... ပီဇာမုန့်ပုံးပေါ်မှာ အလံငယ်ထောင်ထားသော ပီဇာဆိုင်ကယ်လေးများဟာ ဟိုနေရာမှာ လှစ်ခနဲ ... ဒီနေရာမှာ လှစ်ခနဲ ...။ လှစ်ခနဲ ... လှစ်ခနဲနှင့် အမြဲမပြတ်လေးတွေ ... တွေ့၊ တွေ့နေရသလိုပင် ...။ ဟိုတစ်ခါကလို အမှိုက်ပုံထဲ ဝင်တိုးမိလောက်သည်အထိတော့ လာရောက်ပတ်သက်တာမျိုး မရှိတော့ဘူးပေါ့လေ ...။

ပထမတော့ ထူးဦးဟာ "ကိုဖိုးချို ဆိုသည့်သူ ဆုံးပြီ"ဆိုတာ ဟုတ်မှဟုတ်ရဲ့လားလို့ ...။ သို့သော် ... မဟုတ်ဘဲနှင့်တော့ လူတစ်ယောက်လုံးကြီးကို ဆုံးပြီဆိုပြီး ညာထားလို့ ဘယ်လိုမှ မရနိုင်လောက်တာကို သဘောပေါက်လိုက်မိသောအခါမှာ ဒါတွေကို လိုက်လုပ်နေသည့်သူဟာ ကိုဖိုးချိုဘက်က နာပြီး ပန်းဝတ်မှုံကို မုန်းတီးနေသည့်သူ တစ်ယောက်ယောက်ပဲ ဖြစ်ရမည်ဟု တွက်လိုက်မိပါသည်။



ဖန်းဝတ်မှုံတို့ရဲ့ အလေးအနက် ရှိလိုက်ပုံကလည်း တစ်နှစ်လောက် သမီးရည်းစားဖြစ်လိုက်ကြသူတစ်ယောက် ဘယ်မှာနေတယ် ... ဘယ်မှာထိုင်တယ် ... မိဘဆွေမျိုး အသိုင်းအဝိုင်းတွေကဖြင့် ဘယ်သူဘယ်ဝါ ... အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေက ဘယ်သူ ဘယ်ဝါ ... ဘာဘာညာညာ ဆိုတာကို လုံးဝမသိ ... တစ်စက်တလေလေးလောက်မှ မသိပါတဲ့ ...။

"ဒါဖြင့် မင်းသိတာ ဘာရှိလဲ"ဆိုတော့ ..."ကိုဖိုးချို Pizza and Cake City ..."ပဲတဲ့ ...။ ဒါပဲပြီးပြီ ...။ ဒီလိုဆိုတော့ ဒီလူ့ခမျာ ... ချစ်သက်တမ်း ကြာလာပြီးမှ ပျင်းလို့တို့ ... အပြစ်တွေ့လို့တို့ စသဖြင့် ဘာအကြောင်းမှ ရှိရှာတာ မဟုတ်ဘဲ ... စကြိုက်ခဲ့ကတည်းကိုက အလေးအနက်ထား မခံရသည့်သူဆိုတာ သေချာကြီးပင် ဖြစ်နေရှာပါတော့သည်။

ဒီတော့ ထူးဦး ခမျာ အစတစ်စကို တွေ့ပါရက် အဆုံးဆက်လိုက်လို့ မရတော့ဘဲ အစက အဲဒီနေရာမှာတင် အစပြတ်ကြီး ဖြစ်နေတော့တဲ့ အဖြစ်နှင့်ပဲ ရင်ဆိုင်လိုက်ရတော့သည်။ ဆိုင်ထဲကိုဝင်ပြီး စုံစမ်းတာမျိုးလည်း မလုပ်ချင်ပါ ...။ ဒီအချိန်မှာ ဒါတွေကို လုပ်နေခဲ့တဲ့သူဟာ ပန်းဝတ်မှုံရဲ့ဘေးမှာ အမြဲတမ်းတကပ်ကပ်ပါနေခဲ့ရသော ထူးဦးကိုလည်း မြင်တွေ့သိရှိထားပြီးသားပဲ ဖြစ်မှာမို့ ... ခုမှ ကိုယ်က သွားထစုံစမ်းနေရင်လည်း ... ဘာမှ မသိရတဲ့အပြင် ရထားတဲ့ အစတစ်စတောင် ထပ်ပျောက်သွားမှာမျိုးကို ထူးဦးက မလိုလားပါ ...။

www.burmeseclassic.com

www.burmeseclassic.com



သူက ပုန်းကွယ်နေတဲ့လူ ...။ ကိုယ်ကအလင်းထဲမှာ ထင်းထင်းလင်းလင်းကြီး ဖြစ်နေတဲ့လူလေ ... ကိုယ်ကသူ့ကို မြင်နိုင်သိနိုင်တာမဟုတ် ... သူကချည်း ကိုယ့်ကို ကြိုမြင်နေပြီး တစ်ကွက်ကျော နေနိုင်တာ ...။ သို့သော် သိပ်ကြီးတော့ ဉာဏ်ရည်ထက်မြက်လှပုံမရ ...။ ဆိုင်ရဲ့ အမှိုက်ပုံးထဲမှသာ ရနိုင်လောက်သည့် အကျိုးအကျေ အပဲ့အရွဲ့များနှင့် အချဉ်ရေပေပေ စားလက်စများဟာ ... ဘာတစ်ခုမှ မစဉ်းစားတော့ဘဲ ဖွတ်ကြောက်ဖို့တစ်ခုတည်းသာ အာသီသရှိနေတော့သည့် ပန်းဝတ်မှုံလို လူမျိုးကိုသာ ကောင်းကောင်းကြီး ခြောက်လှန့်ကောင်း ခြောက်လှန့်နိုင်မည် ဖြစ်ပေမပေါ့ ...။

ထူးဦးလို ဘောလူတစ်ယောက်ယောက် အဖို့ကတော့ "ဘယ်သူ့လက်ချက် ဖြစ်နိုင်တယ်" ဆိုတာကို မှန်မှန်ကန်ကန် တွေးမိသွားစေနိုင်သည့် သဲလွန်စတွေ ဖြစ်မှန်းမသိ ဖြစ်နေတော့ တာကို အဲဒီတစ်ယောက်ဟာ တွက်မိလိုက်ပုံ မရပေ ...။

ဘာဖြစ်ဖြစ် ထူးဦးကတော့ ညနေဘက် ... ပန်းဝတ်မှုံတို့ဆီက အိမ်အပြန်တွေမှာ ဆိုင်ထဲမဝင်ဖြစ်ဘဲ ... ဆိုင်အပြင်မှာပဲ လာ,လာအကဲခတ်နေခဲ့တာ ဒီနေ့ပါနဲ့ဆို နှစ်ရက်ရှိခဲ့ပါပြီ ...။ ဒီဆိုင်လေးဟာ ရိုးရိုးမုန့်ချည်း ထုတ်လုပ်ရောင်းချသည့်ဆိုင်အဖြစ်သာမကဘဲ ... ဆိုင်မှာထိုင်စားဖို့ပါ ကော်ဖီနှင့်တွဲဖက်ပြီး ရောင်းချသည့် လူဝင်လူထွက်များပြားသော စားသောက်ဆိုင်လေးတစ်ခုမို့ လာ,လာသာကြည့်နေရသည် ... ဘာမှသိပ်ကြီး အကဲမခတ်နိုင်မှာကိုလည်း ထူးဦးက တွက်ဆသိရှိထားပြီးသား ဖြစ်ပါသည်။



"ဟော ..."

ကြည့်နေဆဲပင် ဆိုင်တံခါးလေးက ချပ်ခနဲ ပွင့်ဟလာကာ အထဲမှ ထွက်လာသော လူတစ်ယောက်ကို အမြင်မှာ ထူးဦးက နှုတ်ဖျားမှ "ဟော"ခနဲ ထွက်သွားမိတာနဲ့ တစ်ပြိုင်နက် လူကလည်း ကားပေါ်မှ ကားအောက်သို့ ဆင်းလိုက်မိရက်သား ဖြစ်သွားခဲ့ရပါသည်။

ကျောပိုးအိတ်ကလေးတစ်လုံးကို လွယ်ရင်း ဆိုင်ထဲမှ ထွက်လာသူက ... "Book Cafe"ကော်ဖီဆိုင်မှာ ထူးဦးနှင့်ဆုံခဲ့သည့် ဒေါင်းဖြူ ဆိုသော ကောင်မလေး ဖြစ်လို့နေသည်လေ ...။

"ဒေါင်းဖြူ"

ခပ်အုပ်အုပ် ခေါ်သံတစ်ခုကြောင့် ဆတ်ခနဲ ဖြစ်သွားကာ အသံလာရာဘက်သို့ ခေါင်းလည်ကြည့်လိုက်မိသော ဒေါင်းဖြူသည် ထူးဦးကို တွေ့လိုက်ရသောအခါမှာတော့ မျက်လုံးလေးဝိုင်းကာ တစ်မျိုးလေး ဖြစ်သွားရပါသည်။

"ဒေါင်းဖြူ ... ဒီမှာ ဘာလာလုပ်တာလဲ ..."

ဒေါင်းက လွယ်ထားသည့် ကျောပိုးအိတ်ကိုကျောမှ ဖြုတ်ကာ လက်နှင့်ကိုင်ဆွဲထားလိုက်ရင်း ... ထူးဦးကို အကဲခတ်ကာ စိုက်ကြည့်လိုက်သည်။ တော်ပါသေးရဲ့ ... တော်ပါသေးရဲ့။ ဒီနေ့အဖို့ ဒီကအပြန် ဝင်စရာတစ်နေရာ ဆက်ရှိနေသည်မို့ ဖယ်ရီနှင့်လည်း ပြန်မလိုက် ... အဝတ်အစားပိုလည်း ထည့်ယူလာမိသည့်နေ့ ကျကာမှ ဒီလူနှင့် လာတိုးနေရသည်။ ဘုရားမ, လို့ ...။ အကယ်၍သာ ဒေါင်းဟာ ယူနီဖောင်းဝတ်စုံကြီးနှင့် ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှ ထွက်လာမိရင် ဒီလူဟာ တစ်ခုခုကို အဆက်အစပ်နှင့် သိရှိမသွားနိုင်ဘူးဟု ဘယ်လိုမှ ပြောလို့မရ …။

ပန်းဝတ်မှုံကို ဒေါင်းက နှောင့်ယှက်နေခြင်း၊ ခြောက်လှန့်နေခြင်းတွေကို ဒီလူသိသလား … မသိဘူးလား … ဒေါင်းမသိ …။ သိဖို့များသည်ဟုတော့ ထင်သည်။ ခုလည်းပဲ ဒီလူဟာ ဘယ်ကိုလာတာလဲမသိ …။ ဒီနားတစ်ဝိုက်ကတော့ စားသောက်ဆိုင်၊ စတိုးဆိုင်တွေများတော့ ဒေါင်းတို့ရဲ့ဆိုင်ကိုမှ လာတာပါဟု အတပ်ပြောလို့တော့ မရပေ …။ ဒါပေမဲ့ ဆိုင်ကိုလာတာပဲ ဖြစ်နေရင်ကော … အဲဒါ ဆိုရင်တော့ ဆိုင်ထဲကို မဝင်ဘဲ ဘာ့ကြောင့် အပြင်မှာတင် ကားရပ်ထားပြီး ကားထဲမှာပဲ ထိုင်နေခဲ့သလဲ …။

ဘာပဲဖြစ်ဖြစ် သတိတော့ ထားမှဆိုတာကို ဒေါင်းက တွက်ဆမိပါသည်။

"ဒီမှာ ဘာလာလုပ်တာလဲဆိုတော့ ကျွန်မက ဒီဆိုင်မှာ လာမစားနိုင်ဘဲ … လာပဲတောင်းနိုင်တဲ့ အဆင့်မျိုးလို့ ရှင်ကထင်နေတာလား ကိုထူးဦးရဲ့ …"

"ဟာ … စကားအဖြစ်မေးကြည့်တာပါ …"

"ရှင့်စကားအဖြစ်ကြီးကလည်း လူကို နှိမ်လိုက်တာ …"

ဒေါင်းက ရုတ်တရက် တမင်ပင် …

"ရှင်က လက်စားချေတဲ့အနေနဲ့ ကျွန်မနောက်ကလိုက်နေပြီး ကျွန်မထိုင်တဲ့ စားပွဲကို လိုက်ထိုင်မလို့တော့ မဟုတ်ပါဘူးနော် …"



ထူးဦးက တဟားဟား အော်ရယ်လိုက်ပါသည်။ ပြီးမှ …

"ရပါတယ် … ကိုယ့်ကိုယ်ကိုယ် အထင်ကြီးချင်လည်းကြီးပါ … ကျွန်တော်က စိတ်မဆိုးတတ်ပါဘူး …"

"ဟင်း … ရှင့်စကားပြောပုံဆိုပုံတွေကတော့ ကျွန်မကို အမြဲဆွနေသလိုပဲ … အမြဲစိတ်ဆိုးချင်စရာ ဖြစ်နေတယ်ရှင့် … ကဲလေ … ထားပါ … ဒါနဲ့ … မပါပြန်ဘူးလား"

"ဟား ဟား ဟား … ကျွန်တော်နဲ့ ပန်းဝတ်မှုံနဲ့ အမြဲအတူတူပဲ ရှိနေရမယ်လို့ ခင်ဗျားကို ဘယ်သူက ပြောလို့လဲ"

"မသိနိုင်ဘူးလေ … နေ့နေ့ညည တတွဲတွဲပဲကိုး …"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ …"

"ဒီလိုပဲ မြင်ဖူးနေတဲ့ဟာကို …"

"သုံးခါလောက်တွဲပြီး မြင်ရုံနဲ့တော့ ကိုယ့်ဘာသာကောက်ချက်တွေချ … ကိုယ့်ဘာသာပဲ အတည်ပြု … ကိုယ့်ဘာသာပဲ ယုံကြည်နေတာမျိုးတွေ မဖြစ်မိစေနဲ့ပေါ့"

"သုံးခါမကပါဘူး … အမြဲတစေပါပဲ …"ဟု ဒေါင်းက စောဒက ပြန်မတက်တော့ပါ …။ အမြဲအကြောင်းတိုက်ဆိုင်နေစရာမရှိသော လူနှစ်ယောက်ဟာ သုံးခါထက်မက … ဂဒီး … ဂဒီးနေအောင် တွေ့ဖူးပါသည်ဆိုရင် … "ဒါဘာလို့လဲ"ဟု သံသယပွားလောက်စရာ ဖြစ်လာလိမ့်တော့မည်။

"နေဦး … အဲဒီကိစ္စ ပြောစရာရှိတယ် … ဒီနေ့ ဒီမှာတစ်ခါတည်းရှင်းမယ် …"

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းမှာ ထိတ်ခနဲပင် ဖြစ်သွားမိသည်။

“အဲဒီပန်းခတ်မှုနဲ့ ကျွန်တော့်ကို အမြဲ တပွေးပွေး တတွဲတွဲ မြင်နေတိုင်း အတွဲလို့ ထင်နေမယ်ဆိုရင် ခင်ဗျားမှားတယ် နော် … နေ့နေ့ညည တတွဲတွဲပဲဆိုလည်း မှားတာပဲ … နေ့နေ့ပဲတွဲတယ် … ညညမပါဘူး … အမြဲတပွေးပွေး တတွဲတွဲ ဆိုတာပဲ ဟုတ်တယ် … အတွဲဆိုတာတော့ မဟုတ်ဘူး…”

“ဆန်းတပြားပြား …”

“မရိုနဲ့လေ … ကျွန်တော်က သူ့အလုပ်သမား …”

“ရှင် …”

ထူးဦးမှာ ကြိုတင်ရည်ရွယ်ထားခြင်း မရှိပါဘဲနှင့် ဘာကြောင့်ရယ်မသိ … ဒေါင်းဖြူကို အမှန်အတိုင်း ဖွင့်ပြောချင်လာမိသည်။ ဒီအလုပ်ကို စဝင်ပြီး … ဒီကောင်မလေးနှင့် ဒီလို အမြဲပူးတွဲနေလျှင် လူတကာ အထင်မှားကြမည်ဆိုတာကို ထူးဦးက လက်ခံနိုင်ခဲ့ပြီးသားပဲ … ခုကျကာမှ … တခြားလူတစ်ရာ အထင်မှားချင် မှားကြပါစေ …။ ဒေါင်းဖြူကိုကျမှ အထင်မှန် အမြင်မှန် ဖြစ်စေချင်နေမိတာက ဘာ့ကြောင့်ရယ်မသိ …။ ကဲ … ဘာ့ကြောင့်ပဲဖြစ်ဖြစ် အမှန်အတိုင်း သိထားစေရင်လည်း ရတာပဲ ဟာ… ဘယ်သူမှ အကျိုးယုတ်စရာမရှိ…။ ဖြစ်ချင်းဖြစ် … ထူးဦး အတွက် အကျိုးရှိစရာပဲ ဖြစ်နိုင်မည် … ဟားဟား …။

“သူ့ဘော်ဒီဂတ် … သူ့သက်တော်စောင့်လေ …”

“အမယ် …”

“ဟုတ်တယ် … အဲဒါ အစစ်အမှန်ပဲ …”



“ကြီးကျယ်လိုက်တာ … သူက ဘာမို့လို့ သက်တော်စောင့် ဘော်ဒီဂတ် ငှားထားရတာလဲ …”

“ဘာမှမဟုတ်ဘူး … ဒါပေမဲ့ ကာလအတိုင်းအတာတစ်ခုခု … တစ်ချိန်ချိန်အထိတော့ အဲဒီလို ငှားထားဖို့ဆိုတာ လိုကိုလိုတယ် … လိုလို့လည်း သူ့အဖေကြီးက စီစဉ်ပေးထားတာပေါ့ …”

ဒေါင်းက ခပ်မဲ့မဲ့လေးနှင့် … “သိပ်ကိုရန်များနေတဲ့ သဘောပေါ့ …”ဟု ဆိုလိုက်လျှင် ထူးဦးက “အဲဒီသဘောပါပဲ”ဟု ပြန်ဖြေလိုက်လေသည်။ ဒေါင်းမှာ ထူးဦးကို စိုက်စိုက်ကြီးပင် ကြည့်နေတော့ကာ …

“ဒါဖြင့် သူ့မှာကျရောက်လာမဲ့ အန္တရာယ်တို့ အနှောင့်အယှက်တို့ မုန်းသမျှကို ရှင်းထုတ်ပစ်ဖို့က ရှင့်တာဝန်ပေါ့ နော် …”

“ဒါပေါ့ … ရှင်းလည်းရှင်းနေရတာပဲလေ …”

“ဘယ်နည်းတွေနဲ့ ရှင်းသလဲဟင် …”

“လက်သီးလာရင်လည်း လက်သီးချင်းပေါ့ … တုတ်ဆိုရင်လည်း တုတ်ချင်းပေါ့ … ချောင်ကွယ် … လူကွယ်ရာတွေက စောင့်ပြီး ပုန်းချောင်းနေမယ်ဆိုရင်လည်း မျက်စိရှင်ရှင်သတိကြီးကြီးနဲ့ ထားရတာပေါ့ … သိပ်ဆိုးဝါးလာနိုင်တဲ့ကောင်တွေကျတော့လည်း …”

“ဘာလုပ်သလဲဟင် …”

“သူ့လူကြီးမိဘတွေကို အသိသွားပေးသင့်မေး … ရဲတိုင်သင့်တိုင်ရတာပေါ့ …”

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ ရဲတိုင်သည့် အဆင့်အထိတော့လည်း တစ်ခါမှ မရောက်ဘူးသေးပါ ...။ မျက်လုံးဝိုင်းကလေးနှင့် အတော်ကြီးကို သိချင်စပ်စုချင်နေပုံရသည့် ဒေါင်းဖြူ၏ ပုံစံလေးကြောင့် ထူးဦးက တမင်ပင် ကိုယ့်အလုပ်ကို အရေးပါပါလေးဖြစ်အောင် အပိုဆာဒါးတွေ စွက်လိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ... "ရဲတိုင်တယ်"ဟု (သူနှင့်လည်း ဘာမှမသက်ဆိုင် မပတ်သက်ဘဲ)တုန်လှုပ်သံကလေးနှင့် ဆိုလိုက်သော အခါတွင်မတော့ ထူးဦးကတောင် တစ်ဖန်ပြန်ပြီး သူ့ကို အတော်ကြီး စိတ်ဝင်စားသွားရပါသည်။

ဒီနောက်တွင်တော့ ဒေါင်းဖြူသည် ငြိမ်သက်သက်ငိုင်တွေတွေကလေးနှင့် တစ်စုံတစ်ရာကို စိတ်အနှောင့်အယှက်ဝင်သွားပုံနှင့်ရှိကာ ... ထူးဦးတစ်ယောက်လုံး သူ့ရှေ့မှာရှိနေသေးသည် ဆိုတာကိုတောင်မှ သူ့အသိစိတ်ထဲမှာ ရှိပါသေးရဲ့လား မသိ ... စိတ်တွေက လွင့်ချင်တိုင်း လျှောက်လွင့်နေပုံလည်း ရသည်။

"ဟေး ... ဘာဖြစ်သွားတာလဲ ..."

"အင်း ... ဘာမှ မဖြစ်ပါဘူး ... နေဦး ... ဒေါင်းကိုရှင်က မေးသလို ကျွန်မကလည်း ရှင့်ကို ပြန်မေးရဦးမယ် ... ရှင်ကောဒီနားမှာ ဘာလာလုပ်နေတာလဲ ..."

"ကျွန်တော်လား ... အင်း ... ကျွန်တော်က ..."

ဘာမှန်းမသိသေးသည့် ကောင်မလေးကို အားလုံးတစ်ခုမကျန် မခြွင်းမချန်ကြီး ပြောပြသင့်သေးရဲ့လား ... ဟုတွေးလိုက်မိသဖြင့် ထူးဦးရဲ့ စကားသံက လျှောလျှောလျူလျူ မဖြစ်တော့ဘဲ အနည်းငယ် ထစ်သွားရတော့သည်။ ဒါကိုပဲ ဒေါင်းက မျက်လုံးကြီး ပိုပြူးလာတော့ပြီး ...



"ခုကရော ရှင်အလုပ်လုပ်နေတာပဲလား ... အလုပ်ချိန်အတွင်းမှာလား ..."

"မဟုတ်ပါဘူး ... ခုလောလောဆယ် ဒီဆိုင်က Cheese Cake နာမည်ကြီးလို့ ... စားရင်ကောင်းမလားလို့ ..."

"ဒါဆို ဘာလို့ ဝင်မစားဘဲ ကားထဲမှာပဲ ထိုင်နေတာလဲ"

"ဟား ဟား ဟား ... ခင်ဗျားက စုံထောက်လား ..."

"ရှင်ကရော ... ဒီဆိုင်ကို လာစုံစမ်းထောက်လှမ်းနေတာလား ..."

ပြောပြီးမှ မှားသွားပြီ ဆိုတာကို ဒေါင်းဖြူက သိရှိလိုက်ပါသည်။ လွန်သွားပြီ ... မတတ်နိုင်တော့ ...။ ထူးဦးကတော့ ဒေါင်းဖြူကို မျက်ခုံးနှစ်ဖက် ပင့်တင်ကာ ကြည့်နေလေတော့ပြီ။

"ဒီနားမှာ ထိုင်နေရုံနဲ့တော့ ဒီဆိုင်ကိုပဲ စုံစမ်းထောက်လှမ်းနေရမယ်ဆိုတာကြီးက မဟုတ်သေးပါဘူး ... နော် ... ဒေါင်းဖြူ ..."

"မသိဘူးရှင် ... ရှင့်ဟာက ရှုပ်နေတာပဲ ... ကဲ ... သွားမယ် ... ရှင်နဲ့ စကားပြောရတာ ခေါင်းရှုပ်လိုက်တာ ..."

ဒေါင်းဖြူ ထွက်သွားသောအခါ ထူးဦးက ဆုံးဖြတ်ချက်ကို ရုတ်တရက် ပြောင်း၍ ဆိုင်အတွင်းသို့ ဝင်ချသွားလိုက်သည်။ ဆိုင်ကလေးမှာ ညကြီးမိုးချုပ် ... ထမင်းစားချိန်ကြီးမျိုးမှာတောင်မှ ကော်ဖီနှင့်မုန့် လာစားကြသူများနှင့် အံ့သြစရာကောင်းလောက်အောင် ရှုပ်ယှက်ခတ် စည်ကားဆူညံလျက် ရှိပေသည်။ ထူးဦးက ကောင်တာရှိရာသို့ အရောက်သွားလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ကိုဖိုးချို့ရဲ့ သူငယ်ချင်းပါခင်ဗျာ ... အဲဒါ ဟိုတစ်နေ့ကမှ ဒီကပြောလိုက်လို့ ကိုဖိုးချို ဆုံးသွားပြီဆိုတာကို သိလိုက်ရပါတယ် ... အဲဒါ ... သူ့လိပ်စာလေးများ ရနိုင်ရင် တဆိတ်လောက် ..."

အင်မတန် အလုပ်များ စိတ်ရှုပ်နေဟန်တူသော အလုပ်ရှင်သူဌေးမ,ဖြစ်ဟန်တူသည့် မိန်းမကြီးသည် တယ်လီဖုန်းတစ်လုံး (အဲ ... မဟုတ် ... လိုင်းဖုန်းတစ်လုံး ... Hand Phone ကတစ်လုံး ...) တယ်လီဖုန်းနှစ်လုံးနှင့် ဟိုပြောဒီပြော စကားတွေပြော ရှုပ်တွနေသည့်ကြားက ... ထူးဦးကို စိတ်မရှည်သလိုကြီး ကြည့်လိုက်ကာ ...

"ဟေး ... လာကြဦး နောက်ဖက်ထဲက တစ်ယောက်ယောက် ဒီမှာလာဖြေရှင်းပေးလိုက်ကြစမ်း ... ဘာလဲမသိဘူး ... မောင်ဖိုးချို ကိစ္စတဲ့ ..."

ဆိုင်နောက်ဘက်ထဲမှ ဗလကောင်းကောင်း ... နှုတ်ခမ်းမွေးစစနှင့် လူတစ်ယောက် ထွက်လာသည်။

"ဘာကိစ္စများလဲ ..."

"ကျွန်တော် ကိုဖိုးချို သူငယ်ချင်းပါ ခင်ဗျာ ..."

ထူးဦး အဖို့ ကံဆိုးသွားခဲ့သည်မှာ ... သူဌေးကတော် လှမ်းခေါ်၍ ဆိုင်နောက်ဘက်ထဲမှ ထွက်လာခဲ့သူမှာ ကိုကျော်ကြီး ဖြစ်နေခဲ့ခြင်းပင်တည်း ...။ ကိုကျော်ကြီးကား ကိုဖိုးချို၏ အရင်းနှီးဆုံးတွဲဖက် သူငယ်ချင်းမို့ ပန်းဝတ်မှုံကို မြင်ဖူး တွေ့ဖူး ... အကြောင်းသိ ... အစဉ်းသိ ဖြစ်နေခဲ့တဲ့အပြင် ... ဖိုးချို ဆုံးပြီး



ဘာမှ ပန်းဝတ်မှုံက မျက်နှာပြောင်တိုက်ပြီး ဒီဆိုင်သို့ယောက်ျား ဘစ်ယောက်နှင့်တွဲကာ မုန့်လာစားခဲ့သေးတာကိုလည်း တွေ့မြင်လိုက်ရသူ ဖြစ်နေပါသည်။

ထိုယောက်ျားကား ... အခု ကိုကျော်ကြီးရှေ့မှ ... "ဖိုးချို၏သူငယ်ချင်းပါ"ဟု ဆိုလာခဲ့သောသူပင် ...။ ကိုကျော်ကြီးသည် "ဘာလာဇာတ်ရှုပ်ကြဦးမလို့လဲ"ဟု စိတ်ခပ်တိုတို ... မျက်နှာထား ခပ်တင်းတင်းနှင့် ...

"ဖိုးချို သူငယ်ချင်း ဘယ်သူလဲ ..."

"ထူးဦးပါ ..."

"မကြားဖူးပါလား ... ဘယ်တုန်းက သူငယ်ချင်းလဲ ..."

ထူးဦးက ပြောမိပြောရာ ...

"ဟို ... ကျောင်း ... ကျောင်းတုန်းက ..."

"ဘယ်ကျောင်းလဲ ... ကျွန်တော်က ဖိုးချိုနဲ့ အထက်တန်းကျောင်းတုန်းကရော ... တက္ကသိုလ်တက်ကြတော့ပါ အတူတူပဲ ... ကျွန်တော့်နာမည် ကျော်ကြီးလို့ခေါ်တယ် ... ဖိုးချိုကိုသိတယ်ဆိုရင် ကျော်ကြီးကိုရော ခင်ဗျား မသိဘူးလား ..."

"မဟုတ်ဘူး ... ကျွန်တော် ကျောင်းတုန်းက ... ကျောင်းဆောင်မှာနေတုန်းက ဒီကမုန့်မှာစားရင်း ကိုဖိုးချိုနဲ့ ခင်ကြတာ ... အဲဒါကို ဆိုလိုတာ ..."

ထူးဦးသည် ကိုယ်က စုံစမ်းဖို့လာကာမှ ကိုယ်ချည်း အစစ်ဆေးခံနေရတော့တာမို့ မျက်နှာထားတည်တည်၊ ဗလကောင်းကောင်း၊ နှုတ်ခမ်းမွေးစစနှင့် ... လူမိုက်ဂိုက်ကြီး ပေါက်နေတော့သော

www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို မသင်္ကာစိတ်တွေ အလုံးအရင်းနှင့် ဖြစ်လာပြီး ... ကိုယ်ကပဲ သူ့ကို ကြောက်နေရသလိုလို ... ကိုယ်ကပဲ မဟုတ်တာ လုပ်မည့်သူလိုလို အခြေအနေတစ်ခုကို အမြန်ဆုံး ပြုပြင်ပစ်လိုက်ကာ ... ခပ်တည်တည်လေသံနှင့် ...

"ကိုဖိုးချို့ရဲ့ လိပ်စာကို လိုချင်တယ် ..."

ကိုကျော်ကြီးက မဲ့ပြုံးတစ်ချက်နှင့် ဖိုးချို့ရဲ့လိပ်စာ အစား ကိုယ့်လိပ်စာကိုသာ မဆိုင်းမတွ ရေရွတ်ပြလိုက်သည်။

"ကျေးဇူးပဲ ... သွားတော့မယ် ..."

"မလိုဘူး ... ဖိုးချို့ရဲ့ ရည်းစားဟောင်း ဟိုမိန်းမကိုသာ ပြောလိုက်ပါ ... ဖိုးချို့လည်းသေပြီ ... ဘာတွေထပ်ပြီး ဇာတ်လမ်းထွင်ချင်သေးလို့လဲလို့ ... ရပ်တန်းက ရပ်ဖို့သင့်ပြီလို့ ..."

ထူးဦးမှာ မျက်ဝန်းတွေပင် ပြာခနဲ ဖြစ်သွားရကာ "အန္တရာယ် ... အန္တရာယ်"ဟု တစ်စုံတစ်ယောက်က အနီးကပ်လာ ပြောနေတော့သလို ... နားထဲမှာ ကြားယောင်လာမိလေသည်။ ပေါ်တင်ကြီးကို ရင်ဆိုင်စိန်ခေါ်ပစ်လိုက်တာပေါ့လေ ...။ ခုမှစတင်ပြီး စုံစမ်းတော့မလို့ရှိသေး ... တကယ့်လူနဲ့မှ တန်းတိုးနေရတော့တာကိုး။ ထူးဦးကိုလည်း သူကကြိုသိနေလိုက်သေးသည်လေ ...။ အဲဒါကြောင့် ကိုယ်ကမှ မစုံစမ်းရသေး ... သူကချည်း ဒိုင်ခံစစ်ဆေးနေတော့တာ ...။ နောက်ဆုံးကျတော့ စိတ်မရှည်တော့ဟန်နှင့် ... "ဂရုမစိုက်ပါဘူး"ဟူသော အချက်ကိုလည်း ထင်ရှားစေကာ ... ပေါ်တင်ပင် ဖွင့်ချစိန်ခေါ်ပစ်လိုက်ပြီ ...။

"ခင်ဗျား ... ပန်းဝတ်မှုံကို သိတယ်ပေါ့ ..."



"သိပါ ..."

"ဒါဆို ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါမယ် ... ခင်ဗျားတို့ကြားမှာ အာဃာတတွေ ရှိကောင်းရှိမယ် ... ပန်းဝတ်မှုံဘက်က မလွန်ဘူးလို့ ကျွန်တော်မပြောပါဘူး ... ဒါပေမဲ့ ခင်ဗျားလုပ်နေတာတွေကတော့ တရားဥပဒေနဲ့ တဖြည်းဖြည်း ငြိသလို ဖြစ်ဖြစ်လာပြီ ... ဒီ့ထက်လွန်ကဲလာရင်တော့ ခင်ဗျားအနေနဲ့ တရားတဘောင်နဲ့ ရင်ဆိုင်ရဖို့ ရှိတယ်ဆိုတာ ကျွန်တော် အတိအလင်း အသိပေးပါတယ် ... ဒါပါပဲ"

ထူးဦးက ပြောပြီးပြီးချင်းပင် ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။ ဘာမှနားမလည်လိုက်သော ကိုကျော်ကြီးမှာ ... နောက်ကနေ "ဟေ့လူ ... ဟေ့လူ ..."ဟု လိုက်ခေါ်သေးပေမဲ့ ထူးဦးက လူတွေကို တိုးဝှေ့ပြီး ဆိုင်တံခါးကိုပါ ဖွင့်ထွက်သွားပြီ ဖြစ်သောအခါမှာတော့ ... အနားမှာတင် သူ့ဌေးကတော်က ရှိနေသေးတာမို့ ကိုကျော်ကြီးခမျာ ထူးဦးရဲ့နောက် ... ဆိုင်အပြင်သို့ လိုက်ထွက်ဖို့အထိတော့ မဖြစ်နိုင်တော့ပါ။

ကိုကျော်ကြီးမှာ ခေါင်းရှုပ်စိတ်တိုကာ ကျန်ရစ်သည်။ ထူးဦးကတော့ ပုန်းကွယ်နေသည့် ... မမြင်နိုင်သည့် အန္တရာယ်ကို မျက်ဝါးထင်ထင်ကြီး မြင်လာခဲ့ရပြီမို့ အင်မတန်မှကို ကျေနပ်လို့နေလေသည်။ ကိုယ်က သူ့ကို မြင်ထား သိထားပြီးရင် ... သူ ဘာဆက်လုပ်လုပ် ... ကိုယ်က သူမှန်းသိထားပြီးပြီ ... ဘာမှ ဘုန်လှုပ်ကြောက်ရွံ့နေစရာမလိုတော့ ...။

www.burmeseclassic.com



"တောက် ... သိကြရောပေါ့လေ ..."

ပန်းဝတ်မှုံရဲ့ နှုတ်ဖျားမှ ကြောက်စရာကောင်းသော ကျိုးဝါးသံတစ်ခု ထွက်ပေါ်လာချိန်မှာ ... အပျင်းခို ဖိမ်လုပ်ပြီး အိပ်ငိုက်နေသော ထူးဦးမှာ အလန့်တကြားကြီးပင် နိုးထလာခဲ့ရပါသည်။ မနိုးလို့ကလည်း မဖြစ်ပါ။ ကားရှေ့ခန်းထိုင်ခုံကို နောက်ခန်းအထိ ပြေလျောလျောကြီး လှန်ချပြီး ... ဖိမ်နှင့်မှိုပါလာခဲ့သည့် ထူးဦးပင် တစ်ကိုယ်လုံး ယိမ်းယိုင်ပြီး ပြုတ်ကျမျက်ကျ သွားလုလုထိ ... ပန်းဝတ်မှုံက ကားအရှိန်ကို တစ်ဟုန်ထိုးမြင့်တင် ယမ်းခါပစ်လိုက်ပြီလေ ...။

"ဟော့ ... စွတ်ရမ်းမလုပ်နဲ့လေ ... ဘာဖြစ်ပြန်ပြီလဲ ..."

ထူးဦးမှာ ယမ်းခါနေသည့် အနေအထားမှ မနည်းကြီးလူးလဲထ ... နောက်လန်နေသည့် ကုလားထိုင်ကို ခလုတ်ဆွဲကာ မနည်းကြီးပြန်မတ် ...။ အမယ် ... မချောက သူ့အတွက်တော့ဖြင့် သူသိကာ ... ကားကို စွတ်အရှိန်မြှင့် မောင်းနှင်လိုက်ချိန်မှာ ကားမောင်းသူများ ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးသက်သာစေရန် ရည်ရွယ်ပြီး ထည့်ပေးထားသည့် ထိုင်ခုံမှ ခါးပတ်ကို ဆွဲယူကာ ခလုတ်နှိပ် ... ပတ်ဝတ်ထားခဲ့ပြီးပြီ ...။



"ဟော့ ... ဘယ်လိုဖြစ်နေလဲဆို ..."

ထူးဦးမှာ ကားဒက်ရှ်ဘုတ်မှ လက်ကိုင်ကို မနည်းကြီး လှမ်းကိုင်လိုက်ကာ ကိုယ်လည်းပဲ ကိုယ့်ထိုင်ခုံမှ ခါးပတ်ကို ဆွဲထုတ်ပြီး ခလုတ်နှိပ်ဖတ်ထားလိုက်ရပါသည်။ မလွယ်ဘူး ... မလွယ်ဘူး ...။ ကြာလေလေ ... ဒီဟာမလေးရဲ့ အကြောင်းကို ထူးဦးက ပိုသိလာလေလေ ...။ ဒီဟာမလေးဟာ ဒေါသထွက်လာပြီဆိုရင် ဘာကိုမှမသိတော့ ... မျက်စိတစ်ဆုံးမပြောနဲ့ ... မျက်မွေးတစ်ဆုံးပင် ကြည့်တော့ပုံ မရကာ ... မျက်စိကို စုံမှိတ်ပြီး လုပ်ချင်ရာကို ဖွတ် ... အရမ်းကာရောကြီး လုပ်ချတတ်သည့် အရူးမဘာကယ့်ကို အရူးစိတ်နှင့်ပါတည်း ...။

နောင်ဆိုရင် သူ့ကို ဘယ်လိုမှ ကားပေးမောင်းလို့ မဖြစ်တော့ပါ ...။ သူ့ဘာသာသူ အရူးစိတ်နှင့် အသေခံနိုင်တာက အရေးမကြီး ... သူ့ကြောင့် ကိုယ်ပါ နေရင်းထိုင်ရင်းနှင့် အတူဆိုက်သေရမည်ဆိုတာကတော့ သိပ်အလုပ်မဟုတ်လှဘူးလေ ...။ ထူးဦးမှာ နဂိုကမှ ကားမောင်းပျင်းရတဲ့အထဲ ... ဒီနေ့ကတော့ ညကသူငယ်ချင်းတွေနှင့် ဆုံဖြစ်ကြတာ ညဥ့်နက်မိုးချုပ် သွားခဲ့သည့်အတွက် ... မနက်ဘက် ပန်းဝတ်မှုံဆီ ရောက်ဖြစ်တဲ့အချိန်မှာ လူက အိပ်ငိုက်သမ်းဝေနေဆဲ ...။

ပန်းဝတ်မှုံက ကားမောင်းပေးဖို့ ပြောခဲ့တာကိုတောင် "အိပ်ငိုက်နေတယ်ကွာ ... အန္တရာယ်ဖြစ်နိုင်တယ် ... မင်းပဲမောင်းပါ ..."ဟု ဖွတ်ငြင်းဆန်ကာ ... သူသွားလိုရာလျှောက်မောင်းနေတာကို ကားပေါ်မှာ ခုံကိုနောက်ပြန်လှန်ချရင်း အိပ်ငိုက်ဖိမ်လုပ်

www.burmeseclassic.com



ကာ ပါလာခဲ့တာလေ …။ ခုတော့ အိပ်ငိုက်နေသောသူ မှောင်းတာကမှ ထင်ရာစိုင်း တစ်ဖွတ်ထိုး ကြမ်းရမ်းနေတဲ့သူနဲ့စာရင် အန္တရာယ်က ကင်းဦးမည်။

"ဟာ … အဲဒါက ဘယ်တုန်းက ပေါ်လာရတာလဲ …"

ကိုယ့်ထိုင်ခုံပေါ်မှာ ကိုယ်အခြေတကျ ဖြစ်သွားတော့မှပင် … ပန်းဝတ်မှုံ၏ ဒေါသဦးတည်ရာကို ထူးဦးက ရှာတွေ့သွားရပါတော့သည်။ ကိုယ်က ရိုးရိုးသားသား ကားချင်းပြိုင်မောင်းရင်း စိတ်တိုလာတယ်ပဲထင်တာ … ခုတော့ဘယ်ဟုတ်မလဲ …။ မုန်ယိုနေသည့် ဆင်တစ်ကောင်လို တလမန်းကြမ်း မောင်းနှင်လိုက်ဦးတည်နေပြီဖြစ်သော ပန်းဝတ်မှုံ၏ကားရှေ့မှာ သေပြေးရှင်ပြေးပြေးနေရသလို မြင်မကောင်း ရှုမကောင်း အလူးအလိမ့် အကျေ့အကောက်ပေါင်းစုံနှင့် ဖြစ်ချင်တိုင်း ဖြစ်နေရှာသည်မှာ … Pizza and Cake City မှ ဆိုင်ကယ်ကလေးတစ်စီးပါ …။

"အလုပ်ချိန်ကြီးမှာ ထိုးအိပ်နေတော့ ရှင် ဘယ်လိုလုပ်သိမလဲ … ရှင့်သဘ် အားကိုးနေရရင်တော့ သေတာကြာပြီ၊ ဒီမှာ တွေ့ရဲ့လား … ကားမှန်ဘေးမှာ …"

ပန်းဝတ်မှုံ၏ ကားမှန်ဘေးမှာ အကွက်လိုက်ကြီးထင်းခနဲ ဖြစ်နေကာ အနီရဲရောင် အရည်စီးကြောင်းတွေအောက်သို့ စီးကျနေတာကို မြင်လိုက်ရပါသည်။

"အချဉ်ရည်ထုပ်နဲ့ လှမ်းပေါက်ပြီး ထွက်ပြေးတာ … သိရဲ့လား … ပန်းဝတ်မှုံကို ဒီလိုစမ်းလို့ မရဘူး … အသေကို လိုက်တိုက်ပစ်မယ် …"



"ဟာ … ဟာ … ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်ပါ့မလဲကွယော့ … ယော့ …"

"နေ့ခင်းကြီးကြောင်တောင် ဆိုင်ကယ်စီးနေနိုင်တာ သရဲတော့ မဖြစ်နိုင်ဘူး … လူလူချင်းဆိုရင်တော့ ဘယ်သူ့မှ မကြောက်ဘူးမှတ်ယော့… အိပ်မက်ထဲက သရဲကောင်အတွက် ပါ နှစ်ဆတိုးပြီး လက်စားချေပစ်ရမယ် … သိမယ် … သိမယ်"

"ပန်းဝတ်မှုံ … ဒီလို လက်လွှတ်စပယ်လုပ်လို့တော့ ဘယ်ဖြစ်မလဲ … အရှိန်ကိုလျှော့စမ်း … ငါပြောနေတာ မကြားဘူးလားကွ …"

"မကျေနပ်ရင် ခုန်ဆင်းနေရစ်ခဲ့ …"

"တောက်"

ထူးဦးမှာ ကိုယ့်လူကို ကိုယ်ပြောလို့ မရနိုင်တော့သည်မို့ ရှေ့ကဆိုင်ကယ်ကိုပဲမဲပြီး စိတ်တိုနေမိပါသည်။ လုပ်ချင်ရင်သတ္တိရှိရင်လည်း ဒီလိုမိန်းမမျိုးကို တစ်ခါတည်း အသေပဲလာလုပ်ပစ်လိုက်ပါလား …။ ခုတော့ မထိခလုပ်၊ ထိခလုပ်နှင့် စိတ်အနှောင့်အယှက် ဖြစ်ရုံလောက် လာလာလုပ်ပြီး … ပြီးကျတော့ ခွေးပြေး ဝက်ပြေး ပြေးနေရတာက ကိုယ်ပဲ ဖြစ်နေတာ ဘာကောင်းသလဲ …။

ပန်းဝတ်မှုံ၏ Mark II ကားစက်ရှိန်နှင့် မုန့်ပို့ရန်အတွက် ဆီစားသက်သာသည့် အရွယ်အစား ဆိုင်ကယ်လေးတို့ရဲ့ စက်ရှိန်ဟာ ဘယ်လိုမှ ယှဉ်လို့မရနိုင်တာမျိုးပါ …။ သူ့အတွက်

www.burmeseclassic.com



ကံကောင်းနေတာက လမ်းမကြီးဟာ ကားအရှင်းကြီး မဟုတ်လှတာပင် ...။ ကားတွေက နှစ်ဦးကြားမှာ ခံနေသေးတာမို့ ရှေ့ကဆိုင်ကယ်ဟာ ဟိုကြားထဲဝင်တိမ်းရှောင် ... ဒီကြားဖြတ်ဝင်ကာကွယ်နှင့် ပန်းဝတ်မှုံရဲ့ ဒေါသစက်ကွင်းကို ခုထက်ထိ လွတ်အောင်ဆက်ရှောင်နေနိုင်သေးသည်။ သို့သော် သူ့ကားက အဲဒီလိုဟိုဝင်ဒီထွက်လုပ်လို့မရဘဲ ပိတ်,ပိတ်ပြီး ကျန်ရစ်တာကြောင့်ပဲ ပန်းဝတ်မှုံကလည်း ပိုပြီးတော့ ဒေါသထွက် စိတ်တိုနေရတော့တာ ဖြစ်သည်။

ဆိုင်ကယ်ခများလည်း သူ့စက်ရှိန်ကြောင့် ရှောင်ရုံတိမ်းရုံသာရလျက် အလွတ်ကြီးမောင်းပြေးလို့ မရရှာပါ ...။ ခက်မယ် ... ခက်မယ် ... ခက်တော့မယ် ... ဒီပြည်လမ်းမကြီးဟာ တချို့နေရာမှာ ကားရှုပ်သလောက် တချို့နေရာများမှာတော့ ကားရှင်းလှကာ ... ပန်းဝတ်မှုံဘက်က တစ်ပန်းမကသာအောင် အားပေးနေသလို ရှိစေတာမဟုတ်လား ...။ အဲဒီနေရာမျိုးကျရင်တော့ ရှေ့ကဆိုင်ကယ်ဟာ သေကိုသေတော့မယ် ... ခက်တော့မယ် ...။ အဲဒီနေရာမျိုးရောက်ရင် ထူးဦးဟာ ဒီဟာမလေးကို ဘယ်နည်းဘယ်ပုံနဲ့များ ဟန့်တားနှောင့်ယှက်ပစ်ရပါ့မလဲနော်။ ကဲ ... ဖြစ်ပြီ ...။

ကားရတ်တရက် ရှင်းသွားတာနှင့် ပန်းဝတ်မှုံက မျက်နှာကို လှပရုံထက် ကျော်လွန်ပြီး ကြောက်စရာကောင်းလောက်အောင်ပင် မဲ့ပစ်လိုက်ပါတော့သည်။ ပြီးလျှင်တော့ ကားအရှိန်ကို တစ်ဟုန်ထိုးမြှင့် ...။



"ဒုက္ခရောက်သွားလိမ့်မယ်နော် ... တစ်ခါတည်းသေသွားရင် အကြောင်းမဟုတ်ဘူး ... ကျိုးပဲ့ထောင်ကျနေရင် ဒုက္ခများနေလိမ့်မယ် ..."

ပန်းဝတ်မှုံကား ထူးဦးကို လုံးဝဂရုမစိုက် ...။

"မင်းဘယ်လိုဖြစ်နေလဲ ... လူသတ်မလို့လား"

ထူးဦးက ကျုံးအော်ထည့်လိုက်ပါသည်။

"ဟုတ်တယ် ... သတ်မယ် ... သတ်မယ် ... သတ်ကိုသတ်ပစ်မယ် ..."

ပန်းဝတ်မှုံကလည်း ဖွတ်ပင် ပြန်အော်၏။ ထူးဦးမှာ အခြေအနေကို တစ်စထက်တစ်စ ကြောက်ရွံ့လာမိပြီ ...။ ဒီပုံအတိုင်းဆိုရင် ရှေ့ကဆိုင်ကယ်ဟာ လုံးလုံးမလွတ်နိုင်တော့ ...။ ကားတွေကလည်း ရှင်းသထက်ကို ရှင်းနေပြီ ...။ ဒီအရွယ် ... ဒီဘီးသေးသေးလေးတွေနှင့် ဆိုင်ကယ်လေးကို ဒီကားကဒီအရှိန်နှင့် နောက်ကနေသာ ဝင်ဆောင့်လိုက်ရလျှင် ...။

ထူးဦးသည် ပန်းဝတ်မှုံ၏ အရိပ်အကဲကိုကြည့်ရင်း... တစ်စုံတစ်ခုဖြစ်ရင် သက်သက်သာသာ ဖြစ်စေရေးကိုပဲ ကြံစည်နေရင်းက ... ဟိုတလောကလို အမှိုက်ပုံထဲ ခေါင်းထိုးထည့်လို့ရရင် ထည့်ပစ်ဖို့ မျက်စိလျှင်လျှင်နှင့် လမ်းဘေးတွေကိုလည်း ကြည့်နေရပါသေးသည်။ ရုတ်တရက်ကြီးတော့လည်း ပန်းဝတ်မှုံရဲ့ခြေထောက်တစ်ချောင်းကိုကျော်ပြီး ဘရိတ်ကိုသွားဆောင့်မနင်းရဲ။ ကိုယ့်ကားရှိန်က အတော်ကြီး ပြင်းနေတာမို့ ခပ်ကြောက်ကြောက်ရှိမိသေးတဲ့အပြင် ... ပန်းဝတ်မှုံကလည်း ထူးဦးရဲ့အကြံကို ရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



နေပုံနှင့် ထူးဦးဘက်က တစ်ခုခု လှုပ်လှုပ်ရှားရှားဖြစ်လာလျှင် ... ကားဦးကို လမ်းဘေးက သစ်ပင်ဆီ၊ ဓာတ်တိုင်ဆီ ... မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ခြမ်းမှ လာနေကြသော တခြားကားတစ်စီးစီးဆီ စသဖြင့် ဦးတည်ပြလိုက်တတ်သဖြင့် ထူးဦးမှာ အခြေအနေအရ ပြန်ငြိမ်နေလိုက်ရပြန်လေကာ ... မလှုပ်သာ ... မရုန်းသာပါ။

ထိုအချိန်မှာပင် ရှေ့မှပြေးနေသော ဆိုင်ကယ်လေးက စိတ်ကူးရသွားဟန်နှင့် ရုတ်တရက် ဘယ်ဘက်သို့ ချိုးကွေ့ချပစ်လိုက်ကာ လမ်းသွယ်တစ်ခုထဲသို့ ဝင်ရောက်သွားသည်။ အင်း... ဒီလိုမှပေါ့ ... တည့်တည့်ကြီး ပြေးနေတော့ နောက်ကဝင်တိုက်နိုင်တဲ့ အန္တရာယ်က ပိုကြီးတာပေါ့ ...။ လမ်းမကြီး မဟုတ်သည့် လမ်းသွယ်ခပ်သေးသေးဆိုတော့လည်း ဆိုင်ကယ်က ပိုတစ်ပန်းသာပြီး ကားကကျတော့ သိပ်အရှိန်ပြင်းပြင်းကြီး လိုက်မောင်းလို့ မရနိုင်ဘူးပေါ့ ...။ ဒီစိတ်ကူးမျိုး မင်းရသင့်တာ ကြာပြီဆိုင်ကယ်သမားရဲ့ ...။

ပန်းဝတ်မှုံကလည်း ကားကို ဘယ်ဘက်လမ်းကြောသို့ ရုတ်ချည်း ဆွဲကပ်ပစ်ကာ ဆိုင်ကယ်ဝင်သွားသော လမ်းထဲလိုက်ကွေ့ချဖို့ ကြံလိုက်ပါသည်။ သို့သော် ဆိုင်ကယ်ကလေးတုန်းကတော့ လုစ်ခနဲပင် လွတ်သွားပြီး ပန်းဝတ်မှုံမှာတော့ ချက်ချင်းလိုက်ကွေ့ချ၍ မရဘဲ မျက်နှာချင်းဆိုင် တစ်ဖက်လမ်းကြောမှ ကားများကို ခပ်ကြာကြာရပ်ပြီး စောင့်နေရသေးသည်။

"တောက်"



တောက်တစ်ချက် ခေါက်အပြီးမှာတော့ ပန်းဝတ်မှုံက ဘားတန်းကြီး လုံးလုံးရှင်းသွားတာ မဟုတ်သေးဘဲနှင့် ခဏအဆက်အပြတ်မှာ ဖွတ်တိုးပြီး ကွေ့ချပစ်လိုက်ရာ ယောက်ျားကြီးတန်မဲ့နှင့် ထူးဦးမှာ မျက်စိစုံမှိတ် ... ဘုရားတွေ ဘာတွေပင် တလိုက်ရပါသေးသည်။ ဘရိတ်သံတွေ ဆူညံသွားပြီးနောက် လွတ်ရုံကလေး ဗွတ်သီကာ လွတ်လာခဲ့သော ထူးဦးတို့ကားမှာ လမ်းသွယ်ထဲမှ ဆိုင်ကယ်ရဲ့နောက်သို့ ဆက်လိုက်နိုင်သွားချေပြီ ...။

ဆိုင်ကယ်ကား ခပ်ဝေးဝေးလေးသို့ ရောက်နေပြီ။ လမ်းလေးမှာလည်း ဟိုးအဝေးကိုပါ လှမ်းမြင်နေနိုင်သော ဖြောင့်ဖြောင့်တန်းတန်း လမ်းမျိုးမဟုတ်ပါ။ ခပ်ဝေးဝေးက ဆိုင်ကယ်ကို လှမ်းမြင်လိုက် ... ပျောက်သွားလိုက်နှင့် အကွေ့အကောက်ကလေးတွေနှင့် ဖြစ်သည်။ ပန်းဝတ်မှုံမှာ လမ်းပေါ်က ခွေးတစ်ကောင်ကိုပင် ပွတ်တိုက်ပစ်ခဲ့သေးသည်။ ဒီနောက်မှာတော့ ...

"ဟာ ... ရပ်ရပ်ရပ် ... ရပ်ဆိုရပ် ..."

ထူးဦးက ရုတ်တရက် အကျယ်ကြီး အော်ပစ်လိုက်ကာ ... ဒီတစ်ခါတော့ ဘာဖြစ်ဖြစ် ... ပန်းဝတ်မှုံ၏ ခြေထောက်တစ်ဖက်ကိုကျော်ပြီး ကားဘရိတ်ရှိရာ နေရာကို ဆောင့်အုပ်ကာ နင်းချပစ်လိုက်သည်။ ကားထိုင်ခုံနှစ်ခုကြားမှ လက်ဆွဲဘရိတ်ကိုလည်း ခလုတ်နှိပ်ကာ တအားကြီး ဆွဲချပစ်လိုက်ဖို့ကိုလည်း မမေ့မလျော့ ...။ ဘရိတ်စနစ်၊ အလွန်ပင် ကောင်းလှပုံရသော ပန်းဝတ်မှုံ၏ ကားကလေးမှာ ထူးဦး၏ လက်ချက်နှင့် နေရာမှာတင် ရုတ်တရက် ထိုးရပ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မရပ်လို့လည်း မဖြစ်တော့ပါ …။ ရှေ့က မုန့်ဆိုင်ကယ်သေးသေးကလေးရဲ့ ဘီးသေးသေးကလေးတို့ဟာ လမ်းပေါ်က ကျောက်စရစ်ခဲလား … ချိုင့်ခွက်တစ်ခုခုပဲလားကိုမသိ တက်နင်းလိုက်မိချိန်မှာ ရုတ်တရက် ဟန်ချက်ပျက် စောင်းလဲကျကာ ဆိုင်ကယ်က ခပ်ဝေးဝေးသို့ ပေါ့ပေါ့ပါးပါးကလေး လွင့်ထွက်သွားပြီး ဆိုင်ကယ်သမားကတော့ လမ်းပေါ်တင် သုံးလေးပတ် လိမ့်သွားခဲ့သည်လေ …။

ပန်းဝတ်မှုံက သူ့ကိုယ်မှာပတ်ထားသော ကားထိုင်ခုံခါးပတ်ကို ဆောင့်ဖြုတ်ပစ်လိုက်သည်။ ထူးဦးကလည်း ကိုယ့်ခါးပတ်ကိုယ်လိုက်ဖြုတ်၍ ပြီးသွားချိန်မှာ လုံးဝမထင်မှတ်ပါဘဲ ထူးဦးတို့ မြင်ကွင်းထဲဝင်လာကြသည့် အရာများမှာ … ထိုဆိုင်ကယ်လေး လဲပြိုကျသွားရာ အကွယ်ဒေါင့်ချိုးလေးထဲမှ "ဘွား"ခနဲ ထွက်လာကြသည့် တူညီဝတ်စုံယူနီဖောင်းများနှင့် မုန့်ဆိုင်ကယ်အုပ်စုကြီးပင်တည်း …။

"ပန်းဝတ်မှုံ … သူတို့က အုပ်နဲ့နော် … ဟိုလူက သူ့အုပ်စုဆုံရပ်ဆီ သူဦးတည်ပြီး ပြေးလာတာကိုး … အဲဒီလိုအုပ်စုလိုက်ကြီး ဆိုရင်တော့ အဲဒီလူတွေဟာ မင်းရဲ့သရဲထက် အများကြီးပိုပြီး ကြောက်စရာကောင်းနေလိမ့်မယ် …"

ပန်းဝတ်မှုံက ထူးဦး၏စကားကို ဂရုမစိုက်ဘဲ ကားပေါ်မှ ဖွတ်ပင်ဆင်းလိုက်ပါသည်။ တစ်ဖက်မှလူအုပ်ထဲမှ နှစ်ယောက်လောက်က လဲကျနေသည့် ဆိုင်ကယ်သမားထံ လှမ်းသွားကြပြီး … တစ်ယောက်ကတော့ ရှေ့သို့ တက်လာကာ …



"ဘာဖြစ်ချင်သလဲ … ဘာလုပ်ချင်သလဲ … မကျေနပ်ရင် ခုချက်ချင်း ကျော်ကြီးနဲ့ ရှင်းနိုင်တယ် … ပြော …ဘယ်လိုရှင်းကြမလဲ …"

"ဟင် … ခင်ဗျား … ဒါဖြင့် ဟိုတစ်ယောက်က ခင်ဗျားမဟုတ်ဘူးလား …"

ထူးဦးပင် ခပ်ကြောင်ကြောင် ဖြစ်သွားပါသည်။ ကိုယ့်ရှေ့မှ တစ်ချိန်လုံး ခွေးပြေးဝက်ပြေး ပြေးနေရသူဟာ ကျော်ကြီးဟူသည့် ဒီလူလို့ပဲ ထူးဦးက ထင်ထားခဲ့တာလေ … ခုကျတော့ ကျော်ကြီးမဟုတ် … ဒါဖြင့် ဘယ်သူလဲ …။

ကျော်ကြီးက ထူးဦးရဲ့ ကြောင်စီစီ အမူအရာကို ချက်ချင်းရိပ်မိသွားသည်။ ချက်ချင်းဆိုသလိုပင် လဲကျနေသူနှင့် သွားဖေးမကူညီနေသူ နှစ်ဦးဘက်လှည့်ကာ … "ဟဲလ်မက်(ဆိုင်ကယ်စီးဦးထုပ်)မချွတ်နဲ့ဟေ့ …"ဟု လှမ်းအော်လိုက်လေသည်။ သို့သော် ကိုကျော်ကြီးက လျင်သလောက် … သွားကူညီသည့်သူနှစ်ဦးက လျင်ကြဟန်မတူပါ …။ တစ်ဦးက လဲနေသူကို လက်မောင်းနှစ်ဖက်က ဆွဲပြီးထူပေးလိုက်ချိန်မှာ … တစ်ဦးက ဟဲလ်မက်ဦးထုပ်ကို ဆွဲချွတ်ပေးလိုက်လေတော့သည်။

နှာခေါင်းရိုးတစ်ဝက်အထိ ဖုံးအုပ်ထားပြီး မျက်လုံးလေးနှစ်ခုသာ ပေါ်တော့သော ဟဲလ်မက်ဦးထုပ် ပြုတ်သွားသည်နှင့် ပထမဦးဆုံး မြင်တွေ့လိုက်ရသည်မှာ ဖွဲဖြာကျလာသော ဖွာနွယ်နေသည့် ကျောလယ်ခန့် ဆံပင်ရှည်တစ်ခု ဖြစ်ပါသည်။ ထူးဦးရော ပန်းဝတ်မှုံပါ အံ့အားသင့်သွားမိကြစဉ်မှာ … ထိုဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ရှည်တို့ရဲ့ ပိုင်ရှင်က ခေါင်းကို တစ်ချက် ဆတ်ထည့်လိုက်ကာ သူ့ရှေ့မှာ ကွယ်နေသည့် (သူ့ကိုဖေးမတွဲကိုင်ပေးထားသည့်) လူ တစ်ယောက်ကို ဘေးသို့ အသာတွန်းဖယ်ထုတ်လိုက်သည်။

"ဟင် ... ခေါင်းဖြူ ..."

ခေါင်းဖြူက ထူးဦးကို တစ်ချက်ပဲကြည့်ကာ ... ပန်းဝတ်မှုံကိုပဲ စူးစူးရဲရဲကြီး စိုက်ကြည့်နေ၏။ ရိုနိုင်တို့လို တေလေဂျပိုးကောင်မျိုး၊ ကိုကျော်ကြီးတို့လို ဆိုင်ကယ်အုပ်စုကြီးမျိုးကို တောင်မှ မမှုသော ပန်းဝတ်မှုံဟာ ... ကိုယ်နဲ့ ရွယ်တူမိန်းကလေး တစ်ယောက်ရဲ့ အကြည့်လောက်ကိုတော့ ဘာများ အမှုထားနေစရာ အကြောင်းရှိမည်နည်း...။ ရပ်နေရာမှ ခေါင်းဖြူရဲ့အပါးသို့ လွှားခနဲ လွှားခနဲပင် လှမ်းသွားပါလေတော့သည်။

ထူးဦးမှာ မမျှော်လင့်ထားတာတွေချည်း ဆက်တိုက် ဖြစ်ပျက်နေမှုမှာ အံ့အားသင့်နေရချိန်ပင် မရှိ ... ပန်းဝတ်မှုံရဲ့နောက်မှ အပြေးပင် လိုက်ရတော့၏။ ကိုကျော်ကြီးတို့ အုပ်စုကလည်း ချက်ချင်းပင် ဝုန်းခနဲ ပြေးကပ်လာကြသည်။ အဲဒီနားလေးမှာ လူစုစုဆိုလျှင် လာဝိုင်းအုံလိုက်ရမှ ကျေနပ်တတ်ကြသော မြို့ကြီးသူ မြို့ကြီးသားမျိုးတွေနှင့်ပါ ပေါင်းလျှင် လူထုထုအုပ်ကြီးတစ်ခု ခဏကလေးနှင့် ဖြစ်သွားလေတော့သည်။

"နင် ငါ့ကို ဘာလိုက်လုပ်နေတာလဲ ..."

ခေါင်းဖြူက ပန်းဝတ်မှုံ၏ အမေးကို မဖြေပါ ...။ ရှပ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်အထက်နားလောက်တွေအထိ လိပ်ပင့်တင်လိုက်ရင်း ... ကိုကျော်ကြီး ကမ်းပေးလိုက်သည့် လက်ကိုင်



ဓါးတစ်ထည်နှင့် သွေးစို့နေသည့် အပွန်းအပဲ့တို့ကိုသာ လိုက်တို့ သုတ်လို့နေသည်။

"ပြောစမ်း ... နင် ငါ့ကို ဘာလုပ်ချင်သလဲ ... ပြောလေ"

"ဟော့ ... အော်ကြီးဟစ်ကျယ် လုပ်မနေနဲ့ ... မင်းရှင်းချင်ရင် ငါနဲ့ရှင်းလို့ ပြောပြီးပြီ ..."

"ရှင်နဲ့ ဘာဆိုင်လို့လဲ ... ဟိုမှာ ကားကို အချဉ်ရည်ထုပ်နဲ့ လှမ်းပေါက်သွားတာ ဒီဟာမပဲ ..."

"အေး ... အချဉ်ရည်ထုပ်နဲ့ ပေါက်ရုံနဲ့ ကားနဲ့လိုက်တိုက်သတ်တယ်ဆိုရင်တော့ မင်းသိပ်လွန်သွားပြီ ... ဒါသက်ဆိုင်ရာနဲ့ ရှင်းရမဲ့ကိစ္စမျိုး ဖြစ်လာပြီ ..."

"ဟား ဟား ဟား ... မေးလိုက်စမ်း အဲဒီဟာမကို ... ရဲတိုင် ဘာတိုင်နဲ့ သက်ဆိုင်ရာနဲ့ ရှင်းရဲသလားလို့ ... မေးကြည့်လိုက် ... အခုမေး ..."

ကိုကျော်ကြီးနှင့် ပန်းဝတ်မှုံတို့သာ ဒိုင်ခံပြီး ဖြစ်နေကြရာမှ ကိုကျော်ကြီးက ဘုမသိ ဘမသိ ပုံစံနှင့် ခေါင်းဖြူကို လှည့်ကြည့်လိုက်သည်။ ခေါင်းဖြူထံမှ ဘာစကားမှ ထွက်မလာသောအခါမှာ ကိုကျော်ကြီးရဲ့ မျက်နှာက ကွက်ခနဲပင် ပျက်သွားရလေသည်။ ပြီးမှ ... သူ့ဟန်သူ ပြန်ထိန်းကာ ခပ်တည်တည်နှင့်ပင် ...

"ဘာပဲဖြစ်ဖြစ်လေ ... အခုလက်ငင်းကိစ္စကတော့ မင်းဘက်ကပဲ သိပ်လွန်နေတာ ... ဒီမှာ သက်သေတွေ တစ်ပုံကြီးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထူးဦးက ပန်းဝတ်မှုံ၏ လက်မောင်းကို ဆွဲကိုင်လိုက်ကာ ခပ်တင်းတင်းလေး တစ်ချက်ညှစ်လိုက်သည်။ ထူးဦးထံမှ ကိုယ်ထိလက်ရောက် အပြုအမူမျိုးကို ဘယ်တုန်းကမှ မကြုံတွေ့ဖူးသည့် ပန်းဝတ်မှုံက ဒေါသတို့ပင် ရုတ်တရက် ရပ်တန့်ကာ နောက်သို့ လှည့်ကြည့်လိုက်စဉ် ထူးဦးက ခေါင်းကို မသိမသာလေး ယမ်းခါပြလိုက်လေသည်။

တော်ပါသေးရဲ့ ...။ ထိရောက်မှုရှိပါသည်။ အာပြဲကြီးနှင့် ဟစ်အော် ... ကျူးအော်မှုကို ဂရုမစိုက်ခဲ့သော ပန်းဝတ်မှုံသည် ဘာစိတ်ကူးပေါက်သည်မသိ ... မသိမသာလေး အချက်ပေးထိန်းချုပ်လိုက်တာကိုတော့ဖြင့် ချက်ချင်းပင် သဘောပေါက်နားခံလိုက်ကာ ...

"နင် မြဲမြဲမှတ်ထား ... ငါ့နာမည် ပန်းဝတ်မှုံလို့ ခေါ်တယ်၊ ဘယ်သူ့မှ (–)ဂရုမစိုက်လို့ ကိုယ်ထင်ရာ ကိုယ်လုပ်နေတာ၊ အေး ... နင်လည်း ကိုယ်ထင်ရာ ကိုယ်လုပ်ချင်ရင် ပုန်းလျှိုး ကွယ်လျှိုးတွေ လုပ်မနေနဲ့ ... ငါ့လို ပေါ်တင်ချ ... ဒါပဲ"

"လာစမ်းပါ ..."

ထူးဦးက ပန်းဝတ်မှုံကို လက်ကနေ ဆောင့်ဆွဲခေါ်လာခဲ့သည်။ ထူးဦး နောက်သို့ ပါလာခါနီးမှာပင် ခေါင်းဖြူကို ပြောချင်တာတွေ စွတ်ပြောခဲ့သေးသော ပန်းဝတ်မှုံက ကားပေါ် ပြန်ရောက်ပြီးကြတာတောင်မှ ဆိုင်ကယ်အုပ်စုဘက်လှည့်ပြီး "ထွီ" ခနဲ ထပ်လုပ်လိုက်သေးကာ ...



"တကယ်တမ်း ဆိုကြတော့ ဘာ(–)သတ္တိမှ ရှိတာဖြင့်မဟုတ်ဘဲနဲ့ ... ကွယ်ရာကနေပဲ လက်သီးပုန်း ပြနေချင်တဲ့ဟာမ ထွီ ..."

ထူးဦးသည် ခုလောလောဆယ် အခြေအနေအရ ကိုယ်က ပန်းဝတ်မှုံဘက်ကလူလို ဖြစ်နေရသည်မို့ ကိုယ့်ဘက်သား တစ်ယောက်ရဲ့ ရုပ်ရည်ကလေးနဲ့မှမလိုက် ... ရိုင်းပျကြမ်းတမ်းလှသော အပြုအမူ အပြောအဆိုတို့မှာ မျက်နှာမပြရဲဝံ့အောင်ပင် ရှက်စွံ့မျက်နှာပူနေမိရရင်း ...

"ကဲ ... ကဲ ... မောင်းမှာဖြင့်မောင်း ... မြန်မြန်မောင်းစမ်းပါ ..."

ပန်းဝတ်မှုံက ကားကို ဆောင့်ပြီး မောင်းထွက်လိုက်သည်။ ထူးဦးမှာ မနေနိုင် မထိုင်နိုင်စွာပင် ကားထဲမှ ခေါင်းလည်ပြီး ခေါင်းဖြူတို့ဘက်သို့ လှည့်ကြည့်လိုက်မိသေးလေသည်။ ခေါင်းဖြူက ကိုကျော်ကြီးဆိုသူရဲ့ ပခုံးထက်မှာ ခေါင်းမှီစိုက်လျက်။ သေချာကြီး မမြင်ရပေမဲ့ ငိုကြွေးနေမည်ဆိုတာကတော့ သေချာပေါက်လောက်ပင် ...။

ဘယ်လိုဖြစ်ရပါလိမ့် ခေါင်းဖြူရယ် ... ကိုယ်တော့ ကြိုတင်မျှော်လင့်ဖူးဖို့ ဝေးလို့ သံသယစိတ် စိုးစဉ်းမျှတောင်မှ မဝင်မိခဲ့ပါဘူး ... ဆက်စပ်ပြီးတော့ကို မစဉ်းစားခဲ့တာဆိုရင်ပိုမှန်မည်။ ဘာလို့များပါလိမ့် ...။ ကိုမိုးစိုး ဆိုသူအတွက်ပဲလား ... ဒါမှမဟုတ်ရင် ဘာလို့လဲ ...။

"ဘယ်လိုဟာမလဲမသိဘူး ... ဘာအကြောင်းရှိသလဲ မသိဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝတ်မှုံ ကိုယ်တိုင်လည်း ဘာမှသိပုံမရ ...။

"ဒီနေ့ကိစ္စနဲ့ အရင်ကကိစ္စတွေနဲ့ ဆက်စပ်မှု ရှိချင်မှရှိမှာပါ"

"ရှိနိုင်တယ်"ဆိုတာကို ကိုယ်တိုင်သိသိကြီးနှင့် ထူးဦးက အခြေအနေကို ဝင်ဖော့ပစ်လိုက်သည်။

"ဘာလို့ မရှိရမှာလဲ ... ရှိလို့သာ ငြိမ်နေတာပေါ့ ... နို့မို့ဆိုရင် သူတို့က အုပ်နဲ့ပဲ ... ဒီလိုငြိမ်နေလိုက်ပါ့မလား။ ဘာလဲ ... တစ်ချက်လောက် မြင်လိုက်ရတာနဲ့ အကြင်မှာ မိုးတွေရွာဖြိုးစွေပြီး ကိုယ့်လူ့သူ့ဘက်သား ဖြစ်သွားပြီလား"

"ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့ကွာ ..."

"ဘာလို့ ပေါက်ကရကမှာလဲ ... နေဦး ... ခုမှသတိရတယ်၊ ကြည့်စမ်း ... ရှင်ကားပေါ်က ဆင်းလိုက်ပြီးတော့ သူ့နာမည်ကို လှမ်းခေါ်လိုက်တယ် မဟုတ်လား ..."

"ဟာ ... မဟုတ်တာ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... မလိမ်နဲ့ ... ပြောစမ်း ... သူ့နာမည်က ဘာတဲ့လဲ ... ရှင်နဲ့ ဘယ်တုန်းက သိကြတာလဲ ... ရှင်ဒီလိုပေါ်တင်လိမ်ပုံထောက်ရင် ... သေချာပြီ ပြောစမ်း ... ကိုယ့်လူ သူ့ဘက်သားလား ... သူ့လူက ကိုယ့်ဘက်သား လာလုပ်နေတာလား ..."

"ဟာ ... အဓိပ္ပာယ်မရှိတာကွာ ..."

"အေးပေါ့လေ ... သေသေချာချာကြီး လက်ဆုပ်လက်ကိုင်မပြနိုင်သေးသရွေ့တော့ ရှင်လိမ်ပေဦးပေါ့ ... ရတယ် ...



လိမ် ... လိမ် ... ဒါပေမဲ့ ရှင် လိမ်နေတဲ့သူဟာ တခြားလူတော့ မဟုတ်ဘူးနော် ... ပန်းဝတ်မှုံ ဖြစ်နေတယ် ..."

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

ထူးဦးက မပြောလက်စနှင့် ဆက်ကိုမပြောတော့ဘဲ ဒီအတိုင်းပဲ မသိချင်ယောင်ပဲ ဆက်ဆောင်နေလိုက်တော့သည်။ ချက်ဝန်းထဲမှာ ဒေါင်းဖြူရဲ့ မသိမသာ ရွံ့ကြောက်ကြောက် ... ချက်နှာပျက်ပျက် ... မရဲတရဲဟာန်ကလေးက ပျောက်ကိုမပျောက်။ အတော်ကြာကြာကြီးအထိ စွဲစွဲမြဲမြဲ မြင်ယောင်ထင်ဟပ်လျက်ရှိသသည်။

❀ ၉ ❀

ဒီနေ့ညဘက်မှာ ဖယ်ရီမောင်းသည့်သူ ခွင့်ယူထားသဖြင့် ဒေါင်းတို့ ဝန်ထမ်းအားလုံး ကိုယ့်အစီအစဉ်နှင့်ကိုယ် အိမ်ပြန်ကြရသည့်နေ့ ဖြစ်ပါသည်။ ကံခေသော ဒေါင်းမှာ ဤနေ့မျိုးမှာမှ မနက်နှင့် နေ့လယ်မှန့်လိုက်ပို့ပြီး စောစောစီးစီးအိမ်ပြန်နားရသည့်နေ့နှင့် ကွက်တိမကျ ...။ ညဘက်ခပ်နက်နက်အထိ ဆိုင်မှာဆက်ပြီး ကူပေးနေရမည့် အလှည့်နှင့်မှ တန်းတိုးလေသည်။

"နင် ငါနဲ့ ဂျူတီ(Duty)ချင်း လဲရင် လဲလေ"

ကိုကျော်ကြီးကတော့ ပြောရှာပါသည်။ သို့သော် သူ့အိမ်မှာ သူ့ကလေးနှစ်ယောက်စလုံး တုပ်ကွေးမိပြီး ဖျားနေကြတာ ဒေါင်းသိသည်။ သူ့မိန်းမခမျာ ညနေဘက် ဆေးခန်းသွားရ

www.burmeseclassic.com

www.burmeseclassic.com



ချိန်မျိုးမှာ ... ကလေးတွေအနားမှာ အဖေဖြစ်သူ ရှိနေသည့်အဖြစ်ကိုသာ ပိုတောင့်တရှာတော့မပေါ့ ...။ ဒေါင်းက နားလည်ပါသည်။

"နေပေ့စေ ကိုကျော်ကြီးရယ် ... ဒေါင်းအပြန်ကျရင် ကိုတင်စိုးတို့နဲ့ ဘတ်စ်စ်လိုင်းချင်း အတူတူပဲဟာ ... အဆင်ပြေပါလိမ့်မယ် ..."

"တင်စိုးက နှင့်ထက်အရင် ဆင်းသွားမှာလေ ... နင်တို့အိမ်က ကားဂိတ်ကနေပြီး လမ်းလျှောက်ရမှာလည်း အတော်ဝေးသေးတယ် ..."

"ကိစ္စမရှိပါဘူး ... ကားဂိတ်က ဆင်းလိုက်တာနဲ့ ကိုယ့်ရပ်ကွက်လို ဖြစ်သွားပြီပဲ ... ခါတိုင်းလည်း သွားလာနေကျပဲဟာ ..."

"ခါတိုင်းက ဒီလောက်ညနက်မယ်ဆိုရင် ဖယ်ရီရှိတယ် ... နင့်ဘာသာနင် ပြန်ရရင်လည်း ဒီလောက်ညမနက်ဖူးဘူး ... ခုတလောကတော့ ဟိုကိစ္စတွေလည်း ရှိနေသေးတဲ့ဟာ ..."

"အဲဒါက ဘာမှထပ်မဖြစ်ပါဘူး ... ကိုကျော်ကြီးမှာ ကလေးတွေက နေကောင်းတာလဲ မဟုတ်ဘဲနဲ့ ..."

နောက်ဆုံးတော့ ဟိုဘက်ဒီဘက် နှစ်ဖက်လုံး နောက်ဆံတငင်ငင်နှင့် ချီတုံချတုံ ဖြစ်နေသည့် ကိုကျော်ကြီးမှာ "အေးလေ ... ဒါဖြင့် တင်စိုးကို အိမ်အထိ ပြန်လိုက်ပို့ခိုင်းလိုက်မယ် ..."ဟု ဆိုကာ စိတ်မချ လက်မချနှင့်ပင် ကိုတင်စိုးကို ဒေါင်းတို့အိမ်အထိ လိုက်ပို့ပေးပြီးမှ သူ့အိမ်သူ ကားပြန်တက်စီးဖို့ အထပ်ထပ်ပင် သွားမှာနေလေသည်။



ကိုကျော်ကြီး ပူမယ်ဆိုရင်လည်း ပူစရာပါ ...။ ဒေါင်းက ကိုကျော်ကြီး တစ်ယောက်တည်းကို အစကနေအဆုံး ... အိပ်မက်တွေပါမကျန် ... ဇာတ်ကြောင်းပြန်လှန်ပြထားလိုက်ပြီးသားပြီ ...။ "အမေမသိပါစေနဲ့ ... ဘယ်သူမှလည်း မသိပါစေနဲ့"ဟု ကြိုပိတ်ထားလိုက်သဖြင့် တစ်ယောက်တည်း ကျိတ်ပူနေရှာသော ကိုကျော်ကြီးခမျာ ... "မိုက်လိုက်တာဟာ ... နင်တကယ်မိုက်ရူးနေပါလား ဒေါင်းရဲ့ ..." ဟူသော စကားကိုပဲ တဖျစ်တောက်တောက်နှင့် ဆိုကာ ...

"နင်ဘာမှ ထပ်မလုပ်တော့နဲ့ ကြားလား ... ဘာဆိုဘာမှ ထပ်မလုပ်တော့နဲ့ ... နင့်ဟာတွေက ဓားပို့ ... မြွေပို့ဆိုတော့ ဥပဒေနဲ့ ငြိနေပြီနဲ့တူတယ် ... ဟိုက ခုထိရဲတိုင်ပုံမရသေးလို့သာ တော်တော့တယ် ... နင့်အိပ်မက်တွေဆိုတာတွေကို ငါက ပစ်ပစ်ခါခါကြီး မယုံကြည်လို့ ပြောတာတော့မဟုတ်ဘူး ... ဒါပေမဲ့ အဖွဲ့အလမ်း မထားနဲ့ ... နင့် စိတ်ထဲမှာ မသန့်ရင် ဒီတစ်ခါ အိပ်မက်မက်တဲ့အခါကျတော့ ညီမလေး ဒုက္ခရောက်တော့မယ် ကိုဖိုးချို့ရယ် ... ပေါက်ကရတွေ လျှောက်မလုပ်ခိုင်းပါနဲ့တော့လို့သာ တောင်းပန်လိုက်၊ ကြားလား ... အိပ်မက်ထဲမှာ ပြောသွားတိုင်းတော့ လိုက်လုပ်မနေနဲ့တော့ ... လိုအပ်ရင် ငါပါ ဝိုင်းတောင်းပန်ပေးမယ် ...

အေး ... နင့်သာ ရပ်တန်းက ရပ်ခိုင်းရတာ ... နင်က ရပ်တာတောင်မှ ဟိုဘက်ကကော ပြီးပါ့မလား မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ... အဲဒါကြောင့် ဟိုတစ်ကောင်ဟာ ဆိုင်အထိလိုက်လာပြီး လာစုံစမ်းတာကိုး ... တော်သေးတယ် ... နင့်လိပ်စာကို မပေးလိုက်ဘဲ ငါ့လိပ်စာပဲ ပေးလိုက်မိတာ ... အေး ... အေး ... ငါစိတ်ချမယ်နော် ဒေါင်းဖြူ ... ထပ်ပြီးထင်ရာမစိုင်းချင်နဲ့တော့ ကြားလား ... နင်ကလည်း မော်တော်ဆိုင်ကယ်တစ်စီးနဲ့ မြို့ပတ်နေတာ ... ငါက နင့်နောက်တကောက်ကောက်လိုက်ပြီး စောင့်ရှောက်အုပ်ထိန်းနေနိုင်တာ မဟုတ်ဘူး ...”

ကိုကျော်ကြီး အဲဒီလိုပြောလိုက်တုန်းက ဒေါင်းမှာ “ကျွန်တော်က သူ့ရဲ့ကိုယ်ရံတော်ဘော်ဒီဂတ်မို့ သူနဲ့အမြဲပဲ တပူးပူးတတွဲတွဲ မြင်နေရတာပါ”ဟူသည့် လူတစ်ယောက်ကို ပြေးပြီး မြင်ယောင်လိုက်မိပါသေးသည်။ အင်း ... သူများတွေကျတော့လည်း ကုသိုလ်ကံချင်းက မတူ ...။ မဟုတ်တာတွေ အကုန်လျှောက်လုပ်ပြီးချိန်မှာ ဖြစ်ပေါ်လာမဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ကျတော့ ဘော်ဒီဂတ် ငှားထားလိုက်သတဲ့ ...။ ဟန်ကိုကျလို့ ...။

ထိုဘော်ဒီဂတ်၏ အုံသားတသင့် မျက်နှာထားကြီးကို ဒေါင်းဖြူက မေ့လို့ကို မရပါ ...။ သူ့ခမျာ လုံးဝမျှော်လင့်မထားဟန် ...။ ဂျစ်ကန်ကန်နှင့် ရီတီတီ ရွဲ့တဲ့တဲ့ နိုင်ချင်သောစိတ်အပြည့်ရှိပုံရသော ထိုလူတစ်ယောက်ဟာ အဲဒီတစ်နေ့ကတော့ တကယ့်ကို ရှော့(ခ်)ရသွားခဲ့တဲ့ ပုံပါပဲ ...။ သူ့ဟာမကလေးကို ရုတ်တရက် ဖျတ်ခနဲဆွဲခေါ်ချသွားပုံမှာ ... သူ့လူကို ... ကိုကျော်ကြီးတို့ရဲ့ရန်မှ ကာကွယ်စောင့်ရှောက်လိုက်သည်ထက် ဒေါင်းကို



ဘူ့ည်းထဲကျပ်ထဲမှ ကယ်လိုက်သည့် အဖြစ်သို့သာ ပိုမိုသက်ရောက်သွားခဲ့တာမို့ ... ခဏကြာရင် ငိုချမိတော့မှာဖြစ်တဲ့ ဒေါင်းက သူ့ကို ကျေးဇူးတင်လို့ကို မဝ ...။ တကယ်ပဲ ကျေးဇူးတင်ထိုက်ပါသည်။

ဒေါင်းဟာ ဘယ်မှာနေမှန်း ... ဘယ်သူမှန်း မသိရသည့် သူ့ကို ကျေးဇူးတင်ကြောင်းများ ပြောခွင့်ရမလားလို့ ... Book Cafe သို့ပင် သွား၍ ရှာမိပါသေးသည်။

“ဒေါင်း ... တင်စိုးကို ငါမှာခဲ့တယ်နော် ... နင်သူ့ကို ဘာမှအားနာနေစရာ မရှိဘူး ... ငါ့လိုပဲ သဘောထားလို့ရတယ်သိလား ...”

ကိုကျော်ကြီးက သူ့ဂျူတီချိန်အပြီးမှာ ဒေါင်းကိုဝင်ပြောခဲ့ပြီးမှ ပြန်သွားပါသည်။ ကိုတင်စိုးကလည်း သူ့အလုပ်မှ ခဏလေးအားလပ်ချိန်မှာ ဒေါင်းဆီ ရောက်လာပြီး ...

“ဒေါင်းဖြူ ... ကိုကျော်ကြီးက ကျွန်တော့်ကို မှာသွားတယ်နော် ... အားမနာနဲ့ ဟုတ်လား ... ဒေါင်းဖြူကို အိမ်အထိလိုက်ပို့ပြီးမှ ကျွန်တော် ကားပြန်စီးလိုက်မယ်”

“အလုပ်ပိုနေမလား ကိုတင်စိုးရယ် ... ကိုကျော်ကြီးက သူ့ဘာသာ အစိုးရိမ်လွန်နေတာပါ ...”

“ရတယ် ... ကျွန်တော်လည်း အိမ်မှာ ဘာအလုပ်မှမရှိပါဘူး ...”

“ဟို ... ဟိုဟာလေ ... ပြောမဲ့ဆိုမဲ့လူများ ရှိနေမလားလို့ ...”

ဒေါင်းဖြူကတော့ ကိုတင်စိုးကို ကျန်လူများက စိုင်းစနေတတ်ကြသည့် အင်မတန်ကို တိုထွာခန့်တိုတတ်သည်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော .... သူ့ရဲ့ ချစ်သူ့ရည်းစားအသစ်စက်စက် အစ်မကြီးတစ်ယောက်ကို ရည်ရွယ်ပြီးတော့ မေးမြန်းကြည့်လိုက်ခြင်းပါ။ သို့သော် ကိုတင်စိုးကတော့ တစ်မျိုးအဓိပ္ပာယ်ကောက်လွဲကာ ...

"ရပါတယ်ဗျ ... ဝန်ထမ်းအချင်းချင်းပဲဟာ တစ်ဦးကို တစ်ဦး စောင့်ရှောက်ရမှာ ဝတ္တရားပဲ ... မောင်နှမတွေပဲပေါ့ ... ဘယ်သူဘာပြောချင်လဲ ... ပြောချင်တဲ့လူအရှုံး"

ဒေါင်းလည်း ဘာမှမပြောချင်တော့ပါ ...။ သို့သော် ညဘက် ကိုးနာရီထိုးကာနီး ဒေါင်းတို့ ပထမအသုတ် ဂျူတီချိန်ပြီး၍ ဒေါင်းနှင့် ကိုတင်စိုးတို့ ဆိုင်ထဲမှ ထွက်လာကြသောအခါတွင်မတော့ ... အကြောင်းက တိုက်ဆိုင်ကာ ... ဒေါင်းရဲ့ကံကဆိုးလှစွာပင် ... ဆိုင်အပြင်ဘက်မှာ ကိုတင်စိုးရဲ့အစ်မကြီးက မိန့်မိန့်ကြီး ရပ်စောင့်နေပါတော့သည်။

"ဟင် ... မမ ... ဘယ်လိုရောက်နေတာလဲ ..."

"မြို့ထဲရောက်ရင်းနဲ့စိုးရယ် ... ဒီဘက်ပဲ ဝင်လိုက်ပြီး စိုးကိုပဲပြန်လိုက်ပို့ခိုင်းတော့မယ်လို့ ..."

ကိုတင်စိုးရဲ့ အကြည့်က ဒေါင်းဘက်သို့ ရောက်လာပါသည်။ ဒေါင်းမှာ အလိုက်တသိပင် ကိုယ်ကိုရို့ကာ နောက်ဆုတ်ရပ်လိုက်ရင်း ...

"ဒေါင်းက အရေးမကြီးဘူး ကိုတင်စိုး ... သွား သွား ..."

"ကိုကျော်ကြီးက ..."

"အို ... သူကမှ ဒီအခြေအနေကို မသိဘဲ ... ရတယ် ... ရတယ် ... သွားသာသွား"



ဒီတစ်ခါမှာတော့ ကိုတင်စိုး ခမျာလည်း "ဘယ်သူဘာပြောမလဲ ... ပြောတဲ့လူ အရှုံး"တွေ ဘာတွေ မကြွေးကြော်နိုင်တော့ပါ ...။ အလွန်တရာ သဝန်တိုစိတ်ကောက်တတ်သည်ဆိုသော သူ့မမနောက်သို့ ကုပ်ကုပ်ကလေးပင် လိုက်ပါသွားရရှင်းက ... ဒေါင်းနှင့် ဆိုင်ပြင်သို့ အတူတွဲထွက်လာမိသည့် အဖြစ်ကလေးကိုပင် ... မပြီးဆုံးနိုင်တော့လောက်အောင် တတွတ်တွတ် ရှင်းပြနေရပုံသာ ရလေတော့သည်။

ဒေါင်းမှာ သက်ပြင်းတစ်ချက်နှင့် ကားဂိတ်သို့ ခပ်သုတ်သုတ် လှမ်းရတော့သည်။ အမှန်ပြောရရင် ဒီလောက်ညနက်နက်မှာ တစ်ယောက်တည်း ဘတ်စ်ကားနှင့် ဒီလောက်ဝေးဝေးခရီးကို တစ်ခါမှ မသွားဖူးသဖြင့် ဒေါင်းခမျာ ဒီအဖြစ်ကို အတော်ကြီးပဲ ကြောက်ရွံ့လှပါသည်။ ကိုးနာရီထိုးခါနီးဆိုသည်မှာ ရန်ကုန်မြို့ကြီးရဲ့ မြို့ထဲပိုင်း၌တော့ စည်လို့ကောင်းတုန်း ... လင်းလင်းချင်းချင်းကြီးနှင့် ပျော်လို့ကောင်းတုန်း ...။ မိန်းကလေးငယ်ငယ်တစ်ယောက်တည်း ခပ်တည်တည်တံ့တံ့ သွားလာလျှင်လည်း တင့်တယ်လို့ကောင်းတုန်း အချိန်မျိုးပင် ဖြစ်ပါသည်။ သို့သော် ဒေါင်းတို့နေရပ်လို မြို့ပြင်အနည်းငယ်ကျသည့် အပိုင်း၌တော့ ဆိတ်ငြိမ်မည်းမှောင်စပြုပြီ ...။

ဒေါင်းသည် ကိုတင်စိုးနှင့် ခရီးတစ်ဝက်ကျော်အတူကားစီးရပြီး နောက်ထပ်ခရီးစဉ်ကို ဒေါင်းတစ်ယောက်တည်းပဲ ဆက်လက်ခရီးဆက်တာပေါ့ ... ဟု ကိုယ့်ဘာသာဆုံးဖြတ်ထားမိ စဉ်တုန်းကတော့ ဒီခရီးအတွက် ဒီလောက်မလန့်လှ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်တစ်လျှောက်လုံးကို ကိုတင်စိုးက လိုက်ပါစောင့်ရှောက်ကူညီပါမည်ဟု ပြောပြီးကာမှ ပြန်ပျက်သွားချိန်မှာတော့ ... ဒေါင်းရဲ့ ခရီးစဉ်အတွက် ပူပန်စိုးထိတ်မှုက ရုတ်တရက်ဝင်ရောက်လာကာ ကြောက်ရွံ့မိပြီ ...။

ဒေါင်းဆင်းရမည့် မှတ်တိုင်ဟာ ဒေါင်းရဲ့အိမ်နဲ့ အတော်ကြီးဝေးနေသေးသည်လေ ...။ ကိုယ့်ရပ်ကွက်၊ ကိုယ့်နယ်မြေဆိုပေမဲ့ တစ်ခါတစ်ရံကျတော့ ဒေါင်းလို လှတပတ မိန်းမပျိုလေး တစ်ယောက်အတွက် ... အမူးသမားတို့ ... ဂျပိုးဝေါလေတို့ ...မရရင်စရုံစပြီး ရရင်လုနိုင်သည့် အချောင်သမားတို့ရဲ့ အန္တရာယ်က ကြုံဖန်ပြီး ရှိလာနိုင်သေးတာ မဟုတ်လား ...။

ဒေါင်းက သူဌေးကတော်ကိုပြောပြီး ဆိုင်မှာပဲ အိပ်လိုက်ရကောင်းနိုး ... မြို့ထဲက သူငယ်ချင်းတစ်ယောက်ယောက်ရဲ့အိမ်မှာပဲ ဝင်အိပ်ရကောင်းနိုး စဉ်းစားလိုက်မိသေးသည်။ သို့သော်ဒါလည်း မဖြစ်နိုင်ပါ ...။ အမေ စိတ်ပူမည်။ လှမ်းအကြောင်းကြားရအောင်ကလည်း ဒေါင်းရဲ့အိမ်မှာ ဖုန်းကရှိမနေသည့်အပြင် ဖုန်းရှိသည့်အိမ်ကလည်း ကိုယ့်အိမ်နဲ့ အတော်ကြီး အလှမ်းဝေးပြီး သိပ်ကြီးမဆက်ဆံဘူးလေရာ ... ဒီအချိန်ကြီးကျကာမှ သွားပြောပေးဖို့အတွက် အကူအညီတောင်းဖို့ရာ မဖြစ်နိုင်လှတော့ပေ ...။

အေးလေ ... မတတ်နိုင်ပါဘူး ... ကံကြမ္မာက ဒီလိုပဲပေးလာပြီ ...။ ဒေါင်း ဘယ်လိုပြန်မလဲ ...ဟု တစ်စက်မှ ခေါင်းထဲရှိတော့ပုံမရသည့် ကိုတင်စိုးကိုလည်း အပြစ်တင်မနေချင်တော့ပါ ...။ သူ့မှာ သူ့ကိစ္စသူတောင် မနည်းကြီး ပြေလည်အောင်



ပြန်လုပ်ယူနေရဦးတော့မဲ့ ပုံကြီးနဲ့ပဲဟာ ...။ ဒေါင်းက ကိုယ့်ဘာသာကိုယ် အတင်းကြီး ရဲတင်းပစ်လိုက်ကာ ... ရပ်လာသည့် ဘတ်စ်တစ်စီးပေါ်သို့ တက်ပစ်လိုက်ပါတော့သည်။

အင်း ... ဒေါင်းပဲ ကိုယ့်ဘာသာကြောက်ရွံ့စိတ်မလုံဖြစ်ကာ ထင်ရာတွေ တွေးနေမိလို့လားတော့မသိ ...။ ဒီအချိန်ထိ တိုင်အောင်ပင် မချောင်လှ ... မကျပ်လှရှိနေသေးသော ဘတ်စ်ကားအတွင်းမှာ ဒေါင်းနှင့် လူနှစ်ယောက်တို့ဟာ မျက်လုံးချင်း ဆိုင်မိကြတာ သုံးလေးခါခန့်ရှိပြီ ...။ ထိုလူနှစ်ယောက်ဟာ သူတို့ချင်းတော့ တွဲဘက်အသိတွေ ဖြစ်ပုံရကာ ဒေါင်းဆီမှ တကြည့်ကြည့်နှင့် ဒေါင်းရဲ့အကြောင်းကိုပဲများ တတွတ်တွတ် ခေါင်းချင်းဆိုင်ပြီး ပြောလာကြရောသလား ...။ ဒေါင်းစိတ်ထင် အဲဒီနှစ်ယောက်ဟာ ဆိုင်ကစထွက်လာကတည်းကများ ပါလာကြသလားပင်။

လူပုံစံတွေကတော့ ကြောက်စရာကြီးတွေ မဟုတ်ပေမဲ့ ... တည်တည်တံ့တံ့ အထက်တန်းကျကျ ပုံစံတွေတော့လည်း မဟုတ်ပြန်ပါ ...။ ဒေါင်းနှင့် အသက်အရွယ် မတိမ်းမယိမ်း ဒီလူနှစ်ယောက်ဟာ ဘာပဲဖြစ်ဖြစ် ယောက်ျားတွေတော့ ဖြစ်နေကြတာမို့ ဒေါင်းထင်သလို ... ဒေါင်းအကြောင်းပြော ... ဒေါင်းကို စိတ်ဝင်စားကာ ဒေါင်းနောက်လိုက်လာတာပါဆိုရင် ဒေါင်းမှာ သေချာပေါက် ဒုက္ခရောက်ကိန်းရှိနေလေပြီ။

ဒေါင်းက မသိမသာနှင့် ဘတ်စ်ကားနောက်ဘက်က အပေါက်နေရာနားသို့ တိုးကပ်ထားလိုက်သည်။ ဟန်ပုံမပေါ်ရင် ဆင်းသင့်ဆင်းကျန်နေရစ်ကာ နောက်ကားပြောင်းစီးသင့် စီးရ

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဒေါင်းက နောက်ဘက်အပေါက်နားသို့ တိုးကပ်သွားသောအခါ ထိုလူနှစ်ယောက်သည် အချင်းချင်း လက်တို့အချက်ပေးလိုက်ကြကာ သူတို့နှင့် ပိုနီးနေသော ရှေ့ဘက်အပေါက်ဆီသို့ လှမ်းသွားလိုက်ကြတာကို ဒေါင်းကရှင်းရှင်းလင်းလင်းကြီးပင် မြင်လိုက်ရပါသည်။

ဘုရားရေ ... သေချာပြီ ...။ ဒေါင်းဆင်းလိုက်တာနဲ့ သူတို့ကပါ လိုက်ဆင်းချလိုက်ကြမည့် အဲဘောပေါ့။ ဒေါင်းမှာ ရုတ်တရက် ကြောက်စိတ်တွေ တစ်ကိုယ်လုံး ပျံ့နှံ့ကာ ငိုချလိုက်ချင်သလိုလိုကြီး ဖြစ်သွားရပါသည်။ ဘတ်စ်ကားပေါ်မှာတော့ လူတွေအများကြီးပင် ...။ ဒါပေမဲ့ အခြေအမြစ်မရှိ ဘယ်လိုလုပ် အကူအညီတောင်းလို့ ရမလဲ ...။ ဘာကို လက်ဆုပ်လက်ကိုင်ပြပြီး စွပ်စွဲရမလဲ ...။ မဖြစ်နိုင်ပါ။

ဒီနေရာမှာ ကိုယ့်အိမ်ကကားကလေးနဲ့ကိုယ် ဆိုရင်တော့ ... ဘယ်လိုအချိန်မျိုးပဲဖြစ်ဖြစ် ... ကားမပျက်ရင် ... အုန်နှောင့်အယှက် တစ်ခုခုနှင့် မကြုံလျှင် ထိုမိန်းကလေးဟာ အမြဲတမ်း အေးအေးချမ်းချမ်းနှင့် ဘေးကင်းလုံခြုံနေမှာအမှန်ပင် ...။ ဒေါင်းတို့မှာတော့ အဲဒီလို အန္တရာယ်ကင်းစေသည့် အဆောင်အယောင်မျိုးကိုလည်း မပိုင်ဆိုင်နိုင်တဲ့ဘဝဆိုတော့ ...။

ဒေါင်းက ပို့ပိုလို့တိုးကာ ငိုချင်လာပါသည်။ အားကိုးရလောက်သည့် အဖေတို့ အစ်ကိုတို့သာ ရှိသေးရင်တော့လည်း ဒီလိုညမျိုးမှာ အဖေနှင့်အစ်ကိုဟာ တစ်ဦးတည်းပဲဖြစ်ဖြစ် ... နှစ်ယောက်လုံး ခြံရုံလို့ပဲဖြစ်ဖြစ် ... ဒေါင်းကိုလာကြိုကြမှာပေါ့။



ဆိုင်အထိလိုက်မကြိုနိုင်ခဲ့ရင်တောင်မှ ကားဂိတ်မှာလာစောင့်နေကြမှာ အသေအချာမှင် ...။ ခုလည်းပဲ အမေသာကားဂိတ်မှာ ရှိနေရင် ဘယ်လောက်ကောင်းထားလိုက်မလဲ ...။

အသက်ကြီးပြီဖြစ်သည့် အမေ့ကို ပင်ပန်းစေချင်တာတော့ မဟုတ်ပါ ...။ ဒေါင်း ကြောက်လွန်းလို့ပါ အမေရယ် ...။ အမေလည်းပဲ တစ်ယောက်တည်းတော့ ထွက်လာရဲမှာမဟုတ် ...။ အိမ်နီးနားချင်း တစ်ယောက်ယောက် ... ဒါမှမဟုတ် ဝမ်းကွဲဆွေမျိုး တစ်ယောက်ယောက်နဲ့များ ထွက်လာလို့ရရင် ကောင်းမှာပဲ ...။ ဒေါင်း ကြောက်လိုက်တာ ...။ ဒီလူနှစ်ယောက်ဟာ ဒေါင်းဆင်းမဲ့ ကားဂိတ်မှာ လိုက်ဆင်းမဲ့ ပုံတွေပါပဲ။

ဒါဖြင့်ရင် ကိုယ့်ဂိတ်မှာ မဆင်းဘဲ ဂိတ်ဆုံးအထိ ဆက်လိုက်သွားရင်ကော ...။ အမယ်လေး ... ကိုယ့်နယ်မြေလည်း မဟုတ် ... စပယ်ယာ ... ဒရိုင်ဘာနှင့် ဂိတ်ဆုံးမှာ ရှိနေကြမည့် လူတွေအားလုံးဟာလည်း သူစိမ်းတွေချည်း ...။ ကိုယ့်အိမ်ကိုယ်ယာနှင့်လည်း အဝေးကြီး ...။ ကျားကြောက်လို့ ရှင်ကြီးကိုးကာမှ ရှင်ကြီး ကျားထက်ဆိုးနေမှ ဘယ်လိုလုပ်လုပ်မလဲ ...။

နောက်ဆုံးတော့ ကိုယ့်ဂိတ်ကို ရောက်သည်နှင့် ဒေါင်းက ချော်လဲမတတ် ခုန်ဆင်းပစ်လိုက်ကာ ကားဂိတ်နှင့် အနီးဆုံး ကွမ်းယာဆိုင်တစ်ဆိုင်သို့ ပြေးကပ်လိုက်သည်။

"ဘာလိုချင်လဲ ..."

"ကျွန်မ ကိုဖိုးရှို့ ညီမပါ ... သိလားမသိဘူး ... ဒီဆိုင်မှာ ကွမ်းယာဝင်စားဖူးတဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အော် ... အော် ... ဟိုတလောက ဆုံးသွားတဲ့ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ကျွန်မက သူ့ညီမပါ"

"အော် ... အင်း ... ဟုတ်ပြီ ... ဘာဝယ်မှာလဲ ..."

ဒေါင်းမှာ အတော်ပင် စိတ်ပျက်သွားမိပြီးမှ ယောင်ယောင်မှားမှားနှင့်ပင် ... "မီးခြစ်တစ်လုံး" ဟု ပြောလိုက်မိပါသည်။ အေးလေ ... သူ့ခမျာလည်း ကိုယ်ဒုက္ခရောက်လာသည် ဆိုတာကိုမှ ကြိုမှမသိနိုင်တာ ... ဈေးသည်ပီပီ ... ဈေးရောင်းဖို့ တစ်ခုကိုပဲ သူ့ခေါင်းထဲမှာ ရှိတော့မှာပေါ့ ...။ ဒေါင်းက ကားပေါ်မှ လိုက်ဆင်းလာကြပြီး မလှမ်းမကမ်းက ဓာတ်တိုင်တစ်ခုနားမှာ ရစ်ဝဲဝဲ ရပ်နေကြသော လူနှစ်ယောက်ကိုကြည့်ကာ ... ကွမ်းယာဆိုင်မှ လူကြီးထံ လှမ်းအကူအညီတောင်းရင် ကောင်းမလား ... မကောင်းဘူးလား ... ဆိုတာကို အကဲခတ်မရ ... ဝေခွဲမရ ချီတုံချတုံ ဖြစ်နေပါသည်။

ဒေါင်းထံသို့ ဂက်စ်မီးခြစ်တစ်လုံးကိုလှမ်းပေး ... ဒေါင်းဆီမှ ပိုက်ဆံကိုလှမ်းယူပြီးသည်နှင့် ပြန်လည်အိပ်ငိုက်သွားတော့သော လူကြီးသည် တစ်ချက် တစ်ချက်မှာတော့ အရောင်းအဝယ်ကိစ္စ ပြီးပြတ်သွားပြီးတာတောင် ဆက်ထွက်မသွားသေးသည့် ဒေါင်းကို မသင်္ကာသလိုလို လှမ်းကြည့်နေသေးလေသည်။ နည်းနည်းလေးကြာလာတော့ ဟိုဘက်လမ်းတစ်ဖက်က ဓာတ်တိုင်အောက်ကိုလည်း အကြည့်ရောက်သွားမိပြီးဟန်နှင့် သူ့ရဲ့မသင်္ကာပုံတို့က အထင်သေးလိုပုံမျိုးတွေပါ ရောစပ်ပါဝင်လာလေတော့သည်။



အင်း ... ဒေါင်းကတော့ "ကိုဖိုးချို့ရဲ့ညီမပါ" လို့ ပြောထားမိပြီးကာမှ သွားလေသူကိုပါ လိုက်ပြီး သိက္ခာချမိသလို ဖြစ်နေတော့မယ်ထင်တယ် ...။ ကွမ်းယာဆိုင်မှ လူကြီးဟာ ဒေါင်းကို သူ့ဆိုင်နဲ့ အကာအကွယ် အချိတ်အဆက်ယူပြီး မဟုတ်တာလုပ်စားတော့မဲ့ မိန်းမတစ်ယောက်ဟု တဖြည်းဖြည်း ထင်ကိုထင်လာတော့ပုံပါပင် ...။ ဒေါင်းက ဝဲတက်လာသည့် မျက်ရည်ကို နှုတ်ခမ်းနာနာကိုက်ရင်း ထိန်းသိမ်းလိုက်ကာ ထိုလူကြီးကို အကူအညီတောင်းကြည့်ဖို့ကိုလည်း စဉ်းစားမနေတော့ဘဲ ရုတ်တရက် သုတ်ခနဲ ထွက်ပြေးခဲ့လေသည်။

ရှေ့နားမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသေးတယ်။ ထိုဆိုင်မှာ ဒေါင်းတို့လမ်းထဲက ကောင်လေးတွေ ညနက်သန်းခေါင်ထိ ထိုင်တတ်ကြတာကို ဖယ်ရီကားပေါ်ကနေ ဒေါင်းက အမြဲတွေ့နေကျလေ ...။ လမ်းထဲမှ ကောင်လေးများဟာ သူတို့ကိုယ်တိုင်ကိုယ်ကျတွေက ဒေါင်းကို စနောက်ဖို့အတွက် အာသီသရှိတတ်ကြသည် ဖြစ်ပေမဲ့ ... ခုလို တစ်ရပ်တစ်ကျေးက မဟုတ်တရုတ်ဂျပိုးဆန်ဆန် လူများရဲ့ လိုက်လံနှောင့်ယှက်မှုကိုတော့ လက်ပိုက်ကြည့်နေကြမည် မထင် ...။ "ကိုယ့်ရပ်ကွက်ထဲက မိန်းကလေးကိုထိရင် ... ဓားကြည့် ..." ဆိုသလို ဖြစ်ကြမည့် သူတွေချည်း ...။

ဟုတ်ပြီ ...။ ကွမ်းယာဆိုင်ကနေ လက်ဖက်ရည်ဆိုင်အထိ အတော်ကလေး လှမ်းသေးပေမဲ့ ဟိုလူနှစ်ယောက် လိုက်နှောင့်ယှက်ခွင့် မသာအောင် လက်လွတ်ထွက်ပြေးနိုင်မယ် ဆိုရင်တော့ ဒီအန္တရာယ်က ကောင်းကောင်းလွတ်နိုင်ပြီ ...။ ပြေးပြေး ... နောက်လှည့်မကြည့်နဲ့ ပြေးသာပြေး ...။ လိုအပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကပါ အရှက်အကြောက်မရှိ အကျယ်ကြီး အော်ပစ်လိုက်ဖို့လည်း မေ့မနေစေနဲ့ပေါ့ ...။

ဒေါင်းသည် ကျောပိုးအိတ်ကိုင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အားကုန်ပြေးနေရင်းကပင် နောက်ဘက်မှတဖုတ်ဖုတ် ကပ်ပါလာသော ခြေသံများက ကိုယ်နှင့် နီးသထက်နီးလာကြောင်းကို သတိပြုမိလာပါသည်။ ဒီနေ့မှ လူအသွားအလာကလည်း တစ်ယောက်မှမရှိ ...။ လမ်းနံဘေးမှ အိမ်တချို့ကလည်း မီးများပင် အသေပိတ်ကာ တိတ်ဆိတ်မှောင်မည်းလှချေသည်။ ခါတိုင်းများ ဒေါင်းရဲ့ဖယ်ရီပေါ်ကနေ လှမ်းမြင်မြင်လိုက်ရသော တစ်ယောက်စ နှစ်ယောက်စ မိန်းကလေးတို့ဟာ ဒီလမ်းကို ဘယ်လိုများ ရဲရဲ့စွာ ဖြတ်သန်းသွားလာနေကြပါလိမ့် ...။

ထိုအခိုက်မှာပင် နောက်ဘက်မှ လူနှစ်ယောက်သည် ဒေါင်းရဲ့ ဘေးတစ်ဖက်တစ်ချက် ဘယ်ညာသို့ လျှင်မြန်စွာပင် ရောက်ရှိလာကြကာ ... မိန်းမခြေလှမ်းပြေးအားနှင့် ယောကျ်ားပြေးအားတို့ ဘယ်လိုမှ မယှဉ်သာနိုင်ကြောင်း ဒေါင်းက ကောင်းကောင်းကြီး သဘောပေါက်လိုက်ချိန်မှာ သူတို့နှစ်ယောက်ဟာ ဒေါင်းကို နှစ်ယောက်ပူးပြီး ခြံရံညှပ်ထားလိုက်ကြပြီးလေ ပြီ ...။

အား ...။ အရေးကြုံတော့ အကျယ်ကြီး အော်ပစ်မည်ဟု အားတင်းထားသော အသံက တစ်စက်မှ ထွက်မလာပါ။ ဝေးသေးပေမဲ့ လှမ်းတော့မြင် မြင်နိုင်နေပြီဖြစ်သည့် လက်ဖက်ရည်ဆိုင်ဆီသို့ပဲ အားကိုးတကြီး လှမ်းမျှော်ကြည့်လိုက်မိရင်း ... ဒေါင်းမှာ ဖြစ်ညှစ်တိုးတိမ်စွာ ထွက်လာရသည့် အသံလေးနှင့် ...

"ရှင် ... ရှင်တို့ ဘာလုပ်ကြမလို့လဲ"



"ဒီလိုတော့လည်း သိပ်ကြောက်တတ်တဲ့ ပုံကလေးပါလား ကွ ... ဟေ ... ဟေ့ကောင် ... ဘယ်လိုလဲ ... ကိုယ်ကိုယ်တိုင်မှ သတ္တိမရှိဘဲနဲ့ သူများတကာကို ဖြဲခြောက်ချင်တဲ့ လူမျိုးလည်း ရှိသေးသလား ..."

"ရှိလို့လည်း မင်းရှေ့မှာ တွေ့နေရတာပဲလေ ..."

ဒေါင်းမှာ တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ မျက်ရည်တွေသာ ဘတွေတွေ ကျလာရတာကို ထိုလူနှစ်ယောက်က မြိန်ရည်ယှက်ရေ ဆွေပင် စိုက်ကြည့်နေကြပြီးတဲ့ သကာလ ... ရုတ်တရက် နှစ်ယောက်စလုံး တစ်ပြိုင်နက် တိုင်ပင်ထားကြသလိုပင် ... ဘယ်ကဘယ်လို ဆွတ်ယူလိုက်ကြမှန်း မသိသည့် အော်တိုမက်တစ်ခလုတ်နှင့်မောင်းချများနှစ်လက်က ဒေါင်းရဲ့မျက်နှာရှေ့သို့ တဖြောင်းဖြောင်းနှင့် ပွင့်ဟလာကြပြီး ...

"ကြောက်တတ်ရင် ငြိမ်ငြိမ်နေ ... ပေါက်ကရတွေလျှောက်လျှောက်လုပ်မနေနဲ့ ... ကြားလား ..."

"ပြောထားရက်နဲ့မှ မရရင်တော့ ဒီမှာတွေ့လား ..."

တကယ်လုပ်မဲ့ ပုံစံတွေဆိုတာ ဒေါင်း သိသည်။ သူတို့ဟာ ဒေါင်းဆီက ပိုက်ဆံငွေကြေးကို လုလိုတာလည်းမဟုတ်။ "အရှက်"ကိုလည်း အန္တရာယ်ပေးလိုပုံမရ ...။ သို့သော် ... "အသက်"အတွက်ကတော့ အာမမခံနိုင်သည့် လူစားများပင်တည်း။ ခုနေတစ်ယောက်တစ်ချက်စီ ဓားနဲ့ထိုးချသွားရင်တောင် ဘယ်သူမှ သိလိုက်မှာမဟုတ် ... အော်ချိန်တောင် ရှိလိုက်မှာမဟုတ်ပါ။ ဒါပေမဲ့ သူတို့ဟာ အဲဒီလောက်ကြီးအထိတော့ ဒီတစ်ကြိမ်တည်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရည်ရွယ်ထားကြပုံမရှိ ...။ ခြိမ်းခြောက်သတိပေးစကားကို ဆိုချင်ရုံသက်သက်တွေသာပင် ...။

"မင်းက ဘာမှမဟုတ်ဘူး ... မင်းသွားထိမိတဲ့သူကတော့ အရုပ်မဟုတ်ဘူး ... ရွှံ့မဟုတ်ဘူး ... နားလည်လား ... အသက်ပျောက်သွားလိမ့်မယ်ဆိုတာ မြဲမြဲမှတ်ထား ..."

တစ်ယောက်က ဓားကို ဖြောင်းခနဲ ပြန်ခေါက်သိမ်းလိုက်ချိန်မှာ ... နောက်တစ်ယောက်က ဒေါင်းရဲ့ကျောပိုးအိတ်ကို ဓားနှင့် ရှဲခနဲ ခွဲချပစ်လိုက်သည်။ ဒေါင်းထံမှ တိုးတိမ်လှသော အသံကလေးတစ်ချက် "အ"ခနဲ ထွက်ပေါ်လာချိန်မှာ ထိုလူနှစ်ယောက်စလုံးဟာ လေ၏လျှင်မြန်ခြင်းတို့နှင့်အတူ ဒေါင်းရဲ့အပါးမှ ဖျတ်ခနဲပင် ကွယ်ပျောက်သွားကြလေတော့သည်။

ဒေါင်းမှာ ကျောပိုးအိတ် အစုတ်ပြဲကြီးတစ်ခုနှင့် နေရာတင် မလှုပ်မယှက်ကြီး ကျန်ရစ်သည်။ ကြောက်စိတ်နှင့် ခုန်ပေါက်လှုပ်ရှားရလွန်းလို့ ဒေါင်းရဲ့ နှလုံးသားတစ်ခုဟာ အပြင်ဘက်အထိ ပေါက်ကွဲထွက်ကျလာတော့မလားပင် ထင်ရပါသည်။

အမေရေ ... အစ်ကိုရေ ... ဒေါင်း ကြောက်လိုက်တာ ...။

ဒေါင်းတစ်ယောက် ... ကိုယ်တွေ့ခြစ်ခြစ်တောက်ပုံအများတွေကြီးပြီး ကယောင်ကတမ်းတွေ ပြောဆိုကာ သတိလစ်လျက်ရှိသည်မှာ နှစ်ရက်ကျော် သုံးရက် နီးပါးလောက်ပင် ဖြစ်လေသည်။

❀ ❀ ❀



## အခန်း(၄)

"ရှင်တို့ကို ကျွန်မ ကြောက်ပါတယ် ... ကျွန်မ ဘာမှဆက်မလုပ်တော့ပါဘူး ... ကတိပေးပါတယ် ... ကျွန်မကိုလည်း လာမပတ်သက်ကြပါနဲ့ ... တောင်းပန်ပါတယ် ... ကြောက်လွန်းလို့ပါ ..."

ထူးဦးက ဒေါင်းဖြူရဲ့ ပုံစံလေးကို သနားကရုဏာသက်ရခြင်းများစွာနှင့် ဘာပြောရမှန်းမသိပင် ဖြစ်သွားရလေသည်။ ဒေါင်းဖြူကလေး ... သနားစရာ ကောင်းလိုက်တာ။ တကယ်ပဲ ကြောက်လန့်တကြား ဖြစ်နေဟန်ကလေးက "သရဲကို ကြောက်လိုက်တာ ... အင့် ဟင့် ဟင့်"ဟူသည့်ပုံနှင့်တော့ အကွာကြီးကွာနေတော့ကာ ထူးဦးရဲ့ ရင်ထဲတစ်နေရာရာကိုပါ လာရောက်ထိမှန်နာကျင်စေနေတော့သည်။

"မဟုတ်သေးဘူး ဒေါင်းဖြူ ... ဘာလို့ဒီလောက် ကြောက်နေရတာလဲ ... ကျွန်တော်က ဒေါင်းဖြူကို ဘာများလုပ်သေး

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ ... ကျွန်တော်ခုလို အိမ်ရောက်လာတာကို မကြိုက်လို့လား ... ကျွန်တော်က ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို လက်မခံနိုင်လို့ပါ ... ကျွန်တော် လိုက်ကာကွယ်ပေးနေရတဲ့ ပြဿနာတွေရဲ့ တရားခံဟာ ဒေါင်းဖြူ ဖြစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့ဘူး မဟုတ်လား ...

ကြားခံအကြောင်းအရာ တစ်ခုခု ရှိနိုင်မှာမရှိဘဲနဲ့တော့ ဒေါင်းဖြူလို မိန်းကလေးက ဒါတွေကို လုပ်ဖြစ်နေမယ်မထင်ပါဘူး ... အဲဒါဘာအကြောင်းလဲ ... ခင်ဗျားတို့ နှစ်ယောက်ကြားမှာ ကျွန်တော် ဝင်ဖြေရှင်းပေးလို့ရမလား ...ဒါတွေအတွက် ကျွန်တော် ရောက်လာရတာပါ"

"အဲဒီကိစ္စအတွက် ရှင်လာစရာ မလိုတော့ပါဘူး ... ကျွန်မဘာမှဆက်မလုပ်တော့ပါဘူးလို့ ရှင့်ကိုကတိပေးပြီးပြီပဲ ... ဒီပြဿနာတွေ ဖြစ်လာအောင် ... ဟိုး အစပထမတည်းက စတင်ခဲ့သူဟာ ကျွန်မ မဟုတ်ဘူး ... တကယ်လို့ ကျွန်မဘက်က စတယ်ဆိုရင်တောင် ပြန်ခံလိုက်ရတာက မမျှပါဘူး ... ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာမဟုတ်ဘူး ... ကျွန်မလွန်ရင် လွန်ခဲ့လိမ့်မယ် ... ဒါပေမဲ့ ဒီလောက်ကြီးအထိတော့ မလွန်ဘူး ..."

"ဒေါင်းဖြူ ဘာကိုပြောတာလဲ ... ဟိုတစ်နေ့က ဒေါင်းဖြူနောက်ကနေ ကားနဲ့လိုက်တိုက်သလို ဖြစ်တဲ့ကိစ္စ ..."

"အိုး ...အဲဒါကို ကျွန်မ ဒီလောက်မကြောက်ဘူး ... အသက်အန္တရာယ် ရှိနိုင်တာနဲ့ ကြောက်ကို ကြောက်ရတာ



ဟာ တခြားစီပဲ ... ကျွန်မသိပြီ ... ဝင်္ဂလည်တာဆိုလည်း ဝင်္ဂကြွေးဟာ ဒီမှာတင် ရပ်ကြပါတော့ ... တောင်းပန်ပါတယ်"

"ဒေါင်းဖြူ ဘာတွေ ပြောနေတာလဲ ..."

"ရှင် ဘာလို့ မသိချင်ယောင် ဆောင်နေရတာလဲ ..."

ထူးဦးက အနားတော့ ရောက်မလာဘဲ မလှမ်းမကမ်းဘက်ကနေ အကဲခတ်နေသည့် အဒေါ်ကြီးတစ်ဦးနှင့် အစ်မကြီးနှစ်ယောက်တို့ကို မသိမသာ မျက်စိဝေ့ပြီး ကြည့်လိုက်မိသည်။

"ဘာကို ပြောတာလဲ ... ကျွန်တော် ဘာမှ မသိဘူး ..."

"ဟိုတစ်နေ့က ညကြီးမင်းကြီး အလုပ်ကအပြန် ကျွန်မနောက်ကို ကားနဲ့ လူနှစ်ယောက်လိုက်တဲ့ ကိစ္စလေ ..."

ထူးဦးရဲ့ မျက်နှာမှာ နီရဲပြီး ပျက်ယွင်းသွားရ ...

"ကျွန်တော် ဘာမှမသိဘူး ... ဒါ ကျွန်တော်နဲ့ မဆိုင်ပါဘူး ..."

"ကျွန်မရဲ့ ကျောပိုးအိတ်ကိုလည်းခွဲသွားတယ် ... ပန်းဝတ်မှုံကို မထိနဲ့ ... မစနဲ့ဆိုတဲ့ သဘောလည်း ပြောသွားတယ် ..."

"ခင် ... ခင်ဗျားမှာ တခြားဘာအန္တရာယ်များ ..."

"လူနှစ်ယောက် ညှပ်ပိတ်ပြီး ဓားပြပြီး ခြိမ်းခြောက်သွားရုံလောက်ပါပဲ ... ဒါလေးများလို့ ရှင်က ပြောချင်သေးလို့လား ..."

"မပြောပါဘူး ... ဒါအတော်ကြီးဆိုးတဲ့ ကိစ္စပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ လက်ချက်မဟုတ်ဘူးလို့ရော ငြင်းဦးမလို့လား"

"မငြင်းပါဘူး ... ဒါပေမဲ့ ရှင်တို့တော့ မဟုတ်ပါဘူး ကျွန်တော်မပါဘူး ... ဘာမှတောင် မသိဘူး ... ဒါပေမဲ့ သေချာပါတယ် ... ဒါဟာ ပန်းဝတ်မှုံရဲ့ လက်ချက်ပါပဲ သေချာပေါက်ပဲ ... ဘာမှ ငြင်းစရာ အကြောင်း မရှိပါဘူး"

နှစ်ယောက်စလုံး ခေတ္တမျှ ငြိမ်သက်တိတ်ဆိတ်သွားကြပါသည်။ ထူးဦးမှာ နီရဲတင်းထန်နေသော မျက်နှာနှင့် တောက်တစ်ချက်ကို ခေါက်လိုက်ပြီးလျှင် ...

"စိတ်ချပါ ... နောက်ဒါမျိုး ထပ်မဖြစ်စေရဘူး ခေါင်းဖြူ"

အဝေးတစ်နေရာကနေ အကဲခတ်နေသော အဒေါ်ကြီးက ထူးဦးရဲ့ စကားကြောင့် ခပ်တည်တည်လေသံနှင့် ဝင်ပြီး ...

"နားချပေးပါဦး မောင်ရင်ရယ် ... ဒါ မင်းမဲ့တိုင်းပြည်လည်း မဟုတ်ပါဘူး ... မင်း သူငယ်ချင်းမ,ကတော့ သိပ်ကြောက်နေတော့တာပဲ ... အိမ်ထဲက အိမ်ပြင်မထွက်တော့တာလည်း တစ်ပတ်လောက် ရှိပါပြီ ..."

ထူးဦးကို အားကိုးတိုင်ပင်သလိုလိုနှင့် သတိပေးလိုက်ခြင်းပဲ ဖြစ်ပါသည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ် ... ကျွန်တော်လည်း ဒီအဖြစ်တွေကို မသိလို့ပါ ... သိရင် အစောကြီးတည်းက ရောက်အောင်လာပါတယ် ... အိမ်လိပ်စာကိုလည်း မသိလို့ အတော်ကြီးစုံစမ်းယူရသေးတာပါ ..."



ခေါင်းဖြူက သူ့အမေဖြစ်သူ မကြားသာအောင် ခပ်တိုးတိုးနှင့် ...

"တရားဥပဒေက နောက် ... ကိုယ်အရင်ခံလိုက်ရတာက အရင်ပဲဟာ ..."

"သူ့အစ်ကိုမောင်ဖိုးချို မရှိတော့ကတည်းက သူပဲ ဒေါ်ဒေါ်ကို ပြုစုစောင့်ရှောက်ရင်း ... သူပဲသား ... သူပဲသမီး ... အင်မတန်ရဲရင့် သတ္တိကောင်းပြီး အရာရာကို ရင်ဆိုင်ရဲခဲ့တဲ့ ကလေးပါ မောင်ရင်ရယ် ... ခုမှ ..."

ထူးဦးမှာ အတော်ကလေး အံ့အားသင့်သွားရကာ ခေါင်းဖြူဘက် လှည့်ကြည့်မိရင်း ...

"ခေါင်းဖြူက ကိုဖိုးချိုရဲ့ ညီမ ... ဟုတ်လား ..."

"ဟုတ်တယ်လေ ... အဲဒီလိုဆိုရင်ကော ဒီပြဿနာတွေဟာ ခေါင်းဖြူက စတာပါလို့ ပြောချင်သေးလို့လား ..."

"မပြောပါဘူး ... ခုမှ မဟုတ်ဘူး ... ခေါင်းဖြူနဲ့ ပန်းဝတ်မှုံတို့ကြားမှာ ပြဿနာတစ်ခုခု ရှိတယ်ဆိုရင် ဒီပြဿနာဟာ ပန်းဝတ်မှုံကပဲ စတင်တာ ဖြစ်နေလိမ့်မယ်ဆိုတာကို ကျွန်တော် အစောကြီးကတည်းက ယုံကြည်ပါတယ် ..."

ခေါင်းဖြူက ထူးဦးကို မယုံကြည်လှသည့် မျက်နှာလေးနှင့် ကြည့်နေသည်။

"ကျွန်မအစ်ကိုနဲ့ သူနဲ့မှာတောင် ... ကိုကို့ဘက်ကစတင်ခဲ့တာ မဟုတ်ဘူး ... သူပဲလာစ ... ပြီးကျတော့ သူပဲ ရက်စက်ခဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ယုံပါတယ် ..."

"ကိုကိုဟာ ဘယ်တုန်းကမှ အရက်သေစာကို သောက်စားတတ်ခဲ့တာ မဟုတ်ဘူး ... သူ့မှာ အစာအိမ်ရောဂါလည်း ရှိနေတယ် ... မိန်းမတစ်ယောက်ကြောင့် အရူးအမူး ဖြစ်ရတယ် ဆိုတာကတော့ အဲဒီယောကျ်ားရဲ့ ပျော့ညံ့ချက်ပါပဲလေ ... ဒါပေမဲ့ ... ကျွန်မတို့ကတော့ ကာယကံရှင်ရဲ့ ဆွေမျိုးတွေ ဖြစ်နေကြတယ် မဟုတ်လား ... ကိုယ့် အားနည်းချက်ထက် တစ်ဖက်လူရဲ့ အပြစ်ကိုပဲ မြင်တယ်၊ ပုထုဇဉ်တွေကိုးရှင့် ... ကျွန်မ အဲဒီမိန်းမကို အရမ်းမုန်းတယ်၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ..."

ထူးဦးက ခေါင်းညိတ်ပြလိုက်သည်။

"ကိုကိုဟာ အစာအိမ်ပေါက်ပြီး သွေးယိုပြီး သေခဲ့ရတာ၊ ကိုကိုကလည်း သူ့ကို ခွင့်မလွှတ်ဘူး ... သူ မှတ်ကိုမှတ်သွားတယ် ... ယောကျ်ားတစ်ယောက်ရဲ့ ဘဝကို ဖျက်ရတာကိုမှ ပျော်တတ်တဲ့ မိန်းမတစ်ယောက်ကို ရှင် ပြန်ပြောပြလိုက်ပါ ... ကိုဖိုးချိုက သူ့ကို မပြေလောက်အောင် တေးပြီး မှတ်သွားခဲ့တာပါလို့ ..."

"သူ သိပါတယ် ..."

"အေးပေါ့လေ ... သူ့လိုတိုက်(ပ်) (Type)မျိုးကတော့ သိသိကြီးနဲ့လည်း ဂရုစိုက်မဲ့ပုံမျိုး မဟုတ်ပါဘူး ..."

ထူးဦးက အိပ်မက်တွေအရ သိတာဟုတော့ ပြန်ပြောမနေချင်တော့ပါ ... ထူးဦး ကိုယ်တိုင်က အဲဒီအိပ်မက်တွေကို



ယုံကြည်လက်ခံခဲ့တာမှ မဟုတ်ဘဲ ... သူ့မိသားစုကို ပြောပြလိုက်ရင် ကိုယ့်ကိုပဲ ကြောင်လှချေလားဟု ထင်မှတ်သွားနိုင်သည့်အပြင် သူတို့သား ... သူတို့အစ်ကိုကို ကိုယ်က "သရဲ"အဖြစ် စွပ်စွဲနေရာကျသွားဦးမည်။

"ရှင် ကျွန်မကို အိမ်အထိ လိုက်တွေ့တာ စာကိစ္စလဲ"

"ခေါင်းဖြူပုံစံကို ကျွန်တော်သိတယ် ...ဒါမျိုးတွေ လိုက်လုပ်နေပေမဲ့ ခေါင်းဖြူမှာ ပန်းဝတ်မှုကို ရင်ဆိုင်နိုင်တဲ့ စိတ်ဓာတ် ဆိုးဆိုးဝါးဝါးတွေ ... အခြေအနေတွေ မရှိဘူး၊ အဲဒါကြောင့် မပြိုင်နဲ့တော့လို့ လာပြောတာ ... ဒါပေမဲ့ ကျွန်တော်နောက်ကျသွားပြီ ... ခုလောလောဆယ် အခြေအနေအရ ခေါင်းဖြူနဲ့ကျွန်တော် ပြောစရာစကား မရှိတော့ဘူး ... ခုချိန်မှာ ကျွန်တော်နဲ့ ပန်းဝတ်မှုပဲ ဆက်ရှင်းကြဖို့ပဲ လိုတော့တယ် ..."

"သူက ရှင့်အလုပ်ရှင်လေ ..."

"ဒါပေမဲ့ ဒါသည်းခံနေရမဲ့ ကိစ္စမဟုတ်ဘူး ..."

ထူးဦးက ခေါင်းဖြူကို စေ့စေ့ကြည့်လိုက်သည်။

"ကျွန်တော် သူ့ဘက်က မပါနိုင်ဘူး ခေါင်းဖြူ ... သူနဲ့ ကျွန်တော် စာရင်းရှင်းသင့် ရှင်းရမယ် ... သူ့ကို တော့် တော့်ကို စက်ဆုပ်သွားပြီး ခင်ဗျားကိုပဲ ကိုယ်ချင်းစာကရုဏာ သက်သွားမိတာ ... ဟိုးတစ်နေ့ကတည်းကပါ ..."

"ဒါ ရှင်နဲ့ မဆိုင်ဘူး ... ရှင် သူ့ကို သစ္စာဖောက်သလို ဖြစ်နေလိမ့်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာဖောက်တယ်လို့ ဆိုရလောက်အောင် သူနဲ့ကျွန်တော်နဲ့ သစ္စာလည်း မဆိုထားကြပါဘူး ... ကျွန်တော်တို့ နှစ်ယောက်ဟာ အလုပ်ရှင်နဲ့ အလုပ်သမားပဲ ... အလုပ်သမားတစ်ယောက်ဟာ ကိုယ့်အလုပ်ရှင်ကို စက်ဆုပ် စိတ်ပျက်လာရင် အချိန်မရွေး အလုပ်ထွက်ခွင့် ရှိနေတာပဲ မဟုတ်လား ... ဒီနေ့ကစပြီး ကျွန်တော် အလုပ်ထွက်မယ် ..."

"အို ... ကျွန်မကြောင့်တော့ ..."

"ခင်ဗျားကြောင့်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့ ထွက်ကို ထွက်ရမယ် ... ထွက်ချင်တာလည်း ကြာပြီ ... သူ့နားမှာဆက်နေ နေပြီး ရက်စက်လော်လီတတ်တဲ့ စိတ်ထားမျိုးတွေ ကျွန်တော့်ဆီမှာပါ အပွတ်သက် အကူးစက် မခံနိုင်ဘူး"

"သူ ကျွန်မကို ပိုငြိုးလိမ့်မယ် ထင်ထယ် ကိုထူးဦးရယ်"

"ဘာဆိုင်လဲ ..."

"ရှင်က ကျွန်မကြောင့် အလုပ်ထွက်ရတယ် ဆိုရင်လေ"

"ခင်ဗျားက ထွက်ခိုင်းတာမှ မဟုတ်ဘဲ ..."

ဒေါင်းဖြူက နှုတ်ခမ်းလေးကို စေ့စေ့ပိတ်ကာ မျက်လွှာလေး အောက်ချရင်း ဘာဆက်ပြောရမလဲ ဆိုတာကို စဉ်းစားနေမိသည်။ ဒေါင်းဖြူ၏ မိခင်ကြီးကတော့ သူဘေးက အစ်မကြီးကိုပါ လက်ကုပ်ခေါ်ကာ ထိုင်ရာမှ ထရပ် ... ထွက်သွားဖို့ ဟန်ပြင်လိုက်ရင်း ... ထူ ဦးဘက်ကိုလည်း တစ်ဆက်တည်း ...



"ဒေါ်ဒေါ်တို့အဖို့ကတော့ ဘာပဲဖြစ်ဖြစ် ခေါင်းငုံ့ခံရတော့မဲ့ အနေအထားမှာ ဖြစ်နေပြီ ... ကိုယ့်သားသမီးကမှ မလိမ္မာခဲ့တာကိုး ... ဘာမှ မတတ်နိုင်တော့တဲ့ အခြေအနေမို့ ... ဘုရားပဲ အားကိုးရာ ရှိတော့မှာပဲ ..."

"အမေ ..."

ဒေါင်းဖြူက သူ့အမေကို လှမ်းခေါ်လိုက်ရင်း အင့်ခနဲ မျက်နှာလေးက မဲ့ရွဲလာသည်။

"မောင်ရင်ရယ် ... ဝင်မပါချင်ရင်လည်း ဘေးထွက်ရပ်နေလို့ ရပါတယ်နော် ... သူ့လူလိုလို ကိုယ့်လူလိုလိုနဲ့ အနီးကပ်စားနဲ့ ထိုးခံရတဲ့ အဖြစ်ဆိုရင်တော့ ဒေါ်ဒေါ်တို့မှာ ဘာမှ မတတ်နိုင်တဲ့ အနေအထားကြီးနဲ့ ..."

"စိတ်ချပါ ဒေါ်ဒေါ် ... ကျွန်တော့်ကြောင့်တော့ ဒေါင်းဖြူမှာ ဒုက္ခမရောက်စေရပါဘူး ..."

ဒေါင်းဖြူ၏ အမေက မျက်စိမျက်နှာ အပျက်ပျက်နှင့် အိမ်နောက်ထဲ လှမ်းဝင်သွားလေတော့သည်။ ကုလားထိုင်တစ်လုံးထက်မှာ ခေါင်းငုံ့ထိုင်ကာ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း၊ သူ့အမေဖြစ်သူအတွက် ဝမ်းနည်းလာဟန်ရှိသော ဒေါင်းဖြူက မျက်နှာမဲ့မဲ့လေးပေါ်သို့ မျက်ရည်စီးကြောင်းကြီး နှစ်ချောင်း ပေါက်ခနဲ ... ပေါက်ခနဲ စီးကျလာပါတော့သည်။

"ဒေါင်းဖြူ"

"ဒေါင်း ရှင့်ကို ယုံချင်တယ် ... ယုံလည်း ယုံနေတယ်၊ ဟိုတစ်နေ့ကတည်းက ရှင် ဟိုမိန်းမကို အတင်းပြန်ဆွဲခေါ်

www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက ... ဒေါင်းလေ ရှင့်ကို ကျေးဇူးတွေ အရမ်းတင်ပြီး ..."

"ဒေါင်း ... ဒေါင်းဖြူရယ် ..."

သေချာတာ တစ်ခုကတော့ ထူးဦးဟာ ဒေါင်းဖြူမည်သော ဤကလေးမကလေးကို ရင်ထဲမှာ နင့်နေအောင်ပင် ချစ်မိသွားခဲ့ပြီ ...။

"ကျွန်တော့်ကို ဒေါင်းဖြူ ယုံနိုင်ပါတယ် ... ကျွန်တော် ကတိပေးပါတယ် ..."

"ယုံတယ် ... တကယ် ယုံပါတယ် ..."

ဖြစ်နိုင်ရင် ခုတစ်ထိုင်တည်းပင် ... "ဒေါင်းဖြူကို ကျွန်တော် ချစ်တယ် ... အဲဒါကိုလည်း ယုံပါ ..."လို့ ပြောထွက်ရက်ချင်လိုက်တာ ...။ သို့သော် အားငယ်ချောက်ချားနေသော မိန်းကလေးတစ်ယောက်ပေါ်မှာ အချိန်အခါနဲ့ အခြေအနေကို အသားမေးလိုက်ပြီး အခွင့်အရေး ယူမိသလို ဖြစ်သွားမှာမျိုးကို ထူးဦးက မလုပ်ချင် ... ဒေါင်းဖြူဟာ ဒီကိစ္စတွေနှင့် မပတ်သက်ရင် သူ့ထက်မြက်မှုကလေးနှင့်သူ ... ကိုယ့်ခြေထောက်နှင့် ကိုယ် ဦးနှောက်ကိုပဲ ကိုယ်အားကိုးကာ ဘဝမှာ မှန်ကန်တိကျစွာလျှောက်လှမ်းနိုင်မည့် မိန်းကလေးမျိုးဆိုတာ ထူးဦး သိရှိပါသည်။

ထိုမိန်းကလေးမျိုးကို သာမန်စိတ် အခြေအနေမျိုးနှင့် ရင်ဆိုင်ရမှာမျိုးကိုသာ ထူးဦးက အလိုရှိသည်။ ကိုယ့်ရဲ့ ချစ်ခြင်းကို သူ့ရဲ့ပြတ်သားထက်မြက်သည့် ဦးနှောက်နှင့် နှလုံးသားက လက်ခံစဉ်းစား ယုံကြည်တာမျိုးသာ ဖြစ်စေချင်မိလေသည်။



ဒေါင်းဖြူက ကမန်းကတန်းပင် မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"မြန်တော့မလား ..."

"ဘာလို့ ရုတ်တရက်နှင်တာလဲ ..."

"ဒေါင်း ရှင့်ရှေ့မှာ မျက်ရည်ကျမိတာ ဘယ်နှစ်ခါတောင်ရှိသွားပြီလဲ မသိဘူးနော် ... ရှင့်မျက်လုံးတွေက တစ်မျိုးပဲ၊ ဒေါင်း ရှင့်ရှေ့မှာ ဆက်နေလို့ မဖြစ်တော့ဘူး ..."

"ဟင်း ဟင်း ... ဘာဖြစ်လို့လဲ ..."

ဒေါင်းဖြူက ခေါင်းလေးကိုပဲ အသာယမ်းပြလိုက်သည်။ ပြီးလျှင်တော့ ထူးဦးတို့နှစ်ယောက် ပထမဆုံး စတင်ဆုံဖူးကြကာစကလို ခိုးကြောင်ခိုးဝှက်နိုင်လှသော မျက်လုံးကလေးတို့နှင့် ထူးဦးကို(မကြည့်သယောင်နှင့်) ကြည့်နေလေ၏။ အင်း... ချစ်စရာကောင်းလိုက်တာ ...။ အဲဒီတုန်းကတည်းက မှန်နက်ပေါ်မှာ အရိပ်လာထင်နေခဲ့သော ... စာအုပ်ပေါ်ကနေ ကျော်ကြည့်နေခဲ့သည့် မျက်လုံးလေးတစ်စုံကို ထူးဦးမှာ သဘောအကျကြီး ကျခဲ့ရတာ။

ထူးဦးက ဘေးနားက ကုလားထိုင်ပေါ်မှ သတင်းစာတစ်စောင်ကိုကောက်ယူပြီး ဒေါင်းဖြူဆီ ကမ်းပေးလိုက်သည်။

"ရော့ ..."

"ဘာလုပ်ဖို့လဲ ..."

"Book Cafe တုန်းကလိုပဲ ဒါနဲ့ကွယ်ပြီး ချောင်းကြည့်လေ၊ ဒေါင်းဖြူတို့စားပွဲက သစ်သားစားပွဲပဲ ... မှန်မှမပါတာ အရိပ်မထင်နိုင်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ ..."

ထူးဦးက အိမ်ထဲမှ မကြားသာအောင် ခပ်အုပ်အုပ် ရယ်နေလိုက်သည်။ ဒေါင်းဖြူကတော့ ထူးဦး ကမ်းပေးထားသော သတင်းစာကို သူ့လက်နှင့် ဖြန်းခနဲ ရိုက်ချဖယ်ရှားလိုက်ရင်း ... ဘာတွေမှန်းမသိ ... အသံမထွက်ဘဲနှင့် ပါးစပ်ပဲ လှုပ်ရှဲလှုပ်ကာ ရှုပွစုပွ ...။ ခဏကြာမှ ...

"ပြန်တော့ဆို ... အမေက ကြာကြာနေရင် အမြင်ကြည်တော့မှာ မဟုတ်ဘူး ... ခုနက သူ အိမ်ထဲကို ဝင်သွားတာ အဲဒါ ချည့်သည် ပြန်သင့်ပြီလို့ အချက်ပြတာ ..."

"ဩော် ... မသိပါဘူး ... နောက်ဆိုရင် ဘယ်လိုအမူအရာက ဘာလဲဆိုတာ ကျွန်တော့်ကို ဒေါင်းဖြူက အကုန်ရှင်းပြထားပေးနော် ..."

"နောက်ဆိုရင် ..."

ဒေါင်းဖြူက ထူးဦးရဲ့ စကားကို မေးခွန်းထုတ်လိုသော သံယောင်စကားမျိုးနှင့် လိုက်ပြောလိုက်ရင်း ထူးဦးဘက် မျက်လုံးကြီး ပြူးကြည့်ကာ ...

"မလိုအပ်တာ ..."

"လိုအပ်တယ် ..."

"အမေ့အမူအရာတွေ ... အမေ ပြောချင်တာတွေ သူ မသိလည်း ဖြစ်တယ် ..."

"မဖြစ်တော့ဘူး ..."



ထူးဦးက ဒေါင်းဖြူကို စကားပြန်မခံတော့ဘဲ ခေါင်းသာ တစ်ချက်ဆတ်ပြရင်း နှုတ်ဆက်ခဲ့ကာ အိမ်ထဲမှ ထွက်လာခဲ့လေတော့သည်။ ဒေါင်းဖြူရဲ့ အိမ်ပေါ်မှ ကြည်နူးကြည်လင်နေသော မျက်နှာတစ်ခုနှင့် ဆင်းလာခဲ့သော ထူးဦးသည် ဘားပေါ်ရောက်ပြီဆိုတာနဲ့ ရုတ်ချည်းပင် မျက်နှာထားက ခက်ထန်နီရဲမာကျော သွားရတော့ကာ ... တောက်တစ်ချက်ကိုလည်း အားရှိပါးရှိ ခပ်ကျယ်ကျယ်ကြီး ခေါက်ပစ်လိုက်မိလေတော့သည်။

❀ ၉ ❀

"အဲဒါကြောင့် ရှင့်ကို ဝတ်မှုံက မေးခဲ့တာနော် ဦး ... သူ့လူကိုယ့်ဘက်သား လာလုပ်နေတာလား ... ကိုယ့်လူက သူ့ဘက်သား ဖြစ်သွားတာလားလို့ ..."

"ဘာမှ မဟုတ်ဘူးကွ ... သူ့လူလည်း မဟုတ်ဘူး ... သူ့ဘက်သားလည်း ဖြစ်မသွားဘူး ... အေး ... မင်းလူကတော့ ဘယ်တုန်းကမှ မဟုတ်ခဲ့တာ ..."

"ဦးက ဝတ်မှုံရဲ့ ဘော်ဒီဂတ် ..."

"တော်စမ်းပါ ... အဲဒါက ငါကိုယ်တိုင် ရှုံးနိမ့်ခဲ့တဲ့ အလုပ်သဘောတွေပါ ..."

"ဒါဆို အခု ဦးက ဘာကိုဆိုလိုနေတာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေကို ပြောလိုက် ... အဲဒီအလုပ်က ငါ ထွက်တယ်"

"အဲလို ထွက်ချင်တိုင်း ထွက်လို့ရရောလား ..."

"ရတယ် ... ဘာလို့ မရရမှာလဲ ..."

"ဦး ... ရှင့်ကို ဟိုဟာမက ဘာတွေ ကျော့လွှတ်ဂိုက်သလဲ ..."

"ဘာမှမဆိုင်ဘူး ... မဆိုင်တဲ့လူကို ဆွဲထည့် ခေါင်းတပ်ပြီး မင်း ပြဿနာရှာဦးမယ် ဆိုရင်တော့ ... မင်းနဲ့ငါ တွေ့မယ် ... မင်း အခုလောက်ဆို ငါ့အကြောင်းကို နည်းနည်းလောက်တော့ သိဖို့ကောင်းပြီ ပန်းဝတ်မှုံ ..."

ပန်းဝတ်မှုံက "ကောင်းပြီလေ" ဟု မထေမဲ့မြင်ပုံစံနှင့် ပြောလိုက်ပါသည်။ သူ့ရဲ့ ရှေ့မှာတင် ကြုံခဲ့ ... ကြုံခဲ့ရသောသာဓကများအရ ထူးဦးဆိုတာ သူ လှည့်ချင်တိုင်း လှည့်ပြီး ခြိမ်းခြောက်အကျပ်ကိုင်လို့ မရနိုင်လောက်သည့် သူဆိုတာကို ပန်းဝတ်မှုံက ခပ်မြန်မြန်ပင် သဘောပေါက်လက်ခံလိုက်ရပုံ ရသည်။

"မင်းမို့ မိန်းကလေးချင်း မစာနာကွာ ... တောက် ..."

"အဲဒီဟာမက ဝတ်မှုံကို လာလုပ်နေတာကျတော့ကော ရှင်က ထည့်မပြောဘူးလား ..."

"အဲဒါ မင်းကို ဘာများ ဒီလောက်ထိခိုက်သလဲ ... မင်းဘာသာ မရှိတဲ့ သရဲကို ကြံဖန်ကြောက်ပြီး ပေါက်ကရအိပ်မက်တွေနဲ့ မဆက်စပ်ဘူးဆိုရင် သူ လုပ်ခဲ့တာတွေက ဘာမှကြောက်လန့်စရာ မရှိဘူး ..."



"ဟား ဟား ဟား ... ရယ်စရာကောင်းလိုက်တာ ... ဟိုတုန်းကတော့ ရှင်ပဲ ... နောင်သောအခါကျရင် အဆိပ်တွေ ဓားတွေ မြွေတွေဟာ ဝတ်မှုံကို တကယ်ပဲ အန္တရာယ်ပြုလာနိုင်လိမ့်မယ်ဆို ... ရှင့်ဟာက ဘယ်လိုလဲ အမျိုးမျိုးပါလား..."

"ဒီတုန်းက အဲဒီကိစ္စတွေဟာ မင်းရဲ့ ဂျပိုးတေလေ ပြဿနာကောင်တွေနဲ့ပဲ ဆက်စပ်နေမယ် ထင်လို့ ငါက ပြောခဲ့တာ ... ဒါပေမဲ့ ဒါတွေဟာ မိန်းကလေး တစ်ယောက်ရဲ့ လက်ချက်ပဲဆိုတာ သိလိုက်ရရင် ဒီထက်ပိုမလာနိုင်တော့ဘူးဆိုတာ တွက်မိရမယ် ..."

"ဘယ်လိုလုပ် တွက်မိနိုင်မှာလဲ ... ဘယ်သူမဆို ကိုယ့်အန္တရာယ်အတွက်တော့ ကိုယ်ကာကွယ်ထားရမှာပဲ ... မိန်းကလေးပဲဖြစ်ဖြစ် ... ယောကျ်ားလေးပဲဖြစ်ဖြစ် ... ပြဿနာရဲ့ အစဆိုရင်တော့ အဲဒီအစကို အစသတ်ကိုသတ်ထားရမှာပဲ ..."

"မင်း တခြားပြဿနာတွေကိုကော ဘယ်လိုရှင်းသလဲ"

ပန်းဝတ်မှုံက ပြန်မဖြေပါ ...။ ထူးဦးကသာ "အွတ်" ခနဲ တစ်ချက်လုပ်ရင်း ...

"မင်းအဖေက ငါ့ကို ငှားပေးထားတယ်လေ ... ငါပဲ လူမိုက်လုပ် ခေါင်းခံပြီး ပြဿနာမှန်သမျှကို ရှင်းပေးခဲ့တယ်လေ ... ဒီဟာကျမှ မင်းက ..."

"ဒါကတော့ ရဲနိုင်နဲ့ ဖုန်းပြောမိကြတော့ ရဲနိုင်က သူကူညီမယ် ... ကူညီချင်တယ် ... ကူညီပါရစေလို့ ပြောတာကို ..."

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝတ်မှုံရဲ့ ပုံစံလေးကတော့ ဘာမှအရေးမကြီးသည့်ဟန်လေးနှင့်ပါ ... သို့သော် သူ့မျက်နှာထားလေးထဲက မျက်လုံးတစ်စုံကို ထူးဦးက မကြိုက် ... ထိုမျက်လုံးတို့ဟာ ထူးခြားအေးစက်လို့နေကြကာ ... သာမန်လူတစ်ယောက်အဖို့ဆိုရင်တော့ ရင်ဆိုင်ရခက်လောက်အောင် ကြောက်စရာကောင်းလှတဲ့ မျက်လုံးပုံစံမျိုး ... ပန်းဝတ်မှုံဟာ တော်တော့ကို မလွယ်နိုင်တဲ့ ကြောက်စရာမလေးဆိုတာကို ထူးဦးကတော့ အစောကြီးကတည်းက သိရှိပြီးခဲ့သားပဲလေ ...။

"အေး ...ရဲနိုင် ဟုတ်လား ... ရဲနိုင် ... အဲဒီတေလေဂျပိုးကောင်က ခုတော့ မင်းရဲ့ မဟာမိတ်အဆွေတော်ကြီးပေါ့ ဟုတ်လား... အဲဒီကောင် မင်းကို တည့်တည့်ကြီး လာရင်ဆိုင်ပြီး အုပ်စုလိုက် ကြမ်းကြဖို့ ပြင်တုန်းက ငါတို့ ဘယ်လောက်သတိထားပြီး ဖြေရှင်းခဲ့ရသလဲ ... အခု မင်းက အဲဒီလိုကောင်မျိုးကို ပြန်ပေါင်းပြီး မင်းလိုအပ်တဲ့ ကိစ္စတစ်ခုမှာ ပြန်သုံးတယ်ပေါ့ ... ကောင်းပြီ ... မင်း သူ့ကို အားကိုးတယ်ဆိုရင် မင်းအဖေကို ပြောပြီး မင်းနားမှာ သူ့ကိုခေါ်ထားလိုက် ..."

"အားမကိုးဘူး ..."

"မရတော့ဘူး ပန်းဝတ်မှုံ ... ဖြတ်ရခက်မဲ့ အစတစ်စကို မင်း သွားဆွဲကိုင်လိုက်ပြီ ... အဲဒီကောင်ဟာ မင်းမှမပြောရင် ဟိုကောင်မလေးရှိနေတာ ... ဟိုကောင်မလေးနဲ့ မင်း ပြဿနာဖြစ်နေတာတွေကို သိနေစရာ အကြောင်းကို မရှိ



ဘူး ... မင်းပဲ သွားပြောတာ ... အဲဒီလို ဥပဒေမဲ့တဲ့အလုပ်မျိုးမှာ သုံးချင်လို့ကို မင်း အစသွားပြန်ကိုင်တာ ... မရတော့ဘူး ... မင်း ကောက်ကိုင်လိုက်တဲ့ အစကို မင်းဘာသာ ပြန်လွှတ်ချနိုင်အောင် မင်းပဲ ကြိုးစားပေတော့၊ ငါကတော့ အမိုက်ခံပြီး မပါတော့ဘူး ..."

"မရဘူး ..."

ပန်းဝတ်မှုံက ကျုံးအော်ပစ်လိုက်သည်။

"ရတယ် ... မင်း စိတ်ဓာတ်ကို ငါ ရွံတယ် ... မင်းနဲ့ငါ အပေါင်းအသင်း မလုပ်နိုင်ဘူး ..."

"ဦး ... ဒီလို တစ်ဖက်သတ်မပြောပါနဲ့ ... ဝတ်မှုံကို ရွံရင် ဟိုဟာမကိုလည်း ရွံရမယ် ..."

"ဒါက ငါ့ဆုံးဖြတ်ချက်နဲ့ ငါပါ ..."

"သူကစလို့ ဝတ်မှုံက ပြန်လုပ်တာပဲ ..."

"မင်းကစတာပါ ... သူ့အစ်ကိုကို မင်းက သွားစခဲ့တာ၊ အဲဒီလူဟာလည်း မင်းကို လုံးဝခွင့်မလွှတ်သွားဘူးတဲ့ ... သေတာတောင်မှ မှတ်ပြီးတော့မှ သေသွားတာတဲ့ ..."

ပန်းဝတ်မှုံရဲ့ ပုံစံက အလန့်တကြား ဖြစ်သွားပါသည်။

"ဦးကို ဘယ်သူပြောလဲ ... ဒါ ဟိုဟာမရဲ့ ခြိမ်းခြောက်တဲ့ စကားပဲ ဖြစ်ရမယ် ... ဒီလောက်လုပ်ထားတာတောင် အမှတ်မရှိသေးဘူးလားကွာ ... တောက် ..."

"မင်း အခုပြောလိုက်တဲ့ စကားကရော ဘာစကားလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝတ်မှုံက အလန့်တကြားဟန်ကို ထိန်းလိုက်ပြ မမှုသည့်ပုံကို ပြန်ဖမ်းထားလိုက်သည်။

"သူ တစ်ခုခုထပ်ဖြစ်တယ် ကြားရင် ... မင်းကို ငါလက်နဲ့ သတ်မယ် ... မှတ်ထား ..."

"ဟင့် ... ကြည့်ကြသေးတာပေါ့ ..."

"ဒါပေမဲ့ ငါလက်နဲ့တောင် လုပ်ချင်မှ လုပ်လိုက်ရမှာပါ သူ့အစ်ကိုက ရှိနေသေးတာပဲဟာ ... သူ့အစ်ကိုက သူ့ညီ ခံနေရရင်တော့ လက်ပိုက်ကြည့်မနေပါဘူး ... မင်း သိပ တယ် ... အိပ်မက်မမက်တတ်တဲ့ မင်းကိုတောင်မှ မရမက အိပ်မက်မက်ခိုင်းနေသေးတာပဲဟာ ..."

ထူးဦးက လုံးဝမလုပ်ချင်ပေမဲ့ ပန်းဝတ်မှုံကို သူ ကြောက်နိုင်သည့်ဘက်က လှည့်ခြောက်ထားလိုက်သည်။ နို့မို့ဆို ရင်တော့ ဒေါင်းဖြူရဲ့ ကံကြမ္မာဟာ သိပ်မလွယ်လှတာ ထူးဦး က ရိပ်မိနေပါပြီ ...။ ပန်းဝတ်မှုံဟာ ကြောက်စရာကောင်းလှသော သူမရဲ့ စိတ်ဓာတ်အရ (မျက်နှာလိုမျက်နှာရ အကူအညီပေးကြမည် တေလေဂျပိုးအဖွဲ့ကလည်း အဆင်သင့် စောင့်နေသောအခါမှာ ဒေါင်းဖြူအပေါ် တစ်ဆုံးတစ်စ ရေရှည်ကြီး ဆက်လက်ထင်တိုင်း ကျဲ နှောင့်ယှက်မနေဘူးဟု မည်သူမျှ အာမမခံနိုင် ...။

ထူးဦး သူ့ထံပါးက ခွာခဲ့ပြီးရင်လည်း ဒီလိုဖြစ်ရတာ ဟာ့ ဒေါင်းဖြူကြောင့်ဟု ရမယ်ရှာမဲကာ ဒေါင်းဖြူကိုပဲ ပြဿနာ သွားရှာဦးမဲ့ပုံ ...။ သို့သော် အဲဒီလို ဖြစ်မှာကို ကြောက်ပြ ထူးဦးက သူ့နားမှာ မခွဲမခွာနေ,နေပေးဖို့ ဆိုတာကလည်း လုံး



ဘို့ မဖြစ်နိုင်တော့တဲ့ ကိစ္စပင် ...။ ထူးဦးရဲ့ စိတ်ကလည်း ဒီလိုတွေ ဖြစ်လာခဲ့ပြီးပြီဆိုမှတော့ ဒီမိန်းမရဲ့ နံဘေးမှာ တစ်မိနစ်မျှ အစ်စက္ကန့်မျှကို နေလိုစိတ် မရှိတော့တဲ့ဟာပဲ ...။

"ဝတ်မှုံကို ဒီလိုမခြောက်နဲ့ ... ဒီလို လုံးဝ လာမခြောက်နဲ့"

"ခြောက်တာမဟုတ်ဘူး ... ဒါမင်းပဲ ယုံကြည်တာ ... မင်း ယုံကြည်တဲ့ ဖြစ်နိုင်ချေကို ငါက ပြောပြတာ ..."

ပန်းဝတ်မှုံက ရှူးရှူးဝါးဝါးကြီး တစ်ချက်ထအော်ပစ် လိုက်ကာ သူလက်လှမ်းမီရာ နံဘေးနားမှ ပန်းအိုးငယ်တစ်လုံးနှင့် ဆေးပုလင်းတစ်လုံး ... ပြီးကျတော့ ဖန်ဆေးလိပ်ခွက်လေးတစ် ခု ... စသည်တို့ကို တစ်ခုပြီးတစ်ခု ဆက်တိုက် ဆက်တိုက်ဆိုသ လိုပင် နံရံထက်ဆီသို့ ပစ်ပေါက်လွှင့်ပစ်ပြီး ခွဲချေပေါက်ခွဲပစ်လိုက် လေတော့သည်။

ဒီဟာမလေးရဲ့ ကြမ်းတမ်းလှပုံကိုတော့ ထူးဦးက အစဉ်းသိပြီးသားပါပဲ ...။ ထူးဦးက စိတ်ကုန် စက်ဆုပ်ခြင်းများ နှင့် နေရာမှ ထရပ်လိုက်သည်။ ပြီးလျှင်တော့ ချာခနဲပဲ လှည့်ထွက် လာခဲ့လေတော့သည်။

❀ ၉ ❀

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဒီတစ်ခုပဲ လုပ်စားတတ်တယ် ... ဟိုမှာ အလုပ်ထွက်လာခဲ့ပြီ ... ဒီတော့ ဒေါင်းဆီမှာပဲ အလုပ်ဝင် လိုက်ပြီ ... ကျွန်တော်က ဒေါင်းရဲ့ သက်တော်စောင့်ပေါ့"

ဒေါင်းက ထူးဦးကို စကားမပြန်ဘဲ ပြုံးစေ့စေ့ လုပ်နေလိုက်သည်။ အလကား ပေါက်ကရလေးတွေကို အဟုတ် ကြီးလုပ်ပြီး လာပြောနေတာ ... မသိရှိပါ့မလား ...။ လုပ်လေ လုပ်ပေါ့ ... ဘယ်လောက်ကြာကြာကြီး လုပ်နေနိုင်မှာမို့လို့လဲ ... နောက်ဆုံးတစ်နေ့ကျရင်တော့ လူဆိုတာ သူ့အလုပ်နဲ့သူ ...၊ ကိုယ့်အလုပ်နဲ့ကိုယ်ပင် ...။ သို့သော် ခုလောလောဆယ် အချိန် အခိုက်အတန့်တစ်ခုအတွင်းမှာတော့ ကျီးလန့်စာစား ကြောက် ကြောက်ရွံ့ရွံ့နဲ့ အလုပ်ပြန်ဝင်လာရတဲ့ ဒေါင်းအတွက် ထူးဦးက မနီးမဝေး ပတ်ဝန်းကျင်မှာ တကောက်ကောက် တကပ်ကပ် ရှိနေ ခြင်းကပဲ ဒေါင်းရဲ့ ရင်ကို ချမ်းမြေ့လုံခြုံနေစေပါသည်။

မနက်လင်းလို့ ဒေါင်းတို့ ဖယ်ရီလေး ဆိုင်ရှေ့မှာ ရပ်လိုက်သည်ဆိုရင်ပဲ ဒေါင်းရဲ့ သက်တော်စောင့်ဟာ ဆိုင်ရှေ့မှာ ကားတစ်စီးနဲ့ ရှိနှင့်နေခဲ့ပြီ။ ပြီးရင်တော့ ဒေါင်းသွားလေရာ ဒေါင်းရဲ့ ဆိုင်ကယ်လေးနောက်သို့ သူ့ကားလေးနဲ့ တကောက် ကောက်။ အဲဒီကနေမှ ညနေ ... သို့မဟုတ် ညဘက် ဒေါင်း ဖယ်ရီပေါ် စိတ်ချလက်ချကြီး တက်သွားပြီးတဲ့ အထိကို [illegible]



ဘော်ဒီဂတ် ကောင်ကလေးဟာ စိတ်ရှည်လက်ရှည်နဲ့ စောင့်ကြပ် ဆီးနေခဲ့သတဲ့ ...။

"ဒေါင်းရေ ... မထူးပါဘူးကွယ် ... အစ်မတို့ မုန့်ပုံးတွေ သူ့ကားပေါ်ပဲ ပြောင်းတင်ပြီး လိုက်ပို့ခိုင်းလိုက်ပါတော့၊ ကားဆိုတော့ ဆိုင်ကယ်ထက်လည်း ပိုပြီး ကျယ်ကျယ် လွှင့်လွှင့်နဲ့ ထားလို့သိုလို့ ကောင်းတာပေါ့ ..."

သူ့အလုပ်တာဝန်မှာလည်း ထိခိုက်မှုမရှိတဲ့အတွက် သူ့ဒွေးကတော်ကပင် ရယ်ရယ်မောမောနဲ့ စနောက်ယူရတဲ့ အထိ ပါပင် ...။ ကိုကျော်ကြီးကတော့ အစပထမမှာ သိပ်ကြိုက်ပုံမရ...။ နောက်ပိုင်းကျမှ ဒေါင်းရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ ...

"နင်က ကောင်းတယ် သင့်မယ်ထင်ရင်တော့လည်း ပြီး တာပါပဲ ဒေါင်းရယ် ... ငါတို့ကလည်း နင့်ကို တကောက် ကောက် လိုက်စောင့်နေနိုင်တာ မဟုတ်ဘူးမှတ်လား ... ဒါပေမဲ့ တစ်ခုခု သေချာစဉ်းစားတော့မယ် ဆိုရင်တော့ ဒီကောင်က ဘာ့ကြောင့် အချိန်တွေ ဒီလောက်ပိုနေရတာ လဲ ... အလုပ်အကိုင် မရှိ လတ်လျားလျားအကောင်လား ဆိုတာကို သေချာထည့်စဉ်းစားနော် ..."

"ဟုတ်ကဲ့ပါ ကိုကျော်ကြီးရယ် ... အဲဒီလောက်တော့လည်း မဟုတ်သေးပါဘူး ..."

"အေး ... နင်နဲ့ နီးနီးနားနား အလုပ်တစ်နေရာ လိုချင်ရင် တော့ ငါတို့ဆိုင်ကယ်အုပ်ထဲမှာ ရအောင်ပြောပေးမယ် ... တင်စီးက ထွက်မလိုလို လုပ်နေတယ် ... ဒါဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မသေချာသေးပါဘူး ... သိတယ်မှတ်လား ... သူ့အစ်မကြီးက အဓိပ္ပာယ်မရှိ ... နင်က သိပ်လှလို့တဲ့ ... ဟား ဟား ဟား ..."

အဲဒီဟာကလည်း တစ်မှောက် ...။ ဒေါင်း ဟိုတစ်ခါဖြစ်သည့် ကိစ္စနဲ့ ပတ်သက်ပြီး ကိုတင်စိုးခမျာ ကိုကျော်ကြီးနှင့် တခြားအစ်ကိုကြီးများရဲ့ ရှေ့မှာလည်း ခေါင်းမဖော်ဝံ့ ...။ သူ့အစ်မကြီး ရှေ့ကျတော့လည်း ခုထက်ထိမျက်နှာကောင်း မရနိုင်ဖြစ်နေက ... ဒီပြဿနာတွေ ပြီးဆုံးသွားစေဖို့ လမ်းတစ်ခုအနေနှင့် ဒီအလုပ်ကပဲ ထွက်ပစ်ရ ကောင်းနိုးနိုးတွေ ဖြစ်နေရှာလေသည်။ ကိုတင်စိုးအတွက် စိတ်မကောင်းပေမဲ့ သူသာ တကယ်ပဲ ထွက်သွားမည် ဆိုလျှင်တော့ ထူးဦးဟာ ကိုတင်စိုးနေရာကို ဝင်လာနိုင်ရင် သိပ်ကောင်းမှာပါပဲ ...။

အေးလေ ... ဒေါင်းကသာ စိတ်ကူးတွေ ယဉ်နေမိတာ ... သူ့လို သူဌေးသားပုံစံနှင့် ကြော့မော့နေသူ တစ်ယောက်ဟာ လခလေး မဖြစ်စလောက်ရသော ဒေါင်းတို့ရဲ့ မုန့်ပို့လုပ်ငန်းမှာ ဝင်မလုပ်နိုင်ပါမလား ...။ ဒေါင်းကတော့ ရက်ကလေး နည်းနည်း ရလာတာနဲ့အမျှ သူ့အပေါ် ခင်မင်တွယ်တာ အားကိုးစိတ်တို့က အလုံးနဲ့အရင်းနဲ့ များပြားလာခဲ့ပြီ ...။

"ကဲ ... ရော့ ... အလကားကြီး ကပ်လိုက်နေမဲ့အစား ... ဒေါင်းရဲ့မုန့်ပုံးတွေ ဝိုင်းသယ်ပေးပေါ့ ... ဒေါင်း တစ်ယောက်တည်းမနိုင်ဘူး ... အသွားအပြန်ကြီး အခေါက်ခေါက်အခါခါ သယ်နေရမလို ဖြစ်နေတယ်"



(---)ဟိုတယ်ကြီးသို့အရောက်မှာ ဒေါင်းက သူ့ကို လှမ်းခေါ်ပြီး ပြောလိုက်သည်။ ဒေါင်းရဲ့ စကားကြောင့် ထူးဦးရဲ့ မျက်နှာက ပြုံးလက်သွားကာ ...

"အိုကေ ... အိုကေ ... ခိုင်းပြီးရင်တော့ ကော်ဖီတိုက်ရမယ်"

"ဘုရားရေ ... ဒီဟိုတယ်ကြီးမှာလား ... ဈေးကြီးတယ်၊ မတိုက်နိုင်ဘူးနော် ..."

"ဘယ်မှာဖြစ်ဖြစ် ... ဒေါင်း တိုက်တာဆိုရင် ပြီးရော"

ထူးဦးက ဒေါင်းရဲ့ မုန့်ပုံးတွေကို အထပ်လိုက် မ၊ သယ်ပေးလာရင်း ...

"ဘယ်နှစ်ထပ်ကို ပို့ရမှာလဲ ..."

"ဆယ့်နှစ်ထပ် ..."

"အား ..."

ဒေါင်းက တဟင်းဟင်း ရယ်လိုက်သည်။

"ကျွန်တော် မပါရင် ဒေါင်းဘယ်လိုလုပ်မလို့လဲဟင် ..."

"ဆင်းလိုက် တက်လိုက်ပေါ့ ... ဓာတ်လှေကား ရှိပါတယ်"

"မလွယ်ဘူးနော် ..."

"ဘယ်အလုပ်ကရော လွယ်လို့လဲရှင်"

ဒေါင်းရဲ့စကားက ထူးဦးကို အငိုက်မိ ... အရှိက်ထိ သွားစေပုံပါပင် ...။

"ကျွန်တော့်ထက်စာရင် ဒေါင်းကမှ အလုပ်နဲ့အကိုင်နဲ့ ဂုဏ်ရှိသလို ဖြစ်နေတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒေါင်းတို့က အခြေအနေမပေးတော့ဘူး ... ရှင်တို့ကတော့ အခြေအနေ ပေးနေသေးလို့ ထင်ပါရဲ့"

"မဟုတ်သေးပါဘူး ..."

ထူးဦးမှာ ခတ်လှေကားထဲ ဝင်လာရင်း မျက်နှာ အိုအိုနှင့် ငြိမ်သက်စဉ်းစားနေသလို ဖြစ်သွားလေသည်။

"ဘာဖြစ်သွားတာလဲ ..."

"ဟင့်အင်း ... ဘာမှမဖြစ်ဘူး ဒေါင်း ... တကယ်ပါ ... ဘာမှမဖြစ်ဘူး ..."

"ဖြစ်ပါတယ် ... ဒေါင်းကို စိတ်ဆိုးသွားတာလား ... တိတ်သွားတယ် ..."

"မဟုတ်ပါဘူး စဉ်းစားနေမိလို့ပါ ..."

"ဒေါင်းကို စိတ်ဆိုးတာပါ ..."

"မဟုတ်ပါဘူး ..."

"ဟုတ်ပါတယ် ..."

"မဟုတ်ပါဘူးလို့ဆို ..."

ဒုတိယထပ်သို့ အရောက်မှာ ... ခတ်လှေကား ထဲသို့ လူကြီးတစ်ယောက် ဝင်လာသဖြင့် ဒေါင်းက ထူးဦးကို ချက်ချင်း စကားမပြန်တော့ဘဲ ခဏဆိုင်းငံ့ထားလိုက်သည်။ နောက်မှ ဥရောပဝတ်စုံအပြည့်အစုံနှင့် အတက်ချိုကော့စ် လက်ဆွဲ အိတ်ဆွဲထားသော လူကြီးကို အနည်းငယ် အကဲခတ်လိုက်ကာ ... ခပ်တိုးတိုးစတင်၍ ...

"ဟုတ်ပါတယ် ..."



ထူးဦးက ဒေါင်းရဲ့ပုံစံကို ခပ်တိုးတိုး ရယ်လိုက်မိရင်း ...

"မဟုတ်ဘူး ..."

"ဟုတ်တယ်ကွာ ..."

"လုံးဝမဟုတ်ဘူး ..."

"ဟုတ်ကို ဟုတ်တယ် ... သေချာတယ် ... ဟုတ်လား မဟုတ်လား ဆိုတာ ဟိုလူကြီးကို မေးကြည့်လိုက်ပါ လား"

ဒီလိုနိုင်ငံခြားသားပိုဇ် ဟိုတယ်ကြီးတစ်ခုမှာ ဥရောပ ဝတ်စုံပြည့်နှင့် တည်းခိုနေထိုင်နေသောသူဟာ ... မြန်မာစကား နားမလည်သည့် နိုင်ငံခြားသားတစ်ယောက်ပဲ ဖြစ်ရမည်ဆိုတာ ကျိန်းသေပေါက် ဖြစ်နေသဖြင့် ဒေါင်းက ထူးဦးကို အနိုင်နဲ့ပိုင်းကာ စလိုက်ပါသည်။ ဒေါင်း ညစ်စုတ်လိုက်တာကို သိသဖြင့် ထူးဦး ကလည်း ခပ်ကျိတ်ကျိတ်ရယ်ရင်း ...

"ဒေါင်း မေးကြည့်လိုက်ပါလား ... မဟုတ်ဘူးလို့ ဖြေလိမ့် မယ် ..."

"ဟုတ်တယ်လို့ ဖြေမှာ ..."

"ဒါဆို မေးကြည့်လိုက်လေ ..."

"သူ့ မေးပါလား ..."

ခတ်လှေကားက ဆယ်ထပ်မှာ 'တိန်'ခနဲ မြည်ကာ ရပ်တန့်သွားသည်။ အော်တိုမက်တစ်တံခါး ပွင့်ဟလာမှာကိုတောင် မစောင့်နိုင်တော့ဘဲ ခလုတ်တစ်ခုကို ခပ်မြန်မြန် ပြန်ပိတ်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာသော တံခါးမှ ထွက်သွားလေသော လူကြီးက ဒေါင်းတို့ဘက် တစ်ချက်လှည့်ကြည့်သွားကာ ...

"ဟုတ်တဲ့လူရော ... မဟုတ်တဲ့လူရော ... နှစ်ယောက်စလုံး မှားတယ် ..."

အော်တိုမက်တစ်တံခါးမှာ ချပ်ခနဲ ပြန်စေ့သွားကာ ဓာတ်လှေကားက အပေါ်သို့ ဆက်တက်လာခဲ့လေသည်။ ဒေါင်းရော ထူးဦးပါ ကြောင်တက်တက်တွေ ဖြစ်နေမိကြပြီးမှ ဒေါင်းကစတင်ကာ အာမေဋိတ်ခပ်ကျယ်ကျယ်နှင့် ...

"ဟင် ... မြန်မာကြီး"

"အေးလေ ... ဘယ်သူက ဘာပြောလို့လဲ ... သူကကော ဒေါင်းကို သူက မြန်မာကြီး မဟုတ်ပါဘူးလို့ ပြောလို့လား"

"အဲဒီလိုဆိုရင် သူက ဘာလို့ အဲဒီလူကြီးရှေ့မှာ မြန်မာလို ဟုတ်တိပတ်တိတွေ ပြောနေရတာလဲ ..."

"မသိဘူးလေ ... ဒေါင်းက စပြောတော့ ကျွန်တော်လည်း ပြောလို့ရတယ် ထင်တာပေါ့ ... ဘယ်သိမလဲ ..."

ဒေါင်းနှင့် ထူးဦးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ချလိုက်မိကြပါသည်။ ထူးဦးမှာ ရယ်နေရင်း ... ရယ်နေရင်းက တအားကြီး ရယ်နေသည့် ဒေါင်း၏ မျက်နှာကလေးကို ငေးကြည့်မိသွားသဖြင့် တဖြည်းဖြည်းချင်း အရယ်ရပ်တန့်ကာ ခပ်ငေးငေးပုံစံမျိုးကြီး ပေါက်သွားတော့သည်။ ထူးဦး၏ ထူးခြားသော အသွင်ကြောင့် ဒေါင်းမှာလည်း ရှက်အမ်း အမ်းနှင့် တဖြည်းဖြည်းချင်း ... အရယ်က ရပ်တန့် ...။



"ဘာဖြစ်မှန်း မသိဘူး ..."

ဒေါင်းက စူပွပွပြောကာ ထူးဦးထံမှ အကြည့်ကို လွှဲပစ်လိုက်တော့သည်။ ထူးဦးကတော့ မုန့်ဘူးအပြားလိုက်ကြီးငါးဘူးကို လက်ထဲမှာ ကိုင်မ,ထားရာက အပေါ်သို့ မ,တင်လိုက်ပြီး နှာခေါင်းတစ်ဝက်လောက်အထိ မျက်နှာကို ကွယ်ပစ်လိုက်ကာ ခုန့်ဘူးများပေါ်မှ မျက်လုံးကလေးပဲ ထွက်၍ ဒေါင်းကို ဆက်ပြီး ချောင်းကြည့်နေ၏။

"တစ်ခါလေး စချောင်းမိပါတယ် ... တစ်သက်လုံးလက်စားချေလို့ ပြီးတော့မဲ့ပုံ မရဘူး ..."

ဒေါင်းက ထူးဦးကို လှည့်ပြောလိုက်ရင်း ဆယ့်နှစ်ထပ်အရောက် 'တိန်'ခနဲ ပွင့်ဟလာသော တံခါးမှ အပြင်ဘက်သို့ အမြန်ဆုံး ထွက်ချသွားလိုက်၏။ ထူးဦးမှာ မုန့်ဘူးတွေ တကားကားနှင့် ဒေါင်းနောက်မှ အမြန်ဆုံး ပြေးလိုက်လာခဲ့ရင်း ...

"ဘာပြောတယ် ... ဘာပြောတယ် ..."

"ဘာမှ မပြောဘူး ..."

"မရဘူး ... ကြားလိုက်ပါတယ် ... ပြန်ပြော ..."

"ကြားလိုက်တယ်ဆိုရင်လည်း ဘာလို့ ထပ်မေးနေသေးလဲ ..."

"ငဆိုးမလေး ..."

ဒေါင်းက ပြုံးစေ့စေ့နှင့် မုန့်မှာထားသော အစည်းအဝေးခန်းမကြီးထဲသို့ မုန့်ဘူးဘွေကို ဝင်ချ ... ငွေရှင်းတာကို လက်ခံလုပ်နေရင်း ... ကိစ္စပြီး၍ ပြန်ထွက်လာကြသောအခါကျမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ခုနကိစ္စကို ပြန်ရှင်းပြရဦးမယ် ..."

"ချောင်းတဲ့ ကိစ္စလား ..."

"ဟာ ... မဟုတ်ပါဘူး ... ငဆိုးမလို့ ခေါ်တဲ့ကိစ္စ ..."

"မဆိုးလို့လား ..."

"ဆိုးဆိုး မဆိုးဆိုး ... ကဲ ... ပြောပါဦး ... ဘယ်နှခုနှစ် မွေးလဲ ..."

ထူးဦးက တဟားဟား အော်ဟစ်ရယ်ပစ်လိုက်ရင်း ...

"ထောင့်ကိုးရာ ရှစ်ဆယ့်သုံး ..."

"ဟင်း ... သေချာတာပေါ့ ... ဘာလဖွားလဲ ..."

"ဖေဖော်ဝါရီ ..."

"ဒါဆို ပိုတောင်ဆိုးသေးတယ် ... ဒီမှာနော် ဆရာကြီး ကျွန်မက ရှစ်ဆယ့်နှစ် မွေးတာ ... ယနေ့မှစတင်၍ ငဆိုးမလေးတွေ ဘာတွေ ခေါ်ခွင့်မရှိ ..."

"အမိလို့ ခေါ်မယ် ..."

"လုပ်ပြန်ပြီ ... ဘာအမိလဲ ..."

"အစ်မကြီးတော့ အမိအရာတဲ့ ... သိပ်ပြီးတော့ အစ်မကြီး ဖြစ်ချင်နေတာကိုး ..."

ဒေါင်းမှာ စိတ်ချမ်းမြေ့ကြည်နူးခြင်းတို့နှင့် ဒေါင်းတို့ဆိုင်မှ ငွေစာရင်းဌာနက အစ်မကြီးကိုပဲ စိတ်ထဲမှာ ပြန်မြင်ယောင်လိုက်မိပါသည်။ ဒီလိုမျိုးကတိကတောက်လေးတွေနှင့် ... ဒေါင်းနှင့်ထူးဦးတို့ တစ်နေ့တစ်နေ့ ပြောနေကြသည့် စကားများ



ကိုကြားလျှင်ကော ... အစ်မကြီးဟာ ဘယ်လိုကောက်ချက်ဆွဲချင်ဦးမယ်မသိ ...။ "ကျွန်မတို့များ စဉ်းတောင်မစဉ်း စားထားမိဘူး... ဒီခေတ်ကလေးတွေကတော့ ဆန်းတယ်"ဟု ဆိုခဲ့သည့် အစ်မကြီးသည် ... သမီးရည်းစားတွေလည်း မဟုတ်ကြ။ သူငယ်ချင်းမိတ်ဆွေရင်းရင်းချာချာထဲကလည်း မဟုတ်ခဲ့ကြသည့် ဒေါင်းနှင့်ထူးဦးတို့ရဲ့ ထူးခြားဆန်းသစ်သော ပေါင်းသင်းမှု ပုံစံကို ဘာများပြောချင်မလဲ ...။

ထူးဦးရဲ့ ပုံစံကို ကြည့်ရတာတော့ သိပ်မဟုတ်လှတော့ဘူးဟု ဒေါင်းက ထင်သည်။ ဘယ်လိုခေါ်မလဲနော် ... သနားသွားရာက စတာလား ...။ ရိုတတ်ရွဲ့တတ်မဲ့ပုံ ရသောကောင်ကလေးဟာ ထင်သည့်အတိုင်းပင် ဒေါင်းထက် အနည်းငယ်ကလေး ငယ်နေသတဲ့ ...။ ဒေါင်းက တမင်အသက်ကြာနေအောင်ချောပြောထားလိုက်ပေမဲ့ အမှန်ကတော့ လပိုင်းပဲ ကွာတာပင်။

"ဒေါင်း ... ဒေါင်းလို့ပဲ ခေါ်မယ်ကွာ ..."

"ဘယ်သူကရော ဘာပြောနေလို့လဲ ..."

"သိပ်ကြီးချင်နေသလားလို့ပါ ... ဒေါင်း ... ခုနက ဒေါင်းကို စိတ်ဆိုးသွားတာလား ဆိုတာကို ပြန်ပြောမလို့ ...အဲဒီတုန်းက ကျွန်တော် တကယ်ပဲ စိတ်မဆိုးခဲ့ပါဘူး ... ဒါပေမဲ့ စဉ်းစားမိလိုက်လို့ပါ ... ကျွန်တော် ခုလောလောဆယ်တော့ ဒေါင်းရဲ့ သက်တော်စောင့်ပဲ လုပ်ဦးမယ် ... ဒါပေမဲ့ တစ်ချိန်ချိန်ကျရင်တော့ ကျွန်တော်လည်း အလုပ်တစ်ခုခုကိုတော့ လုပ်မှာပါ ... အင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းကို ထည့်စဉ်းစားရရင်တော့ ကျွန်တော်လည်း ကျွန်တော့်အဖေဆီမှာပဲ ပြန်ဝင်ဖြစ်ဖို့ များပါတယ် ... ခုလောလောဆယ်တော့ ... ခုလောလောဆယ်တော့ ... ကျွန်တော် ဒေါင်းကို စိတ်မချသေးဘူး ... ဒေါင်းနားမှာပဲ နေဦးမယ်နော် ...”

ဒေါင်းက သက်ပြင်းလေးတစ်ချက်ကိုပဲ ချလိုက်မိပါတော့သည်။

“ကဲ ... လာ ... ဒေါင်း ... ထူးကို ကော်ဖီတိုက်မယ် ...”

ဒေါင်းတို့နှစ်ယောက်ရဲ့ ပုံစံက ချက်ချင်းဆိုသလိုပဲ ပြောင်းပြန်ကြီး ဖြစ်သွားတော့သည်။ ကျားကျားယားယားနှင့် ဒေါင်းရှေ့မှာ မားမားမတ်မတ် ရပ်ပြကာ ဒေါင်းကို အားကိုးရာ ရစေခဲ့သော ထူးဦးဟာ ချက်ချင်းပင် ကြဲဖန်အားငယ်နေတော့မည့် လူဆိုးလေးအသွင်သို့ ပြောင်းလဲသွားကာ ... ထူးဦးရဲ့ အရိပ်အာဝါသကို ခိုရင်း အားရှိရတော့မည့် ဒေါင်းက ... ခုတော့ ရှေ့ကနေ ထွက်ရပ်တော့မည့် အစ်မကြီး တစ်ယောက်ရဲ့ ပုံစံလိုလို။

“ထူးလို့ ခေါ်မယ် ဟုတ်လား ...”

ဒေါင်းက ကိုယ်တိုင် ထည့်ခေါ်လိုက်ပါလျက်နှင့် မသိချင်ယောင်ဆောင်နေသည်။

“ကျွန်တော် ကြိုက်တယ် ... ကျွန်တော့်နာမည် နှစ်လုံးမှာ 'ဦး' ကို ကျွန်တော် မကြိုက်ဘူး ... ဘကြီး နာမည်မို့လို့၊ 'ထူး' ကို ကြိုက်တယ် ... အဖေ့နာမည်မို့လို့ ... ဟား ဟား



ဟား ... ကျွန်တော် ခုလိုပြောတာ အိမ်က ကြားသွားရင်တော့ အိမ်မှာ ပွက်လောညံသွားကြလိမ့်မယ် ...”

ဒေါင်းရဲ့ အနီးအနားတစ်ဝိုက်မှာတော့ ခပ်စုတ်စုတ် ...ဘာတော်ရုပ်နှင့် ဂျပိုးဆန်ဆန် လူတော်တော်များများကို ...ပြောက်ကျားပြောက်ကျား ဆိုသလိုပင် တွေ့တွေ့နေရသေး...သည်။ သူတို့ဟာ ဒေါင်းကိုလည်း ကြည့်ကွက် ကြည့်ကွက်။ ...ကို ဒေါင်းက သိပေမဲ့ ထူးဦးကို မပြော ... ထူးဦးကလည်း ...နေပေမဲ့ ဒေါင်းကို မပြော ...။

ဒေါင်းက ထူးဦးကို အခြေကျစေချင်သည်။ ယောက်ျား...ယောက်အနေနှင့် ဘယ်လောက်ကြာကြာကြီး ဒေါင်းနောက်က ...ကောက်ကောက် ဆက်လိုက်နေနိုင်မလဲ ...။ ဒါပေမဲ့ ထူးဦး... အကာအကွယ် ပျောက်သွားတာနှင့် ဒေါင်းဟာ ပြဿနာ...ကြီးအကျယ်နှင့် ရင်ဆိုင်ပြန်ရတော့မည် ဆိုတာလည်း ဒေါင်း...သည်။

ထူးဦးကတော့ တစ်ခုခု ဆုံးဖြတ်လုပ်ဆောင်ဖို့ ...နေပြန်ပြီဆိုတာကို သဘောပေါက်နေမိလေသည်။

၆

www.burmeseclassic.com



## အခန်း(၅)

ပန်းဝတ်မှုံနှင့် သူ့အဖေကြီး ဦးစန်းလွင်တို့ အိမ်
ရောက်လာကြလေသည်။ သိပ်ကြီး မလာစဖူး ... အလာထူးသ
အဖေတောင် အံ့ဩလို့နေသည်။ ဖေဖေက ထူးဦး အလုပ်ထွ
လိုက်တာကို မသိသေးပါ။ ခုလောလောဆယ်တော့ ဒေါင်
နံဘေးမှာပဲ လတ်လျားလတ်လျား ဆက်လုပ်နေဖို့ လိုနေ
သည့်အတွက် ထူးဦးကလည်း အဖေ့ကို ဘာမှ ပြောမထားခဲ့
အဖေ့အလုပ်မှာ ဝင်ပါတော့မည်ဟု ဆုံးဖြတ်သည့် တစ်နေ့
ပြောတော့မည်ဟုပဲ ရည်ရွယ်ထားခဲ့ခြင်း ဖြစ်ပါသည်။ သို့
ထူးဦး၏ ရည်ရွယ်ချက်မှာ ပြည့်မည့်ပုံ မရတော့ ...။

"ဦးမြင့်ဦးရေ ... ဒီမှာဗျာ ... ကျွန်တော့်သမီးက
အိမ်မှာ တငိုငို တရယ်ရယ်နဲ့ ဘုံဆောင်နေလွန်းလို့ပ
တစ်မျိုးတော့ မထင်စေချင်ဘူး ... မောင်ထူးဦးမှာ အ
မပြောတာ ဘာညာရှိရင်လည်း ညှိနိုင်းကြရအောင်လို့ပေါ့



"ခင်ဗျာ ... ဘာကိုဆိုလိုတာပါလဲ ကိုစန်းလွင် ..."

"အစကတော့ မိသားစုခရီးထွက်ဖို့များ ရှိတာလား ... အိမ်မှာ အလုပ်ကိစ္စ အရေးတကြီးများ ရှိလို့လားနဲ့ပေါ့ ... ဒါပေမဲ့ ခုနစ်ရက်တစ်ပတ် ကျော်လာတာတောင် မမြင်ရသေးတော့မှ သမီးကို မေးကြည့်ရပါတယ် ... အဲဒီတော့မှ သမီးက ပြောတာဗျို့ ... မောင်ထူးဦးက အလုပ်ထွက်သွားတာတဲ့ ... ကဲ ... ပက်လက်ကိုလန်သွားရတာပဲ"

ဖေဖေရော မေမေပါ တစ်မျိုးကြီးတွေ ဖြစ်သွားကြသည်။ နှစ်ယောက်လုံးဟာ ထူးဦးအကြောင်းကို ဘာမှ သိမထားကြရသေးသူများလေ ...။ အချိန်တန်လို့ အိမ်မှ ထွက်ခွာသွားလျှင် ဦးစန်းလွင်ရဲ့ အိမ်သို့သာဟု မိဘများက ခံယူထားကြရသည့်အဖြစ်မျိုးပဲ ...။

"ကဲ ... ရီရီရေ ... မင်းသားကိုလည်း ခေါ်ပါဦးကွာ ..."

ထူးဦး ဧည့်ခန်းထဲ ရောက်လာသောအခါ ဦးစန်းလွင်ဟာ ဦးမြင့်ဦးနှင့်အတူ နှစ်ယောက်ထိုင် ကုလားထိုင်မှာ ပူးတွဲထိုင်လျက်က တရင်းတနှီးပုံကြီး ...။ ပန်းဝတ်မှုံကတော့ မေမေဒေါ်ရီရီရဲ့ ကုလားထိုင်နံဘေးမှာ ကျုံ့ကျုံ့ကလေး ကပ်ထိုင်ရင်းလက်ကလေးချင်းများတောင်မှ ချိတ်ထားချေလေသည်။

"ထူးဦး ... မင်း အလုပ်ထွက်လိုက်တယ်ဆို ..."

"ဟုတ်ကဲ့ ဖေဖေ ..."

"ဟာ ... ဟေ့ကောင် ... ဘယ်လိုလဲ ... ငါတို့လည်း ဘာမှ မသိရပါလား ... မင်းဟာက ဘယ်လိုလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အဲဒီကထွက်ပြီး အဖေ့ဆီမှာပဲ ဝင်တော့မယ်လို့ ..."

ထူးဦးက အမြန် ပြောထားလိုက်သည်။ သို့သော် ဘယ်တုန်းကတည်းက ထွက်ထားမှန်းမသိ ... အခုချိန်ထိ သူ့ အလုပ်ထဲလည်း ရောက်မလာသေးဘဲနှင့် အချိန်တန် အိမ်က ထွက်ကာ အပြင်မှာ ဘာသွားသွားလုပ်နေသလဲ မသိသော ထူးဦး၏ စကားကို ဦးမြင့်ဦးက သဘောတကျ လက်ခံသွား မည့်အစား ... ပို၍တောင်မှ အမြင်ကတ်ခါးသီးသွားရကာ ...

"မင်း ဒီလိုမပြောနဲ့ ... အလုပ်ဆိုတာ ခုဝင်ချင်တွက် ... ငါ လုပ်ချင်လုပ်မယ် ... မလုပ်ချင်ရင်လည်း မလုပ်ဘူး ... ငါ့သဘော ငါဆောင်ပဲ ဆိုတာမျိုး လုပ်လို့မရဘူး ... အဲဒီလို စည်းကမ်းမရှိတာမျိုးကို ငါ မကြိုက်ဘူးကွ ..."

"ဒါက ဒီလိုတော့ ရှိပါတယ် ဦးမြင့်ဦးရယ် ... ကျုပ်တို့ ကလည်း မောင်ထူးဦးကို အလုပ်ထဲမှာ နေပျော်အောင် အခြေအနေတွေ ဖန်တီးပေးထားဖို့အတွက် လိုအပ်မှုတွေ ရှိနေတယ်နဲ့ တူပါတယ် ... အဲဒီလိုဖြစ်ပါလိမ့်မယ် ..."

"မဟုတ်ဘူး ကိုစန်းလွင် ... ကျွန်တော်က ဒီကောင့် ကျွန်တော့် အလုပ်ထဲကို အတင်းမထည့်သေးဘဲ ခင်ဗျားဆီမှာ ပဲ ဝင်ခိုင်းလိုက်တာ အကြောင်းရှိတယ် ... သူစိမ်းတစ်ယောက် ဆီမှာ အလုပ်ကိုလုပ်ဖူးမှ ကိုယ့်ကိုယ်ပိုင်အလုပ်ကို ပြန်သွား တဲ့အခါမှာ ပိုပြီး အပိုးကျိုး အသားသေပြီးသား ဖြစ်နေလိမ့် မယ် ... အဖေ့ဆီမှာ နွဲ့ဆိုးဆိုးချင်တာမျိုး ... ဒီအရွယ်



ယောက်ျားလေးတစ်ယောက် ဖြစ်ရက်နဲ့ ... လုပ်ချင်မှလုပ် မယ်ကွာ ... မလုပ်ချင်ရင် မလုပ်ဘူး ... ပျင်းတယ်၊ မပျော် ဘူး ... အဆင်မပြေဘူး ... ဒါမျိုးတွေ ဆင်ခြေကန်နေလို့ ရတဲ့ အခြေအနေမျိုး မဖြစ်စေချင်ဘူး ...

အလုပ်သမားကို အလုပ်ထဲမှာ နေပျော်အောင် အလုပ်ရှင်က လိုက်ဖန်တီးပေးထားတယ် ဆိုတာလည်း အတိုင်းအတာ တစ်ခုအထိပဲ ရမှာပေါ့ဗျ ... သူတို့ မပျော် ဘူးဆိုတိုင်း အလုပ်ရှင်ဘက်က လိုက်,လိုက်ပြီး လျှော့ပေး ရမယ်ဆိုတာတော့ ဘယ်ဟုတ်မလဲ ... မဖြစ်နိုင်ဘူး ..."

"ခုအခြေအနေကတော့ ကျွန်တော်တို့ဘက်ကလည်း အလုပ် ရှင်ရယ် အလုပ်သမားရယ် သဘောမထားပါဘူးဗျာ ... သမီးနဲ့ မောင်ထူးဦးဆိုတာလည်း တကယ့်ကို ပြောမနာ ဆိုမနာ မောင်နှမအရင်းအချာတွေလိုပါပဲ ... ဦးမြင့်ဦးတို့ကို မြင်စေချင်ပါတယ် ... ကျွန်တော့်သမီးမှာလည်း ပြောလို့ ပြောတာ မဟုတ်ပါဘူး ... မောင်ထူးဦး ရောက်လာမှ ပိုပြီး တည်ငြိမ်လာတယ် ... ပုံသဏ္ဌာန် မှန်လာတယ် ဆိုရမှာ ပေါ့ ... မောင်ထူးဦးဟာ လူငယ်သာဆိုတယ် ... အတွေး အခေါ်ဘက်မှာရော ဘာရော တကယ့် လူကြီးလေးတစ် ယောက်လိုပါပဲ ..."

ဦးစန်းလွင်၏ စကားရေယာဉ်မှာ မေမေဒေါ်ရီရီက ... ပြုံးကြီး မျောပါနေသလို ... အဖေ ကြည့်လိုက်တော့လည်း ... သာမထားတဲ့ ကျေနပ်နေပုံကြီးက အသိအသာကြီးပါ ...။

www.burmeseclassic.com

www.burmeseclassic.com



"တည်ငြိမ်ရုံမက လုံလည်းလုံခြုံလာတယ် ... ဘေးကင်းရန်ကင်းနဲ့ လုံးဝစိတ်ချထားလို့ရတယ် ... ကျွန်တော့်မှာ လုံးဝမျက်စိမှိတ် မျက်နှာလွှဲပြီး အလုပ်လုပ်နေလို့ရတယ် သမီးအတွက်ရော ... ကျွန်တော့်အတွက်ပါ အများကြီး အကျိုးရှိပါတယ် ... ကျေးဇူးလည်း ရှိတယ် ... ဟုတ်တယ် လေ ... ကျွန်တော်တို့ကတော့ ကိုယ့်ပေါ်ကို ကျေးဇူးတစ်ခုခု လောက် ပြုဖူးရင်ပဲ ကျေးဇူးရှင်လို့ သတ်မှတ်တယ်ဗျာ"

အင်း ... အကြီးစား ... အပြင်းစား ရိုက်ချက်တွေပဲ ...။ အဖေရော အမေပါ လှိမ့်ပိမ့်ကျဆင်းနေကြလောက်ပြီ။

"အခုဟာကတော့ ရတ်တရက် မပြောမဆို ဆိုတော့ကာ 'ဟာ၁'ခနဲကို ဖြစ်သွားရတာပဲ ... ကျွန်တော်တို့မှာ မောင်ထူးဦး ဘယ်လောက်လိုအပ်တယ်ဆိုတာ ကျွန်တော်ပဲသိတယ် ... တော်ရုံဆိုရင်တော့ဗျာ ... ကိုယ်က ပိုက်ဆံပေးနိုင်ရင် ဒီနေရာ ဘယ်သူ့ခန့်ခန့်ပေါ့ ...

ခုဟာကတော့ ကိုယ့်သမီးကို တကယ့်နှမသားချင်းလို သဘောထား စောင့်ရှောက်ရမဲ့ ကိစ္စဆိုတော့ ... လူကိုကြည့်ရတယ် ... မျိုးရိုးကိုကြည့်ရတယ် ... အရည်အချင်း လုပ်ပုံကိုင်ပုံ ... စိတ်ဓာတ် အစစအရာရာကို ကြည့်ရတယ် ဗျာ ... မလွယ်ဘူး ... ကျွန်တော့်မှာ မောင်ထူးဦးလိုလူမျိုး ထပ်ရနိုင်ဖို့ လွယ်ကိုမလွယ်ဘူး ... ဟဲဟဲဟဲ ... ဂုဏ်တက် ချင်လည်း တက်ကြဗျို့ ... ဒါကတော့ အမှန်အတိုင်းကို အပွင့်လင်းဆုံး ပြောချပစ်လိုက်တာပဲ ... ဟဲဟဲ"



အဖေက ထူးဦးကို ကြည့်လိုက်သည်။ ထူးဦးကား နှာထား မတည်မလျော့နှင့် ပန်းဝတ်မှုံကိုသာ စိုက်ကြည့်လို့ နေလေသည်။

"မောင်ထူးဦး ဆုံးမပဲ့ပြင်နေတာတွေ ကျွန်တော် ကြားသားပဲ ... ကြိုက်တယ် ... သဘောကျတယ် ... ကြိုက်သလောက် ပြောစမ်းပစေကွာ ဆိုပြီး ထားလိုက်တယ် ... ဒါမျိုးတွေက ကိုယ်တောင် ကိုယ့်သမီးကို မပြောနိုင်တဲ့ ကိစ္စတွေလေ ဦးမြင့်ဦးရဲ့သားကတော့ ဦးမြင့်ဦးတို့လက်ထွက် ပီသပါ တယ် ... တကယ့်ကို လူကြီးလေးတစ်ယောက်လိုပဲပြောနိုင် ဆိုနိုင်တာပဲ ...

မလိမ္မာတာက ကိုယ့်သမီးလေ ... သူကလည်း အသက်နဲ့မမျှတဲ့ ကလေးစိတ်ဆိုတော့ အကောင်းပြောလို့ ပြောနေမှန်း မသိ ... နာယူလိုက်ရကောင်းမှန်းမသိ ... လူငယ်ချင်းဆိုတဲ့စိတ်နဲ့ ရန်ပြိုင်ဖြစ်တာတို့ ... ပြောစကား နားမထောင်ချင်တာတို့ ရှိတာပေါ့ ဦးမြင့်ဦးရဲ့ ... ဒီနှစ် ယောက်ကြားမှာ ပြဿနာတစ်ခုခု ဖြစ်လိုက်လို့ ဆိုလို့က တော့ ...

စုံစမ်းမနေနဲ့ ... ဗေဒင်မေးမနေနဲ့ ... ပန်းဝတ်မှုံ ရဲ့ အလွန်ပဲဖြစ်မဗျို့ ... ဟား ဟား ..."

ကဲ ... ဒီကိစ္စတစ်ခုဟာ ဦးစန်းလွင်လို စီးပွားရေး သမားကောင်းတစ်ယောက်ရဲ့ ပါးစပ်ထဲကို ရောက်သွားမှတော့ ဒီမတန်မှုကို ပေါ့တီမ်ကြားကောင်းသော ကိစ္စမျိုးကို ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတော့တာပါပဲ ...။ သူ့သမီးရဲ့ ဆိုးဝါးမှုတွေကို သူ သိကိုမသိ
တာလည်း ဖြစ်နိုင်သည်။ အခုဟာက ... ကလေးဆန်ဆန်မလိမ္မာ
တာလောက်ဆိုရင် ထူးဦး ဘက်က ဘာမှပြောနေစရာ ရှိမည်မထင်
ပါ ... ဒါမျိုးလောက်ကတော့ အလုပ်ရယ်လို့ စဝင်တဲ့ နေ့ကတည်း
က ရင်ဆိုင်သည်းညည်းခံလာရတဲ့ ကိစ္စလေ။

ခုဟာက ကလေးဆန်ဆန်မှ မဟုတ်တာဘဲ ...
လူကြီးမှ အင်မတန်ရက်စက် အကြံကြီးလှတဲ့ လူကြီး ... စနစ်
တကျ အကွက်ဆင် ကောက်ကျစ်ဝံ့တဲ့လူကြီး ... မိန်းကလေး
အချင်းချင်း စာနာစိတ်မရှိဘဲ အန္တရာယ်တော်ထဲကို တွန်းပို့ချင်တဲ့
လူကြီး ...။

"ဦး မရှိတော့တော့ ... သမီးကြောက်လွန်းလို့ အပြင်လည်း
မသွားတော့ဘူး ... ခုနစ်ရက်ရှိပြီ အိမ်ထဲမှာပဲ ကုပ်နေ
တာ ... ဝမ်းနည်းလိုက်တာ ... ဟင့် ..."

"ဟား ဟား ဟား ဟား"

ထူးဦးက ရယ်ချပစ်လိုက်တော့ သားအဖနှစ်ယောက်
လုံးရော ... အဖေနှင့်အမေပါ လှုပ်လှုပ်ရှားရှားနှင့် မျက်စိပျက်
မျက်နှာပျက်တွေ ဖြစ်ကုန်ကြပါသည်။

"မင်း တကယ်မကြောက်တတ်ပါဘူး ပန်းဝတ်မှုံ ... အေး
လေ ... အကူအညီကတော့ လိုချင်လိုမှာပေါ့ ... ဒါပေ
မင်းလိုအပ်တဲ့ အကူအညီမျိုးကို ပေးနိုင်မဲ့ ဂိုဏ်းတစ်ဂိုဏ်း
တစ်ဖွဲ့လုံး မင်းမှာရှိနေပြီပဲ ... ငါတကယ်မလိုအပ်တော့ဘူး
ဆိုတာ ငါသိတယ် ... မင်းလည်းသိပါတယ် ..."



"ဦးက ဝတ်မှုံကို ရဲနိုင်နဲ့ ပြန်ဆက်သွယ်မိတာကို မကြိုက်
တာမှတ်လား ... ကိုယ့်မှာ ဒီလောက်စိတ်ချရတဲ့ အစောင့်
အရှောက်ကောင်းတစ်ယောက် ရှိရက်နဲ့ ရဲနိုင်ကိုပဲ အားကိုး
မိသလို ဖြစ်သွားတာမို့ ဦးက စိတ်လုပ် ..."

"တော်စမ်းပါကွာ ... မင်းပြောပုံက ဖြစ်ပျက်နေတဲ့
အကြောင်းအရာကို ပေါ့တိမ်စေလိုက်တာ ..."

ဖေဖေက ထူးဦးကို အကဲခတ်ကာသာ စိုက်ကြည့်
နေပါသည်။ ထူးဦးကား မိန်းကလေးနှစ်ယောက်ရဲ့ ပြိုင်ပွဲအကြောင်း
ကို သူ့မိဘ ကိုယ့်မိဘတွေရှေ့မှာ အားလုံးကြီး အပြည့်အစုံကြီး
ဖွင့်ချမပြလိုက်ချင်ပါ။ ဒီကိစ္စမှာ ဒေါင်းဖြူဘက်ကလည်း လွန်မိ
သလိုရှိတာတွေကို အဖေနှင့်အမေ့ကို ပေးမသိစေချင်။ ပန်းဝတ်မှုံ
အပေါ် သူတို့အမြင်မဆိုးနိုင်ကြဘဲ သနားတောင်မှ သနားနေနိုင်
သေးတာ အတွက်ကိုတော့ ထူးဦးမှာ ဘာမှမတတ်နိုင်ပါ ...။
အခိုကက ဒေါင်းဖြူ အပေါ်မှာ မိဘနှစ်ပါးရဲ့အမြင်က "ဟင်"
ခနဲ ဖြစ်မသွားစေဖို့ပဲ ...။ ဒေါင်းဖြူဟာ ထူးဦးရဲ့ဆုံးဖြတ်ချက်
အရ နောင်ကာလမှာ ထူးဦးရဲ့မိဘတွေနဲ့ ဆက်ပြီးပတ်သက်ကို
ပတ်သက်နေကြရဦးတော့မှာလေ ...။

"ကဲ ... ထူးဦး မင်း ဘာပြောစရာရှိသလဲ ..."

"ကျွန်တော် အဖေ့ဆီမှာပဲ ..."

"မဟုတ်ဘူး ... ငါဆိုလိုတာက ဒီသမီးအပေါ် မင်းမကြည်
လင်နေတာက ဘာလဲ ... ပြုပြင်စေချင်တာ ... ဆင်ခြင်စေ
ချင်တာတွေက ဘာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



အဖေ့စကားရဲ့ အရှိပ္ပာယ် အနက်အလာကို ရိပ်မိလိုက်သည့်အတွက် ဦးစန်းလွင်က ဝမ်းသာအားရ အားတက်သရောနှင့် ... "ဟုတ်တယ် ... ဟုတ်တယ် ... ကျုပ်ဆိုလိုတာကလည်း အဲဒါပဲ ... ကဲ ... မောင်ထူးဦး ... အန်ကယ်တို့ရှေ့တင်ပဲ အားလုံးအတိအလင်း ပွင့်ပွင့်လင်းလင်း ပြောထားလိုက် ... ဒီဟာမလေးလုံးဝကိုမငြင်းဆန်စေရဘူး ... မဟုတ်ရင်တော့ သူနဲ့အန်ကယ်နဲ့တွေ့မှာပဲ ..."ဟု ခပ်မြန်မြန်ကြီး ဝင်ပြောထားလိုက်လေသည်။

ဆိုလိုတာကတော့ ... စိတ်လုပ်သွားသည့် ထူးဦးဟာ ကိုယ်နှစ်သက်ရာတွေကို ပြောဆိုတောင်းဆိုပြီး သကာလ ... ခုံရင်းကခုံရင်း ... သူတို့အလိုပ်ထဲသို့ပဲ ပြန်ဝင်ကို ဝင်လိုက်သွားရတော့မည်ဆိုတဲ့ သဘောပေါ့လေ ...။ ထူးဦးက ဘာမှပြန်မပြောသေးဘဲ တုံဏှိဘာဝေပဲ လုပ်နေသည်။ ဘယ်လိုပြောရမလဲ ... ဘာမှလည်း ပြောစရာကမရှိ ... ပြောလို့လည်းမရ ...။ အင်း ... စိတ်ကုန်လိုက်တာ ...။

ပန်းဝတ်မှုံရဲ့ အပြစ်ချည်း သတ်သက်ဏလည်း ခွေးပြောလို့မရ ... ဇာတ်ကြောင်းလှန်လိုက်တာနဲ့ ဒေါင်းဖြူကမပါမဖြစ် ပါကိုပါရတော့မည်။ ကိုယ်ကမပါအောင် ချန်ထားခဲ့ရင်လည်း ပန်းဝတ်မှုံက ဘယ်ငြိမ်နေလိမ့်မလဲ ...။

အင်း ... ကြည့်ဦးလေ ... ဒီနှစ် အကယ်ဒမီရွှေစင်ရုပ်ထုကိုများ ချိန်နေသလား မှတ်ရတဲ့ ရွှေမင်းသမီးဟာ အမူအရာအိုက်တင်တွေ ကောင်းနေလိုက်ပုံများ ...။ သမီးမိန်းကလေးမမွေးထားတဲ့ မေမေဟာ နဂိုကမှ မိန်းကလေးများဆိုရင် ချစ်တတ်ခင်တတ်ပါဘိသနဲ့ ...။ အခုတော့ ပန်းဝတ်မှုံရဲ့ အိုက်တင်ဇာတ်ကွင်းထဲ သက်ဆင်းကာ ... ထူးဦးကိုပဲ တစ်ခုခုပြောလိုက်ချင်ဟန်မျက်နှာရိပ် မျက်နှာကဲများနှင့် ...။



ဖေဖေက ဘာမှအဆုံးအဖြတ် ဝင်မပေးသေးသည်မို့ မေမေ့မှာ ရှေ့ကကျော်ပြီး ဝင်မဆုံးဖြတ်လိုက်ချင်သည်မို့သာ ငြိမ်နေရဟန်ပါ ...။ နို့မို့ဆိုရင်ရှော့ မေမေ့ရဲ့ လက်သုံးစကားအတိုင်း ... "ကံပါသားရယ် ... ညီမလေး စိတ်ဆင်းရဲနေပါ့မယ်၊ ညာလိုက်ပါ" ဆိုတာလောက်တော့ ထွက်လာပြီးလောက်ပြီ ...။ အင်း ... အင်း ... အတော့်ကို သနားကရုဏာသက်နေတဲ့ပုံလေး။ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ကူညီလိုက်စေချင်တဲ့ ပုံကလေး ...။

"တစ်လက်စတည်း ကျုပ်တို့ဘက်ကလည်း ကတိပေးချင်တာတစ်ခုကတော့ အခိုက်အတန့်အားဖြင့်ပေါ့နော် ... အခုမောင်ထူးဦးရဲ့ အလုပ်ဟာ မတည်ငြိမ်တဲ့အလုပ်လို့ ထင်ရပေမဲ့ ဒါဟာ အခိုက်အတန့်အားဖြင့်ပဲ ဖြစ်နိုင်ပါတယ်၊ ဟိုးအရင်ကလည်း ပြောတော့ ပြောခဲ့ပြီးပါပြီ ... ဒီလိုအနစ်နာခံပေးခဲ့တဲ့အတွက် ... မောင်ထူးဦးရဲ့ တက်လမ်းကိုပိတ်ထားသလို မဖြစ်စေရပါဘူး ...

သူ့ကို လုပ်ငန်းထဲမှာ ခေါ်သုံးမယ် ... သင်ပေးမယ်၊ ဒါ ကျွန်တော် အများကြီး စဉ်းစားထားပြီးသား ကိစ္စတွေပါ ... အခုပေးထားတဲ့ လခတို့ ဘာတို့ဆိုတာကတော့ ခါ ဦးမြင့်ဦးရဲ့ သားအနေနဲ့ဆိုရင် ရယ်စရာတောင်ကောင်းပါတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ပြောစရာမလိုပါဘူး ကိုစန်းလွင် ... ဒီကောင်ကလည်း အဲဒါကြောင့်တော့ မဟုတ်နိုင်ပါဘူး... ကဲ ..."

အဖေက အပြီးသတ် အဆုံးအဖြတ်ပေးတော့မည့် အသွင်နှင့် "ကဲ"ဟု တစ်ခွန်း ခပ်ကျယ်ကျယ်လေး အော်ထည့်လိုက်သည်။

"ဒီလိုလေး လုပ်လိုက်ပါ ... သူတို့မောင်နှမချင်း ညှိကြပါစေ ... ဒါမှ တစ်ယောက်ရဲ့ ဆန္ဒကို တစ်ယောက်က ပွင့်ပွင့်လင်းလင်းသိနိုင်မယ် ... လူကြီးတွေရှေ့ဆိုတော့ ပြောရခက်နေတာတွေ ဘာတွေ ရှိချင်လည်းရှိမယ် ..."

အဖေရော အမေပါ ရုတ်တရက် တစ်မျိုးတွေဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ သူတို့စိတ်ထဲ ဘာတွေထင်ပြီး ဘယ်လိုဆုံးဖြတ်ကုန်ကြမယ်တော့မသိ ...။ ထူးဦးကတော့ ဦးစန်းလွင်ရဲ့ စကားကို အတော်ကြီးသဘောကျသွားတာမို့ လူကြီးတွေကိုပင် ခွင့်မပန် ... ပန်းဝတ်မှုံကိုလည်း စောင့်မခေါ်ဘဲ အိမ်အပြင်သို့ ထွက်ချလာခဲ့လိုက်လေသည်။ ထူးဦးရဲ့ နောက်ပါးမှာတော့ ... ဒေါ်ရီရီ့ကို ပြုံးပြုံးကလေးခွင့်ပန်ကာ ... အပြတ်ကိုရိုကျိုးလိမ္မာလှသော ဟန်ကလေးနှင့် ပန်းဝတ်မှုံက ကိုယ်ကလေးကို ခပ်ရိုရို ခပ်ကိုင်းကိုင်း ပုံစံလေးနှင့် လိုက်ပါလာ၏။

ထူးဦးရဲ့ ရုတ်တရက် ဆုံးဖြတ်ချက်ကတော့ ... အဖြစ်မှန်တွေကို ကိုယ့်မိဘနှစ်ပါးထံ လောလောဆယ် ရှင်းမပြ



နိုင်သေးသရွေ့ကတော့ အဖေ့ကို တမင်သက်သက်ကြီး ဖွတ်ဆန်ကျင်သလိုလုပ်လို့ မရမှာက သေချာပြီးသား ...။ အဲဒီတော့ ကိုယ်က အဆိုးထဲက အကောင်းကို ရွေးရမည်။ ပန်းဝတ်မှုံနှင့် သေချာညှိရမည် ... ဒေါင်းဖြူကို ကိုယ်ဆက်လက်မစောင့်ရှောက်နိုင်တော့ချိန်မှာ ပန်းဝတ်မှုံရဲ့ဘက်ကလည်း ဘာမှဆက်မလုပ်နဲ့ ဆက်ရန်မရှာနဲ့ ...။ ဒါဆိုရင် ... ကိုယ်ပြန်လိုက်ခဲ့မည် ...။ ဒါပါပဲ ...။

"ကဲပါ ... ကဲပါ ... ခါးတွေ ဘာတွေလည်း မကုန်းထားဖူး ညောင်းညက်ပြီး နာကျင်ကုန်ပါဦးမယ် ... ဆန့်လို့ရပါပြီ ... ဆန့်ပါတော့ ..."

ပန်းဝတ်မှုံကား အိမ်ထဲကရုပ်နှင့် တခြားစီပင် ...။ ခပ်တည်တည်နှင့် တမင်ပင် ခါးကို ဂွတ်ခနဲ ဆန့်တန်းကာ ဟိုဘက်ဒီဘက် နှစ်ချက် သုံးချက်တောင် တဂွတ်ဂွတ်နှင့် စောင်းနဲ့ ချိုးချေပြနေသေးတော့သည်။

"မင်းရဲ့အဖွဲ့တွေကို အားလုံး ပြန်သိမ်းလိုက် ..."

ထူးဦးက လိုရင်းကိုပဲ ဦးတည်ပြီး ပြောလိုက်သည်။

"အင်း ... ရဲနိုင်တို့ကို ကျေနပ်လောက်တဲ့ အထိတော့ ဆပ်ပလိုင်း(Supply)လုပ်ရလိမ့်မယ် ထင်တယ်"

"ဒါက မင်းကိစ္စပဲလေ ... ငါနဲ့မဆိုင်ဘူး ... မင်းကြိုက်တဲ့နည်းနဲ့ ကြိုက်သလို ဆပ်ပလိုင်းလုပ် ... ပေးကမ်းထောက်ပံ့လိုက်နိုင်တယ်"

"ဒါက ဘာစကားလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားပဲပေါ့ ... မင်းကြိုက်သလို အဓိပ္ပာယ်ယူနိုင်တယ်"

ထူးဦးနှင့် ပန်းဝတ်မှုံတို့ တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းတွေပဲ ကြည့်နေကြပါသည်။ ပန်းဝတ်မှုံမှာလိုတုန်း ခေါ်သုံးထားသည့် ရဲနိုင်တို့အုပ်စုနှင့် တခြားတခြားသော အန္တရာယ်ရန်စွယ်အပေါင်းတို့အတွက် ထူးဦးကို မရှိမဖြစ် လိုအပ်လှတာမို့ "ဟင်း"ခနဲ တစ်ချက်မဲ့ပစ်လိုက်ရင်းကပင် ...။

"ရှင်လည်း ဝတ်မှုံ့နားမှာ မျက်ခြည်မပြတ် ကပ်နေမှ ရှင့်ဟာမအတွက် စိတ်ချရလောက်မှာပါ ဦးရဲ့ ... ဝတ်မှုံကို မျက်ခြည်မပြတ်မှ ဝတ်မှုံ ဘာတွေလျှောက်လုပ်တော့မလဲ လျှောက်လုပ်နိုင်သလဲဆိုတာ ရှင်သိမယ်လေ ..."

"အပိုတွေ ပြောမနေနဲ့ ... မင်းရဲ့ ကောင်တွေက မင်းက လက်စသိမ်းတော့ ... တော်တော့ဆိုရင် ရတ်တရက်တီခနဲ ဖြတ်ချပြီး မင်းစကား နာခံကြမှာကော သေချာရဲ့လား"

"ရှင်သာ အဲဒီလို အစုတ်ပလုပ်မတစ်ယောက်ကို အထင်ကြီးပြီး တပ်မက်နေ ... ရဲနိုင်တို့က ပန်းဝတ်မှုံမှ ပန်းဝတ်မှုံ ရှင့် ... ရှင့်ဟာမနားများ ဘူယ်သူကမှ အားအားယားယား ကပ်မနေချင်ဘူးမှတ် ..."

"ဒါကတော့ သူတော်ချင်း [illegible]သတင်းလွှေ့လွှေ့ ဆိုသလိုပေါ့ ..."

ပန်းဝတ်မှုံက ရုတ်တရက် မျက်နှာထားကလေးကို ပြင်လိုက်သည်။ သူ့ရဲ့ မျက်နှာထားမှာ အနိုင်ရလိုက်သော ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းကင်း ကြည်နူးဟန် ...။



လူကြီးစကားကို နာခံပါတော့မယ်ဟု နောင်တရလိမ္မာသွားဟန်။ ထာဝစဉ် အပြစ်ကင်း ... လောကကြီးအကြောင်းများ ဘာဆိုဘာမှ သိပ်မသိသေးသည့်ဟန် ...။ ခုမှပင် သူ့ဘဝအတွက် စိတ်ချလုံခြုံသောကကင်းသွားရသည့်ဟန် ...။ မျက်နှာက တစ်ခုတည်းနှင့် အဲဒီအဓိပ္ပာယ်တွေအားလုံး တစ်ပြိုင်နက်ကြီး ထွက်နေအောင် သူမို့လို့ဖဲ လုပ်လည်းလုပ်တတ်နိုင်လွန်းပါပေသည်။

လူကြီးသုံးယောက်က ထူးဦးတို့ရှိရာ ခြံထဲသို့လိုက် ဆင်းလာကြပြီလေ။

၈

ရိုးယှဉ်စားပွဲမှ ကုလားထိုင်ကို ဖြန်းခနဲ ဆွဲယူဝင်ထိုင်ပစ်လိုက်သူမှာ မမျှော်လင့်ထားသည့် ပန်းဝတ်မှုံ ဖြစ်နေလေသည်။ ဒေါင်းက မျက်လုံးလေး အနည်းငယ်ပြူးသွားရကာ အနီးနားဝန်းကျင်ကို မျက်လုံးလေးဝဲပြီး တစ်ခုခုဆိုရင် အားကိုးရာရလို့ရပြား အကဲခတ် လေ့လာထားလိုက်သည်။

"ရှာမနေနဲ့ ... နင့်လူလို့ နင်ထင်နေတဲ့ကောင် မပါဘူး... ငါ တစ်နေရာက[illegible]ခိုင်းထားလိုက်တယ် ..."

ဒေါင်းက နှုတ်ခမ်းလေးကို မသိမသာကိုက်လိုက်ကာ စားလက်စ ထမင်းကြော်ပွဲကို လက်စသတ် ရပ်နားလိုက်ပါသည်။ ထိုအခိုက်မှာ ဒေါင်းတို့စားပွဲဘေးသို့ ဆိုင်မှစားပွဲထိုးလေး တစ်ယောက် ရောက်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာမလဲ အစ်မ ..."

ပန်းဝတ်မှုံက "ကြိုက်ရာအအေးဘူး တစ်ဘူးဘူး ယူခဲ့ ..."ဟု ဆိုလိုက်ပြီးလျှင် ... ကောင်လေးထွက်သွားသည်နှင့် တစ်ပြိုင်နက် ...

"မှာစားစရာလား ... အအေးတောင် မကောင်းတတ်လို့ မှာတာ ... ဒီလောက်ညစ်ပတ်သတ်စုတ်ပြတ်နေတဲ့ ဆိုင်ထဲ မျိုးကို ကိစ္စမရှိရင် ခြေတောင်ချဖို့ မရည်ရွယ်ဘူး ... ဟင်း ... ရွံဖို့ကိုတောင်မှ ပြန်ရွံနေသေးတာ ..."

သူ့ရှေ့မှာ ဒေါင်းတစ်ယောက်လုံး ထမင်းကြော်တစ်ပွဲ မှာစားထားတာကို တွေ့တွေ့ကြီးနှင့် ဒီလို စော်စော်ကားကား ပြောဝံ့ခြင်းဟာ ပန်းဝတ်မှုံအတွက်တော့ စိတ်ထဲမလည်း ဘာမှ မရှိပုံ ...။ ပြောထွက်ရတာကိုလည်း ဘာမှမခံစားရပုံ ...။ တမင် တကာကို ပြောပစ်လိုက်တာမျိုးလည်း ဖြစ်နိုင်ပါသည်။ ဒေါင်းသာ ဆိုရင်တော့ ပန်းဝတ်မှုံကို ဘယ်လောက်ကြီးပဲ နုန်းမုန်း ... သူသေ သွားတာကိုတောင် ဝမ်းမနည်းပါဘူး ဆိုရင်တောင်မှ ... ဒီလိုမျိုး နှိမ့်နှိမ့်ချချကြီးကတော့ ပြောထွက်ဖို့ အတော်ကြီး အားယူခက်ခဲ နေရပါဦးမည် ...။

"နင်နဲ့မှ တိုက်ဆိုင်ပြီး လာ[illegible]နေတာ အတော်ပဲ ... ဆုံချင်နေတာနဲ့ ... အခု နင့်လူ ငါ့ဆီ ပြန်ရောက်နေတယ်၊ အဲဒါ နင်သိသလား ..."

"ဖြေစရာမလို"ဟု ယူဆသဖြင့် ဒေါင်းက ပြန်မဖြေ ပါ။ ဒေါင်းသည်ကား ထိုအဖြစ်ကို တိတ်တိတ်ကလေး ကြေကွဲ



[illegible]နည်းပြီးသွားခဲ့ပါပြီ ...။ ထူးဦးဟာ မပြောမဆိုကြီး လုပ်ချ[illegible]တာတော့ မဟုတ် ...။ သေချာတော့ လာရှင်းပြခဲ့သား။ [illegible]ခဲ့ သူက လက်ခံနိုင်လောက်သည်ဟု ထင်သော ဆင်ခြေ[illegible]င်လက်များကို ဒေါင်းရဲ့နှလုံးသားက ကျေကျေနပ်နပ်ကြီး [illegible]က်မခံနိုင်တာ ...။ ကြေကွဲရတာကတော့ ကြေကွဲရတာပါပဲလေ။

နောက်ဆုံးတော့လည်း ပိုနေမြဲ ကျားနေမြဲ ... ဟိုး [illegible]င်ကလည်း ဒေါင်းဟာ တစ်ယောက်တည်း ... သူတို့ချင်းကကျ[illegible]ာ့ နှစ်ယောက်တွဲပဲဟာ ...ဟု အခြေအနေကို အတင်းကြီး [illegible]သစ်လက်ခံ ... စိတ်ချမ်းသာအောင် နေကြည့်ဖို့တစ်ခုကိုပဲ [illegible]သွင်းထားလိုက်ရတော့တာလေ ...။

"ဦးက ငါ့ကို ဥပဒေနဲ့ မကင်းမဲ့ အလုပ်မျိုး မလုပ်စေ ချင်ဘူး ... သူစိုးရိမ်တယ်ဆိုတာနဲ့ ... နင့်ကို ငါသက်သာ ပေးလိုက်တာ ... ဒါကို အခွင့်ကောင်းယူပြီး နင့်ဘက်က ရုတ်ရုတ်သဲသဲနဲ့ ပြန်လှုပ်လာမယ်တော့ မကြံနဲ့ ... နင့်ကို သက်သာပေးတာဟာ အပြီးတိုင် ဖြစ်ချင်မှ ဖြစ်ဦးမယ်ဆို တာ နင် သဘောကောင်းကောင်း ပေါက်ထားဖို့တော့ လိုတယ်နော် ..."

"မင်း တို့ကို ဒါတွေ လာပြောနေတာ ဘာသဘောနဲ့လဲ"

ဒီလိုမိန်းမစားမျိုးဟာ သူ့စကားတွေကို နားမထောင် [illegible]ထွက်ပြေးခဲ့ရင်လည်း နောက်ဘက်ကနေ ပြေးလိုက်လာပြီး [illegible]ပြောနေမဲ့ အမျိုးအစားထဲကပဲ ဆိုတာ သေချာပါသည်။ [illegible]တော့ ဒေါင်းမှာ ဒီမိန်းမ စိတ်တိုအောင် ... တေး[illegible]သွား

www.burmeseclassic.com

www.burmeseclassic.com



အောင် မလုပ်ဝံ့တော့သည့် အားနည်းချက်ကလည်း ရှိနေသည် အခိုက်အတန့် ရပ်ထားပေးသည်ဆိုသော အန္တရာယ်များဟာ သူကလက်ဖြောက်တစ်ချက် တီးလိုက်တာနဲ့ ပြန်လည်လှုပ်ရှားလို့ လာကြမှာ ဒေါင်း သိသည်လေ ...။ ဒေါင်းဘေးမှာ "သက်တော် စောင့်ကလေး လုပ်ပါ့မယ်"ဆိုသူကလည်း ရှိမှမရှိတော့တာပဲကွယ်။ ဒီတော့ ထိုက်သင့်သလောက်ကတော့ အောက်စည်းကနေ စိတ် လျှော့ထားရဖို့ပဲ ရှိပါတော့သည်။

"ဘာသဘောနဲ့ ပြောရမလဲ ... နင့်အစ်ကိုက ငါ့ကို ခွင့် လွှတ်ဘူးဆို ..."

"ဟုတ်တယ်လေ ..."

"အဲဒါ နင့်ကို ဘယ်သူပြောတာလဲ ... သူပြောသွားတာလား"

"ဟုတ်တယ် ... သူပြောတာ ... ဒါပေမဲ့ ပြောသွားတာ တော့ မဟုတ်ဘူး ..."

ပန်းဝတ်မှုံ မျက်လုံးပြူးထွက် သွားပါသည်။

"နင် ဘာပြောတာလဲ ... ပြောသွားတာ မဟုတ်ဘူးဆိုတော့ သေသွားတဲ့လူက နင့်ကို ပြောမသွားရင် ဘယ်လိုလု နင်သိမလဲ ..."

ဒေါင်းက ပန်းဝတ်မှုံကို စိုက်ကြည့်နေလိုက်ပါသည်။ အေးအေးကလေး (ကိုယ့်ဘက်ကလည်း ခပ်ကြောက်ကြောက်နှင့် စိုက်ကြည့်နေမိတာကိုပင် ပန်းဝတ်မှုံရဲ့ ပုံစံက အရမ်းကြီးတုန်လှု သွားတာကို မြင်ရတော့ လူတော်တော်များများ ပြောတတ်ကြသည့် "ကိုဖိုးချို့နှင့် ဒေါင်းတို့နှစ်ယောက်ဟာ မျက်နှာပုံစံချင်း အတော်



င်ကြတယ် ... မျက်လုံးတွေက အတူဆုံးပဲ" ဆိုတာကို ဒေါင်း သတိရမိသွားပြီး ... စိတ်ထဲက တစ်ချက် ကျိတ်အားရသွား သည်။

ပန်းဝတ်မှုံလည်း ကိုဖိုးချို့ကို အိပ်မက် မက်လေ့ရှိ တ်သည်ဆိုတာ ထူးပြန်ပြောပြထား၍ ဒေါင်း သိနေပါသည်။ ကတော့ ပန်းဝတ်မှုံကို အယူသီးပြီး ... ဒါမျိုးကျမှ လာကြောက် တတ်သူအဖြစ် ခပ်ဟားဟားလေး ပြောတာပေါ့လေ ...။ ဒေါင်းက ထူးကို ဘာမှ ထွေထွေထူးထူး ထင်မြင်ချက် မပေး က်ပါ ...။ ဒေါင်းကိုယ်တိုင်လည်း ကြုံနေရပေမဲ့ ကိုကိုဟာ တ်လွှတ်ဘဲ သူရဲပဲ ဖြစ်နေသည်ဆိုတာမျိုးကိုတော့ ဒေါင်းက သိမှများစေချင် ...။ ဒေါင်းကိုယ်တိုင်က သတင်းမဖြန့်ချင်။

သို့သော် ပန်းဝတ်မှုံ ကိုယ်တိုင်ကိုတော့ ပြောကိုပြော လိုက်ဖို့ ဒေါင်းက ဆုံးဖြတ်လိုက်သည်။

"ညကပဲ ပြောသေးတာ ..."

ပန်းဝတ်မှုံ တစ်ကိုယ်လုံး တုန်တက်သွားပါသည်။

"နင် ... နင် ... ဘာကိုဆိုလိုတာလဲ ... သေပြီးသားလူက နင့်ကို ဘယ်လိုလုပ် စကားလာပြောမလဲ ... နင်ပေါက်ကရ တွေ မပြောနဲ့နော် ... ငါ့အကြောင်း နင်သိတယ် ... နင် ငါ့ကို မခြိမ်းခြောက်နဲ့ ... နင်ပဲ ဒုက္ခရောက်သွားမယ်မှတ်"

ခုလောလောဆယ်တော့ ရှင်ပဲဒုက္ခရောက်နေတယ် တ်လား ပန်းဝတ်မှုံရဲ့ ...။ ဒေါင်း အပေါ် ဒီလောက်စက်ဆုပ် နိုင်သည့်ကြားက လမ်းမှာ ရုတ်တရက် တိုက်ဆိုင်စွာ ဆုံဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြရုံနှင့် ဒေါင်း ရှိနေရာဆိုင်ထဲထိတောင် လိုက်ဝင်လာသည်ဆို ထောက်ရင် ... သူ့ရဲ့ဒုက္ခဟာ အတော်ကြီးမားနေပြီဖြစ်သေး ဒုက္ခမျိုးပဲ ဖြစ်ရမည်။ လောလောလတ်လတ် ... ညကမှရရှိထား သော ဒုက္ခမျိုးရင်လည်း ဖြစ်ရမည်။

"ညက မင်းဆီကော မလာဘူးလား ..."

အကျီလက်ပြတ်ကလေး ဝတ်ထားသော ပန်းဝတ်မှုံ ရဲ့လက်မောင်းသားလေးတွေမှာ ကြက်သီးတွေ တဖြန်းဖြန်းထသွား တာကိုပင် ဒေါင်းက မြင်လိုက်ရသည်။ ပန်းဝတ်မှုံက "နင် ... နင် ..."ဟု နင့်နင့်သီးသီး အော်ဟစ်လိုက်ကာ သူ့လက်ထဲ ဖိုင်ဘာပိုက်ဆံအိတ်ပြားနှင့် ဒေါင်းကို ရိုက်ချပစ်လိုက်ဖို့အထိ ဟန်ရွယ်ပြင်ဆင်လိုက်သည်။ ပြီးမှ မနည်းကြီး စိတ်ချုပ်ထိန်းလိုက် ရဟန်နှင့် ...

"အဆင့်အတန်း မရှိတဲ့ဟာမ ... သရဲမွေးစားတဲ့ အောက် လမ်းမိန်းမ ... အောက်တန်းစား ..."

"ကိုကို သရဲဖြစ်နေတယ်လို့ မင်းကို တို့မပြောသေးပါဘူး မင်း သူ့ကို အကောင်အထည်လိုက်ကြီး မြင်ရလို့လား ... ကြုံဖူးပြီးပြီမို့လို့လား ..."

"မပြောနဲ့ ..."

"တို့နဲ့တော့ အိပ်မက်ထဲမှာပဲ တွေ့ကြတာ ... တို့ကမွေးထား လို့လည်းမရဘူး ... သူ့ဘာသာပြောစရာရှိမှ တို့အိပ်မက်ထဲ ကို ရောက်လာတတ်တာ ... မင်းကို တို့ ရှင်းရှင်းပဲပြောမယ် မင်းကို တို့လျှောက်လုပ်နေတာတွေ တောက်လျှောက်အား



လုံးဟာ သူပဲ စေခိုင်းခဲ့တာ ... တို့သဘောတစ်ခုမှ မပါ ဘူး ... တို့ဟာနဲ့တို့ဆို အဲဒါမျိုးတွေ လုံးဝမလုပ်ချင်ဘူး ပန်းဝတ်မှုံ ... ဒါပေမဲ့ တို့အစ်ကိုအတွက်ဆိုတော့ တို့ လုပ်ရတယ် ... သူက လုပ်စေချင်တာကို: ..."

"နင် ... လျှောက်မပြောနဲ့ ... ဒါ လုံးဝမဖြစ်နိုင်ဘူး ..."

"မင်း မယုံလည်း တို့ဘာမှမတတ်နိုင်ပါဘူး"

"နင်ခြောက်တိုင်း ငါ ကြောက်မယ်များ နင် ထင်နေ လား"

"မထင်ပါဘူး ... လူဆိုတာ ခြောက်တိုင်းလည်း ကြောက် ချင်မှ ကြောက်မှာပေါ့ ... မင်းက မကြောက်ဘူးဆိုပေမဲ့ မင်းကိုတော့ တို့က ကြောက်ပါတယ် ... ဒါ တကယ်ပြော တာ ... မင်းကို ကြောက်လွန်းလို့ တို့အစ်ကိုကို တို့အခု လျစ်လျူရှုထားလိုက်ရတယ် ... အစ်ကို့ကို ချစ်ပေမဲ့ ကိုယ့်အတွက်လည်း ကိုယ်ကြည့်ရသေးတာကို: ..."

ပန်းဝတ်မှုံနှင့် ဒေါင်းဖြူတို့ တစ်ယောက်နဲ့တစ် ယောက် စိုက်ကြည့်ဖြစ်နေကြသော အကြည့်တို့တွင် မုန်းတီးနာကြည်း မှုတို့က အရှိန်အဟုန် အားပြင်းလှစွာနှင့် ပါဝင်နေကြသည်ဖြစ် ... မျက်ဝန်းနှစ်ခုတို့ သွားဆုံရာ ကြားနေရာမှာသာ တစ်စုံ တစ်ဦး ရှိနေခဲ့ပါလျှင် ထိုသူဟာ ပြာကျတောက်လောင်သွားနိုင် သည့်အထိပင် ဖြစ်နေပါတော့သည်။

ပန်းဝတ်မှုံမှာ ချွေးသီးချွေးပေါက် အကြီးစားကြီး များပင် ခေါင်းထဲကနေ တလိပ်လိပ်နှင့် ထွက်လာကြသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာမရ ဖြစ်နေမိပါသည်။ "ညကပဲ ပြောသေးတာ" တဲ့ ...။ "မင်းဆိုကော ညကမလာဘူးလား"တဲ့ ...။ ဒေါင်းဖြူ ရဲ့အေးဆေးလှသော ဟန်ပန်ကိုကြည့်ကာ ပန်းဝတ်မှုံက စိတ်တို ရလွန်းလို့ ဖြစ်နိုင်ရင် လည်ပင်းများတောင် ထခုန်ညှစ်ပြီး သတ် ပစ်လိုက်ချင်မိပါရဲ့ ...။ သို့သော် ဒေါင်းဖြူကို သူ မထိရဲတော့။

ဒေါင်းဖြူ အတွက် အန္တရာယ်ကင်းအောင် သူပြန် လုပ်ပေးလိုက်ခြင်းဟာ သူ့ရဲ့ ပင်ကိုယ်စိတ်ထားကြောင့်လည်း မဟုတ် ...။ ထူးဦးနှင့်လည်း လားလားမျှမဆိုင် ... ပင်ကိုယ်စိတ် အရရော ... ထူးဦးရဲ့ အဖြစ်သည်းမှုအရကြောင့်ပါ ဆိုရင် ပန်းဝတ်မှုံဟာ ဒေါင်းဖြူကို အရှက်တကွဲ အကျိုးနည်းနှင့် ကြောက်လန့်တကြား ဖြစ်ပြီးတော့မှကို သေစေချင်နေသည်ပင် ...။ သို့သော် မဖြစ်နိုင်ပါတော့ ...။

"မင်းဆိုကော ညက မလာဘူးလား"တဲ့ ...။ လာပါ ... လာပါ ...။ ကြောက်စရာကောင်းလောက်အောင်ကို အရောက်လာခဲ့တာ ဖြစ်ပါသည်။ ပထမတစ်ခါ အိပ်မက်မက်အပြီ ကြောက်လွန်းလို့ ... အစောင့်ခေါ်ထားသည့် ကောင်မလေးရော သူပါ ငုတ်တုတ်ထိုင်ကာ မိုးလင်းကြဖို့ ကြံသော်လည်း အထက မမြောက်ပေ ...။ ကောင်မလေးကလည်း ငုတ်တုတ်ကြီးပင် အိပ် ပျော်သွားကာ ... သူကလည်း အတင်းကြီးမှိတ်,မှိတ်ကျလာသော မျက်ခွံများကို ကြိုးစားပမ်းစား ပြန်,ပြန်ပင့်တင်နေပါသော်လည်း နောက်ဆုံးမှာတော့ ဘယ်လိုမှ မရတော့ဘဲ ပြန်ပြီးသာအိပ်ပျော် သွားတော့ကာ ...



"မင်း ... ငါ့ဘဝကိုလည်း ဖျက်ခဲ့ပြီးပြီ ... ငါ့ညီမလေး ကိုလည်း အန္တရာယ်ပေးဦးမလို့လား ... ငါနဲ့မင်းနဲ့ ဘဝ ခြားခဲ့ကြပြီ ဆိုပေမဲ့ ငါ့ညီမလေးကို ထိလာရင်တော့ ငါက ဘယ်လိုမှ ငြိမ်ခံနေတော့မယ် မဟုတ်ဘူးဆိုတာ မင်း ကြပ်ကြပ်မှတ်ထားလိုက်ပါ ပန်းဝတ်မှုံ ... မင်းဒုက္ခ ရောက်တော့မယ် ... ငါ သတိပေးလိုက်မယ် ... မင်းဒုက္ခ ရောက်ကိုရောက်တော့မယ် ..."

ဒုတိယအကြိမ်မြောက် လန့်နိုးလာရပြီးတဲ့ အချိန် မှာ ပန်းဝတ်မှုံရဲ့ ခေါင်းအုံးတစ်ခုလုံးဟာ မျက်ရည်တို့နဲ့ စိုရွှဲနေခဲ့ ပြီပဲ ဖြစ်ပါသည်။ ကြောက်လိုက် လန့်လိုက်ရတာဆိုတာ ပြော ဖွယ်ရာမရှိ ...။ အိပ်မက်မဟုတ်ဘဲ အပြင်မှာသာ တကယ်ဖြစ်သွား တာဆိုရင် ပန်းဝတ်မှုံဟာ အသက်နဲ့ခန္ဓာ မြဲမြဲကပ်ပြီး ကျန်နေရစ် ခဲ့စရာ အကြောင်းတောင်မှ မရှိပေ ...။

မနက်မိုးလင်းလာခဲ့ပြီးချိန်မှာတော့ အိပ်မက်မက်နိုင် သည့် ညတစ်ညဆိုတာမျိုးကို ကျော်လွန်ခဲ့ပြီးပြီဖြစ်သည့်အတွက် ပန်းဝတ်မှုံက စိတ်ဓာတ်တွေ ပြန်လည်မာကျောခက်ထန်လာကာ ဒေါင်းဖြူ ဆိုတဲ့ဟာမကို အသေရရ အရှင်ရရပင် ဖြစ်နေခဲ့ပြီ ...။ မျက်စိရှေ့တွေ့ရင် ခုသတ်ပစ်ချင်လောက်တဲ့အထိ ...။ တိုက် တိုက်ဆိုင်ဆိုင် ဆိုသလိုပင် ... ထူးဦးကို တစ်နေရာမှာ ချရစ်ခဲ့ပြီး တစ်ယောက်တည်း ဆက်ထွက်လာချိန်မှာမှ ဒေါင်းဖြူနှင့် လာတိုး နေသည်။

ခုတော့ ပန်းဝတ်မှုံဟာ ကိုယ့်စိတ်ကို ကိုယ်ချုပ်တီး လိုက်ရပါပြီ ...။ ကိုဖိုးချိုဆိုတဲ့ သတ္တဝါကြီးဟာ ကိုယ့်စိတ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ သူ့ညီမကပါ အသိအမှတ်ပြု လက်ခံထားရသော
မကျွတ်မလွတ်တဲ့သူတစ်ယောက် ဖြစ်နေခဲ့ပြီတဲ့။ ကိုယ်ဘာလုပ်လုပ်
သူသိတော့မည်။ ကိုယ်ဘာမှားမှား သူအရေးယူတော့မည်။ ဘဝ
ချင်းမတူကြတော့လို့ ဘာမှလုပ်မရဘူး ဆိုရင်တောင်မှ ... တစ်လ
ဆက်တိုက်လောက် အိပ်ရေးပျက်အောင် လာနှောက်လိုက်တာနှင့်
ပန်းဝတ်မှုံမှာ အသက်ထွက်သွားနိုင်လောက်စရာ အကြောင်းက
ရှိနေပါသည်လေ ...။

ပန်းဝတ်မှုံက ဒီအဖြစ်ကို သိပ်ကြီးကြောက်ရွံ့နေဆ
မဲ့ ဒေါင်းဖြူ ဆိုတဲ့ဟာမကတော့ ခပ်အေးအေး ...။ သူကတော့
သူ့အစ်ကိုရင်းကိုး ... အစ်ကိုနဲ့ ညီမကိုး ... သရဲမကလို့ သဘက်
ပဲဖြစ်ဖြစ် ဘယ်ကြောက်ပါ့မလဲ ...။ ကွဲကွာသွားတဲ့ အစ်ကိုကို
ပြန်တွေ့ရတယ်ပဲ သဘောထားမှာပေါ့ ...။ ပန်းဝတ်မှုံမှာသာ ...။
အမယ်လေး ... ပြောရင်းတောင် ကျောထဲစိမ့်ခနဲဖြစ်ကာ ချမ်းတက်
သွားရသလိုပါပင် ...။ ဒေါင်းဖြူရဲ့ ပုံစံက သိပ်အေးဆေးနေလေ
ပန်းဝတ်မှုံက ပိုပြီးအမြင်ကပ်ရလေ ...။

အစကတော့ ကိုယ့်ကိုမှ လာလုပ်ချင်နေသည့် ဟာမ
လောက်ပဲ သဘောထားကာ သင်ခန်းစာလေး ဘာလေး ပြန်ပေး
ချင်ရုံလောက်ပါပဲ ... ခုတော့ တူးခါးနေအောင်ကို မုန်းသည်။
သူ့အစ်ကိုကိုသာ ထည့်မတွက်ရလျှင် ဒီမိန်းမကို မနက်ဖြန်
မနက်ခင်းက နေလုံးကိုပင် မမြင်ရစေချင်တော့ ...။ ရဲနိုင်တို့ကို
အဲဒီလောက်အထိ အားကိုးရမယ် မရဘူး မသိသော်လည်း ...
မတော်တဆမှုတို့ ... လက်သည်မပေါ်တဲ့အမှုတို့ ဆိုတာ ဘယ်သွား
ထားမလဲ ... အခွင့်အလမ်းတွေက အများကြီးပဲဟာ ...။



"ညကတော့ တို့ကို သူပြောတယ် ... သူက တို့အတွက်
စိတ်ပူနေတယ် ... တို့ မင်းကို ကြောက်တာလည်း သူသိ
တယ် ... မင်းကို သူပြောပါ့မယ်တဲ့ ... တို့ကို သူတောင်း
ပန်တယ် ... တို့မလုပ်ချင်တဲ့ အလုပ်တွေ သူခိုင်းမိတဲ့အတွက်
ပေါ့ ... ဆက်မလုပ်တော့ဖို့ သူကပြောပါတယ် ... စိတ်
မပူဖို့ မကြောက်ဖို့လည်း မှာတယ် ..."

ပန်းဝတ်မှုံ စိတ်ထဲတကျိုကျို ... တကျိုကျိုနှင့် ဖြစ်
လာသည်။ ကြည့်လေ ... အေးအေးကလေးနဲ့ ပြောနေလိုက်တာ
ဘာ ... ဒီနှစ်ယောက်သား စကားတွေထဲမှာ ပါနေတဲ့ ကြားခံ
တစ်ဦးဟာ သက်ရှိလူသား တစ်ယောက်တလေများကျလို့ ...။
ပန်းဝတ်မှုံဟာ ဒေါင်းဖြူကို တွေ့လိုက်ရသည့်အတွက် အကြောက်
ပြေဘဲ ပိုလို့ဆိုးရွားလွန်းစွာပင် နှစ်ဆတိုး ထိတ်လန့်လာခဲ့ရတာ
ကို အနိုင်နိုင် ဖုံးဖိရင်း ပန်းဝတ်မှုံက ထိုင်ရာမှ ထရပ်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် ရှုံးသလိုလိုကြီး လှည့်ပြန်ရမှာထက်
စာရင်တော့ အနိုင်နဲ့ ပိုင်းပစ်ခဲ့ရဦးမှာပဲ ...။

"နင့်အစ်ကို ငါ့အရှေ့ကို အကောင်လိုက် ပြလာရင်တောင်
ငါ့မှာ သက်တော်စောင့်ရှိတယ် ... ငါ့ကို ကာကွယ်စောင့်
ရှောက်ပေးနိုင်တဲ့သူ ရှိတယ် ... နင်လို ခြေမဲ့လက်မဲ့ အား
ကိုးရာမဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး ... နင်မှတ်ထား
လိုက် ... ပန်းဝတ်မှုံမှာ ဦးတစ်ယောက်လုံး ရှိနေသေးတယ်"

ဒေါင်းဖြူရဲ့ မျက်နှာကလေး တစ်မျိုးဖြစ်သွားတာကို
ရိပ်မိလိုက်ရတော့ ပန်းဝတ်မှုံက ဒီဟာမရဲ့အညာဟာ ဘာလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို အတပ်ပင် သိလိုက်ရပြီ ...။ ဟင်း ... လာလာချေသေး ...။ ကျွဲမဟုတ် နွားမဟုတ်နှင့် အသည်းနှလုံး ရှိပုံမရသော အရိုင်းပတုံးကောင်တစ်ကောင်ကိုများ သူက ဟုတ်နိုးနိုးနှင့် သူ့လူများ ဖြစ်လာမလားလို့ ထင်နေချေသေး ...။

ပန်းဝတ်မှုံက နှုတ်ခမ်းလေးတစ်ဖက် တွန့်ရုံရယ်ပစ်ခဲ့ကာ ဒေါင်းဖြူရဲ့ရှေ့မှ လှည့်ထွက်လာခဲ့ပါတော့သည်။ သို့သော် ပန်းဝတ်မှုံရဲ့ ရင်တွင်းစိတ် အမှန်ကတော့ အကြံရကျပ်ကာ ရှုးထွက်သွားမတတ်ပင် ချောက်ချားလို့ နေခဲ့ပါချေပြီတည်း ...။

ပန်းဝတ်မှုံ ထွက်သွားတော့မှ ဒေါင်းဖြူက ထိုင်ရာမှထရသည်။ ကိုယ့်ရဲ့ထမင်းကြော်ဖိုးအပြင် ပန်းဝတ်မှုံက ရှင်းမပေးသွားသော အအေးဘူးတစ်ဘူးဖိုးကိုပါ ရှင်းရသည်။ ဒေါင်းဖြူရဲ့လှုပ်ရှားလုပ်ကိုင်နေမှု မှန်သမျှတို့ဟာ အရင်ကထက်ပိုပြီး နှေးကွေးလို့ နေချေသည်။ ဖြစ်နိုင်ရင် ဆိုင်ကိုတောင်မှ ပြန်မသွားချင် ...။ သို့သော် ဒေါင်းတို့ရဲ့ဘဝက ဖြစ်နိုင်သည့်အထဲမှာ မပါချေ ...။

အနီးကပ် ဘော်ဒီဂတ်လေးတစ်ယောက် ရုတ်တရက် ပေါ်ပေါက်လာပြီး ရုတ်တရက် ပြန်ပျောက်သွားသည့်အတွက် ဒေါင်းမှာ ဆိုင်မှစပ်စုလိုသူ လူအပေါင်းတို့ကို တစ်ယောက်တည်း ဒိုင်ခံပြန်ဖြေရှင်းနေရပါသည်။

"အလုပ်ရသွားလို့ပါ ... အလုပ်ဝင်သွားလို့ပါ ..."

တစ်ခါဖြေရှင်းရတိုင်း တစ်ခါအသည်းကနာသည်။ မျက်ရည်က လွယ်ချင်သည်။ ဘယ်မှာအလုပ်ပြန်ဝင်သွားသလဲဆိုတာ ကိုယ်က သိနေတာကိုး ...။ ဒေါင်းရဲ့ပုံစံ ... ဒေါင်းရဲ့အခြေအနေ



ကို ကြည့်ပြီး မယုံချင်သည့် သူတွေကလည်း ယုံကြမှာမဟုတ် ... အလုပ်ရသွားတာဟာ ဒီလောက်မျက်စိပျက် မျက်နှာပျက်နေရစရာ အကြောင်းဘာရှိသလဲဟုသာ တွက်နေကြမှာ အမှန်ပင် ...။

ခုတော့ ပန်းဝတ်မှုံကလည်း အတိအလင်းပင် ပြောသွားခဲ့ပါပြီ။ "ငါ့မှာ ငါ့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ လူရှိတယ် ... နင့်လို ခြေမဲ့လက်မဲ့အားကိုးရာမဲ့ မဟုတ်ဘူး"တဲ့ ... "ငါ့မှာ ဦးတစ်ယောက်လုံး ရှိနေသေးတယ်"တဲ့။ အဲဒီလိုဆိုသွားတဲ့အခါကျတော့ ဒေါင်းမှာ ...

"မဟုတ်ဘူး ... သူက တို့လူ ... တို့အပါးမှာပဲ ရှိနေပေးမှာတဲ့ ..."ဟု ပိုင်ပိုင်နိုင်နိုင်ကြီး ပြန်ပြောလိုက်နိုင်ခွင့် ရှိပါသလား ...။ မရှိပါ ...။ လုံးဝဥဿုံကို မရှိခဲ့ပါ ...။ ထူးရယ် "ဒေါင်းကို စိတ်မချသေးဘူး ... ဒေါင်းနားမှာပဲ နေဦးမယ်နော်" ဆိုတဲ့ စကားသံလေးများ ဒေါင်းဘယ်နားမှာ သွားထားထားရမလဲ။ အဲဒါဟာ အိပ်မက်မဟုတ်ဘဲ ဒေါင်းတကယ့်ပဲ နားနဲ့ဆတ်ဆတ်ကြားခွင့်ရခဲ့တာပါနော် ...။ ခုတော့ဖြင့် ဒါတွေဟာ မီးခိုးငွေ့တွေလို ပျောက်ပျက်ပြယ် ...။

အိပ်မက်ထဲက ကိုကိုကမှ ထူးထက်စာရင် နိုင်မြဲတင်ကျန်နေနှင့်ဦးမည်။ "မိဘချင်း ... မိဘချင်းကလည်း တအားရင်းနှီးနေကြတော့ ကျွန်တော့်မှာ ငြင်းပစ်ရင်တောင်မှ သားဆိုးသားမိုက်ကြီးလိုလို ဖြစ်ရဦးတော့မှာ ဒေါင်းရဲ့ ..."တဲ့။ ကြားဖူးနားဝရှိတာကတော့ ... "မိဘချင်း ... မိဘချင်း"ဆိုတဲ့ အသုံးအနှုန်းများဆိုတာဟာ သမီးရည်းစားချစ်ကြိုက်၊ လက်ထပ် စသဖြင့်ဆက်စပ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်မှုမျိုးများမှာသာ ... ကွဲကြကွာကြဖို့အတွက် ... ကြားခံအကြောင်းပြကောင်းကောင်းတွေ အဖြစ် ပါပါလာတတ်ကြတာမျိုးဆို ...။

ဒေါင်းတို့မှာတော့ ခင်မင်တွယ်တာ ကြရမလိုလိုလေးသာ ရှိသေးတုန်းအချိန်မျိုးလောက်ကတည်းက ဒီ"မိဘချင်း" ဆိုတဲ့ စကားလုံးမျိုးကြီးနဲ့ပဲ ... စောစီးစွာ ပတ်သက်နှင့်ခဲ့ရသလားကွယ် ...။

❀ ၉ ❀

"ဒေါင်း ... ကျွန်တော်ရောဒေါင်းပါ အားလပ်ရက် ဆိုတဲ့နေ့ဆိုတာ ရှားမှရှားပါ ဒေါင်းရယ် ... အဲလောက်ရှားပါးတဲ့ရက်လေးကို ဘာလို့ အကျည်းတန်စေနိုင်ရတာလဲ ..."

"စကားတတ်တိုင်း လျှောက်မပြောနဲ့ ထူးရယ် ... ဒေါင်းက ဘာလုပ်နေလို့လဲ ..."

"ဒေါင်းပုံစံကြီးက တစ်မျိုးကြီး ..."

"ဘယ်လိုတစ်မျိုးကြီးလဲ ... ဒီလိုပဲ နေတတ်တယ် ..."

"မဟုတ်ပါဘူး ... ဖော်ဖော်ရွေရွေလည်း မရှိဘူး ..."

ထူးဦးက အိမ်ရှေ့ခန်းနှင့် အိမ်တွင်းခန်းကို ကူးလိုက်သန်းလိုက် အငြိမ်မနေ အလုပ်ရှုပ်ပြထားပုံရသော ဒေါင်းရဲ့အမေ့ထံ မျက်လုံးလေးစွေကြည့်ကာ အသာမေးငေါ့ပြလိုက်ပြီး ...



"သူ့သမီးကမှ မကြည်ဖြူတာ ... ကြာကြာနေရင် ဒေါင်းအမေက ကျွန်တော့်ကို ရိုက်ထုတ်တော့မယ် ..."

"ဒေါင်းတို့က ဒီလိုမရိုင်းတတ်ပါဘူး ..."

"မဟုတ်ဘူးလေ ... မိတ်ဆွေဆိုလည်း တစ်မျိုးပေါ့ ... ခုဟာက မိတ်ဆွေလိုမှ မဟုတ်တာ ... ဒေါင်းက ကျွန်တော့်ကို ရန်သူလို ပြန်ဆက်ဆံနေတယ် ... ဒေါင်းအမေက လူမှားပြီး ရိုက်တော့မှာပေါ့ ..."

"မိတ်ဆွေဆိုတာ ဒီလောက်ပဲရှိမှာပေါ့ ... ဘယ်လိုနေရမလဲ ... ဒေါင်းပေါ် ရွက်တင်ထားပေးရမှာလား ..."

ထူးဦးက ဒေါင်းကို ခပ်စိုက်စိုက် ကြည့်လိုက်သည်။ ဒေါင်းက လှမ်းအကဲခပ်နေသော အမေ့ထံ တစ်ချက်လှမ်းကြည့်ပြီးမှ ကိုယ့်မျက်နှာကြောကို ကိုယ်ပြန်လျှော့ချလိုက်လေသည်။ ဟုတ်ပါရဲ့ ... ဒေါင်းက စွတ်တင်းထားသလို ဖြစ်နေတော့ အမေက ဒေါင်း မကြည်လှတဲ့သူဟု သတ်မှတ်ကာ လူမှုရေးတွေ ယဉ်ကျေးမှုတွေ သိပ်ကြည့်နေတော့မှာမဟုတ် ...။ ရိုးရိုးစင်းစင်း ဘွင်းဘွင်းကြီးနှင့်ပင် ... ထူး ပြောသလို ရိုက်မချရင်တောင်မှ ခဏကြာရင် စကားဖြတ်အပြတ်ပြောပြီး နှင်ချတော့ဖို့ ဝန်လေးနေမှာ မဟုတ်။

"ဒေါင်း ... မရွဲ့ပါနဲ့ကွာ ... ဘာဖြစ်နေတာလဲ ... ကျွန်တော်သိအောင်လည်း ပြောပြဦးမှာပေါ့ ..."

ဒေါင်းရဲ့အမေက လည်ချောင်းယားသလိုလို ... ဘာတွေးသီးသလိုလိုနှင့် "အဟမ်း ... အဟမ်း"ဟု နှစ်ခွန်းဆက်တိုက် ချောင်းဟန့် လည်ချောင်းရှင်းလိုက်လေသည်။ ဒေါင်းက အမေ့ထံသို့ ဆတ်ခနဲ ထလာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ... သမီး သူ့ကိုခင်ပါတယ် ... သူက သမီးရဲ့ မိတ်ဆွေပါ ... ခုတလောမှာသာ အကြောင်းအရာတစ်ခုနဲ့ စကားများထားကြလို့ သမီးက သူ့ကို သိပ်မကြည်လင်နိုင်သေးတာပါ ... သူဟာ သမီးကိုယ်တိုင် အလိုရှိတဲ့ ... ဖိတ်ခေါ်ချင်တဲ့ ဧည့်သည်တစ်ယောက်ပါ အမေရယ် ..."

အမေ မျက်လုံးပြူးသွားသည်။ စကားသံ တိုးတိုးညှင်းညှင်းနှင့် မျက်နှာကလေး ညှိုးငယ်နေရှာသော သမီးဖြစ်သူဒေါင်းကို ခပ်ကြာကြာ စိုက်ကြည့်နေသည်။

"ပြဿနာက ဘာလဲ ... ဂုဏ်ရည်မတူတာတို့ ဘာတို့လား"

"ဩော် ... အမေရယ် ... အဲဒီအဆင့်မျိုးတောင်မှ မဟုတ်သေးပါဘူး ..."

အမေက သူ့သမီးရဲ့ အရိပ်အကဲကို နားလည်သွားဟန် ရှိပါသည်။ ဒေါင်းရဲ့စိတ်ဓာတ်ကို အမေက သဘောပေါက်ပြီးသား ...။ မျက်နှာထားဟန်ပန် ညှိုးငယ်သော်လည်း ဒီလူတစ်ယောက်ကို သူ့ရဲ့အိမ်မှာ ဆက်လက်လက်ခံနေသေးခြင်းကို ... "အလုပ်ထဲမှာက ဘောင်းဘီရှည် မဝတ်လို့မရဘူး အမေ"ဟူသော မျက်နှာပေးလေးမျိုးနှင့်ပင် ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် တင်ပြရဲနေလျှင် ...။

အမေက သက်ပြင်းတစ်ချက်ကို အသာချကာ အိမ်အတွင်းဘက်ထဲသို့ အပြီးတိုင် ဝင်ရောက်ပျောက်ကွယ် သွားပါတော့သည်။



ဒေါင်း တစ်ယောက် ထူးဦးထံသို့ ပြန်ရောက်လာသော အခါတွင်မတော့ ထူးဦးဟာ သိပ်ကြီးကျေနပ်အားရနေဟန် မျက်နှာပေးနှင့် ပြုံးစေ့စေ့ လှုပ်ရှရှ ...။

"ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်အပေါ် မရိုင်းချင်လို့ အမေ့ကို သွားပြောလိုက်တာနော် ... အမေ့ဆီက ကန့်ကွက်ဆန္ဒပြတဲ့ အမူအရာရာတွေ ထွက်မလာတော့ရုံနဲ့ ထူးကိုယ်ထူး ငါသိပ်ဟုတ်သွားပြီလို့ တွက်မနေနဲ့ဦး ..."

"ကျွန်တော့်အဖို့ကတော့ ဒေါ်ဒေါ်က မောင်းထုတ်လည်း မျက်နှာပြောင်ပြောင်နဲ့ ပေထိုင်ချင်ထိုင်နေမှာပဲဆိုတော့၊ အဲဒါက အဓိက မဟုတ်ပါဘူး ... အဓိကတော့ ဒေါင်းက ကျွန်တော့်ကို မောင်းမထုတ်ဘူး ... ဟဲ ဟဲ ဟဲ ..."

ဒေါင်းက ထူးဦးကို မျက်စောင်းရွယ်လိုက်သည်။ ထူးဦးက ကုလားထိုင်မှာ ထိုင်နေရာက ရှေ့တိုး ... ကိုယ်ကိုပါ ရှေ့ငိုက်ချလိုက်ကာ ...

"ဒေါင်း ... နေ့ချင်းညချင်း ဘာဖြစ်သွားတာလဲ ... ပန်းဝတ်မှုံ ဆီမှာ ကျွန်တော် အလုပ်ပြန်ဝင်ဖြစ်တော့မယ်လို့ နောက်ဆုံးလာပြောတဲ့ အခေါက်တုန်းကတောင်မှ အေးအေးဆေးဆေးပါ ... အဲဒါကြောင့်တော့ မဖြစ်နိုင်ဘူး ... အဲဒီကိစ္စကိုတော့ ဒေါင်းက အကျေအလည် လက်သင့်ခံပြီးသား"

ဘယ်သူပြောလဲ ...။ ငါမနိုင်၍ သည်းခံရခြင်းဆိုတာနဲ့ ကျေကျေနပ်နပ်ကြီး ခွင့်ပြုလက်ခံခြင်းဆိုတာမျိုးရဲ့ ကြားမှာ အဆင့်ပေါင်းများစွာ ကျန်နေနိုင်သေးတာပဲ ...။ ဒါပေမဲ့ ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ထူး သိလို့ကောင်းတဲ့အရာမျိုးတွေ မဟုတ် ...။ ခေါင်းဘက်က ရေလာမြောင်းပေး ဖြစ်သွားသလို အဖြစ်မျိုးကတော့ လုံးလုံးလျားလျားကို မဖြစ်စေရဘူးလေကွယ် ...။

"ဒေါင်းကို ချစ်တယ် ..."

"ဟင် ..."

ထူးဦးက ရုတ်တရက်အာ ဖျတ်ခနဲ ပြောချပစ်လိုက်သည်။ ဒေါင်းမှာ "ဟင်"ခနဲပင် ဖြစ်သွားခဲ့ရပြီးမှ သတိဝင်လာသလို ခေါင်းကို တဆတ်ဆတ် အမြန်ယမ်းခါလျက် ...

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ..."

"ဟာ ... ဘာလို့မဖြစ်နိုင်ရမှာလဲ ... ကျွန်တော်က ဒေါင်းကိုချစ်တယ်ဆိုတာ မဖြစ်နိုင်တာလား ... ဒေါင်းနဲ့ ကျွန်တော်နဲ့က မဖြစ်နိုင်တာလား ..."

"ဘာမှ မဖြစ်နိုင်ဘူး ..."

"ဘာကိုလဲ"

ဒေါင်းက ခေါင်းပဲ ယမ်းခါပြလိုက်သည်။

"ပန်းဝတ်မှုံဆီမှာ အလုပ်ပြန်ဝင်လိုက်လို့လား ... အဲဒါ ဒေါင်းအတွက်လေ ... ဒါပေမဲ့ အဲဒါကို မကျေလည်နိုင်တာဆိုရင်လည်း ခုပြော ... ခုအလုပ်ပြန်ထွက်ပစ်လိုက်မယ်၊ ဒေါင်းကို အပြီးအပိုင် ပြတ်ပြတ်သားသား စောင့်ရှောက်ခွင့်ရအောင် ဒေါင်းနဲ့ လက်ထပ်လိုက်မယ် ... ကဲ ... ဖြစ်နိုင်မယ် မဟုတ်လား ..."

"တိုးတိုးပြောပါ ... အော်ကျယ်ကြီး မလုပ်ပါနဲ့ ..."



ထူးဦးက ကျွတ်ခနဲ တစ်ချက်လုပ်လိုက်ကာ ...ကားပြော ရင်း ပြောရင်း ရှေ့ကို တဖြည်းဖြည်း ပိုပိုတိုးလာနေသည့် ...ိယ်ခန္ဓာကိုနောက်ဘက်သို့ ပြန်ပြီးမှီလျောချလိုက်သည်။ သက်ပြင်း ...စ်ခုကိုလည်း မှုတ်ထုတ်လိုက်မိကာ မျက်ခုံးရှုံ့ပြီး ခေါင်းခါ ...မ်းလိုက်လေသည်။

"ဒေါင်းမှာ အားကိုးရာ လိုနေတယ်လို့ ထင်လို့တော့ ရည်းစားစကားကို လာမပြောနဲ့ ..."

"ဟာ ... ဘာ့လို့ အဲလိုထင်ရတာလဲ ..."

"အဲဒီလို သဘောကြီးပဲဟာ ..."

"ဟား ... အဲဒီလိုဆိုရင်တော့ ဒေါင်းမှားပြီ ..."

"ဒေါင်းအတွက် ထူးမှာ ဘာတာဝန်မှ မရှိဘူး ... ဒေါင်းကို စိတ်မချဘူးဆိုပြီး ထူး အတင်းလာကပ်နေရင်လည်း ဒေါင်းမှာ မိတ်ဆွေတိုးတာပဲ ... မလိုအပ်တော့ဘူးထင်ပြီး ထားပစ်ခဲ့ရင်လည်း ပိုနေမြဲကျားနေမြဲပဲ ... အဲဒီအတွက် တာဝန်ရှိတယ်လို့ မထင်ပါနဲ့ ..."

"ဒီလိုဆိုရင်တော့ သေချာပြီ ... ကျွန်တော် ဟိုမှာ အလုပ်ပြန်ဝင်လိုက်တာကို ဒေါင်း လုံးဝမကြိုက်တာပဲ ..."

"ဒေါင်းမှာ မကြိုက်ပိုင်ခွင့်လည်း မရှိဘူး ..."

"ရှိတယ် ... ဒေါင်းဟာ ကျွန်တော့်ရဲ့ ချစ်သူ ..."

"ဘယ်မှာ ဟုတ်လို့လဲ ..."

"ကျွန်တော့်ဘက်က သတ်မှတ်ထားတာကို ပြောတာပဲ ... ကျွန်တော် ချစ်တဲ့သူဆိုတော့ ကျွန်တော့်ရဲ့ ချစ်သူပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ချစ်သူဟာ ကျွန်တော်လုပ်တဲ့ အလုပ်တစ်ခုကို မကြိုက်ပိုင်ခွင့် ရှိတယ် ... ညှိနိုင်းပိုင်ခွင့် ... တားမြစ်ပိုင်ခွင့်လည်း ရှိတယ် ... ခေါင်းကို အဲဒီအခွင့်တွေ ကျွန်တော် အကုန်ပေးထားတယ် ...”

“ခေါင်းက တစ်ခုမှ မယူဘူး ...”

“ယူပါ ခေါင်း ... ကျွန်တော့်အချစ်ကို လက်ခံတာ မခံတာက ဒါတစ်ပိုင်း ... အား ... မဟုတ်ဘူး ... လက်မခံတာ မပါဘူး ... လက်ခံစဉ်းစားတာက တစ်ပိုင်း ... အဲဒီလို လက်ခံစဉ်းစားနေတုန်းမှာပဲ ကျွန်တော်ပေးထားတဲ့ အခွင့်တွေကို ခေါင်းမှာ ယူထားလို့ရတယ် ... ယူပါ ...”

စကားပြောတာ သိပ်လည်တာပဲ ...။ သူ့အကွက်ထဲ ရောက်အောင်ချည်း ပြောတတ်တဲ့သူ ...။ ခေါင်းမှာ စိတ်မကောင်း ဖြစ်နေမိသည့်ကြားကပင် ရယ်ချင်ချင်နှင့် သင်းအပေါ် ချစ်စနိုးလေးကလည်း ဖြစ်နေမိသေးသည်။ သူဟာ ခေါင်းကို ချစ်သတဲ့။ ရေ လာမြောင်းပေးလုပ်သလို မဖြစ်စေချင်တဲ့ကြားကပင် ... သူက ခေါင်းရဲ့ အမူအရာတွေကြောင့်ပဲ ဖွင့်ပြောဖြစ်လိုက်ပြီ ထင်လေသည်။'

ထူးရဲ့ 'အချစ်' တစ်ခုဟာ သနားသွားရာက စကိုစခဲ့သည်ဆိုတာ ခေါင်းက သိပါသည်။ သနားတာ မခံချင်လို့တော့ မဟုတ်ပါ ...။ သို့သော် သူ့အလုပ်ရှင်ကြောင့်ဟု တာဝန်မကင်းသလို ဖြစ်နေသော ခံစားချက်မျိုးနှင့် ခေါင်းကို သူလာမချစ်စေလို။ သူဟာ အချိန်တန်ရင် ဘယ်လိုအခြေအနေ အကြောင်းကြောင်



ကြောင့်ပဲဖြစ်ဖြစ် ဒီအလုပ်ရှင်ကို မလုပ်နိုင်တာ ခေါင်းမှာက ဘဲတွေ့ကြီးလေ ...။

“ခေါင်း ... ပန်းဝတ်မှုံနဲ့ တွေ့တယ် ...”

“ဟာ ... ဟုတ်လား ... အဲဒါကြောင့် ခေါင်း တစ်မျိုးဖြစ်နေတာပေါ့ ... အဲဒီမိန်းမက ခေါင်းကို ဘာပြောသွားလို့လဲ ...”

“သနားပါတယ် ... သူက ကိုကို့ကို တော်တော်ကြောက်နေတာ ... သူ့ကို မုန်းတာ ... သူ အဲဒီလို ကြောက်နေတာကို ကျိတ်ကျေနပ်နေမိတာကသပ်သပ် ... အဲလို ကြောက်နေရတာကို သနားရတာတော့ သပ်သပ်ပဲ ... တော်တော့်ကို ကြောက်နေတဲ့ပုံ ...”

“ထားစမ်းပါ ခေါင်းရာ ... ခုချိန်မှာ သူ့အကြောင်းက အရေးမပါပါဘူး ... ကျွန်တော်က ခေါင်းကို ချစ်တယ်လို့ ပြောထားတာကသာ အရေးပါတာ မဟုတ်လား ... ဒါပေမဲ့ ကျွန်တော့်ကို မယုံတာက သူနဲ့တွေ့လိုက်ကြရလို့ ဆိုရင်တော့ပြောပါ ... သူ ဘာတွေပြောသွားလို့လဲ ... ကျွန်တော် ပြန်ဖြေရှင်းပြမယ် ...”

ခေါင်းက ခေါင်းကို ခါယမ်းလိုက်မိပြန်ကာ ...

“ခေါင်းမှာ အားကိုးရာမဲ့ မနေဘူး ...”

“ဟုတ်ပါပြီ ... ဘယ်သူကရော ခေါင်းကို ဘာပြောလို့လဲ ...”

“ခေါင်းမှာ အမေ ရှိတယ် ... အစ်ကို ရှိတယ် ...”

“ခေါင်း ... ဒေါ်ဒေါ်ကတော့ ဟုတ်ပါတယ် ... အစ်ကိုကတော့ ...”



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း အိပ်မက်တွေကတစ်ဆင့် ကျွန်မကို စောင့်ရှောက်နေနိုင်သေးတာပဲ ... ပန်းဝတ်မှုံတင် မဟုတ်ဘူး ထူး ... ဒေါင်းလည်း အိပ်မက်အမြဲမက်တယ် ... ကိုကိုဟာ သူ့ညီမ ဒေါင်းအတွက် ရှိကိုရှိနေသေးတယ် ... အဲဒါကို လည်း ပန်းဝတ်မှုံ သိသွားပြီ ... ဒေါင်းမှာ အားကိုးရာမဲ့ တော့ဘူး ထူး ... အခု သူကသာ ဒေါင်းကို ကြောက်ရမယ် ဒေါင်းက သူ့ကို ကြောက်စရာ မလိုတော့ဘူး ..."

ထူးဦးမှာ ပါးစပ်အဟောင်းသားပင် ဖြစ်သွားရပါ သည်။ ဒေါင်းကတော့ ကိုယ့်အစ်ကိုကို မကျွတ်မလွတ်သူအဖြစ် နောက်ထပ်သူစိမ်းတစ်ယောက်ကို မရည်ရွယ်ပါဘဲ ထပ်မံဖွင့်ပြော လိုက်မိပြန်ပေပြီ ... ဒေါင်းရဲ့ နာကျင်မှုတွေကို ဒေါင်းပဲသိသည် ဒေါင်းနားမှာ စားမားရပ်ပါမယ်ဆိုတဲ့ လူဟာ ခဏတွင်းချင်းမှာ တပ်ခေါက်နောက်ဆုတ်သွားတာ ... တစ်ဖက်မှာသာ ပြန်လည် ပေါင်းစည်းမိသွားတာ ...။ အားပြန်ရှိလာပြီဖြစ်တဲ့ ရန်သူဟာ သူ့အားကိုးရာကြီးကို သူ ပိုင်ပိုင်နိုင်နိုင် ဆုတ်ကိုင်ပြလိုက်ကာ ဒေါင်းကိုတော့ အားကိုးရာမဲ့အဖြစ် အထင်သေးစကားကို ဆိုသွား ခဲ့တာ ...။

အို ... ကိုကိုရေ ... ဒေါင်းကို ခွင့်လွှတ်ပါတော့ ချစ်ရတဲ့သူဆီက ချစ်စကားတစ်ခွန်းကို ကြားခွင့်ရလိုက်တာတော့ မှ ... အားကိုးရာမဲ့တစ်ယောက်မို့ တာဝန်ယူပေးချင်နေတာလား လို့ မယုံမရဲ ဖြစ်နေရသေးတဲ့ ဒေါင်းပါ ကိုကိုရယ် ...။

"ဒေါင်း ... ဘာတွေ လျှောက်ပြောနေတာလဲ ..."



"လျှောက်ပြောတာ မဟုတ်ဘူး ထူး ..."

"ကိုဖိုးချိုကို ပန်းဝတ်မှုံ အိပ်မက်,မက်နေတဲ့ ကိစ္စဟာ သူ့အပြစ်နဲ့သူ ... သူ့ Guilty ဖြစ်မှုနဲ့သူ ... သူ့ရဲ့ မကောင်းတဲ့ အတွင်းစိတ်က သူ့ကို ညအိပ်တဲ့အချိန်မှာ ပြန်လှန့်ပြီး ဒဏ်ခံနေရတာ ... အိပ်မက်ဆိုတာ စွဲလမ်းမှု ပဲ ... ကိုယ့်ရဲ့ သိစိတ်ထဲကဖြစ်ဖြစ် မသိစိတ်ထဲကဖြစ်ဖြစ် စွဲလမ်းနေခဲ့တဲ့ကိစ္စ ... ဒေါင်းနဲ့ မဆိုင်ဘူး ... ဒေါင်းမှာ ကိုဖိုးချိုနဲ့ ပတ်သက်ရင် ဘာအပြစ်မှ ရှိမနေဘူး ..."

ထူးဦးမှာ ဒီမိန်းကလေးနှစ်ယောက်ကို အံ့ပင်ဩမိပါ ...။ ခေတ်ပညာတတ် ငယ်ငယ်ရွယ်ရွယ်လေးတွေ ဖြစ်ကြပါရက် နှစ်ယောက်စလုံးဟာ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို အယူသည်း ဘာ စွဲလမ်းရာတစ်ခုကို ယုံကြည်မှုအဖြစ် ဖန်တီးထားတတ်ကြတာ ... နံ့စရာပင် ဖြစ်နေပြီ ...။

"မဟုတ်ဘူး ... ကိုကိုသာ ပြောမပြရင် ပန်းဝတ်မှုံ ဆိုတာ ကို ဒေါင်း သိတောင်မှသိထားတာ မဟုတ်ဘူး ... သူ့ကို ဒေါင်း လိုက်ပြီးနှောင့်ယှက်မိတာတွေ အားလုံးဟာလည်း ကိုကို့ရဲ့ဆန္ဒ ... ကိုကိုက ဒေါင်းကို ခိုင်းတာ ..."

"ဒေါင်း ... အဲဒီအတွက် ကျွန်တော် ဒေါင်းကို အပြစ်မမြင် ဘူးလေ ..."

"မဟုတ်ဘူး ... ကိုယ့်မှာ အပြစ်ရှိမှာစိုးလို့ ... မရှိတော့တဲ့ လူကို ခေါင်းတပ်လွှဲချတာဆိုရင် ဒေါင်းလောက် ယုတ်မာ တဲ့သူ ရှိတော့မှာ မဟုတ်ဘူး ... ဒေါင်း ဒါမျိုး ဘယ်တော့ မှ မလုပ်ဘူး ... ခုဟာက တကယ်ပဲ ကိုကိုက ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းက စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသော ထူးဦးကို ခပ်တည်တည်ပဲ ကြည့်လိုက်ရင်း ... "ဒေါင်းနဲ့ ပန်းဝတ်မှုန် နဲ့ တစ်ယောက်နဲ့တစ်ယောက် ဒီလောက် မုန်းတီးနေကြတာ ... အကြောင်းမဲ့သက်သက်ကြီးတော့ အိပ်မက်တွေချင်း တိုက်ဆိုင်နေ စရာ လုံးဝမရှိဘူး ထူး ..."ဟု ပြောလိုက်ပါသည်။

"ဒေါင်း ... အဲဒါ ဒေါင်း အစ်ကိုကို ဒေါင်းက သရဲလို့ ပြောနေမိတာ ..."

"မတတ်နိုင်ဘူး ထူး ... ဒါပေမဲ့ ဒေါင်းဟာ အားကိုးစရာ မဲ့နေတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာကိုတော့ ဒေါင်းက ဒီနည်းနဲ့ပဲ သက်သေပြနိုင်တယ် ..."

ထူးဦးက ခေါင်းတစ်ခုလုံးကို တဖြင်းဖြင်းမြည်အောင် ကုပ်ဖွလိုက်မိသည်။

"ကဲ ... ကဲ ... ကဲ ... ထားလိုက်ပါတော့ ... ဒါပေမဲ့ ကျွန်တော် ဒေါင်းကို ချစ်တာကကျတော့ အားကိုးရာမဲ့လို့ မဲ့တာနဲ့ မဆိုင်ဘူးလေ ... တာဝန်ကျေတာတွေ ဘာတွေနဲ့ ဘာဆိုင်လို့လဲ ... ဒေါင်း ပြောသလိုဆို ... မိဘမောင်ဘွား ဆွေမျိုးသားချင်း အစ်ကိုတွေ မောင်တွေ တစ်ပုံကြီးရှိတဲ့ မိန်းမမျိုးဆိုရင် ... ချစ်သူရည်းစား မထားရတော့ဘူးလား အိမ်ထောင်မပြုရတော့ဘူးလား ... အခု အဓိက,က ဒေါင်း ကျွန်တော့်ကို အားကိုးစမ်းပါလို့ ပြောနေတာ မဟုတ်ဘူး ခင်ဗျ ... ခင်ဗျားကို ကျွန်တော် ချစ်လို့ ... ခင်ဗျားလည်း ကျွန်တော့်ကို ပြန်ချစ်ဖို့ ပြန်လက်ခံဖို့ တောင်းဆိုနေ တာ ...



ချစ်သူရည်းစားရယ်လို့ ဖြစ်ပြီးကာမှ ခင်ဗျားဘာသာ အားကိုးကိုး မကိုးကိုး ... အေးလေ ... ကျွန်တော်ကအစတည်း တကျ အလုပ်နဲ့ အကိုင်နဲ့ ... မိန်းကလေးတစ်ယောက် အားကိုးယုံကြည်လောက်တဲ့ ကောင်မျိုးမှ မဟုတ်သေးတာ ကိုး ... အားကိုးခြင်းနဲ့ ချစ်ခြင်းကို ရောထွေးထားပုံရတဲ့ ခင်ဗျားဆီက အချစ်တစ်ခုကို ကျွန်တော့်လို အားကိုးမခံ ထိုက်တဲ့ကောင်က ဘယ်လိုလုပ် ပြန်ရနိုင်ပါတော့မလဲ ... မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး ဆိုတာမျိုးကသာ ကျွန် တော့်အတွက် အဖြေပဲ ဖြစ်နိုင်တော့မှာပေါ့ ... ဟုတ်လား ...

ကျွတ် ... ထူးဦးတို့များကွာ ... လူလူချင်းဆိုရင်တော့ ပြောမနေနဲ့တော့ ... သရဲနဲ့ယှဉ်တာတောင်မှ သရဲကိုပဲ အားကိုးမယ်တဲ့ ... ဗျား ..."

"အဲဒီလို မပြောပါနဲ့ ... သူများအစ်ကိုကိုများ ပြောလိုက်တာ ပစ်ပစ်ခါခါ ..."

"ခင်ဗျားပဲ အဲဒီလို သဘောကို ပြောတာပဲဟာ ..."

"ထူးနော် ... ဒေါင်းကို ခင်ဗျား ... ခင်ဗျားနဲ့ အော်ကြီး ဟစ်ကျယ်တွေ လုပ်နေတာများပြီ ..."

ထူးဦးက ဒေါင်းကို လက်ပဲ မြှောက်ပြလိုက်တော့ သည်။ စိတ်ထဲမှာ ရယ်လည်းရယ်ချင်လာသည်။ တစ်ယောက် ကလည်း အဲဒီအိပ်မက်အတွက်ပဲ တပိန်ပိန် တလိမ်လိမ်နဲ့ အသက်က ထွက်တော့မည်။ တစ်ယောက်ကလည်း အဲဒီအိပ်မက် ဆိုတာကိုပဲ အတည်ယူကာ အိပ်မက်က ခိုင်းသမျှကိုတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်ခဲ့ပါသေးသတဲ့ ...။ သူ့ကျတော့ အဲဒီလို အိပ်မက်တွေ မက်နေရတာကိုပဲ အားကိုးရာကြီးတစ်ခု ရထားသလို ... ဂုဏ်ယူစရာကြီးမျိုးတောင်လုပ်လို့ ...။

ပန်းဝတ်မှုံတို့များ ဖြစ်နိုင်ရင် ထူးဦးကို နောက်ကျောကနေ တွန်းကာ သူ့အိပ်မက်ထဲ အတင်းထိုးထည့်ပြီး ... ကိုဖိုးချိုနှင့် ဖိုက်စေချင်သေးသည့် သဘောမျိုးတွေ ရှိသည်။ တော်ပါသေးရဲ့ ... ဝင်လို့မရလို့ ...။ အဲလိုများသာရရင် ပြဿနာက ဒီ့ထက်ရှုပ်မည်။

နိုင်ငံခြားရုပ်ရှင်တွေထဲကလိုပေါ့ ... ထူးဦးဟာ ပန်းဝတ်မှုံရဲ့ ဆန္ဒအရ အိပ်မက်ထဲ ရောက်သွား ...။ ကိုဖိုးချိုကြီးနဲ့တွေ့ ... လက်သီးပြိုင်ထိုးပြီး ဖိုက်ကြရမည့်အစား ထိုင်ပဲရှိခိုးလိုက်ပြီး ... "ခင်ဗျားညီမကို ကျွန်တော် ချစ်လွန်းလို့ ... ငါ့သဘောတူတယ်လို့ ပြောပေးစမ်းပါ အစ်ကိုကြီးရာ ..."ဆိုရင် ... ဟား ဟား ဟား ... နောက်တစ်ခါ ဒေါင်းလည်း အိပ်မက်မက်ရော အိပ်မက်ထဲမှာ သူ့အစ်ကိုကြီးက သူ့ညီမကို ... "ဟဲ့ ... ဒေါင်းနင် ထူးဦးကို လက်ခံလိုက်"ဆိုရင် ပြီးပြီ ...။ ဟား ဟား ...ပွဲကိုပြတ်လို့ ...။

"ဟား ဟား ဟား ..."

"ဘာရယ်တာလဲ ..."

"ဘာမှ မဟုတ်ဘူး ... ဟား ဟား ..."

"ဘာမှမဟုတ်ဘဲနဲ့ ရယ်တယ်ဆိုတာ ရှိမလား ... တစ်ခုခုကြောင့်သာ ရယ်တာပေါ့ ..."



ထူးဦးက ရယ်ရှိန်မသေနိုင်သေးသော မျက်နှာထားနှင့် ...

"ဒေါင်း ဒီတစ်ခေါက် အိပ်မက်မက်ရင် အိပ်မက်ထဲမှာ ဒေါင်း အစ်ကိုက ဘာပြောလိမ့်မလဲ သိလား ..."

"ပေါက်ကရတွေ လျှောက်ပြောင်မနေနဲ့နော် ... သူများအစ်ကိုကို ..."

"မဟုတ်ပါဘူး ... အစ်ကိုကြီးက အကောင်းပြောမှာပါ၊ ဟဲ့ ... ဒေါင်းတဲ့ ... ထူးဦးလိုကောင်ကိုများ နင်က ဘာမယုံကြည်နိုင်စရာ ရှိလို့လဲတဲ့ ..."

"တော်ပြီ ... မပြောနဲ့တော့ ..."

"ဟာ ... အိပ်မက်က မပြီးသေးဘူးလေ ..."

"မရဘူး ... ဒေါင်းက အတင်းနိုးထပစ်လိုက်ပြီ ..."

ထူးဦး မျက်နှာက အရယ်တွေ ချက်ချင်း ရပ်ကာ တည်သွားရပါသည်။

"အဲဒီလောက်အထိပဲလား ဒေါင်းရယ် ..."

"ဘာလဲ ..."

"အိပ်နေရာကတောင် အတင်းနိုးပစ်လိုက်မယ်ဆိုတော့ ... ဒေါင်း ကျွန်တော့်အပေါ် ထားတဲ့စိတ်ဆန္ဒကို ကျွန်တော် သဘောပေါက်ပေတော့ပေါ့ ... ဟုတ်လား ..."

ဒေါင်းမျက်နှာလေးက မှုန်မှုန်လေး ဖြစ်သွားသည်။ ထူးဦးက ... "ကျွန်တော် ပြန်တော့မယ်"ဟု ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်ကာ ဧည့်ခန်းတွင်းမှ ထွက်ခွာလျှင်တော့ ဒေါင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲလေးနှင့် ဘာဆက်လုပ်လို့ ဘာဆက်ပြောရမည်လဲ မသိ ...။ "မပြန်ပါနဲ့ဦး"လို့ ပြောရမှာလား ...။ "ထူးကိုယုံကြည်ပါတယ်"လို့ ပြောရမှာလား ...။ နောက်ဆုံးတော့ ဒေါင်းသည် အိမ်အောက်အထိသို့ပင် ဆင်းသွားကာ ကားနားသို့ပင် ရောက်လုနေပြီဖြစ်သော ထူးဦးရဲ့နောက်မှ အပြေးကလေးပင် လိုက်ပါလာခဲ့ရလျက် ...

"ထူး ..."

"ထူးလို့ ဆိုနေမှ ..."

ထူးဦး၏ လှည့်ကြည့်ဟန်က ဝတ္တရားကျေရုံ။ ထူးရယ် ... တမင်တကာ လုပ်ပြနေတာကိုတော့ သိတော့သိပါရဲ့။ ဒါပေမဲ့ ဒေါင်းသည် ... "ကဲ ... ဖြစ်ချင်ရာဖြစ်ကွာ ... ထင်ချင်ရာထင် ..."ဟု မျက်စိကို စုံမှိတ် ... ကိုယ့်နှလုံးသားဆန္ဒကိုပဲ ကိုယ်က ကောင်းကောင်းကြီး အနိုင်ပေးလိုက်မိတော့ကာ ...

"ထူး ... ဒေါင်းကို နားလည်ပါ ထူးရယ် ... ဒေါင်းက ထူးကို ပြန် ... ပြန်ပြီးတော့ ... ဟိုဦးစွာ ..."

"ပြန်ပြီးတော့ ဘာဖြစ်လဲ ..."

"ပြန်ပြီးတော့လေ ... မချစ်ဘဲနဲ့ နေနိုင်ပါ့မလား ..."

ထူးဦး မျက်နှာက လှစ်ခနဲ တစ်ချက်ပြုံးချိုမြသွားရသည်။ ဒေါင်းသည် သူ့ဘာသာပဲပြော သူ့ဘာသာပဲ ရှက်အမ်းအမ်းနှင့် ဒေါသလေး အနည်းငယ်လည်း ပြန်ထွက်လာရကာ ယောင်ဝါးဝါး ပြောမိပြောရာတွေ ...

"ကဲ ... သိပြီလား ..."



"သိသားပဲ"

"ဟင် ..."

"တချို့မိန်းကလေးတွေနဲ့ကျရင် ယောကျ်ားတွေဟာ ရုပ်ရှင်မင်းသားတစ်ယောက်လိုလည်း ဟန်များတတ်ရတယ် ဒေါင်းရဲ့ ..."

ပြောပြီးပြီးချင်း ထူးဦးက ဒေါင်းရဲ့ ဒေါသစက်ကွင်းကလွတ်အောင် ကားပေါ်အမြန်ဆုံးဝင်ထိုင် စက်နှိုးပစ်လိုက်သည်။ ဒေါင်းမှာ ထောင်းခနဲ ဒေါသထွက်သွားရသော်လည်း ခဏကြာလျှင်တော့ မောင်းထွက်သွားလေသော ကားနောက်ပိုင်းက မီးကလေးကို မျှော်ကြည့်ရင်း ပြုံးမြမြလေးနှင့် ကျန်ရစ်လေသည်။

တချို့ယောကျ်ားတွေနဲ့ ဆိုရင်တော့ မိန်းကလေးတွေဟာလည်း ပြန်အပေးရခက်နေမဲ့ 'အဖြေစကား'ကို မသိသလိုလို ... အ,သလိုလို ... ယောင်ပြီး ထွက်မိသလိုလိုနဲ့ ပေးလိုက်ရတတ်တယ် ထူးရဲ့ ...။

❀ ၆ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"အလုပ်ကိစ္စတစ်ခု စတင်ကြစရာရှိသည်"ဟူသော အကြောင်းပြချက်ကြောင့် ခါတိုင်းပုံမှန်အလုပ်လာရသလို မဟုတ်ဘဲ နည်းနည်းပါးပါး သားသားနားနား ဝတ်ဆင်လာခဲ့ရသော ထူးဦးသည်( ---)ဟိုတယ်ကြီးရှေ့မှာ ကားရပ်လိုက်သောအခါကျတော့မှ ပန်းဝတ်မှုံရဲ့ ရည်ရွယ်ချက်ကို သိပြီး စိတ်တိုစိတ်ပျက်တွေ ဖြစ်သွားမိပါသည်။ လက်စသတ်တော့ သင်းက မင်္ဂလာဆောင်ပွဲကို တူစုံလာနွဲတာကိုး ...။ ဒါကြောင့်မို့ အိမ်က ထွက်ကတည်းက သင်းရဲ့ ဝတ်ပုံစားပုံကို မသင်္ကာလို့ ... "ဒါ အလုပ်ကိစ္စ ပြောကြမဲ့ ဒီဇိုင်း ဟုတ်ရဲ့လား ..."လို့ တစ်ချက်တော့ မေးကြည့်ခဲ့မိသား ...။

ထိုအခါမှာ ဇာအထက်အောက် ဝမ်းဆက်နှင့် စိန်ရွှေရတနာတွေ ညွတ်သီးနေအောင် ဝတ်ထားသော ပန်းဝတ်မှုံက "မိန်းကလေးတွေရဲ့ အဝတ်အစားကိစ္စအကြောင်းကို ရှင် ရေရေရာရာ မသိသေးဘူး မဟုတ်လား ဦးရယ် ..."ဟု ပြန်ဖြေခဲ့တာ ...။



ခုမှ ထိမှန်းသိတော့သည်။ ဟုတ်ပ ...။ ရေရေရာရာ မသိခဲ့လို့ ခံလိုက်ရတာပေါ့ ... နို့မို့ဆို ... ဒါမျိုးကြီးဟာ မင်္ဂလာဆောင်သွားတဲ့ ဒီဇိုင်းမျိုးမှန်း ရေရေရာရာသာ သိခဲ့ရင် အိမ်ကတည်းက "မလိုက်နိုင်ဘူးကွာ ..."လို့ ငြင်းခဲ့မှာပေါ့ ...။

"မင်းက ငါ့ကို မလိုမ့်တစ်ပတ်နဲ့ မင်္ဂလာဆောင် ခေါ်လာတာပဲကွ ... အဲဒီလိုပွဲတွေ ငါ ဝါသနာ မပါပါဘူးဆိုကွာ၊ သွား ... သွား ... မင်း တစ်ယောက်တည်း ဝင်လိုက် ... ငါ ကားပေါ်ကပဲ ထိုင်စောင့်တော့မယ် ..."

"ကားပေါ်မှာ တစ်ယောက်တည်းကြီး တစ်နာရီလောက် ထိုင်စောင့်နေရတာနဲ့စာရင် အထဲဝင်လိုက်လာတာက ဘာမှ အပန်းမကြီးပါဘူး ဦးရာ ... လာစမ်းပါ ... ပါပါကလည်း ဒီပွဲကို ဦးကို ခေါ်ဖြစ်အောင် ခေါ်သွားလို့ မှာထားတာ"

"တော်စမ်းပါ ... မင်း အဖေနာမည်ကို မင်း ထည့်ထည့်ပြီး မသုံးစမ်းပါနဲ့ ..."

"ကဲပါ ... လိုက်ခဲ့ပေးပါ ... အထဲမှာ ကျော်သူရတို့ အုပ်စုလည်း ရောက်ချင်ရောက်နေမှာမို့လို့ ..."

"ကျွတ် ... ပြဿနာချည်းပဲ ..."

ကျော်သူရဆိုသည်ကား မနေ့တစ်နေ့ကမှ ဖြတ်ပတ်လိုက်သော ယခုလက်ရှိ ရန်သူတော် အကြီးစားပင်တည်း ...။ သူက ဒါကို အကြောင်းပြတော့လည်း ကိုယ်က ဘာမှ မတတ်နိုင်တော့ပြီ ...။ တော်ကြာ တကယ်ပဲ သူ့ဒုက္ခရောက်သွားရင် အရေးရာက ကိုယ့်ခေါင်းအပေါ် ပုံကျလာဦးမည်။ ထူးဦးမှာ ကားပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး ကားသော့မှ မပိတ်ရသေးခင် ဟိုတယ်ဝင်းအတွင်းသို့ မောင်းဝင်လာသော Pizza and Cake City တံဆိပ်ပါ Town Ace ကားတစ်စီးကို မြင်လိုက်ရပါသည်။ ပထမတော့ ထူးဦး စိတ်ထဲဘာမှ မရှိသေး ...။ ဒေါင်းရဲ့ ဆိုင်ကယ်လေးမှ မဟုတ်ဘဲဆိုတော့ ဒေါင်း ပါလာမည်လည်း မထင်။ ဒေါင်းကိုချစ်နေတော့ Pizza and Cake City တံဆိပ်ကိုလည်း သံယောဇဉ်မကင်းနိုင်စွာ တစ်ချက်လောက် ငေးလိုက်မိတဲ့ သဘောပါပဲ ...။

"သတို့သမီးက Pizza and Cake City က ကိတ်နဲ့မှ မင်္ဂလာဆောင်ချင်သတဲ့လေ ... မင်္ဂလာပွဲတစ်ပွဲစာ မှာပေးရတော့ ဟိုတယ်ကလည်း အဲဒီဆိုင်က Service ကို ပြန်တောင်းတယ်တဲ့ ..."

ထူးဦးက တစ်စုံတစ်ခုကို သတိပြုမိသွားပြီး ... ပန်းဝတ်မှုံဘက် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ပန်းဝတ်မှုံက မသိချင်ယောင်ဆောင်နေ၏။ ထိုအခိုက်မှာပင် Town Ace ကား၏ လျှောတံခါးက ပွင့်ဟသွားပြီး တစ်ယောက်ပြီးတစ်ယောက် ဆင်းချလာကြသော တူညီဝတ်စုံ ယူနီဖောင်းဝတ် မုန့်အလုပ်သမားများထဲတွင် ဒေါင်းကိုပါ လှမ်းမြင်လိုက်ရပါတော့သည်။

တစ်ယောက်ဆင်းလာတိုင်း ကားပေါ်မှ တစ်စုံတစ်ယောက်က မုန့်ဘူးအပြားကြီး ငါးဘူး ခြောက်ဘူးလောက်စာ တစ်ထပ်ကို လှမ်းပေးလိုက်သည်။ ဒေါင်းအလှည့်ကျတော့ ဒေါင်းမှာ ကားပေါ်က ဆင်းလာပြီးသည်နှင့် မုန့်ဘူးတွေကို သယ်ဝင်သွားဖို့ရာ လက်အလှမ်း ... ထူးဦးနှင့် ပန်းဝတ်မှုံတို့က သူမရဲ့ မျက်စိထဲ



န်းခနဲ ဝင်သွားပုံ ရှိလေတော့သည်။ ဒေါင်းမှာ တစ်ချက်တော့ ခနဲ ဖြစ်သွားပါသည်။ ဒီနောက်မှာတော့ သူ့ရဲ့ ကမ်းထားတဲ့ က်ပေါ် ကျရောက်လာပြီဖြစ်တဲ့ မုန့်ဘူးငါးဘူးကိုပဲ သယ်,မငြိုး က်နှာကို ကွယ်ပစ်လိုက်ကာ ဟိုတယ်ကြီးရဲ့ နောက်ဘက်ပေါက် ခါးရှိရာသို့ လှမ်းသွားနေပါတော့သည်။

"တောက် ... မင်း ... ဒါကိုသိလို့ ငါ့ကို တမင်သက်သက် မဝင့်ဝင်အောင် ခေါ်တာ"

"မဖြစ်နိုင်တာ ဦးရယ် ... သူတို့နဲ့ ကိုယ်တို့နဲ့ ရောက်ချိန် တူနေရတာက တိုက်ဆိုင်မှုပါ ..."

"ရောက်ချိန်ကတော့ တိုက်ဆိုင်တယ်ပဲထား ... အထဲကျရင်ကော ... သူတို့ဆိုင်က Service (လုပ်အားဝန်ဆောင်မှု) ပါ တောင်းထားတာဆို ... ဒီလူတွေက စားပွဲတွေကို ဟိုတယ်က စားပွဲထိုးတွေနဲ့အပြိုင် မုန့်လိုက်ချပေးရဦးမှာပေါ့ ..."

"အဲဒါများ ... ဘာဖြစ်လဲ ... သူကလည်း ဝတ်မှုံတို့စားပွဲကို လာချမှာ မဟုတ်ပါဘူး ... ဦးပဲ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆို ... ဒါလေးများ ..."

ထူးဦးက ခေါင်းကို ခါယမ်းလိုက်ကာ ကားတံခါးကို ွင့်၍ အထဲမှာပဲ ပြန်ဝင်ထိုင်နေလိုက်ပါတော့သည်။ ပန်းဝတ်မှုံ သု စိတ်မချပါ။ ပန်းဝတ်မှုံသည် ကိစ္စတစ်ခုခုကို သာမန်ရိုးရိုး သောထားကလေးနှင့် လှုပ်ရှားလိုက်တတ်တာမျိုး အလွန်တ နည်းပါးတတ်လှတာ ထူးဦး သိသည်။ ဘာတစ်ခုကိုမှ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် မထင်ပါဘူးလေ ..."ဟု စိတ်ချထားလို့ ရတာမဟုတ်။ အထူးသဖြင့်ကတော့ ဒေါင်းနဲ့ပတ်သက်ပြီးတော့ ဖြစ်သည်။

ဒီပွဲမှာ သတို့သမီးက Pizza and Cake City က ကိတ်မုန့်နဲ့မှ ဧည့်ခံချင်ပါသတဲ့ ... ထိုမုန့်ဆိုင်ကနေ စားပွဲထိုးဖို့ပါ လွှတ်ပေးရမယ်တဲ့ ...။ ဟုပင် သူ့နှုတ်ဖျားက မထိန်းနိုင်အောင် ထွက်လာပြီးလျှင် ဒါဟာ ပိုပြီးမရိုးဖြောင့်နိုင်ပါတော့ ...။ တော်ပါပြီ ...။ ဆောရီးပါ ...။ မကျေနပ်လျှင် အလုပ်ဖြုတ် ... ဒါပဲရှိသည်။

"လုံးဝအထဲ ဝင်မလိုက်ဘူးပေါ့ ..."

ထူးဦးက ခေါင်းခါပြလိုက်သည်။

"ကောင်းပြီလေ ..."

သူ့အသံ ခပ်အစ်အစ်ကို ထူးဦးက ကြောက်တော့လည်း အကြောက်သား ...။ မဟုတ်တာ တစ်ခုခုလုပ်ကို လုပ်တော့မဲ့လေသံမျိုးပါပင် ...။ ထင်သည့်အတိုင်းပင် ... ထူးဦးတစ်ယောက်တည်း နားအေးပါးအေးနှင့် မင်္ဂလာဆောင်အချိန်ပြည့်အောင်တောင်မှ ကားထဲမှာ မထိုင်လိုက်ရ ...။ ဘယ်လောက်မှ မကြာလိုက်သေးဘူးတောင် ထင်ရသည်။ ဟိုတယ်နောက်အက်ပေါက်က ဖျတ်ခနဲပွင့်လာကာ အတွင်းမှ ဒေါင်းက မပြေးရုံတမယ် ခြေလှမ်းတို့နှင့် ပြန်ထွက်လာချေတော့သည်။

"ဟာ"

အံ့ဩစရာ ကောင်းလောက်အောင်ပါပင် ... ဧည့်သည်များ အဖြတ်အသန်း မလှုပ်ရသော လုပ်ခွင့်မရှိသော ထိုနောက်



ပေါက်ထဲမှ လိုက်ထွက်လာကာ ဒေါင်းရဲ့နောက်ပါးက ထက်ကြပ်မခွာ ကပ်ပါလာသူကား ... ပန်းဝတ်မှုံ ...။ ဘောင်းဘီရှည်နှင့် ဖြစ်သော ဒေါင်းရဲ့ခြေလှမ်းကျဲတို့ကို သူ့စကပ်တုတ်တုတ်တစ်တစ်နှင့် မမီမီအောင် ပြေးမတတ်ပင် အမှီလိုက်ကာ တတွတ်တွတ် ပြတ်တမ်း စကားတွေ လိုက်ပြောနေလေတော့သည်။

ထူးဦးက ကားပေါ်မှ ခုန်ဆင်းထွက်လိုက်၏။ ဒေါင်းက ထူးဦးရှိရာသို့ မလာပါ။ သူတို့ဆိုင်က ကားဆီသို့ပင် ဦးသွားလေသည်။ ပြီးလျှင်တော့ ကားရဲ့ဆွဲတံခါးလျှောတံခါးကို ဆွဲဖွင့်ကာ ကားထဲအဝင် ... ပန်းဝတ်မှုံက တံခါးကို ပြန်ပိတ်လို့ရအောင် ကိုယ်လုံးနှင့် ခံထားလိုက်ကာ သူ့ ပြောလိုရာကို ဆက်ပြောနေပြန်ပါတော့သည်။ ထူးဦး အဲဒီကားနားကို ရောက်သွားတော့မှ အဆက်မပြတ် ကရားရေလွှတ် ဖြစ်နေခဲ့သော သူ့စကားတို့ကို တိခနဲ ဖြတ်ချပစ်လိုက်၏။

"မင်း ဘာလိုက်လုပ်နေတာလဲ သူများကို ..."

"ဘာလုပ်လို့လဲ ... ဘာမှမလုပ်ဘူး ..."

"ဟ ... သူ့နောက်က မင်းပြေးလိုက်လာတာကို ငါမြင်နေရတဲ့ဟာပဲ ..."

"စကား ပြောတာပဲ ... အပြောမခံဘူး ... ထွက်ပြေးတယ်လေ ... ဘယ်လောက်ရိုင်းသလဲ ... အဲဒါကြောင့် ပြေးပြီးတော့ကို လိုက်ပြောတာ ... ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"မင်းက လူတစ်ဖက်သား နားမခံသာစရာတွေ ဘာတွေ လျှောက်ပြောသလဲမှ မသိတာ ... သူများတကာရဲ့ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပွဲမှာ ဒါမျိုးသောင်းကျန်းရဲတာ မင်းမှ ရိုင်းတာကွ နားလည်ရဲ့လား ...”

“ဝေဝေနဲ့ကသူငယ်ချင်း ... ဘာမှ အားနာနေစရာ မရှိဘူး၊ ဒီမင်္ဂလာပွဲများ ရပ်ပစ်လို့တောင်ရတယ် ...”

“မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့ ... မင်းနဲ့ ဘယ်သူနဲ့ ဘယ်လောက်ခင်ခင် ... သူ့လူကြီးမိဘတွေကရှိသေးတာ ...”

“နေပါဦး ... ဦးက ဘာဆိုင်လို့ ဝေဝေ့ဘက်က နာနေရတာလဲ ...”

“ဝေဝေ့ဘက်က ဘာမှနာစရာ မရှိဘူး ... သိတောင်မှ မသိဘူး ... မင်း လုပ်ပုံတွေ မဟုတ်လို့ ပြောနေတာ ...”

ပန်းဝတ်မှုံက ‘ဟင့်’ခနဲတစ်ချက်လုပ်လိုက်ကာ တစ်လုံးတပါဒမှ ဝင်မပြောဘဲ ကားတွင်းမှာပဲ မျက်နှာအောက်ချပြီး ထိုင်နေသည့် ဒေါင်းကို တစ်ချက်လှည့်ကြည့်သည်။ ကားထဲမှာ ဒရိုင်ဘာနေရာမှာ လူတစ်ယောက် ရှိနေသေးသည့်အတွက် ထူးဦးက ဒေါင်းကို ငဲ့ကာ ဒီနေရာမှာ အကြီးအကျယ် ထပ်မံပြီး စကားများနေရမှာမျိုးကို မဖြစ်လိုပါ။ သို့သော် ကိုယ်က စကားဖြတ်ကာ ထွက်သွားလို့လည်း မရ။ ပန်းဝတ်မှုံက လိုက်လာမှာ မဟုတ်ပေ။ လိုက်ခဲ့ဖို့ပြောရင်လည်း ပြောစကား နားထောင်မှာမဟုတ် ...။ ခါတိုင်းလို (သူ့ကို သူ့ပြဿနာတွေကနေ ကယ်တင်နေကျပုံစံအတိုင်း) ဖွတ်ဆွဲခေါ်သွားဖို့ကျလည်း ဒေါင်း ရှေ့မှာမို့ မလုပ်ချင် ...။



ဒေါင်းကို ထားခဲ့ပြီး ဒေါင်းရှေ့ကနေ နှစ်ယောက်တွဲထွက်သွားကြရမှာမျိုးကို ထူးဦးက ခုချိန်မှာ လုံးဝမလုပ်ချင်ပါပြီ။

“ဟင်း ... ဝေဝေ့ဘက်က နာတာမဟုတ်ရင် ... ဒီဘက်က နာတယ်ပေါ့ ဟုတ်လား ..., ဘာဆိုင်လို့လဲ ...”

ပန်းဝတ်မှုံက ဒေါင်းကို မေးငေါ့ပြပြီး မေးလိုက်သည်။ ကားပေါ်မှ လူသည် ဒေါင်းနှင့်ထူးဦးကို တစ်ချက်စီကြည့်ရာ ဒေါင်းဘက်က သူဝင်ကူစရာ မလိုမှန်း ... သူရှိနေသရွေ့ ဒေါင်းမှာ အခြေအနေပဲ ပိုမိုဆိုးနိုင်မည်မှန်း သတိထားမိပုံနှင့် ကားပေါ်မှ ဆင်းသွားလေတော့သည်။ ထူးဦးက ထိုလူထွက်သွားတာနှင့် ပန်းဝတ်မှုံကို ခပ်တည်တည်ပဲ စိုက်ကြည့်လိုက်ရာ ...

“ဒေါင်းက ငါ့ချစ်သူလေ ... ငါ့ သူ့ဘက်က နာကိုနာမှဖြစ်မှာပေါ့ ...”

“ဟင့်ဟင့် ... ထင်သားပဲ ... ထင်လို့ မေးကြည့်လိုက်တာ၊ ဒီမှာဆရာကြီးရဲ့ ... အဲဒါဆိုရင် နှစ်ဖက်မိဘတွေ ပြောဆိုထားကြတာတွေကော ဘယ်သွားထားမလဲ ...”

ထူးဦးမှာ ဆတ်ခနဲ ဖြစ်သွားရရင်း ဒေါင်းဘက်သို့ ထိတ်လန့်တကြားပင် လှည့်ကြည့်လိုက်မိရာ ဒေါင်းကလည်း ထူးဦးကို တစ်မျိုးကြီး စိုက်ကြည့်လာတော့သည်နှင့် ဆုံလေသည်။

“မင်း ဘာတွေ လျှောက်ပြောနေတာလဲ ...”

“အမယ်လေး ... မသိချင်ယောင်တွေ ဆောင်နေပြန်ပါပြီ ဒီမှာဦး ... ဝတ်မှုံလည်း လေနှစ်ဖက်မက သုံးလေးဘက်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်နှင်းနေတာနော် ... ဒါပေမဲ့ အားလုံးကို ရှင်းရှင်းပဲ အသိပေးထားတယ် ... အချိန်တန်ရင်တော့ ဝတ်မှုံဟာ ဦးဆီပဲ ပြန်ရမှာပဲလို့ ... အဲဒီတော့ ကိုယ်တောင် လုပ်ချင်ရာ လုပ်နေတာ ... ဦးကိုလည်း မကန့်ကွက်ပါဘူး၊ တစ်ပြိုင်နက်နဲ့ ငါးရုံကို ဘယ်နှကောင် ဖမ်းဖမ်းပေါ့ ... ဒါပေမဲ့ ဝတ်မှုံလိုပဲ အသိတော့ ပေးထားသင့်တယ်လို့ ထင်တယ် ... နောက်ဆုံးကျရင် ကိုယ့်မိဘ ကိုယ့်အဖေတွေကို လွန်ဆန်နိုင်ကြမှာလဲ မဟုတ်ဘဲနဲ့ ...”

“ဟာ ... မင်း ... မင်း ...”

ဒေါင်းရဲ့ မျက်လုံးတွေ အရောင်ပြောင်းလာကြမှန်း ထူးဦး သိလိုက်သည်။ ပန်းဝတ်မှုံရဲ့ လိုလားချက်ကလည်း အဲဒါပင် ...။

“ဒေါင်း ... ဒေါင်း ဘာမှမဟုတ်ဘူးနော် ... ဒေါင်း သူ့လှည့်ကွက်ကြောင့်တော့ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အထင်တွေ မမှားကြကြေး ... ဟုတ်ပြီလား ... သူ့အကွက်ဆင်တာ အောင်မြင်ပြီး ကျွန်တော်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အထင်တွေမှားကုန်ကြမယ်ဆိုရင် ကျွန်တော်တို့ပဲ နစ်နာမှာနော် ... ဒေါင်း ...”

“ကျွတ်ကျွတ် ... ဒီလိုဆိုရင်တော့ ဦးကိုယ်တိုင်ပါ မသိသေးတာပဲ ဖြစ်များနေမလား ... ဦးရဲ့ဟန်ကလေးက ကောင်းလွန်းနေတော့ ဦးကိုယ်တိုင်တောင် မသိသေးဘူးလားလို့ပဲ ဝတ်မှုံက ဦးကို အမှတ်ပေး တွေးကြည့်ပေးလိုက်ပါတော့



မယ် ... မသိသေးရင်လည်း အိမ်က ဘကြီးအဖေကို ပြန်မေး ... ဦးမြင့်ဦးဟာ ဦးစန်းလွင်ကို မျက်နှာနာရဲ့ရဲ့လားလို့ ... ပြောရမယ်ဆိုရင် ကိုယ့်တိုင်တစ်စက်မှ စိတ်မပါတော့ဘဲနဲ့ ဦး ဝတ်မှုံဆီ ပြန်ရောက်လာရတာကိုပဲ တွက်ကြည့်ဦးလေ ... ဟင့် ...”

ထူးဦးပင် တစ်ချက်လောက် ကြောင်စီစီ ဖြစ်သွားရသည်။ ပြီးမှ ခေါင်းကို ယမ်းခါထုတ်ပစ်လိုက်ရင်း ...“ဟုတ်လည်း မဟုတ်နိုင်ဘူး ... အဲဒီလို တကယ်ပဲဟုတ်နေခဲ့တော့ကော ... ဘာများ ဖြစ်ရဦးမှာလဲ ...”ဟု ကိုယ့်စိတ်ကိုယ် အချိန်မီ ပြန်ဆီးပစ်လိုက်ရလေသည်။ ထိုအချိန်မှာ ဒေါင်းကတော့ ပန်းဝတ်မှုံရဲ့ စကားထဲမှ ဖြစ်နိုင်ခြေများဘက် အတော်ကြီး စိတ်ယိုင်သွားဟန်ရကာ မျက်နှာက ခပ်မဲ့မဲ့လေးပင် ဖြစ်လို့နေပါပြီ ...။

ထူးဦးက ဖြစ်ချင်ရာဖြစ် ... ပန်းဝတ်မှုံကို လက်ဆောင်းက ကိုင်ဆွဲပြီး နေရာရွှေ့ပစ်လိုက်ကာ ဒေါင်းတို့ရဲ့ မုန့်ပိုးထဲ ရွှတ်တက်ထိုင် ... ကားလျှောတံခါးကိုပါ ဆွဲပိတ်၊ အထဲအနေ လော့(ခ်)ချပစ်လိုက်လေသည်။ ထိုအချိန်မှာပင် ဟိုတယ်ထဲမှ ဒေါင်းတို့ရဲ့ အုပ်စုက ပြန်ထွက်လာကြ၏။ ဒေါင်းက ထိုအုပ်စုကို မျက်နှာပျက်ပျက်နှင့် ကြည့်လိုက်ကာ ...

“ထူး ... နှစ်ယောက်လုံး အလုပ်ချိန်ကြီး ...”

“ကျွန်တော်က ရတယ် ... ဒေါင်းက မရဘူးလား ...”

“ခုနကလည်း မခံနိုင်တော့လို့ မုန့်ဆက်မချနိုင်တော့ဘဲ ထွက်ပြေးလာခဲ့ရပြီးပြီ ... Incharge(ကြီးကြပ်သူ)က ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောမလဲ မသိဘူး ... ပန်းဝတ်မှုံက ညှော်သည်တွေထိုင်တဲ့ စားပွဲဝိုင်းတွေမှာ မထိုင်ဘဲ ဒေါင်း နောက်ကချည်း တကောက်ကောက် လိုက်နေတော့တာလေ ... ကြာလာ တော့ မရတော့ဘူး ..."

"ဒါပေါ့ ... အဲဒီလို Incharge ကလည်း နားလည်ချင် လည်ပါလိမ့်မယ် ... ဒေါင်းလည်း ကျွန်တော့်ကို နားလည် နော် ... ခုနက အဲဒီမိန်းမ လျှောက်ပြောနေတာတွေ ခေါင်းထဲ မထားနဲ့ ..."

"ထူး ... ထူးမိဘတွေကို လွန်ဆန်နိုင်ပါ့မလားလို့ ..."

"ဘာမှမဆိုင်ဘူး ... အမေတို့ကလည်း ဒါမျိုး မဟုတ်ဘူး ဟုတ်နေခဲ့ရင်တောင် ကျွန်တော့်ကိုတော့ ဒီလိုလုပ်လို့ မရဘူး ..."

ပန်းဝတ်မှုံက ဒေါင်းတို့ဆိုင်က အဖွဲ့ကြီး အနားကို ရောက်လာကြတော့မှ အချိန်ကိုက်ပင် တံခါးကို သုံးရေလေးချက် ထုပေးလိုက်သည်။ ဟိုအဖွဲ့မှာ ခုနကတည်းက လုပ်ရပ်ကြောင့် ပန်းဝတ်မှုံအပေါ် အတော်ကြီး မျက်မုန်းကျိုးနေကြပြီးပုံတွေရကာ ခုလိုကားတံခါးကိုပါ ထုနှက်နေတာကို တွေ့ကြသောအခါ ...

"ဘာလုပ်မလို့လဲ ..."

"အထဲမှာ ကျွန်မလူရောက်နေလို့ ... ဒီထဲမှာ ဒေါင်းဆောင် ဘယ်သူလဲ ... ကိုယ့်လူကိုယ် ကြည့်ထိန်းပြီးပြောဦး ..."

ပန်းဝတ်မှုံလို လူမျိုးကား ဘယ်သူ့ကိုမှလည်း ဂရု စိုက်နေလိမ့်မှာမဟုတ် ...။ ဒေါင်းတို့အဖွဲ့မှ Incharge က ပန်းဝတ်မှုံ



ရဲ့ စကားကြောင့် ကားထဲသို့ ကြည့်လိုက်၏။ ကိုယ်ပြောချင်တာ လည်း ပြောပြီးလိုက်ပြီ ... ဒီအတိုင်းကြီး ဆက်ဝင်ထိုင်နေရင်လည်း ဒေါင်းကိုပဲ ထိခိုက်တော့မည်မို့ ထူးဦးက ကားတံခါးကို ပြန်ဖွင့်ကာ ကားထဲမှ ပြန်ထွက်လာလိုက်ပါသည်။

ပြီးလျှင်တော့ ထူးဦးသည် ဒေါင်းတို့ရဲ့ Incharge ကို ခေါင်းလေးမငုံ့တငုံ့နှင့် တစ်ချက်ဦးညွှတ်ရင်း (ဒေါင်းအတွက်) တောင်းပန်ပေးလိုက်ကာ ... ဟိုတယ်ဝင်းကြီးအတွင်းမှ တစ်ဦးတည်း ခြေလှမ်းကျဲများနှင့် ထွက်ခွာလာခဲ့ပါတော့သည်။ ထူးဦးရဲ့ လုပ်ရပ်ဟာ ဒေါင်း ...။ ဒေါင်းတို့အဖွဲ့နှင့်တကွ ပန်းဝတ်မှုံကိုပါ မထင် မှတ်ဘဲ အတော်ကြီး ကြောင်တက်တက်တွေ ဖြစ်သွားကြပုံရသည်။

ခဏကြာလျှင်တော့ ထူးဦးရဲ့ နောက်မှ လျှာတံခါး တားတံခါးဖွင့်သံ ပိတ်သံ ... ကားစက်နှိုးသံတို့ကိုပါ ဆက်တိုက် ကြားလိုက်ရကာ ... မမှတ်မိချင်လည်းဘဲ နားထဲစွဲနေပြီဖြစ်သည့် ပန်းဝတ်မှုံ၏ ဒေါက်ဖိနပ်သံ တခွပ်ခွပ်ကိုပါ ဆက်တိုက်ဆိုသလို ကြားလိုက်ရပါတော့သည်။

ထူးဦးကတော့ ဟိုတယ်ဝင်းအပြင်ဘက်မှာ အဆင် သင့်တွေ့ရသည့် အငှားကားတက္ကစီတစ်စီးကို ဖမ်းလက်တားကာ ဘက်ထိုင်လိုက်လေပြီ ...။ ဒီနောက်မှာတော့ ထူးဦးရဲ့ တက္ကစီ နောက်မှ ပန်းဝတ်မှုံရဲ့ ကားကလေးက အားလုံးနဲ့ တိုက်မတတ် ဖြမတတ် အသံကျယ်ကျယ်နှင့် ကျော်ဖြတ်သွားတာကို တွေ့လိုက် ရသည်။ ထူးဦးရဲ့ တက္ကစီဆရာကတောင် "ဒီပုံအတိုင်းဆိုရင်တော့ တိုက်မှာပဲ ..." ဟု တစ်ချက်လှမ်းပြီး ထောပနာပြုလိုက်လေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းတို့ မုန့်ကားလေးကလည်း ပန်းဝတ်မှုံလိုပင် ထူးဦးရဲ့ကားကို ကျော်တက်သွားပါသည်။ ထူးဦးက ကားထဲသို့ လိုက်ငုံ့ကိုင်းကြည့်ပြီး ဒေါင်းကို လက်လှမ်းပြသည်။ ဒေါင်းက ထူးဦးကို မြင်လျှက်နှင့် ကြည့်ပဲကြည့်နေကာ လက်ပြန်မပြပေ။ သူတို့ကြီးကြပ်သူကို ငဲ့နေရလို့လား ... ဘာအကြောင်းကြောင့်လဲ တော့မသိ ...။

ထူးဦးရဲ့ လုပ်ရပ်ဟာ အသွင်မတူကြသည့် မိန်းကလေးနှစ်ဦးတို့ကို ဘယ်လိုအကျိုးသက်ရောက်မှုတွေ သွားရှိနေစေမှာလဲဆိုတာ ထူးဦးက သိပ်လည်းမစဉ်းစားမိ ... ခေါင်းထဲမှာ မရှိမိပေ ...။

❀ ၆ ❀

ဒေါင်းရဲ့ ပီဇာဆိုင်ကယ်နောက်က ပါလာကြသော ကားနှစ်စီးအနက် တစ်စီးဟာ ပန်းဝတ်မှုံရဲ့ကား ဖြစ်နေမှန်း ဒေါင်း သိလိုက်ရသောအခါ **အတော်ကြီးကို** ထိတ်လန့်သွားခဲ့ရသည်။ ဒုက္ခပါပဲ ... ပြဿ**နာရှာဦးတော့မ**လား မသိပါဘူး ... **တစ်စထက်တစ်စ** ရင်ဆိုင်လာရသောအခါမှာ ဒေါင်းက ပန်းဝတ်မှုံကို အတော်ကြီးပင် လန့်မိပါသည်။ ဒေါင်း ဘယ်လိုမှ ရင်မဆိုင်နိုင်တဲ့ ... ရင်မဆိုင်ထိုက်တဲ့ တစ်ယောက်ဆိုတာလည်း တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး သိလာရသည် ...။



အခုလည်းပဲ ... ပီဇာဆိုင်ကယ်ကို သူ လှမ်းမြင်သွားမှာကတော့ မုချ ... လုံးဝမလွဲနိုင် ...။ အဲဒီတစ်ခုကတော့ ဘယ်လိုမှ မလွဲနိုင်တာမို့ မောင်းနေတဲ့သူဟာ ဒေါင်းမှန်း သိမသွားစေဖို့ကသာ အခုအချိန်မှာ အသည်းအသန် အရေးကြီးလာပြီ ဖြစ်ပါသည်။ **သိလို့ကတော့** ဟိုတစ်ခါအလူးအလဲ လိုက်တိုက်ထားစဉ်က ခံစား**ချက်ကို** ဒေါင်းက လုံးလုံးမမေ့နိုင်သေးပါပေ ...။ အဲဒီလိုပြန်ခံစား**ရမှာများ တွေးတောင်မှ** မတွေးရဲ။ ဒေါင်းရဲ့ ဆိုင်ကယ်လေးဟာ **ဒီလို လမ်းမကြီးတွေ**ပေါ်မှာ ဆိုရင်တော့ အကောင်အငယ်ဆုံး **အနေးဆုံး** ဖြစ်နေသည့်အတွက် ဘယ်လိုမဆို ကိုယ်ချည်းခံရတော့မှာ အသက်ကိုဖက်နှင့်သာ နာနာထုပ်ထား လိုက်တော့ရုံပင် ...။

အခုလောလောဆယ် ဒုက္ခရောက်နေတာက ပန်းဝတ်မှုံရဲ့ကားတစ်စီးထဲ မဟုတ်သေး ...။ မုန့်ပို့သည့်ဆိုင်ကယ်ဆိုသည်မှာ ယောကျ်ားတွေချည်းပဲ မောင်းလေ့ရှိကြတာမို့ ဒေါင်းလို မိန်းကလေးတစ်ယောက်က မောင်းပို့နေတာကို မြင်လိုက်ကြလျှင် ဘာကြောင့်မှန်းမသိ လိုက်စချင်ကြသော သကောင့်သားများရဲ့ **အန္တ**ရာယ်ကလည်း ဒေါင်းမှာ မသေးလှပါ ...။ အခုလည်းပဲ ... **နောက်က** ကားတစ်စီးဟာ ဒေါင်းကို မိန်းကလေးမှန်း သိသွားကြသဖြင့် အမင်သက်သက် အလုပ်ပျက်အကိုင်ပျက် နောက်ကနေ တဝေးဝေးအဝါးဝါး လိုက်ကာ အပျော်လိုက်စနေကြတာက ရှိသေးသည်။

ကဲ ... ဘုရားတရားပဲ တရတော့မည် ထင်ပါရဲ့။

ထိုအခိုက်မှာပင် ပန်းဝတ်မှုံမှာ ပီဇာဆိုင်ကယ်တံဆိပ်ကို လှမ်းမြင်သွားပုံနှင့် ဝေါခနဲ စက်ရှိန်မြှင့်ကာ ဒေါင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းယှဉ်လာလေသည်။ သေပြီ ...။ ဒေါင်း ဒီနေ့ ဆောင်းလာသော ဟဲလ်မက်ဦးထုပ်ဟာ ရုပ်ကိုပါ အုပ်ချထားလို့ရတာမျိုး မဟုတ် ...။ မျက်နှာကြီးတစ်ခုလုံး ပေါ်နေသည့်မို့ ဟိုကောင်တွေတောင်မှ မိန်းကလေးမှန်း သိကုန်ကြတာလေ ...။

"ကိုကိုရေ ..."

ဒေါင်းက တိုးတိုးလေး ညည်းလိုက်မိသည်။ ပြီးခဲ့တဲ့ မင်္ဂလာဆောင်ပွဲတုန်းကလည်း ပန်းဝတ်မှုံဟာ ဒေါင်းကို "သရဲမွေးစားသူ"အဖြစ် လိုက်စွပ်စွဲကာ "ကိုယ့်သရဲကို ကိုယ်ပြန်ထိန်းချုပ်ပေးဖို့ ... နို့မဟုတ်ရင်တော့ သူ့ဘက်ကလည်း ငြိမ်နေနိုင်မှာ မဟုတ်တာ"တွေကို လိုက်ညိုနိုင်းသည့်သဘော လိုက်ပြောခဲ့သေးသည်။ ဒေါင်းမှာ သူ့ညိုနိုင်းချက်တွေကို လက်ခံခေါင်းညိတ်အောင်လို့ ကိုယ်ကမှ သူစွပ်စွဲသလို "သရဲမွေးစားသူ"မှ မဟုတ်တာ ဘယ်လိုလုပ် လုပ်လို့ရမှာလဲ ...။ ဒေါင်းက ကတိမပေးနိုင်လေ ပန်းဝတ်မှုံက ဒေါသဖြစ်လေ ... သူ ငြိုးကိုငြိုးသွားတော့မှာ သေချာပေါက်ပဲ ဖြစ်နေပြီလေ ...။

သူ ရုတ်တရက် အကွက်ထဆင်ပစ်လိုက်ပြန်တဲ့ ထုံးရဲ့ကိစ္စကလည်း မအောင်မမြင်သဂ္ဂိုဟ် ဖြစ်သွားပြန်တာကိုး ...။

ပန်းဝတ်မှုံက ဒေါင်းဘေးသို့ လျင်လျင်မြန်မြန်ပင် ရောက်ရှိလို့လာပါသည်။။ ဒေါင်းမှာ ဘယ်လိုပင် ကြိုးစားပမ်းစားနှင့် ခေါင်းလွှဲကာ ပုန်းကွယ်ပါသော်လည်း ဟဲလ်မက်ဦးထုပ်အောက်မှ ထွက်ပေါ်နေသည့် ရုပ်ရည်ကတော့ ဘယ်လိုမှ ပုန်းကွယ်လို့ မရနိုင်တာမို့ ပန်းဝတ်မှုံက ဒေါင်းကို မြင်ဖြစ်အောင်ပင် မြင်



သွားပြီး သကာလ နှုတ်ခမ်းတစ်ဖက်ကို တွန့်တက်အောင်ပြုံးလိုက်ပြီးသော် ...

"ဟေး ... ဟေး ..."

ဒေါင်းနောက်သို့ လိုက်စနေကြသည့် ကားထဲမှ သကောင့်သားများဟာ သူတို့ကို ရုတ်တရက်ကျော်တက်ပြီး ဒေါင်းဘေးသို့ ရောက်သွားသူမှာ မိန်းကလေးမှန်း ခုမှပင် သိလိုက်ကြပုံရပါသည်။ သူတို့ရဲ့ ပစ်မှတ်ဟာ ရုတ်ချည်းပင် နှစ်ခုတောင်မှ ဖြစ်သွားရတာမို့ သူတို့ ကြည့်ရတာ ပိုပျော်သွားကြပုံရသည်။ ဘဟေးဟေး တဟားဟားသံများက ပိုဆူလာကြပြီး ပန်းဝတ်မှုံရဲ့ ကားကို ပြန်ကျော်တက်ဖို့ လုံးပမ်းကြတော့သည်။

ဒေါင်းမှာ ကျွဲနှစ်ကောင်ကြားက မြေဇာပင် ဖြစ်ရပါတော့မည်။ ကားရှင်းရှင်း ... လမ်းရှင်းရှင်း ကျယ်ကျယ်မှာ ဒေါင်းရဲ့ ဘယ်ဘက်မှာ ပန်းဝတ်မှုံရဲ့ကား ... ညာဘက်မှာက ဆေါက်ကရကောင်တွေရဲ့ကား ...။ သူတို့တွေဟာ သူတို့ကားတွေရဲ့ စက်ရှိန်ကို အစွမ်းကုန်တွေလည်း တင်မပစ်ကြပါ ...။သူတို့တွေသာ စက်ရှိန် ကိုယ်စီမြှင့်ပြီး ပြိုင်ထွက်သွားကြရင်လည်း ဒေါင်းရဲ့ ဆိုင်ကယ်က ကြားကနေ ကျန်ရစ်ရရုံရှိသည်။

ခုတော့ သုံးစီးပြိုင်ကြီး ... ညီညီညာညာကြီး ...။ ဒေါင်းမှာ ကားနှစ်စီးကြား ဘာမှ မကျယ်သည့် နေရာလေးမှာ ဒီထက်ဘယ်လိုမှ ပိုပြီး မြန်မြန်မောင်းလို့မရတော့သည့် ဆိုင်ကယ်သေးသေးလေး တဖုတ်ဖုတ်နှင့် မညပ်အောင် မနည်းထိန်း၍ မောင်းနေရတော့သည်။ ရုတ်တရက်လည်း တုံ့ခနဲ မရပ်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ...။ ဘာဖြစ်သွားမလဲ ဒေါင်းကိုယ်တိုင်တောင် မပြောရဲပေ ...။ အဖြစ်နိုင်ဆုံး တစ်ခုကတော့ ပန်းဝတ်မှုံဟာ ဟိုတစ်ခါတုန်းကလို ဒေါင်းရဲ့ ဆိုင်ကယ်လေးကို ဖင်ဘက်ကနေ ဝင်တိုက်ပစ်လိုက်မှာ မျိုးပါပဲ ...။

ပန်းဝတ်မှုံက ဟိုဘက်ကားက လူတွေကို ဂရုမစိုက်သလို မဲ့ရွဲ့ပြလိုက်ကာ ရုတ်တရက် ဒေါင်းရဲ့ဆိုင်ကယ်ကို ကျော်တက်ရင်းကနေ ပိတ်လိုက်သလို လုပ်လိုက်သည်။ **ဒေါင်းမှာအသက်** ရှူပြင် မှားမတတ် ... ဘယ်ဘက်သို့ **အမြန်ဆွဲပစ်လိုက်ရပါသည်။**

"ဟေး ... ဒီလိုလုပ်လို့ **ရမလားကွ** ..."

ဟိုဘက်ကားမှ **ကောင်များမှာ** ပန်းဝတ်မှုံနှင့် ဒေါင်းတို့ရဲ့ ပြဿနာမှန်ကို မသိ**ကြတာမို့** ပန်းဝတ်မှုံက သူတို့ကို ပြိုင်သည်ပဲထင်ကာ ပျော်ပျော်ကြီး ပြန်ပြိုင်ဖို့ရာ ကားစက်ကိုအမြင့် ပန်းဝတ်မှုံက ဘယ်ဘက်သို့ တိမ်းလိုက်သည့် ဒေါင်းရဲ့ဆိုင်ကယ် ရှေ့သို့ ကားဖင်မြီးနှင့် ယမ်းပြီးဝင်ရောက်လာပြန်သည်။

"ကြောက်သလားကွ ... ဟေး ..."

ပထမတော့ သူတို့ဟာ ပန်းဝတ်မှုံရဲ့ ရည်ရွယ်ချက်ကို မသိကြသေး... ပန်းဝတ်မှုံကိုချည်း ဦးတည်ကာ ပြိုင်နေပြီဖြစ်ရာ ... ဟိုဘက်ရုတ်တရက်ဝင် ... ဒီဘက်ရုတ်တရက်ပြောင်း ... လုပ်နေသည့် ပန်းဝတ်မှုံကြောင့် သူတို့ကလည်း သူတို့ရဲ့ ကားကို ဟိုလိမ်သည်ကောက်တွေ လိုက်လုပ်နေတော့လေ့ရာ ... ဒေါင်းခမြာတော့ ဆင်နှစ်ကောင်က ဆော့နေသည့် ကြွက်ငယ်ကလေးတစ်ကောင်ပမာ တလူးလူးတလိမ့်လိမ့်နှင့် ...။



နောက်တော့ ဟိုဘက်ကကားက သဘောပေါက်သွားကြပုံရသည်။

"ဘာလုပ်နေတာလဲကွ"

ဒေါင်းကို ကျော်တက်**လိုက်** ... **ဆက်မောင်းသွားတာ** မဟုတ်ဘဲ နောက်ဘက်ပြန်ဝင်လိုက် ... **လုပ်နေတာကို** သူတို့ ငေးမိသွားကြသည်။

"ဘာလုပ်တာလဲ ... ဘာလုပ်တာလဲ ..."

ပန်းဝတ်မှုံက ဒေါင်းရဲ့ဆိုင်ကယ်ကို နောက်ဘက်ကပဲ စက်သံကျယ်ကျယ်နှင့် လိုက်လာတော့သည်။ ဒီမှာတင် အပျော်လိုက်ဆော့နေသော ကောင်လေးတွေက ပန်းဝတ်မှုံရဲ့ လုပ်ရပ်ကို အတော်ကြီးမခံနိုင် ဖြစ်သွားကြပုံရကာ ...

"ဟေး ... ဆိုင်ကယ်ကို လိုက်လုပ်မနေနဲ့လေ ..."

"သတ္တိရှိရင် တို့နဲ့လာပြိုင်ပါလားကွ ..."

"အင်အားမမျှတာကို သွားလုပ်နေလို့တော့ အပိုပဲပေါ့"

ပန်းဝတ်မှုံရဲ့ ဒေါသတွေကို သွားဆွပေးလိုက်သလိုဖြစ်သွားပါပြီ ...။ ပန်းဝတ်မှုံရဲ့ ကားမှထွက်ပေါ်လာသော စက်သံကျီးကျီးသည် သူ့သခင်မ၏ အတွင်းစိတ်နှင့် ထပ်တူကျနေသလိုဖြစ်နေစေတော့သည်။ ဒီတစ်ခါတော့ ထွက်ပြေးပြီး မရောက် အရောက်သွားကာ အကူအညီတောင်း၍ ရနိုင်သော ကိုကျော်ကြီးတို့အုပ်စုနှင့်လည်း ကြိုချိန်းထားသည့်နေရာ မရှိတော့တာမို့ ... ပြေးနိုင်တုန်း ပြေးပြီး မပြေးနိုင်ရင် ... မရှောင်နိုင်တော့ရင်တော့ အဆုံး အကျိုးနဲ့ အသေပဲဟုသာ ဒေါင်းက ကြိုမှန်းထားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဒေါင်းရဲ့အတွေးထဲ ... မျက်ဝန်းထဲ (နေ့ခင်းကြောင်တောင်ကြီး ... အိပ်လည်းပျော်မနေပါဘဲနှင့် ... အိပ်မက်မက်ရယ်လို့ မဖြစ်ပေါ်နိုင်သည့် အချိန်မျိုးကြီးမှာ) ကိုကိုဖိုးချိုက ရုတ်တရက်ကြီးစိုးကာ ဝင်ရောက်လာပါတော့သည်။

"ဒေါင်းလေး ... မကြောက်နဲ့ ... ဒေါင်းကို ကိုကို ဆိုင်ကယ်စီး သင်ပေးတုန်းက အဲဒီလိုပဲ ကားနှစ်စီးက လိုက်ညှပ်ပြီး စကြတာ မှတ်မိသေးလား ..."

"မှတ်မိတယ် ကိုကို ..."

"အဲဒီတုန်းက ဘာလုပ်လဲ ... စိတ်အေးအေးထား ... မကြောက်နဲ့ ... ကိုကို ရှိတယ် ... အဲဒီတုန်းက ကိုကိုက အရှိန်လျှော့ပြီး ကွေ့ထွက်ပစ်လိုက်လို့ ပြောတဲ့အချိန်မှာ ဒေါင်း ကွေ့ထွက်ပစ်လိုက်တယ်လေ ... အဲဒီလို ပြန်လုပ်ရမယ်နော် ... မှတ်မိတယ် မဟုတ်လား ... အဲဒီအတိုင်း ပြန်စဉ်းစားပြီးလုပ် ..."

"ကိုကို ... ကိုကိုကရော ... ကိုကိုက ဒေါင်းကို မကူညီဘူးလား ... နောက်ကနေ ပြောမပြပေးဘူးလား ..."

ဒေါင်းရဲ့ အတွေးထဲက ကိုဖိုးချိုက ပြန်ပြီးတော့ ပျောက်ကွယ်သွားပါသည်။ ဒေါင်းသည် အနည်းငယ်မျှ အားတက်ကာ ရဲတင်းလာသလို ရှိ၏။ ဒေါင်းသာ တစ်ခုခု ဖြစ်ခါနီးမယ်ဆိုရင်တော့ ကိုကိုဟာ မုချမလွဲ ဝင်ရောက်ကူညီလိမ့်မှာပဲ ... ဟု အားရှိချင်သလိုလို ... ယုံကြည်စိတ်ချချင်သလိုလိုလည်း ဖြစ်လာသည်။



ထိုအခိုက်မှာ ဒေါင်း၏ တစ်ဖက်မှ ကောင်လေးတွေ ...ည်းပါသောကားသည် ပုထုဇဉ်တွေပီပီ အားနည်းသူကို ကိုယ်က ...သာ စရင်စမည် ... သူများက မတရားကြီး အနိုင်ကျင့်နေတာကို ...တော့ နည်းနည်းမှ သည်းမခံ ... လက်ပိုက်ကြည့်မနေနိုင်ကြတော့ပုံ ...နှင့် နေရင်းထိုင်ရင်း ဒေါသပုန်တွေထလာကြကာ ... ပန်းဝတ်မှုံ ... အော်ဆဲခြင်း၊ အတင်းလိုက်ဖိုက်ခြင်းတို့နှင့် သူတို့ရဲ့ မြှားဦးကို ...ပြောင်းလဲသတ်မှတ်လိုက်ကြပါတော့သည်။

သူတို့ကတော့ သူတို့ကိုယ်ကို ... ဒေါင်းကို ကူညီ...သောဟု ထင်ကြမလားတော့ မသိ ...။ ဒေါင်းမှာတော့ သူတို့ ...မဝင် အခြေအနေက ပိုမိုဆိုးဝါးလာကာ မလူးသာမလှိမ့်သာ ... ပိုဖြစ်လာရပါတော့သည်။ ပန်းဝတ်မှုံရဲ့ ကားက ဒေါင်းရဲ့ ...တ်မှ ထက်ကြပ်မကွာပင် လိုက်ကပ်ထားခဲ့တာ မဟုတ်လား။ ...တို့က ပန်းဝတ်မှုံကို လိုက်ဦးတည်ကြသောအခါ ဒေါင်းရဲ့နောက် ... အားခေါင်းကြီးနှစ်ခုက လိုက်ဦးတည်နေသလို ဖြစ်လာတော့ ...ပါ ...။

ပန်းဝတ်မှုံကလည်း ဒေါင်းဘက်ကနေ အကူအညီ ...လိုသူတို့ ပေါ်ပေါက်လာကြသည့် အခြေအနေကိုပဲ ပိုပြီး ...သထွက်လာဟန် ရှိသည်။ ပန်းဝတ်မှုံ၏ ကားခေါင်းသည် ...တထိုးလုပ်နေရာက ဒေါင်းရဲ့ ဆိုင်ကယ်လေးကို နောက်ဘက် ... ဝင်ဆောင့်ပစ်လိုက်လေသည်။

"ဟေး ..."

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကားမှ အော်သံများ ထွက်ပေါ်လာကြသည်။ ဒေါင်းက ရုတ်တရက် အဲဒီဘက်သို့ လှည့်ရှောင်လိုက်လေသည်။ ဒေါင်းရဲ့ဆိုင်ကယ်ကလေးမှာ မုန့်တင်သော ပုံးကြီးပင် သွက်သွက်ခါယမ်းသွားကာ ခပ်ပေါ့ပေါ့ဆိုင်ကယ်မှာ တုန်ခါသော အရှိန်နှင့် မထိန်းနိုင်အောင် စောင်းကျသလို ဖြစ်သွားရာ ...

"ဒေါင်း ..."

ဒေါင်းရဲ့ နားထဲမှာ ကိုဖိုးချို့ရဲ့ အော်သံကျယ်ကြီးကို ကြားလိုက်ရသည်။ ဒေါင်း သိလိုက်သည်။ ဒါဟာ ဒေါသသံကြီး၊ ဒေါင်း ကြားဖူးနေကျ ... ဒေါင်းရဲ့ အိပ်မက်ထဲက ဒေါသသံကြီး၊ "ငါ ဒီဟာမကို ခွင့်မလွှတ်ဘူး ... ငါ့အကြောင်း ဒီဟာမကိုပြပစ်လိုက်ချင်တယ် ..." ဟူသည့် ဒေါသသံကြီး ...။ ဒေါင်း သိလိုက်ပြီ၊ ဒီအသံကြီးအရဆိုရင် ဒါဟာတစ်ခုခုဖြစ်တော့မည့် အသံကြီး ...၊

"ကိုဖိုးချို ... ကိုကို ... ဘာမှလုပ်ပါနဲ့ ... ဒေါင်း ဘာမှ မဖြစ်ဘူး ..."

ဒေါင်းမှာ ကိုယ့်ဆိုင်ကယ်ကို အတင်းလိုက်ပြီး ထိန်းနေရင်းက ရှူးရှူးဝါးဝါးပင် အော်ဟစ်ပစ်လိုက်၏။ သို့သော် ဒေါင်း၏ အော်သံမှာ တိမ်းစောင်းသွားသော ဆိုင်ကယ်နှင့်အတူ တိမ်မြုပ်သွားရကာ ... ဒေါင်းမှာ လမ်းတစ်ဖက်ခြမ်းသို့ ဆိုင်ကယ်နှင့် ကတ္တရာလမ်းကြား တစ်ရွတ်တိုက်ကြီးပင် ပါသွားလေတော့သည်။ ဒေါင်းရဲ့ နောက်သို့ ဟိုကောင်လေးတွေရဲ့ ကားက ရုတ်တရက် ရောက်လာသည်။ ဒါပေမဲ့ အံ့သြဖွယ်ပင် ...။ ထိုကား၏ ဦးခေါင်းမှာ သူတို့မူလမောင်းနေသည့် လမ်းကြောင်းအနေအထား အရဆိုရင် ... ဒေါင်းရော ... ဒေါင်းရဲ့ဆိုင်ကယ်ပေါက်စနလေးကို



...းမှုကြိတ်ခြေပစ်လိုက်တော့မည့် ပုံစံမှ ရုတ်တရက် လမ်းကြောင်း ...ပြောင်းကာ လမ်းမအလယ်မှ ပန်းဝတ်မှုံရဲ့ကားရှိရာသို့ ဦးတည် ...သွားလေသည်။

ဒီနောက်မှာတော့ ...။

"ဒိုန်း"

အသံကြီးက ကျယ်လောင်လွန်းလှသည်။ လူရွှင်များ ... ကားမှာ ပန်းဝတ်မှုံ၏ကားကို ခါးလယ်မှ ဖြတ်တိုက်ချပစ်လိုက် ...သည်။ ဒေါင်းမှာလည်း ဆိုင်ကယ်တစ်ခုလုံး ကိုယ်ပေါ်ပိကာ ...မ်းမပေါ်မှာ တရွတ်တိုက် ပွတ်ဆွဲထားမိသော ဒဏ်ရာများနှင့် ...ယ်လို့တောင် မရ ...။ သို့သော် ဒေါင်း ရောက်ရှိသွားသော ...ရာမှာ လမ်းမလယ်ခေါင်မှာ မဟုတ်တော့ဘဲ ဘေးကင်းရန်ကင်း ...မ်းဘေး ပလက်ဖောင်းပေါ်သို့ ဖြစ်နေ၏။

ပန်းဝတ်မှုံရဲ့ကားကတော့ ရုတ်တရက်လည်ထွက် ...ပြီး လမ်းမကြီးအလယ်မှာမှ ကန့်လန့်ကြီး ပြန်ဖြစ်နေသည်။ ...ရွှင်တို့က သူတို့ကားကို ချက်ချင်း နောက်ပြန်ဆုတ်ကာ တစ် ...ထိုး ပြန်မောင်းထွက်လိုက်ပြန်ရာ ...

"ဒိုန်း"

နောက်ထပ်အသံကျယ်ကြီး တစ်ခု ထွက်ပေါ်လာပြန် ...သည်။

ဟိုကားက ပန်းဝတ်မှုံရဲ့ကားကို ခေါင်းဘက်ကနေ ...တစ်ချက်ဖြတ်ပြီး ထပ်တိုက်ပစ်လိုက်မိပြန်ခြင်း ဖြစ်သည်။ ...ပေါ်မှာ ကန့်လန့်ဖြစ်နေသော ကားက တစ်ဖက်သို့ ပြန် ...သွားပြန်သည်။ ဟိုဘက်ကကားပေါ်မှ ယာဉ်မောင်းသူသည်

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ယာဉ်တိုက်မှုကြီး ဖြစ်နေတာတောင်မှ တစ်ချက်မှ ထိမိခိုက်မိဟန်မတူ ...။ သတိလည်း အတော်ရှိဟန်၊ အတွေ့အကြုံရှိသူ ဖြစ်ဟန်တူလေသည်။ သူ့ကားအထွက် လမ်းကြောင်းရှင်းသွားတာနဲ့ တစ်ပြိုင်နက် ... လုံးဝတစ်စက်မှ ပြန်လှည့်မကြည့်တော့ဘဲ လှစ်ခနဲပင် ထွက်ပြေးလွတ်မြောက်သွားပါလေတော့သည်။

"သေကုန်ကြပြီလား မသိဘူးဟော့ ..."

"ဟိုကားဖြူက အထိဆုံး ... သူပဲ နာမှာ ..."

"ဆိုင်ကယ်ကော ဆိုင်ကယ် ... ဆိုင်ကယ်သမားလည်း အထိနာနိုင်တာပဲ ..."

ဒေါင်းတို့နားသို့ လူအုပ်ကြီး တစ်အုပ် ချက်ချင်းရောက်ရှိလာပါသည်။ ဒေါင်းသည် တစ်ကိုယ်လုံး နာကျင်နေကာ ကြောက်ရွံ့ရလွန်းသော စိတ်တို့နှင့်သတိလစ်ချင်ချင် ... လစ်ချင်ချင် ဖြစ်နေရသည့် ကြားကပင် ... ပန်းဝတ်မှုံရဲ့ကားဆီမှ အလှုပ်အရှားမရှိ ... တုတ်တုတ်မျှ လှုပ်မလာသေးတာကို တအံ့တသြ တထိတ်တလန့်ကြီး ဖြစ်နေမိသေးသည်။

"ဆိုင်ကယ်လေးက ဟိုလိမ်သည့်ကောက်နဲ့ ဟိုဝင်သည့်ထွက် လုပ်တာကိုးကွ ..."

"အဲဒီဆိုင်ကယ်တွေဟာ အဲဒီအတိုင်းပဲ ... ကိုယ့်ကိုယ်ကိုယ် ဘာများမှတ်နေကြတယ် မသိဘူး ... တစ်လမ်းလုံး ... လမ်းလုံးပြည့် လုပ်ချင်သလိုလုပ်ပြီး မောင်းချင်သလို မောင်းကြတာ ... ကိုယ့်အန္တရာယ်ကိုကျတော့ ကိုယ်မသိဘူး သူ့အလိမ်အကောက်လုပ်လို့ ဟိုကားနှစ်စီးက ရှောင်မရအချင်းချင်း တိုက်ကုန်ကြတာ ..."



"ဟိုကားက မိန်းမကွ ... မိန်းမ ..."

"လှုပ်လား ..."

"မလှုပ်ဘူး ..."

"သွေးတွေမှ မနည်းဘူး ... သေများ သေပြီလား ..."

ဒေါင်းမှာ ထင်ရာမြင်ရာတွေ လျှောက်ပြောနေကြသူတို့ကို ရှင်းပြခွင့်လည်းမရ ...။ "ပန်းဝတ်မှုံ မသေပါစေနဲ့" ဟု ကြိမ်ကြိမ် အဖန်ဖန် အော်ဟစ်ဆုတောင်းတာကိုလည်း ဘယ်သူမှ ကြားနိုင်ပါ ...။ သူတို့ဘာသာ တစ်ဖက်သတ် ထင်မြင်ချက်ပေးနေကြသည့် ဟိုလိမ်ဒီကောက် မောင်းနှင်ကာ ကိုယ့်အသက် ကိုယ် မနည်းလုနေရခြင်းရဲ့ အကြောင်းရင်းကိုလည်း ဘယ်သူက သိနိုင်ကြမှာ မဟုတ်ပါ ...။

လူနှစ်ယောက်က ဒေါင်းပေါ်ပိနေသော ဆိုင်ကယ်ကို ဝိုင်းထူမ,ပေးကြသည်။

"ဟင် ... ဒါလည်း မိန်းမပဲ ..."

"ဖြစ်ရလေ ... သူကော ..."

"မသိဘူး ... လှုပ်တော့မလှုပ်ဘူး ..."

ခဏအကြာမှာ ဒေါင်းလည်း သတိလစ်လို့သွားသည်။ သတိမလစ်ခင်လေးတင် လူအုပ်ကြီးကြားထဲမှာ ကိုဖိုးချို၏ မျက်နှာမျိုး ဆင်တင်တင် တစ်ယောက်ယောက်ကိုများ ဒေါင်းက မြင်လိုက်ရသေးသလား ...။

✦ ၆ ✦

www.burmeseclassic.com



ဒေါင်း အလုပ်က ထွက်ပစ်လိုက်ရပါသည်။ ဒေါင်းတို့ရဲ့ ကားတိုက်မှုသတင်းကြီးက စာစောင်တွေ ဂျာနယ်တွေထဲမှာတောင်မှ အကြီးအကျယ်ပဲ ပါဝင်လာ၏။ စာစောင်တစ်ခုကတော့ မသိဘဲ ပေါ်တင်ရမ်းတုတ်ကာ"ပီဇာဆိုင်ကယ်ကြောင့် ..."ဟူ၍ပင် အတိအလင်း ရွှပ်စွဲရေးချထားလေသည်။

ဒေါင်းမှာ ဆေးရုံမှ ဆင်းဆင်းချင်းပင် အမှုအခင်းပေါင်းစုံဆက်တိုက်နှင့် အလုပ်လည်း မသွားနိုင်။ အခုချက်ချင်းပြန်သွားနိုင်မယ် ဆိုရင်တောင်မှ သူဌေးတို့လင်မယားက ဒေါင်းကိုပြန်ပြီးအလိုမရှိကြတော့ပြီ။ ဒေါင်းကြောင့် သူတို့ရဲ့ Pizza and Cake City ရဲ့ နာမည်ကိုပါ ထိခိုက်တယ်ပေါ့လေ ...။ နဂိုတည်းကမှ သူတို့က မော်တော်ဆိုင်ကယ်မောင်းရသော နေရာမျိုးမှာ မိန်းကလေးကိုမှ မထားချင်ကြတာပဲ ...။ ဒေါင်းက အတင်းတောင်းဆိုလွန်းလို့ ... ကိုကျော်ကြီးနှင့် ကိုဖိုးချိုတို့ မျက်နှာက ရှိနေလို့ ခန့်ထားပေးခြင်းမျိုးဖြစ်ရာ ခုဆိုရင်တော့ လုံးလုံးကို မစဉ်းစားချင်တော့ ...။

"ဒေါင်းမှာ အခက်အခဲရှိရင် စတိုမှာ ထည့်ပေးမယ် ..."

မကောင်းတတ်သည်မို့ အလုပ်ပြန်ဝင်ဖို့အရေးကို ခေါ်တော့ခေါ်ကြသား ... ဒါပေမဲ့ ဒေါင်းမှာက အမှုရုံးချိန်းနှင့် သူဌေးတို့မျက်နှာတွေကလည်း သိပ်မကောင်းကြတာနှင့် ဒေါင်းက ပြန်မဝင်ဖြစ်တော့ပါ ...။



သူတော်ကောင်းကို နတ်ကောင်းစောင့်ရှောက်တတ်ဆမဲ့ အမှန်တရားဟာ ဖုံးကွယ်လို့ မရပေမဲ့ ... ထိုနတ်ကောင်းဟာ အချိန်နည်းနည်းပါးပါးတော့ ယူတတ်သည် ထင်ပါရဲ့။ ဒေါင်းမှာ အမှုအခင်းကိစ္စထဲ ကြားချောင်ညှပ်ကာ အတော်ကြီးဒုက္ခရောက် လိုက်ရပြီးမှပင် ... ပန်းဝတ်မှုံကို တိုက်သွားသည့်ကားက နောက် တစ်နေရာမှာ နောက်ကားတိုက်မှုတစ်ခု ထပ်ဖြစ်ပြီး ... ဒီတစ်ခါတော့ ပြေးရှောင်မရတော့သည့် အဖြစ်သို့ ဆိုက်လာကာ နောက်ကြောင်းပြန်လိုက်တော့မှ အမှုက နှစ်မှုပေါင်းဖြစ်နေသာနှင့် ကြုံတော့လေသည်။

ဘာပဲဖြစ်ဖြစ် ... တိုင်းသိပြည်သိကြီးကတော့ ဖြစ်သွားခဲ့ပြီးပြီ ...။ ထိုကားမှ ထွက်ချက်အရ ပန်းဝတ်မှုံကသာ ဒေါင်းကို လိုက်တိုက်သလို ရန်စခဲ့တာမှန်း ... ပန်းဝတ်မှုံနဲ့ ဒေါင်းတို့ရဲ့ ရှုပ်ယှက်ခတ်မှုကြောင့် သူတို့ကားပါ ရှောင်မရတော့ဘဲ ဆက်တိုက်တိုက်ဖြစ်သွားတာမှန်းက နောက်မှ ပေါ်လာတာဖြစ်ပြီး ... အရင်ဦးဆုံး အများအသိကတော့ ... ပီဇာဆိုင်ကယ်ကြောင့် ပန်းဝတ်မှုံဆိုသည့် မိန်းကလေး ဒုက္ခရောက်ရခြင်း ...။ ဆေးရုံမှ ယခုထက်ထိပင် ဆင်းခွင့်မရသေးခြင်း ...။

ဒေါင်းအဖို့ ထိချက်အပြင်းဆုံးကတော့ ... ချစ်သူတွေ ဖြစ်ရမယ်လို့ သူနဲ့ကိုယ် တစ်ယောက်နဲ့တစ်ယောက် အသိအမှတ်ပြုပြီး ကြာကတည်းက ခုထက်ထိကောင်းကောင်းကို မဆုံဖြစ်ကြရတော့သော ချစ်သူ့ထံမှ အထင်မှား အမြင်မှားမှုပါပဲ ...။ ထူးဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်င်းဆီကို လာတော့လာသည်။ စိုးရိမ်ပုံ ... ဖေးကူလိုပုံလည်း ရှိသည်။ သို့သော် ကရုဏာဒေါသော ဖြစ်နေဟန်ကတော့ ထိန်း မရ ...။

သူ့မျက်မြင်ကိုယ်တွေ့အဖြစ် ဒေါင်းကိုယ်တိုင်က လည်း ပန်းဝတ်မှုံကို ဒီဆိုင်ကယ်လေးတစ်ခုနဲ့ပဲ လိုက်,လိုက်နှောင့် ယှက်ခဲ့တာက ရှိနေခဲ့ဖူးတာကိုး ...။ ပြီးကျတော့ ... သူရယ် ဒေါင်းရယ် ပန်းဝတ်မှုံရယ် နောက်ဆုံး သုံးယောက်အတူတွ ဆုံဖြစ်ခဲ့ကြတုန်းကလည်း ပန်းဝတ်မှုံနှင့်ဒေါင်းတို့ရဲ့ ဆက်ဆံရေး က လုံးလုံးမှ မပြေပြစ်ခဲ့ကြဘူးဆိုတော့ ... ထူးရဲ့ အမြင်မှာ နောက်ဆုံး ဟိုကားကပြောသလို ပန်းဝတ်မှုံရဲ့ အမှားလုံးလုံးသာ ဖြစ်နေပေမဲ့ အစပထမအနေနှင့်ကတော့ ဒေါင်းကသာ မထိခလု ထိခလုပ် မဖြစ်ညစ်ကျယ် သွားစခဲ့တာလို့ မြင်နေပုံပင် ...။

"ဒေါင်း"

သူ့အကြောင်း တွေးနေရင်းနှင့်ပင် ထူးက ဒေါင်းဆီ သို့ ရောက်လာပြန်လေပြီ ...။

"ထူး လာလေ ..."

ဒေါသမျက်နှာကြီးနှင့် ဖြစ်နေပြန်ပြီ ... ဘာဖြစ်နေပြ တာပါလိမ့် ... အားငယ်ညှိုးနွမ်းနေသော ဒေါင်းက ဘာ စတင်သူ မဖြစ်ချင်တော့သမို့ မေးကလည်း စမမေးရဲပေ ...။

"ဒေါင်း ... ပန်းဝတ်မှုံ ဆေးရုံပေါ်မှာပဲ အစာအဆိ ထပ်ဖြစ်တယ် ..."



ဒေါင်း မျက်လုံးလေးဝေ့ ပြူးကျယ်သွားရပါသည်။ ထူးရဲ့ မျက်လုံးတွေဆီမှ အမေးကြည့်များ အကြောင်းကိုလည်း သဘောပေါက်လိုက်တာမို့ ခပ်မြန်မြန်ပင် ...

"ဒေါင်းမလုပ် ..."

"မှန့်ပို့တဲ့ Home Delivery က လူတစ်ယောက်ယောက် လာပို့သွားတဲ့ စပါဂတီကို စားလိုက်လို့ ဖြစ်တာတဲ့ ..."

"ဒေါင်းတို့ဆိုင်မှာမှ စပါဂတီမရောင်းတာ ... ဒေါင်းလည်း အလုပ်ကနေ ထွက်လိုက်ပြီပဲဟာ ..."

"ဒေါင်း မလုပ်ဘူးပေါ့ ..."

"ဘာလို့ လုပ်ရမှာလဲ ... ခုချိန်မှာ အိမ်ထဲက အိမ်ပြင်တောင် ထွက်တာမဟုတ်ဘူး ..."

"ကိုယ် ဆိုလိုတာက ဒေါင်းကိုယ်တိုင် မလုပ်ရင်တောင် ဒေါင်းရဲ့ ခိုင်းစေချက်နဲ့ တစ်စုံတစ်ယောက်ကများ ..."

"ထူး ... ဘာလို့ ဒေါင်းကိုပဲ စွပ်စွဲချင်နေရတာလဲ ... ဘာလဲ ... ထူးမှာ တရားခံတစ်ယောက်ကို ခုချက်ချင်း ဖော်ထုတ်ပေးဖို့ တာဝန်ရှိနေလို့လား ... ဟုတ်လား"

"အဲဒီလို မပြောနဲ့လေ ... ကျွန်တော်က ဒေါင်းအတွက် ပူတာ ... ဒေါင်းအတွက် စိုးရိမ်တာ ... ဒေါင်း လွန်နေမိ တော့မှာစိုးလို့ ..."

"ဘာကြောင့်မှ မလွန်ဘူး ... ဒေါင်းက ခံနေရတာပါ ထူးရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဦးက မျက်စိပျက်မျက်နှာပျက်နှင့် ခေါင်းကိုသာ ယမ်းခါပစ်လိုက်ပြီးလျှင် ...

"ကျွန်တော်ချစ်တဲ့ ခေါင်းက ဒါမျိုး မဖြစ်စေချင်ဘူး ..."

"မဖြစ်ဘူးလေ ... မလုပ်ဖူးလို့ ပြောပြီးပြီ ..."

"ဒါပေမဲ့ အခုဆက်တိုက်ဖြစ်နေတဲ့ ပုံစံတွေဟာ ဟိုးအရင်က ခေါင်း လုပ်ခဲ့တဲ့ ပုံစံမျိုးတွေနဲ့ပဲ တူနေတယ် ..."

"ဒီမှာ ထူး ... ပုံစံတူတယ်ဆိုရင် ပြောစမ်း ... ခေါင်းက ထူးရဲ့ ဟာမလေးကို ကားနဲ့လိုက်တိုက်ဖူးသလား – မော်တော်ဆိုင်ကယ်နဲ့ကော လိုက်တိုက်သလား ...။ မုန့်ထဲမှာ အဆိပ်ခပ်ပြီးရော သေကြောင်းကြံဖူးလို့လား ..."

"ဒါပေမဲ့ ..."

"ဟုတ်တယ်လေ ... ပေါက်တတ်ကရ တိရစ္ဆာန်ပေါင်းစုံ ထည့်ပြီးပို့တယ် ... ဒါပေမဲ့ စားမိအောင် မဟုတ်ပါဘူး။ ပေါပေါတင်တင်ပဲ ထည့်ထားတာ ... စားမိစရာလည်း မရှိဘူး ... လုံးဝမလုပ်ဘူး ..."

"မိန်းကလေးနှစ်ယောက် အချင်းချင်း ပြိုင်ဆိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် သေစေချင်နေကြမယ်ဆိုရင် ဒါအင်မတန် စိုးရိမ်စရာကောင်းတဲ့ ကိစ္စဖြစ်လိမ့်မယ်ခေါင်း – သာမန်ယောကျ်ားလေးချင်းတောင်မှ မလုပ်ရဲတဲ့ ကိစ္စတွေလေ ..."

"ခေါင်း မလုပ်ဘူးဆို ..."



"ခု ပန်းဝတ်မှုံက ဆေးရုံမှာ ကြောင်တောင်တောင်နဲ့ – တစ်ချက်တစ်ချက်ကျရင်တော့ ခေါင်းဆိုတဲ့စကားလုံး ထွက်လာတယ် ..."

ခေါင်းမှာ ကြက်သီးမွေးညင်းတောင့်ထသွားမိသည်။

"သူပြောတိုင်း ခေါင်း လုပ်တာမဟုတ်ဘူး ... ကားတိုက်မှုမှာလည်း သူကသာ ခေါင်းကို လိုက်ဓိုက်တာ ... ခေါင်းက ခံရတာ ... ခေါင်း အရင်က လုပ်ခဲ့ဖူးတဲ့ သာဓကတွေကြောင့် ခေါင်းကို ထူးက မယုံဘူးဆိုရင် သူ့ကိုကျတော့ ယုံသလား ... သူလည်း ရှေ့ရှေ့က သာဓကတွေ ရှိတာပဲ၊ ခေါင်းကို သူ ကားနဲ့လိုက်တိုက်ဖူးတာ ထူး ကိုယ်တိုင် ကိုယ်တွေ့ပဲ ... အဲဒါကျတော့ ထူး မေ့ပြီလား ..."

"မမေ့ပါဘူး"

"ဒါဖြင့် အဲဒီသာဓကအရဆိုရင်ကော သူ ကားတိုက်ခံရတဲ့ ကိစ္စမှာ ထူးရဲ့ အမြင်က ဟိုမသိဘဲနဲ့ စွပ်စွပ်ရေးတတ်တဲ့ စာစောင်လိုမျိုး ပီဇာဆိုင်ကယ်ရဲ့ အပြစ်ပဲလား ..."

"တရားရုံးက အဆုံးအဖြတ်တာ အမှန်ဆုံး ဖြစ်နိုင်ပါတယ်၊ ခေါင်းမှာ အပြစ်မရှိတာ သက်သေတွေလည်း ရှိနေတယ်၊ ဒါပေမဲ့ ကျွန်တော်က ခဏတဖြုတ် စွပ်စွဲခံရတာကိုတောင် မကြိုက်တာ ... ခေါင်းမှာ အဲဒီလို အပြစ်မျိုးတွေနဲ့ လုံးဝကင်းကင်းရှင်းရှင်းကို ဖြစ်နေစေချင်တာ ... အစာအဆိပ်ဖြစ်တဲ့ ဒီစပါဂတီကိစ္စမှာလည်း ခေါင်းကို ကျွန်တော်က ဖြစ်ကိုဖြစ်ရမယ်လို့ စွပ်စွဲတာ မဟုတ်ဘူး ... မဖြစ်စေချင်တာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းက "တော်ပါတော့ …"ဟု ဆိုလိုက်သည်။ ပြောနေရင်းနှင့်ပင် သံသယတွေက မဖုံးနိုင်အောင် ပါနေသေးသည်။

"ထူး ပြန်တော့ …"

"မဟုတ်ဘူး ဒေါင်း … ဒါ ကျွန်တော်တို့ချင်း စိတ်ကောက်ပြီး ခွာပြနေရမဲ့ အချိန်မျိုး မဟုတ်ဘူး …"

"ဒါဖြင့် ဘာအချိန်လဲ … ပန်းဝတ်မှုံအတွက် … သူ့မိဘတွေအတွက် တရားခံတစ်ယောက်ကို မဖြစ်မနေ ရှာပေးပြီး ဒေါင်းက ထောင်ထဲဝင်ပေးရမဲ့ အချိန်လား …"

"မရွဲ့ပါနဲ့ကွာ … ဒေါင်းကို … ဒေါင်းကို … ကျွန်တော်က ဆေးခန်းပြချင်တာ …"

"ဘာရယ် …"

"ဆေးခန်း ပြချင်တယ် … မရှိတော့တဲ့ လူတစ်ယောက်ရဲ့ လွှမ်းမိုးချုပ်ကိုင်မှုတစ်ခု ဒေါင်းမှာ ရှိနေမှာ ကျွန်တော် မကြိုက်ဘူး …"

"ထူး ဆိုလိုတာက ဒေါင်းက အရူးပေါ့ …"

ထူးဦးက စိတ်ပျက်လက်ပျက်နှင့် စကား မပြန်ပေ။

"ဒါဖြင့်ရင် ပန်းဝတ်မှုံကိုလည်း ဆေးကုရလိမ့်မယ် … သူလည်းပဲ …"

"သူက လုံးဝအရူးပဲ … စိတ်မှမမှန်တာ … သူ လုပ်သမျှ ဘာတစ်ခုမှ ပုံမှန် မဟုတ်ဘူး … လုံးလုံးအရူးစိတ် … ခုလည်းပဲ ကြောင်တောင်တောင်နဲ့ … လုံးဝကို ဖောက်ပြန်သွားပြီလားတောင် မဆိုနိုင်ဘူး … ဒါပေမဲ့ သူ့ဘာသာ



ရူးရူးမရူးရူး ကျွန်တော်နဲ့မှ မဆိုင်တာ … ကျွန်တော်နဲ့ ဆိုင်တာက ဒေါင်းပဲ … ဒေါင်းကိုတော့ ကျွန်တော်က အရူးလို့ မပြောပါဘူး … ဒါပေမဲ့ မယုံသင့် မယုံထိုက်တာတွေကိုတော့ မယုံကြည်စေချင်ဘူး …"

"ထူးက ဘာကို ဆိုလိုတာလဲ …"

"အထူးသဖြင့် ဒီကားတိုက်မှုဟာ ကိုဖိုးချိုကြောင့်လို့ ဒေါင်း မပြောသင့်ဘူး …"

"ဒေါင်း ပြောမိတယ် ဟုတ်လား …"

"သတိလစ်နေတုန်းက ပြောတယ် …"

ဒေါင်းက နှုတ်ခမ်းလေးကိုက်ကာ ငြိမ်တွေနေလိုက်သည်။

"ဒေါင်းဟာ ကျွန်တော် မကြိုက်နိုင်တဲ့ လုပ်ရပ်တွေကို လုပ်နေမဲ့ မိန်းကလေးမျိုး မဟုတ်နိုင်ဘူးလို့ ကျွန်တော် အကဲခတ်နိုင်ပါတယ်။ … ဒါပေမဲ့ ဒေါင်းလုပ်ခဲ့တယ် … အဲဒီလို လုပ်ခဲ့ရတာကိုလည်း အစ်ကိုကခိုင်းလို့ … အစ်ကိုက နည်းပေးလမ်းပြလုပ်လို့လို့ … ဒေါင်း ကိုယ်တိုင်က ယုံကြည်ပြီး လုပ်ခဲ့တာ … ဒါ စိုးရိမ်စရာ အခြေအနေပဲ … ဒီအစ်ကို က ခိုင်းလို့ဆိုတဲ့ ယုံကြည်ချက်တစ်ခုနဲ့ ပေါက်ကရ လျှောက်လုပ်တဲ့ ကိစ္စတွေဟာ လုပ်လည်းလုပ်ခဲ့ပြီးပြီ … လုပ်လည်းလုပ်နေဆဲ … နောက်ထပ်လည်း လုပ်လည်းလုပ်ဦးမယ် ဆိုရင်တော့ ဒေါင်းဟာက ဆရာဝန်တစ်ယောက်နဲ့တော့ ညှိကိုညှိနှိုင်းရတော့မဲ့ ကိစ္စပဲ … ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ကိုယ်အချိန်မီ ထိန်းချုပ်မထားနိုင်ရင် ဥပဒေနဲ့ မလွတ်ကင်းတာတွေ ဘာတွေပါ ဆက်ဖြစ်လာရင် ဒေါင်းပဲ ဒုက္ခရောက်မယ် ..."

"ဒါပေမဲ့ သူ့ဘာသာ သူ အစာအဆိပ်မိတဲ့ ကိစ္စကတော့ ဒေါင်းနဲ့ မဆိုင်ဘူး ..."

"ဒေါင်း ... ပြောနေရင်းတန်းလန်းက ဒေါင်းဟာက ..."

"ဒါပေမဲ့ ပန်းဝတ်မှုံက ဘာလို့ ဒေါင်းရဲ့ နာမည်ကို ရေရွတ်နေရတာလဲ မသိဘူး ..."

ဒေါင်းမှာ စိတ်ပျက်နေသော ချစ်ရသူကို ဘာစကားလုံးနဲ့ စိတ်ပြေနိုင်တော့မလဲ မသိပေ ...။ ကာယကံရှင် မဟုတ်သောထူးသည် ဒေါင်းကို ဘယ်လိုနည်းနဲ့မှ လက်သင့်ခံ ယုံကြည်လိမ့်မည် မဟုတ်ပေ ...။ ဒေါင်းကိုယ်ဒေါင်းလည်း ဒေါင်းမသိ ...။ ဒေါင်းဟာ ထူးက စွပ်စွဲသလို အားကိုးရာတစ်ခုကို အိပ်မက်အဖြစ်ထားကာ လက်ခံယုံကြည်နေခြင်းလား ...။ ကိုယ်လုပ်ချင် ဖြစ်ချင်ရာကို အိပ်မက်က ခိုင်းပါသည်ဆိုပြီးပဲ လျှောက်လုပ်နေမိတာလား ...။

ဒါဖြင့်ရင် ဒေါင်းတစ်ခါမှ မသိဘူးတဲ့ ပန်းဝတ်မှုံကို ဒေါင်းက ဘယ်လိုလုပ်ပြီး နာမည်နဲ့တကွ ... လိပ်စာနဲ့အတိအကျ အဖြစ်အပျက် အကြောင်းအရာများနဲ့ အစုံအလင် အကျအန ... ဘယ်လိုလုပ်ပြီး သိပါသလဲ ...။ ကဲ ... ဖြေပါ ...။ ဖြေရှင်းပေးပါ။ ပြီးကျတော့ကော ... ဒီကားတိုက်မှုကိစ္စကြီး ဖြစ်ခါနီးမှာ ဒေါင်းရဲ့ မြင်ကွင်းထဲမှာ ... နားထဲမှာ ထင်းထင်းပြတ်ပြတ်ကြီး ဘာလို့မြင်လဲ ... ကြားလာရပါသလဲ ...။ သတိလစ်ခါနီးမှာတောင်မှ မြင်



လိုက်ရသေးသလို လူရိပ်လူယောင် လူတူကတော့ သတိလစ်ခါနီးဆဲဆဲမှာမို့ စိတ်ဂယောင်ချောက်ချားခြင်းရယ်လို့ ထားလိုက်ပါတော့ ...။

"ဒေါင်း ဆေးရုံကို သွားကြည့်ချင်တယ် ..."

ဒေါင်းက ထူးကို ပြောလိုက်သည်။ ထူးက 'ဟင်' ခနဲ့ ကြောင်တက်တက်နှင့် လန့်ဖျပ်သွားပုံလည်း ရလေသည်။

"ဒေါင်း ပန်းဝတ်မှုံကို သွားတွေ့ချင်တယ် ... သူ့အတွက် တစ်ခုခု လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်တယ် ..."

"မဟုတ်တာဘဲ ... ဒေါင်းကို မြင်ရင် သူ ပိုဆိုးလာလိမ့်မယ် ... ပတ်ဝန်းကျင်ရဲ့ အမြင်ကလည်း ဒေါင်းအပေါ်မှာ သူ့စကားတွေအရ ... ဒီကားတိုက်မှုအရ ကောင်းကြလိမ့်မယ် မဟုတ်ဘူး ... ဒေါင်းက ကောင်းရာကောင်းကြောင်း လုပ်ချင်တာလို့ ပြောပေမဲ့ ဘယ်သူမှ ယုံကြည်မှာ မဟုတ်ဘူး ..."

"ထူးကရော မယုံဘူးလား ..."

"ကျွန်တော်က ယုံချင်ပါတယ် ... အေးလေ ... ယုံပါတယ်၊ ဒါပေမဲ့ အခြေအနေကိုက ဖြစ်နေတာ ... ဒေါင်းကို ဝမ်းမြောက်ဝမ်းသာ လက်ခံမဲ့လူ မရှိဘူးနဲ့တူတယ်"

"ဒေါင်းကတော့ သူနဲ့ဒေါင်း နှစ်ယောက်ပေါင်းပြီး ကိုဖိုးချို အတွက် တစ်ခုခုလေး ဖြစ်ဖြစ်ပေါ့ လုပ်ပေးလိုက်ချင်တယ်၊ အဲဒီလို လုပ်နိုင်ရင် အားလုံး ကောင်းသွားလိမ့်မယ်လို့ ထင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်း ... ပြောနေရင်းနဲ့ ကျွန်တော် မကြိုက်တာတွေ ဒေါင်း ပြောပြန်ပြီ ..."

"ထူး မကြိုက်ရင် ဒေါင်း နောက်ဆို ဘယ်တော့မှ မပြောဘူးလေ ... ခုလောလောဆယ်ကတော့ ဒေါင်း ပြောတာ တကယ်ပါ ... အဲဒါ ဒေါင်းအတွက်ထက် ပန်းဝတ်မှုံ အတွက်က ပိုများပါတယ် ..."

"သူ့အတွက်ပဲ ဆိုရင်တော့ မလုပ်ပေးရင်လည်းနေတော့၊ ဆေးရုံလည်း မသွားနဲ့တော့ ..."

"ထူးက ဘယ်လိုဖြစ်နေတာလဲ ... ဒေါင်းတို့ အာဃာတတွေကို သင်ပုန်းချေပစ်ကြရမယ် ... ဒါ အားလုံးကောင်းဖို့ပဲ ... ကိုကို့အတွက်လည်း ကောင်းမယ် ... ဒေါင်းတစ်ယောက်တည်း တစ်ဖက်သတ် အာဃာတပြေနေလို့မရဘူး၊ ပန်းဝတ်မှုံပါ ပါဝင်လာမှ ... နှစ်ဦးနှစ်ဖက် ညီမျှမှုဖြစ်မယ် ..."

ထူးဦးကား တုံ့ဏှိဘာဝေ ...။ ဒေါင်းက ဆက်မပြောဘဲ နေလိုက်တော့သည်။ သူက ကာယကံရှင်တွေထဲက တစ်ယောက်မှ မဟုတ်ဘဲ ...။ ဒေါင်းကိုပဲ ဆရာဝန်အတင်းပြချင်နေသော ထူးဟာ ... အဲဒီလို ဆရာဝန် သွားပြခြင်းထက် ဒေါင်းက ပန်းဝတ်မှုံဆီသို့ လိုက်သွားပြီး နှစ်ဦးနှစ်ဖက် သင်ပုန်းချေကြမှ ဒီကိစ္စတွေက ပြီးကြမယ်ဆိုတာ သူ ဘယ်လိုလုပ် သိနိုင်မလဲ ... ကိုယ်ချင်းစာနိုင်မလဲ ...။

မဖြစ်များ မဖြစ်နိုင်လို့သာ ... ဖြစ်သာဖြစ်နိုင်မယ်ဆိုလို့ရှိရင် ဒေါင်းဟာ ကိုကို့ကို တိုင်တည်ပစ်ပြီး ထူးရဲ့ အိပ်မက်ထဲ အရောက်သွားလိုက်စမ်းပါ ကိုကိုရာဟု ပူဆာပစ်လိုက်ချင်မိတာ။



"ဒေါင်း ...အဲဒီလို တိတ်တိတ်နေမစ်လိုက်တာ ဘာလဲ ... ဒေါင်း ကျွန်တော် မပါဘဲလည်း အဲဒီဆေးရုံကို လိုက်မသွားပါဘူးဆိုတာ ကျွန်တော့်ကို ကတိပေးစမ်းပါ ..."

ဘာလို့ ပေးရမှာလဲ ... မပေးနိုင်ပါဘူး ...။ ဒေါင်း ဘာမှ ပြန်မဖြေလိုက် ...။

"ဒါဖြင့် ဒေါင်း မဖြစ်မနေကို သွားမယ်ပေါ့ ... ဟုတ်လား"

"မဖြစ်မနေရယ်လို့လည်း မဟုတ်ဘူး ... မသွားဘူးလည်း မဟုတ်ဘူး ... ဒေါင်း ဘာသာဆုံးဖြတ်မယ် ... ဒေါင်း မဆုံးဖြတ်ရသေးဘူး ..."

"လိုအပ်ရင် ... ဆုံးဖြတ်လို့ မရနိုင်ရင် အစ်ကိုဖြစ်သူကို အိပ်မက်ထဲမှာ အကူအညီတောင်းပြီး သူ ခိုင်းစေတဲ့အတိုင်း လုပ်ဦးမယ်ပေါ့ ... ဟုတ်လား ..."

"ဒေါင်းကို အဲဒီလို မရိပါနဲ့ ... ဒေါင်း မကြိုက်လိုက်တာ"

ဒေါင်းရဲ့စိတ်ထင် ... ထူးနဲ့ ဒေါင်းဟာ ချစ်သူတွေရယ်လို့ စဖြစ်ကြစဉ်ကာလကနေ ခုထက်ထိတိုင် "ချစ်သူ"တွေဆိုတဲ့ စကားလုံးနှစ်လုံးနဲ့ လိုက်ဖက်အောင် ကြည်ကြည်နူးနူး ရွှင်ရွှင်ပျပျ အဖြစ်မျိုး ... ပြုံးပျော်နေကြရတာမျိုး တစ်ခါမှကို ကြုံခဲ့ရဖူးသေးပါ ...။ ရန်ဖြစ်နေကြရတာရယ် ... သောကရောက်နေရတာရယ် ... အမြင်လွဲနေတာရယ် ... ကြားပယောဂ တစ်ခုခုကြောင့် စိတ်ပျက်လက်ပျက်နဲ့ စကားပြောလို့မရ ဖြစ်နေကြရတာရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



ပြီးစေချင်လှပါပြီ ...။ ထူးကတော့ အရေးကြီးရင် မရှိတော့တဲ့ လူကိုတ,တတိုင်တည်ပြီး ပြောပြန်ပြီ ဖြစ်ဦးမည်။ ဒေါင်းကလည်း ဒေါင်း ...။ ဒေါင်းနဲ့ ထူးတို့ရဲ့ ကြားက လိပ်ခဲတင်းတင်း ပြဿနာကြီးတွေကို ဖြစ်ပေါ်နေစေတဲ့ ... အစပထမကနဦး ကိုဖိုးချိုနဲ့ပန်းဝတ်မှုံ ...။ ပြီးကျတော့ ပန်းဝတ်မှုံနဲ့ ဒေါင်းတို့ရဲ့ ပဋိပက္ခတွေကို ပြီးစေချင်ပြီဆိုတော့လည်း အရင်ဦးဆုံးပြေးသတိရလိုက်မိတာသည် ကိုကို့ကို ...။

ကိုကိုရေ ... ပြီးစေချင်လှပါပြီ ...။ ဒေါင်းလည်း ပျော်ချင်လှပါပြီ ...။ ဒေါင်း အတ္တကြီးတာ မဟုတ်ရပါ ...။ ဒေါင်း ပျော်ရဖို့အတွက် ကိုဖိုးချိုကို ဒေါင်းရဲ့ဘဝထဲက နှင်ပစ်ချင်တာမျိုးလည်း မဟုတ်ပါ ...။ သို့သော် ကိုကိုနဲ့ ဒေါင်းဟာ ဘဝတွေခြားခဲ့ပါပြီ ...။ ဒေါင်း တည်ငြိမ်ချင်ပြီ ...။

ကိုကိုရေ ...။ ပန်းဝတ်မှုံနဲ့ ဒေါင်းတို့ရဲ့ ကြားက ပြဿနာတွေကိုလည်း ပြီးဆုံးချင်ပြီ ...။ ဒေါင်း ပန်းဝတ်မှုံကို လိုက်တွေ့မယ် ...။ ကိုကိုရေ ... ဒေါင်းကို ကူပါဦး .... ပန်းဝတ်မှုံက ဒေါင်းကို အေးဆေးစွာပင် လက်သင့်ခံလိမ့်မယ် မဟုတ်လား။ ကိုကိုရေ ... ဒေါင်းရဲ့ ချစ်သူကလေးကလည်း ဒေါင်းကို ပြန်ပြီး နားလည်ချစ်ခင်လာနိုင်လိမ့်မယ်ပဲ မဟုတ်လား ...။ ကိုကိုရေ ...။

✾ ၆ ✾



## အခန်း(၇)

တကယ်တမ်း တွေ့ဆုံကြရတော့ ထူးပြောခဲ့သည့်အတိုင်းပင် ... ပန်းဝတ်မှုံမှာ ဒေါင်းနှင့် ပြေလည်အေးချမ်းစွာ ဆိုနိုင်းလိုပုံ တစ်စက်တလေလေးမှတောင် ရှိမနေခဲ့ပေ ...။ ကြောင်တောင်တောင်လေးတောင် ဖြစ်လျက်နေရှာသည်ဆိုသော ပန်းဝတ်မှုံဟာ ဒေါင်းနဲ့ကျတော့ ဒေါသူပုန်တွေပဲကြီးကာ ဝုန်းဒိုင်းကျဲ အော်ဟစ်လျက်သာတည်း ...။

"ရှုးနေသလား ... နှင် ရှုးနေသလား ... နှင်နဲ့ငါနဲ့ ပြေလည်ပြီး နှင့်အစ်ကိုအတွက် အရှုအတူလုပ်ဖို့ စဉ်းစားရဲတာ နှင် ရှုးနေလို့ပဲ ဖြစ်လိမ့်မယ် ... နှင့်ကို ငါ ဒီလောက်မုန်းတာ နှင် မသိဘူးလား ... သွား ..."

"မင်းကို တို့ မုန်းလောက်အောင် ပြုမိတာတွေနဲ့ မင်း ပြန်လုပ်ခဲ့တာတွေကို ကျေပြီလို့ မင်းသဘောမထားနိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ထားရမှာလဲ ... မကျေဘူး ... လုံးဝမကျေနိုင်ဘူး ..."

"အဲဒါကို တို့က ပြောရမှာ မဟုတ်ဘူးလား ... တို့ဘက်ကသာ တို့အစ်ကိုတစ်ယောက်လုံး ဆုံးသွားခဲ့ ..."

"အဲဒါကို လာထည့်ပြောမနေနဲ့ ... နင့်အစ်ကိုက မဆုံးသေးဘူး ... ရှိနေသေးတယ် ... အဲဒါကို နင်လည်း သိတယ်၊ ငါလည်း သိတယ် ..."

"အို ... ဘယ့်နှယ်ဟာလဲ ... ဘာတွေ လျှောက်ပြောနေတာလဲ ... ကိုကိုက ဘာလို့ မဆုံးရသေးရမှာလဲ ... သတိထားပါ ပန်းဝတ်မှုံရယ် ..."

"သတိထားရအောင် ငါက အရူးလား ..."

ပန်းဝတ်မှုံကို စောင့်ရသော နာစ့်ခများ သူ့လူနာအတွက် ခေါင်းကို ကြည်ဖြူနိုင်ဟန် မရှိ ...။ ရန်ပြိုင်ဖြစ်မနေစေချင်ပုံပဲရကာ မျက်ရိပ်မျက်ခြည်တို့နှင့် သတိပေးနေလေသည်။ နောက်ဆုံးမှာတော့ အရိပ်အကဲပြနေရုံလောက်နှင့် အားမရနိုင်တော့ဘဲ ...

"လူနာကို နားပါစေနော် ... သူ ညဘက် ညဘက်ကျရင်လည်း ကောင်းကောင်းမအိပ်ဘူးလို့ နိုက်နာစ့် (Night Nurse) (ညဆရာမ)က ပြောပါတယ် ...။ သူ့အတွက် စိတ်ချမ်းချမ်းသာသာနဲ့ အနားကောင်းကောင်းရနိုင်ဖို့က အတော်လိုအပ်နေတာပါ ... ကားတိုက်မှုအတွက် ရထားတဲ့



ဒဏ်ရာတွေရဲ့ အရှိန်ကမပြီးသေးခင် ... အစာအဆိပ်ဖြစ်ပြီး ဝမ်းသွားအော့အန်လိုက်ရတော့ သူ အတော်ကြီးကို ခေါင်းသွားတာ မျော့မျော့ပဲ ကျန်တယ် ..."

"ခေါင်းဆိုတာကို ထည့်မပြောနဲ့ ..."

ပန်းဝတ်မှုံက ထအော်ပစ်လိုက်သဖြင့် ဆရာမကောခေါင်းပါ လန့်သွားကြရပါသည်။ ခေါင်းမှာ ထူးပြောသော "ပန်းဝတ်မှုံက လုံးဝအရူးပဲ ... စိတ်မှမမှန်တာ"ဟူသော စကားကို ပြန်ကြားယောင်လာမိပြီး အဟုတ်ကို စဉ်းစားရခက်စွာ ကြောက်လို့အောင် လာချင်ရသည်။

"ခေါင်းဆိုတာ သူပေါ့ ...ပြဿနာအားလုံးရဲ့ တရားခံဟာ သူမှသူအစစ် ... အဲဒီနာမည်ကို ကြားကိုမကြားချင်ဘူး၊ အရမ်းမုန်းတယ် ... ဘယ်လိုမှ နားမခံနိုင်ဘူး ..."

ဆရာမရဲ့ အကြည့်ကလည်း ခေါင်းအပေါ်မှာ မိန်းကားစွာ ကျရောက်လို့ လာပါတော့သည်။ "ခြော်"ဟူသော စိတ်လုံးတည်းနှင့်တင် အရာရာကို သူ့နည်းသူ့ဟန် သူ့ထင်မြင်ချက်နှင့် ဆုံးဖြတ်လိုက်ပုံရသော ဆရာမက ခေါင်းကို တွန်းမထုတ်သောမယ်ပင် အခန်းထဲက ပြန်ထွက်စေလျက် ...

"သွားပါရှင် ... လူနာက အစ်မကို အတော်ကြီး နာကြည်းနေတာပါ ... အစ်မကို မြင်နေရရင် သူ့အတွက် အခြေအနေ မကောင်းနိုင်ဘူး ..."

"ကျွန်မက ..."

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ရောက်လာရင် တွေ့ခွင့်မပေးဖို့တောင် သူ့အဖေ
ကျွန်မကို မှာထားတာ ... ကျွန်မက အစ်မကို ဒေါင်းမှန်း
မသိလို့ ..."

"ကျွန်မလာရင် ဆိုတော့ ကျွန်မရောက်လာမှာကို သူ့အဖေ
က ဘယ်လိုလုပ်ကြိုသိနေသလဲ ..."

"ဒါတော့ ကျွန်မလည်း မသိပါဘူး ... ကြိုမှာထားတာတော့
အမှန်ပဲ ..."

ထူး ...။ ထူးများ ကြိုတင်ပြီး အကြောင်းကြားထား
ခဲ့လေရော့ သလား ...။ ဖြစ်နိုင်ချေကတော့ ဒါပဲရှိတာပင် ...
ကြိုတင်အကြောင်းကြားပေးခဲ့တာထက်တောင်မှ ပိုဆိုးပြီး သူ
ကိုယ်တိုင်ပဲ သတိပေး ... မှာကြားထားခဲ့တာမျိုးတွေ အထိ
လုပ်ခဲ့နိုင်တာပဲ ...။ အင်း ... သံသယ မဝင်ကောင်းပါဘူး ...
ချစ်သူချင်း ပြေလည်စေချင်တယ်ဆို ... ထူးဟာ ဘယ်လိုမေး
ဒေါင်းဘက်ကပဲ ပါမှာ ... ဒေါင်းကိုသာ နားလည်စာနာနိုင်မှာ
ဆိုတာကိုပဲ ဒေါင်းထဲမှာ ယုံယုံကြည်ကြည်နဲ့ ထည့်ထား
ဖြစ်မှာပါ ...။

ဆရာမက အခန်းထဲပြန်ဝင်သွားသည်။ ဒေါင်းမှာ
ကိုယ်လိုလားသော အခြေအနေကောင်း တစ်ခုကို မရနိုင်ခဲ့ရ
စိတ်ပျက်မေ့လျော့သွားပင် (နောက်ပြီးတော့ ဒေါင်းလည်း ခပ်မာမာ
နှင့်ပင်) ချက်ချင်းကြီး ပြန်မသွားနိုင်သေးဘဲ ပန်းဝတ်မှုံရဲ့
အခန်းကို လှမ်းမြင်နေရသော ...။ သို့သော် ထိုအခန်းက ကြည့်
လျှင်တော့ ဒေါင်း ထိုင်နေသည့် နေရာကို သေချာမမြင်နိုင်သော



ဘာသ်ရစ်ဒါထောင့်ချိုးကွေ့လို နေရာတစ်ခုက ခုံရှည်တစ်လုံးထက်
မှာ ခြေပစ်လက်ပစ် ဝင်ထိုင်နေမိသည်။

ဒေါင်းလိုလားတဲ့ ... ဒီပြဿနာအားလုံးရဲ့ ဖြေရှင်း
အစစ်အမှန်လို့ ဒေါင်း ထင်တဲ့အခြေအနေတစ်ခုကို ဘယ်လိုများ
တည်ဆောက်ယူနိုင်မှာပါလိမ့် ...။

"ဟင်"

ဒေါင်းတစ်ယောက် ထိုင်ငိုင်ကာ ပန်းဝတ်မှုံရဲ့
အခန်းဘက် လှမ်းငေးမိနေဆဲမှာပင် ... အခန်းတွင်းမှ ဆရာမက
ထွက်လာကာ လက်ထဲမှ တစ်စုံတစ်ခုကို အခန်းအပြင်ဘက်
ထုတ်ချထားသော အမှိုက်ပုံးထဲ လာရောက်စွန့်ပစ်လိုက်လေ
သည်။ သေချာကြည့်လိုက်တော့ ထင်သည့်အတိုင်း ဒေါင်းယူလာ
ခဲ့သေးသည့် ပန်းစည်း ဖြစ်နေသည်။

စားသောက်စရာ တစ်ခုခုများ သယ်ယူလာမိရင်
ပြဿနာကြီးဦးမှာစိုးလို့ ... တစ်ခုခုဆိုရင် ချစ်သူနဲ့တကွသော
ပြဿနာတွေကို သိသိသမျှ ... ရှိရှိသမျှ လူသားအပေါင်းတို့က
ဒေါင်းကိုပဲ အရင်ဦးဆုံး ဝိုင်းလက်ညှိုးထိုး စွပ်စွဲလိုက်ကြမှာကို
ကြောက်လွန်းလို့ ...။ တစ်ခုခုကိုလည်း (စစ်ပြေငြိမ်းရေး လက္ခဏာ
အဖြစ်) ယူဆောင်လာခဲ့ချင်သေးတာမို့ ... ဒေါင်း သယ်ဆောင်လာ
ခဲ့သော ပန်းစည်းတစ်စည်းဟာ အခုတော့ဖြင့် အမှိုက်ပုံးထဲမှာ ...။

ဒေါင်းက ထောင်းခနဲ ဒေါပွသွားမိသည်။ ဘယ်လို
... ပန်းစည်းကိုတောင်မှ အယုံအကြည် မရှိနိုင်တော့ဘူး
...။ မည်သူမပြု မိမိမှုပဲ ဖြစ်ပေမဲ့ အဲဒီလောက်ကြီးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါင်းက စိတ်တော့ ပေါက်လာမိပြီဖြစ်သည်။ တော်ပြီ
ပြန်မယ် ...။

"ဟင် ..."

ပြန်ပါတော့မယ်ဆိုမှ ... ပြန်တော့မယ် ဆို

ဒေါင်းက ထိုင်ရာမှ ထရပ်ကာ ပန်းဝတ်

အခန်းရှိရာဘက် တစ်ဟုန်ထိုး ထပြေးလာခဲ့မိပါသည်။ ပြီးလျှင်
ပိတ်ထားသော အခန်းတံခါးကို တလမန်းကြမ်းကို မရပ်မနား
ဆက်တိုက်ခေါက် ... ခေါက်ရတာကိုပင် အားမရနိုင်သေး၍ထု
ကန်ကျောက် ...။

"ဖွင့် ... ဖွင့် ... မြန်မြန်ဖွင့် ..."

အခန်းတံခါးက ရုတ်တရက် ပွင့်ဟသွားသည်
ထွက်လာသူကား ဆရာမ ...။

"ဘာဖြစ်တာလဲ ..."

ဆရာမ၏ မျက်နှာက ဒေါင်းကို မြင်လိုက်ရသ
မှုန်ကုပ်တင်းမာသွားကာ အခန်းပေါက်ဝကိုလည်း သူ့ကိုယ်
ခပ်တုတ်တုတ်နှင့် အပြည့်အဝကြီး ကွယ်ရပ်ပစ်လိုက်ရင်း
မေးငေါ့ကာ မေးခွန်းထုတ်လိုက်သည်။

"ဟို ... ဟို ... အခန်းထဲ ... အခန်းထဲ ..."

"စိတ်မရှိနဲ့ ... ရှင့်ပုံစံကို ကျွန်မ မသင်္ကာဘူး ... ဝင်
မပြုနိုင်တော့ဘူး ..."

"ရတယ် ... ရတယ် ... မဝင်ဘူး ... ဒါပေမဲ့ ခုနဒီထဲ
တစ်ယောက်ယောက်များ ဝင်သွားသလား ..."



ဆရာမရဲ့ မျက်နှာမှာ ဒေါင်းကို "ရိုးနေပြီ"ဟူသော
အကြည့်နှင့် ခပ်လှောင်လှောင် ပြုံချင်ဟန်စွက်လျက် ...

"ဘယ်သူမှ မရှိဘူး ... ဘယ်သူမှ ဝင်မလာဘူး ..."

"ဟယ် ... ဟုတ်တယ်နော် ... ဟုတ်ရဲ့လား ... ဒါဆို
သေချာပြီထင်တယ် ..."

"ဘာလဲ ... ရှင် မထွင်ချင်ပါနဲ့နော် ... ဒီအတိုင်းဆို ...
ကျွန်မ လုံခြုံရေးကို အကြောင်းကြားလိုက်ရတော့မယ်နဲ့
တူတယ် ... ကျွန်မတို့ ဆေးရုံကြီးမှာ အရေးပေါ်အကြောင်း
ကြားခေါ်ယူလို့ရတဲ့ လုံခြုံရေးဝန်ထမ်းတွေ ရှိပါတယ် ...
သီးသန့်စီစဉ်ထားပါတယ် ..."

"ကောင်းတယ် ... ကောင်းပါတယ် ... ဒီလိုဆိုရင်လည်း
ခေါ်ရင် ခေါ်လိုက်ပါ ..."

"ရှင် ဘာစကား ပြောတာလဲ ..."

"အို ... ဒုက္ခပါပဲ ... ကျွန်မ ရှင်းပြလို့တော့ ရနိုင်မယ်
မထင်ဘူး ... ကျွန်မ ရှင်းပြလည်း ရှင်တို့ ယုံကြည်ကြမှာ
မဟုတ်ပါဘူး ... ကျွန်မ ရှင်းပြတာကို လက်ခံနိုင်တဲ့လူဟာ
ပန်းဝတ်မှုံ တစ်ယောက်ပဲရှိမှာ ... သူ့ကို ပြောချင်တယ် ..."

"မဖြစ်နိုင်ဘူးလို့ဆို ... ခွင့်မပြုနိုင်ဘူး ..."

"ကျွန်မ မြင်လိုက်တာလား ... မြင်လိုက်တာတော့ မဖြစ်
နိုင်ဘူးနဲ့တူတယ် ... အကောင်အထည်လိုက် မြင်နိုင်ကောင်း
တဲ့ အရာလည်း မဟုတ်ပါဘူး ... ထင်လိုက်တာပဲ ဖြစ်ရ
မယ် ... ဟုတ်တယ် ထင်လိုက်တာ ... ဒါပေမဲ့ မလွဲနိုင်
ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေလျှောက်ပြောနေတာလဲ ... ဒုက္ခပဲ ... စိတ်မှ မှန်ရဲ့လား မသိဘူး ..."

ဆရာမက ဒေါင်းကို လက်နှင့်တောင် တွန်းထုတ်လိုက်ရင်းက စိတ်ပျက်လက်ပျက်နှင့် အကူအညီကို ရှာသည်။ လုံခြုံရေးဝန်ထမ်းကို ခေါ်ယူဖို့ဆိုရင် အနည်းဆုံးတော့ အခန်းထဲ ပြန်ဝင်ပြီး ခလုတ်နှိပ် ... သို့မဟုတ် ဖုန်းနှင့်ခေါ်ယူရဦးမှာပင် ...။ ဆရာမခမျာ အဲဒီလိုလည်း မလုပ်နိုင်ပါ ...။ သူ အခန်းထဲပြန်လှည့် ဝင်လိုက်တာနှင့် အရူးတစ်ပိုင်းလို ဖြစ်နေသော ဧည့်သည်အမျိုး သမီးပါ လိုက်ဝင်ချလာမှာကို ဆရာမက စိုးရိမ်ရှာလေသည်။

"ပန်းဝတ်မှုံ ... ပန်းဝတ်မှုံ ..."

ဒေါင်းကလည်း အလျှော့မပေးဘဲ ... အခန်းတွင်းသို့ ဝင်ခွင့်မရပေမဲ့ အခန်းအပြင်ကနေ သတိပေးဖို့ အတွက် အော်ဟစ်ပြီး ခေါ်လိုက်သည်။ ပန်းဝတ်မှုံထံမှ ဘာသံမှ ပြန်မကြားရပေ ...။ ဒေါင်းက အရမ်းစိုးရိမ်လာသည်။ ပန်းဝတ်မှုံရေ ဒေါင်း ကိုယ်တိုင်မြင် ... အဲလေ ... ဒေါင်း ကိုယ်တိုင် ထင်လိုက်တာနော်၊ နေ့ခင်းကြီးကြောင်တောင် ပေါက်ကရတွေ လျှောက်ထင်နေတတ် တဲ့ ဒေါင်းရဲ့ ထင်တစ်လုံးကို အလကားပါလို့ သဘောထားလို့ မရနိုင်တာ ကားတိုက်ကြသော ကိစ္စမှာပဲကြည့် ...။ အဲဒီတုန်းက လည်း ဘယ်လိုလုပ် တကယ့်အမြင် ဖြစ်နိုင်ပါ့မလဲ ...။ အထင် ပဲပေါ့ ...။ ခုလိုပဲ အထင်သက်သက်ပဲပေါ့ ...။

ခုလည်း ပန်းဝတ်မှုံရဲ့ အခန်းထဲသို့ လူတစ်ယောက် ဝင်သွားသည်ဟု ဒေါင်းက "ထင်" လိုက်သည်။ ထိုလူဟာ လျှပ်တစ် ပြက် အမြင်အထင်နှင့်တင် ကိုကိုမှကိုကို ...။ အကယ်၍သာ ပန်းဝတ်မှုံကို သတင်းလာမေးသော ယောကျ်ားတစ်ယောက် ယောက်များ ခုနေအခန်းထဲမှာ ရှိနေတယ်ဆိုရင်လည်း ဒေါင်းက ဒီယောက်ဖြစ်နေမှာ မဟုတ် ...။ "ဪ ... ဒါဆိုလည်း အိုကေ ပါပဲ ..."ဟု လှည့်ပြန်သွားဖို့ပဲ ရှိတော့တာပေါ့ ...။ ခုတော့ အခန်းထဲသို့ ဘယ်သူမှဝင်မလာပါတဲ့ ...။ ဘယ်သူမှ မရှိပါ ... ဘယ်သူမှ ဝင်မလာပါ ... တဲ့ ...။



ကဲ ... ဒေါင်း ဘယ်လိုလုပ်ပြီး ငြိမ်နေနိုင်တော့ မှာလဲ ... ဒေါင်းက ထင်လိုက်တယ်လေ ... ဒေါင်း လှည့်ပြန်ခါနီး ဒီအခန်းကို လှမ်းကြည့်လိုက်မိစဉ်မှာ ကိုကိုနှင့်တူသော လူတစ် ယောက်ယောက် ဒီအခန်းထဲကို ဝင်သွားတယ်လို့ ဒေါင်း ထင်လိုက် တယ်လေ ...။ ထူးသာ သိရင်တော့ ဒေါင်းကို အသည်းအသန် ယုံမကြည်နှင့် စိတ်ဆိုးကာ "ဆရာဝန်ပြမည်"တွေ ဘာတွေ ဖြစ်ဦးတော့မှာ ...။

ဒေါင်းကလည်း စိုးရိမ်လို့ပါ ...။ ပန်းဝတ်မှုံအတွက် စိုးရိမ်လို့ပါ ...။

"ရှင် လူနာကို ထိတ်လန့်တကြားဖြစ်အောင် မလုပ်ပါနဲ့"

ဆရာမက သူပါ အခန်းအပြင်သို့ ထွက်ကာ အခန်းတံခါးကို ပိတ်ပစ်လိုက်သည်။

"ဟာ ... မလုပ်နဲ့ ... မလုပ်နဲ့ ... အခန်းတံခါး ပြန်ဖွင့်ပါ။ ကျွန်မ မဝင်နဲ့ဆိုလည်း မဝင်တော့ပါဘူး ... ဆရာမကတော့ အခန်းထဲမှာပဲ နေပါ ...။ ပန်းဝတ်မှုံရဲ့ အနားကလည်း

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမချွာပါနဲ့ ... လိုအပ်ရင် ဟိုလုံခြုံရေး ဆိုတာတွေပါ ခေါ်ထားပေးပါ ... ပန်းဝတ်မှုံရဲ့ အနားမှာ လူများများရှိလေ ကောင်းလေပဲ ... သူ့အိမ်ကရော ဘယ်သူမှ မလာကြဘူး လား ... သူ့အဖေကရော ဘယ်အချိန်လောက်မှာများ ရှိတတ် သလဲ ...”

ဆရာမ၏ မျက်လုံးများ ဝင်းလက်သွားသည်။ ဆေးရုံကော်ရစ်ဒါဒေါင့်ချိုးမှ ထွက်လာသော နောက်ထပ်ဆရာမ တစ်ယောက်ကို လှမ်းမြင်လိုက်ရ၍ ဖြစ်ပါသည်။

“နော်အဲလစ်ရေ ... နော်အဲလစ် ... တစ်ခုလောက် ကူညီ ပါကွယ် ... ဆေးရုံလုံခြုံရေးကို အကြောင်းကြားပေးပါ”

ဆရာမရဲ့စိတ်ထင် ...အဲဒီလို ပြောလိုက်ရင်တော့ သူ့လူနာရဲ့အခန်းရှေ့မှာ လာသောင်းကျန်းနေသည့် ညှော်သည်အမျိုး သမီးဟာ လန့်ပြီးပြန်ပြေးတော့မှာပဲဟု ထင်နေရာ ... လုံးဝမဟုတ်ဘဲ ဆက်လက်ပေရပ်နေသဖြင့် ဆရာမပင် အံ့အားတသင့်ဖြစ်ရပါသည်။ ခဏအကြာမှာ နော်အဲလစ်က ဦးဆောင်ပြီး ဆေးရုံလုံခြုံရေးများက ဒေါင်းတို့ရှိရာသို့ ပြေးလာကြပါတော့သည်။

ဒီဆေးရုံကြီးမှာ ပုဂ္ဂလိကအဆင့်မြင့် ဆေးရုံကြီးဖြစ် သဖြင့် ဆေးရုံအလုပ်သမားအားလုံးတို့ဟာ လူနာများကိုသာမက ညှော်သည်များကိုပါ တတ်နိုင်သရွေ့တော့ ဦးစားပေးအလေးထားကာ ဆက်ဆံကြပါသည်။

“တစ်ချက်ကလေးပါ ... တစ်ချက်ကလေးလောက်ပါ — အခန်းထဲတစ်ခေါက်ဝင်ပြီး စစ်ဆေးကြည့်လိုက်ကြပါဦး



ရှင် ... ကျွန်မ လိုက်မဝင်ရဘူးဆိုလည်း မဝင်ပါဘူး — ဒီတစ်ခုလေးပဲ လုပ်ပေးကြပါ ... အခန်းထဲမှာ တစ်ယောက် ယောက်များ ရှိနေမလား ... ပန်းဝတ်မှုံများ ဒုက္ခတစ်ခုခု ရောက်နေမလားလို့ ...”

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်ကြပြီး နောက်ဆုံးတော့ အခန်းတံခါးကို ပြန်ဖွင့်လိုက်ကြကာ ဝန်ထမ်းသုံးဦးနှင့် ဆရာမနှစ်ဦးတို့ အခန်းထဲ လှည့်ပတ်ဝင်ကြည့် လိုက်ကြသည်။ ခုတင်ပေါ်မှာ သက်သာစွာ လဲလျောင်းနေသော ပန်းဝတ်မှုံမှာ သူ့အခန်းထဲ လူအများကြီး ဝင်လာတာကို မကျေ နပ်သလို အံ့အားသင့်သလို လိုက်ကြည့်နေဆဲ အခန်းဝက ဒေါင်းကို ပါ လှမ်းမြင်လိုက်ရသောအခါ ဒေါသတကြီးတွေ ပြန်ဖြစ်လာပြန် တော့ပြီး ...

“နင် အခုထက်ထိ မပြန်သေးဘူးလား ...”

“ပန်း ... ပန်းဝတ်မှုံ ... ဟို ... ဟို ...”

ခြိမ်းခြောက်ရာ ကျကောင်းကျနေမှာကို ဒေါင်း သဘောပေါက်ပါသည်။ သို့သော် ကာယကံရှင်ကို အတိအလင်း ဖွင့်သတိပေးထားလိုက်လျှင် အကောင်းဆုံးပင် ...။ သူ့နားမှာ အနီးကပ် တစ်ယောက်ယောက် မပြတ်ရှိနေဖို့လိုတာ သူ သိဖို့လို ရင်းပဲ ...။ သူ အိပ်ပျော်သွားလို့ အိပ်မက်မက်သလောက်ဆိုရင် ဒီလောက်ကိစ္စမရှိနိုင်ပါ ...။ ဒေါင်း ပူတာက ကားတိုက်မှုတုန်း ကလို ပေါက်ကရ ပြင်းပြင်းထန်ထန်တွေ လျှောက်ဖြစ်သွားမှာကို ပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီလောက် နှောင့်ယှက်ရရင်တော့ တော်လောက်ပြီ"

ပန်းဝတ်မှုံ၏ ဆရာမက ဒေါင်းကို သတိပေးလိုက်သည်။ ဒေါင်းကတော့ ဆုံးဖြတ်လိုက်မိပြီးပြီမို့ ...

"ပန်းဝတ်မှုံ ... သတိထားနေပါကွယ် ... အနားမှာ လူမပြတ်စေနဲ့ ... ဟုတ်ပြီလား ... တို့ပြောတာ နားလည်တယ်နော် ... မင်းနဲ့တို့နဲ့ပဲ ဒီကိစ္စကို သိထားကြတာ ... ယုံယုံကြည်ကြည်နဲ့ လက်သင့်ခံထားကြတာလဲ တို့နှစ်ယောက်ပဲရှိတယ် ... တို့ သတိပေးတယ်နော် ... အိမ်ကလူတွေကိုလည်း ဆေးရုံကိုခေါ်ထား ... ဆရာမကိုလည်း အမြဲအနားမှာရှိပစေ ... တစ်ယောက်တည်း ဘယ်တော့မှ ဖြစ်မနေစေနဲ့ ... ဟုတ်ပြီနော် ... တို့ပြောတဲ့ အဓိပ္ပာယ်ကို သိတယ်မဟုတ်လား ..."

ပန်းဝတ်မှုံရဲ့ မျက်နှာက သွေးဆုတ်ဖြူလျော်သွားတော့ကာ ... ဒေါင်းကို ဒေါသတကြီး ကြည့်နေရင်းကပင် "အား" ဟု ကြောက်လန့်တကြား အကျယ်ကြီး အော်ပစ်လိုက်သည်။

ပြီးလျှင် Dripမသွင်းထားဘဲ အားနေလွတ်နေသည့် လက်တစ်ဖက်နှင့် နံဘေးက စားပွဲလေးပေါ်မှ ဖန်ပန်းအိုးလေး တစ်လုံးကို ကောက်ယူကာ ဒေါင်းရှိနေရာ တံခါးပေါက်သို့ ချိန်ရွယ်ပြီး လှမ်းပေါက်ထည့်လိုက်လေတော့သည်။ ပန်းအိုးက ဒေါင်းဘေးက တံခါးဘောင်ကို ထိမှန်ပြီး ခွမ်းခနဲ ကြမ်းပြင်ပေါ်သို့ ကျကွဲသွား၏။



ပန်းဝတ်မှုံရဲ့ဆရာမ၊ နော်အဲလစ်နှင့် လုံခြုံရေးဝန်ထမ်း သုံးလေးဦးတို့အားလုံး လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြကာ ... ဒေါင်းမှာ နော်အဲလစ်နှင့် လုံခြုံရေးဝန်ထမ်းတစ်ဦးတို့ရဲ့ လက်ထဲမှာ မရုန်းနိုင်အောင်ပင် ဖမ်းချုပ်တာကို ခံလိုက်ရတော့သည်။

ဒီနောက်မှာတော့ ဒေါင်းလည်း ချုပ်နှောင်ဆွဲခေါ်ရာနောက်သို့ နောက်ဆံတငင်ငင်(သို့သော် အသာတကြည် အေးအေးသက်သာပါ)နှင့် ပါသွားတော့ကာ ပန်းဝတ်မှုံရဲ့ အခန်းထဲမှာတော့ ဆရာမရဲ့ ဒေါင်းကို မြည်တွန်တောက်တီးသံ ပန်းဝတ်မှုံကို ချော့မော့ဖျောင်းဖျသံ ... ပန်းဝတ်မှုံရဲ့ စိတ်လှုပ်ရှားကယောင်ချောက်ချား ဒေါသတကြီးနှင့် ဆက်လက်အော်ဟစ်နေသံတို့က ညံဟိန်းပြီးတော့ကို ကျန်ရစ်နေပေတော့သည်။

ဒေါင်း စိတ်မကောင်းပါ။ ပေါ့စေလို၍ ကြောင်ရုပ်ထိုးတာမှ ဆေးအတွက်လေးရတဲ့အဖြစ်မျိုးကို ဒေါင်းက မဖြစ်စေချင်ပါ။ ဒေါင်းဟာ သူ့အပေါ် အာဃာတတွေ ချေဖျောက်ပေးပြီးသားမို့ ဒေါင်းရဲ့ လုပ်ရပ် ... ဒေါင်းရဲ့ စကားမှန်သမျှတို့ဟာ ခြိမ်းခြောက်လိုခြင်း အလျဉ်းကင်းကာ ... စေတနာပဲ ပါဝင်နေပြီဖြစ်သော သတိပေးစကားသက်သက်သာ ဖြစ်နေပြီဆိုတာ သူ သိစေချင်သည်။

ကြည့်ရတာတော့ သိပုံလည်းမရပါ ...။ စေတနာစကားကို စေတနာစကားဟု မယုံကြည်လျှင် သတိပေးချက်ကို အိုက်နာနိုင်ဖို့ရာလည်း အင်မတန်မှကို ခဲယဉ်းနေပေတော့မည်။ အခုလို ပြန်ရောက်ပြီးသော်လည်း ဒေါင်းမှာ ထိုင်မရ ... ထမရ အကြွကြွ ... တရွရွနှင့် အမေကတောင် သတိထားမိပြီး မေးယူရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါင်းမှာ မိခင်ရင်းကိုတောင် တိုင်ပင်ခွင့် မရသည့်အဖြစ် ဆိုတော့ ပြီးပါရော ...။

ထူးကို ဖုန်းဆက်ပြီး သတိပေးချင်သည်။ ယုံမှာ မဟုတ် ... လက်သင့်ခံမှာမဟုတ် ... ဖြစ်နိုင်ရင် ပန်းဝတ်မှုံရဲ့ ဘော်ဒီဂတ်အဖြစ် နေ့ရောညပါ ထူးကို ဆေးရုံမှာပဲ ဆက်ရှိပေး နေစေချင်သည်။ ဆေးရုံဖြစ်နေသည့်အတွက် ထူးဟာ ပန်းဝတ်မှုံရဲ့ အနားမှာ ရှိနေရင်လည်း ဘယ်လိုမဆို တင့်တယ်နေမှာပဲ ဖြစ်ပါသည်။ သို့သော် ထူးက လက်ခံမှာမဟုတ် ...။ ဒေါင်းက ရွံ့သည်ပဲ ထင်ဦးမည်။ ဒါပေမဲ့ ဒေါင်းက အထင်ကြီးတာပါ ...။ ကိုယ်ကိုယ်တိုင်ပင် ဒီဘော်ဒီဂတ်တစ်ယောက်ရဲ့နောက်က အစောင့်ရှောက်ခံ မိန်းကလေးကို အနှောင့်အယှက်ပေးဖို့ အတော်ကြီး ကြိုးပမ်းယူခဲ့ရတာမို့ ဒီဘော်ဒီဂတ်တစ်ယောက်ရဲ့ လုပ်နိုင်ရည်နှင့် တာဝန်တွေကို သိနေသည်လေ ...။

ယုံမှာမဟုတ် ...။ လုပ်ပေးမည်လည်း မထင် ...။ ဒုက္ခပါပဲနော် ...။ ပန်းဝတ်မှုံ ထင်နေသလို ဒေါင်းဟာ ကိုဖိုးချိုကို ကိုယ်တိုင်ဆက်သွယ်နိုင်ရင်လည်း အကောင်းသားပဲ ...။ ကိုကိုရေ လက်စားချေလိုစိတ်တွေကို ပယ်ဖျက်လိုက်ပါနော် ...။ ဒေါင်း လုပ်တဲ့ ကုသိုလ်တွေကို အမျှယူပြီး ဒီအာဃာတအမုန်းတရားကြီး ကို စွဲကိုင်ထားရာကနေ ဖြေလွှတ်ပေးလိုက်ပါတော့ ...။

ဒေါင်းတစ်ယောက် ဘယ်လိုပင် ပျာယာခတ်ကာ ဣန္ဒြေမဆယ်နိုင် ဖြစ်နေသော်လည်း ဆန္ဒတို့ကတော့ မပြည့်ဝခဲ့ပါချေ ...။ ထိုနေ့ညက ... နောက်တစ်နေ့သို့ ကူးစ... မနက် တစ်



နာရီခွဲကျော်ကျော်လောက်မှာ ပန်းဝတ်မှုံတစ်ယောက် ဆုံးပါးသွားခဲ့ပါသည်။ မည်သူ့ပယောဂမှ မပါပါ ...။ လောလောလတ်လတ်လည်း ရန်သူများနေဆဲဖြစ်သည့် ပန်းဝတ်မှုံရဲ့ ရန်သူတော်များလည်း တစ်ယောက်မှ မလှုပ်ရှားလိုက်ရပါ ... ရောဂါက ပြင်းထန်ပြီး သည်းလာလို့လည်း မဟုတ်ရပါ ...။

ညဘက်မှာ လုံးဝမအိပ်တတ်သည့် လူနာမျိုးကို စောင့်နေရသည့်အတွက် ညတိုင်းရက်ဆက် အိပ်ရေးဆက်တိုက်ကြီး ပျက်နေရတော့သဖြင့် (လူနာကလည်း ဒီညမှ ... ခါတိုင်းနှင့်မတူ ငြိမ်နေသည်မို့) ... မှေးခနဲ တစ်ချက် အိပ်ပျော်သွားခဲ့ရှာသည့် (Night Nurse) နိုးလာသော အချိန်တွင် ... ညဘက်မအိပ်တတ်သည့် ပန်းဝတ်မှုံက ငြိမ်ငြိမ်ကလေး အေးချမ်းစွာ အိပ်ပျော်နေခဲ့သလို ဖြစ်နေသည်။ ဆရာမက ထပြီးစမ်းသပ်ကြည့်သောအခါတွင်ကား အားစက်လို့ နေခဲ့လေပြီ ...။

၉

အသုဘလာပို့ကြသူတွေကြားမှာ ဒေါင်းကို ထူးဦးက တွေ့လိုက်ရပါသည်။ အမှန်စင်စစ် ဖြစ်သင့်သည်မှာ ... ထူးဦးလည်း ဖြစ်ချင်လုပ်ချင်သည်မှာ ... ထူးဦးနှင့်အတူ မိဘနှစ်ပါးလည်း ပါလာချိန် ... ထူးဦးရဲ့ မိန်းကလေးနှင့် အပြင်တစ်နေရာရာမှာ တွေ့ဖြစ်လိုက်ကြရရင် ...“ဒါ ကျွန်တော့်မိန်းကလေးပါ ... ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်သူပါ ... ဒေါင်းဖြူပါ ...”ဟု ရဲရဲဝံ့ဝံ့ လက်ဆွဲကာ မိတ်ဆက်အသိပေးလိုက်ချင်တာမျိုးပါ... အခုတော့ ထူးဦးက မလုပ်နိုင်ခဲ့ ...။ လုပ်လည်း မလုပ်ချင်ပါ ...။

အထူးသဖြင့်ကတော့ “ဒေါင်းဖြူ”ဆိုတဲ့ နာမည်ကို မိဘတွေကို မပြောရဲ(သေး)တာပါပဲ ...။ ဒေါင်းဖြူဆိုတဲ့ နာမည်ဟာ ထူးဦးတို့ရဲ့ အသိုင်းအဝိုင်းကြားထဲမှာ အတော်ကြီးကို ရေပန်းစားနေခဲ့ပြီမို့ ဖေဖေရော မေမေပါ သိရှိကြားဖူးပြီးနေကြပြီ ...။ ထူးဦးက စတင်မိတ်ဆက်ပေးရတာ မဟုတ်ဘဲ ... သူတို့ဘာသာ ကြိုတင်သိရှိနေနှင့်ကြပြီးသား ... ဒေါင်းဖြူကို ကိုယ့်ရဲ့ မိန်းကလေးပါလို့ ထူးဦးက မိတ်ဆက်မပေးရဲတော့တာလား ...။ မဟုတ်လောက်ဘူးဟုတော့ ထင်သည်။

ထူးဦးကိုယ်တိုင်က ချစ်ရတဲ့ ဒေါင်းကို မအီမလည် ခံစားချက်ကြီးနှင့် စိတ်ပျက်သလိုလိုကြီး ဖြစ်နေမိတာ ထင်သည်။ ပန်းဝတ်မှုံ ဆုံးသွားရတာနှင့် မဆိုင်ပါ ...။ ဘော်ဒီဂတ်တစ်ယောက်ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် ပန်းဝတ်မှုံဟာ အနေးနဲ့အမြန် ဆိုသလို ဇာတ်သိမ်းမကောင်းလှမှာကို ထူးဦးက ကြိုသိနေနှင့်ပြီးသားပဲ ...။ အသက်အန္တရာယ်အထိရှိကာ သေကိုသေရမယ်တော့ မဟုတ်ဘူးပေါ့ ...။ သို့သော် သေလောက်တဲ့အထိလည်း ဖြစ်ရင်ဖြစ်နိုင်မှာပဲ ...။ မသေရင်တောင် အလိုမတူဘဲ ခိုးယူပေါင်းသင်းခံရကာ ဘဝပါပျက်ရတဲ့အထိ ဖြစ်ဖို့ရင်လည်း ရှိနိုင်တာပါပဲ ...။

အဲဒီလို သူ့ကံကြမ္မာနှင့်သူ သွားမည့်တစ်ယောက်ထံမှာ ဒေါင်းလိုမိန်းကလေးက တရားခံဝင်မဖြစ်သင့်ဘူးဟု ထူးဦး



ကထင်သည်။ ဒေါင်းရဲ့စိတ်ဓာတ်ကို အဲဒီလောက်ကြီးထိ ရက်စက်ခက်ထန်ပျက်စီး မနေစေချင် ...။ ဒေါင်းဖြူ ဆိုတဲ့ မိန်းကလေးဟာ တကယ့်ဖြူဖြူစင်စင်လေးပဲ ဖြစ်စေချင်သည်။

သို့ပေမဲ့ မရနိုင်တော့ပါ ...။ ပြီးသွားခဲ့ပြီ ...။ ဖြစ်ပြီးသွားပြီ ...။

“ဒေါင်းဆိုတဲ့ တစ်ယောက်ကလာပြီး ခြိမ်းခြောက်အကျပ်ကိုင်သလို လုပ်သွားခဲ့ပါတယ် ... အခန်းထဲကိုပဲ လူဝင်သလိုလို ဘာလိုလို အခြေအနေကို ရုတ်ရုတ်သဲသဲဖြစ်အောင် လုပ်ပြီး လူနာကို အတော်ကြီး စိတ်မငြိမ်မသက် ဖြစ်စေခဲ့တယ် ... သူ ပြန်သွားပြီးတဲ့နောက်ပိုင်းမှာမှ ပန်းဝတ်မှုံက အတော့်ကို ဂနာမငြိမ် ဖြစ်တော့တာ ... ခါတိုင်းထက် ဆိုးတယ် ... အဲဒီလိုဖြစ်အောင်ပဲ အဲဒီဒေါင်းဆိုတဲ့ တစ်ယောက်ကလည်း ရည်ရွယ်ခဲ့တယ်နဲ့တူတယ် ...”

နေ့ဆရာမ၏ အပြောအရ ပန်းဝတ်မှုံ သေဆုံးသွားခြင်းရဲ့ အဓိကအကြောင်းရင်းဟု မဆိုနိုင်ရင်တောင် ... အဓိကအကြောင်းရင်းကို ဖြစ်စေခဲ့တဲ့ တရားခံဟာ ဒေါင်းဖြူမှ ဒေါင်းဖြူပါပဲ ...။

“တောက် ... ဒါ ဥပဒေရေးရာအရ အရေးယူလို့မရဘူးလား ... ဒီမှာသက်သေတွေ တစ်ပုံကြီး ရှိနိုင်တယ်ဗျာ”

ဦးစန်းလွင်သည် တောက်တစ်ခေါက်ခေါက် ... ဒါသတွေကြီးကာ ပြေမပြေနိုင်ပြီ ...။ ဥပဒေကြောင်းရာနဲ့ ညှိမရဖြစ်နိုင်တာကို အတော်ကြီးနားချယူတော့မှ ...“အေးလေ ...

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လည်း အသိုင်းအဝိုင်းကတော့ မနည်းပါဘူးနော် ... ဥပဒေဘောင်အတွင်းက မဟုတ်ပေမဲ့ သမီးအတွက် ပြန်လုပ်ပေးလို့ရနိုင်တဲ့ နည်းလမ်းတွေ တစ်ပုံကြီး ရှိနိုင်တာပဲ ... ဥပမာ အခု သူ့ဆုံးသွားတဲ့ နည်းလမ်းမျိုးကိုပဲကြည့်လေ”ဟု ကြိမ်းဝါးသံကြီးနှင့် တရားစွဲဖို့ကို လက်လျှော့လိုက်တော့တာပါ ...။

ဒီသမီးတစ်ယောက်ဟာ ဒီအဖေ့ဆီက ဒီစိတ်ဓာတ်မျိုးတွေ အမွေရထားပေလို့ပဲ ဒီလိုပုံ ဖြစ်နေရတာပေါ့လေ ...။ ဒေါင်းနဲ့ ပန်းဝတ်မှုံတို့ရဲ့ ကိစ္စဟာ ဒီပုံအတိုင်းဆို ပန်းဝတ်မှုံ တစ်ယောက် ဆုံးပါးသွားခဲ့ရပေမဲ့ ကိစ္စကမပြတ်သေး။ ဦးစန်းလွင်ကြီးသာ ကြိမ်းဝါးတဲ့အတိုင်း တကယ်လုပ်မယ်ဆိုရင် ဒေါင်းမှာ အန္တရာယ်တောင်မှ ဆက်ရှိနေနိုင်သေးသည်။ ထွန်းဦးက နေ့ဆရာမကို တီးတိုးစုံစမ်းကြည့်ရပါသည်။

“ဒေါင်းဆိုတဲ့ တစ်ယောက်က ဘယ်လိုပြောသွားတာလဲ...”

“အခြေအနေကို အရင်ရုတ်ရုတ်သဲသဲ လုပ်လိုက်တယ်လေ ပြီးမှ အခန်းထဲမှာ လူတစ်ယောက်ရှိနေသလိုလို စွပ်စွဲတယ် ပြီးတော့ ပန်းဝတ်မှုံကို ပြောတာပေါ့ ... သတိထား ... လူမပြတ်စေနဲ့ ... တစ်ယောက်တည်း မနေနဲ့ ... တို့နဲ့ မင်းနဲ့ပဲသိတဲ့ကိစ္စတစ်ခုရှိတာ သိတယ်နော် ... တို့ပြောတဲ့ အဓိပ္ပာယ်ကို သိတယ်မဟုတ်လား ... တို့သတိပေးလိုက်တယ်နော် ... အဲလိုတွေ ပြောတာ ... သဘောကတော့ ပန်းဝတ်မှုံကိုပဲ တစ်ယောက်ယောက်က တစ်ခုခုလာလုပ်မဲ့ပုံစံမျိုး ခြိမ်းခြောက်တာပေါ့ ...ပန်းဝတ်မှုံကလည်း ပန်းအိုး



နဲ့ကို ကောက်ပေါက်တာ ... ဟိုတစ်ယောက်က ကံကောင်းနေတော့ မထိဘူး ...

ကျွန်မစိတ်ထင်လေ ... အကြောက်လွန်ပြီး နှလုံးသွေးရပ်တာမျိုးလည်း ဖြစ်နိုင်တာပဲ ... Death Certificate (သေစာရင်း)မှာတော့ Cause of death သေရခြင်းအကြောင်းအရင်းကို Electrolyte Imbalance နဲ့ Shock လို့ ပေးလိုက်မယ်ထင်တယ် ... ဒါပေမဲ့ ကျွန်မထင်တာကတော့ လန့်သွားတာ ဖြစ်နိုင်တယ် ... ညမအိပ်တာလည်း ကြာပြီလေ ... ညမအိပ်ရတာ ကြာလာရင် ရိုးရိုးလူတောင်မှ ကြောင်တောင်တောင် ဖြစ်လာသေးတာ မဟုတ်လား ... အဲဒီလို အခြေအနေမျိုးမှာ တစ်ခုခုကို ကြောက်ပြီး လန့်သွားရင်လည်း ရုတ်တရက် နှလုံးက ရပ်ချင် ရပ်သွားမှာပေါ့”

“ဆရာမ ယူဆတာကတော့ ဒေါင်းကြောင့်ပဲပေါ့”

“ညဘက်ကြီး ဖြစ်သွားတာဆိုတော့ ညဆရာမကလည်း အဲဒီညကတော့ ခါတိုင်းနဲ့ မတူဘဲ ... ဆိုပြီး ... နေတာ ... လို့ ပြောတာရှိကတည်းက ရှိသေးတော့ သူ့ကြောင့် လန့်သွားတာ မဟုတ်ဘူးဆိုတာ့ ... ကြောင်တောင်တောင် ဖြစ်နေတဲ့ လူတစ်ယောက်ကို ကြောက်နေအောင် လုပ်တာကတော့ သူ့ ... [illegible]

[illegible] ထွန်းဦးအဖို့ ဘာမှ မတတ်နိုင်တော့ပါဘူး။ အပြစ် [illegible] အောင် လှည့်ပတ်မေးမြန်းဖို့တောင်မှ မရနိုင် ... ဒေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မြင်နေသော ဆရာမဟာ ဘယ်သူမေးမေး ဒီလိုချည်းပဲ ဖြေမှာချည်းပင် ...။ ဒီလိုအခြေအနေမျိုးမှာ ဒေါင်းဟာ အသုဘ ကိုတောင်မှ လာမပို့သင့် ...။ ပထမအချက်အနေနှင့် ဒေါင်းကို ဒေါင်းမှန်း သိသွားကြရင်ခက်မည်။ ဦးစန်းလွင်ကြီး တွေ့သွားရင် ပိုဆိုးမည်။ နောက်တစ်ချက်ကတော့ ထူးဦးရဲ့ မိဘများရဲ့ မြင်ကွင်းနဲ့ အကြားအာရုံထဲမှာ ဒေါင်းကို မရှိစေချင်သေး ...' အခုလည်း အာရုံမထားလိုက်မိဘဲ နောက်လည်း မေ့မေ့ပျောက် ပျောက်ဖြစ်ကာ ... "ဒေါင်းဖြူ"ဆိုတဲ့ သာမန်မဟုတ်ဘဲ မှတ်မိလွယ် သော နာမည်တစ်ခု ဒီမိသားစုထဲ ပြန်ဝင်လာတာကို မသိလိုက် မသိဘာသာ ဖြစ်နိုင်လောက်ပြီဖြစ်တဲ့ အချိန်လောက်ကျမှ မြင်မှ ကြုံဖူးကြစေချင်ပါသည်။

ထူးဦးက ဒေါင်းရှိရာသို့ မသိမသာနှင့် ရောက်သွား လိုက်သည်။

"ဘာလို့ လာတာလဲ ..."

ထူးဦး၏ လေသံမှာ မပျော့ပျောင်းလှပေမဲ့ တင်းမာမာကြီးတော့လည်း မဟုတ်ပါ ...။ ပုံမှန်သံတစ်ခုပင် ဖြစ် ပါသည်။ ဒါပေမဲ့ ဒေါင်းကတော့ ချက်ချင်းကြီး ဆိုသလို မျက်ရည်တွေ ဝိုင်းတက်လာခဲ့လေသည်။

"မလာသင့်ဘူး ... ကျွန်တော်ပြောတာ နားလည်သ... Day Nurse (နေ့ဆရာမ) ပြန်ပြောပြထားလို့ အား... အမြင်က ဆိုးဝါးနေကြတယ်လေ ... ပြန်လိုက်ပါ..."

"ဒေါင်း ဘာ ... ဘာမှမလုပ် ..."



"အဲဒီနာမည်ကို ထည့်ပြီးမပြောနဲ့ ... အဲဒီနာမည်ကို ဒီပွဲက ပရိသတ်အားလုံး သိနေကြတယ် ... ကျွန်တော် ပြောတာ နားထောင်ပြီး ပြန်လိုက်ပါတော့ ..."

"ဒီနှစ်ယောက်ကြားမှာ ကိုယ့်ဘက်ကတော့ အဖြစ်အပျက် တွေကို စိတ်ရင်းတစ်ခုနဲ့ သင်ပုန်းချေပြီးပြီပဲ ... ကိုယ့်စိတ် ကို ကိုယ်လုံတယ် ... အသုဘတောင် လိုက်ပို့ခွင့် မရှိဘူး လား ... ရန်သူတွေဆိုရင်တောင်မှ တစ်ယောက်ရဲ့ အသုဘ ကို တစ်ယောက်က လိုက်ပို့တာကို ကျန်ဆွေမျိုးအသိုင်း အဝိုင်းတစ်ခုလုံးက ကျေကျေနပ်နပ် ခွင့်ပြုကြရပါတယ်၊ နို့မို့ဆိုရင် ကိုယ်က အပြစ်ရယ်လို့ မကျူးလွန်ခဲ့မိပေမဲ့ ကိုယ့်ပယောဂတော့ မကင်းဘူးလို့ တစ်သက်လုံး နောင်တ ရသွားရမယ်ဆို ဘယ်ကောင်းမလဲ ..."

"အဲဒီလိုဖြစ်အောင် ကိုယ်တိုင်ပဲ လုပ်ခဲ့မိပြီပဲမဟုတ်လား"

ဒေါင်းက ထူးဦးကို နာကျင်စွာ ကြည့်လာသည်။

"ဆေးရုံကို လုံးဝမသွားပါနဲ့ဆိုတဲ့ စကားကို တစ်ခါနားမ ထောင်မိလို့ ခုလိုထိ ဖြစ်ခဲ့ရပြီးပြီ ... ခုတစ်ခါတော့ နား ထောင်ပါ ... ပြန်လိုက်တော့နော် ... ဟုတ်ပြီလား ... မန်းဝတ်မှုံရဲ့ အဖေကြီးက ခင်ဗျားကို ကားတိုက်မှုတုန်းက တစ်ခါမှတ်မိထားခဲ့ပြီးပြီလေ ... မြင်သွားရင် မကောင်းဘူး၊ သူ စိတ်ထိန်းနိုင်မယ် မထင်ဘူး ... ကိုယ့်အတွက်နဲ့ သူများရဲ့ အသုဘအခမ်းအနားပါ ရုတ်ရုတ်သဲသဲဖြစ်ရဦး မယ်ဆို မကောင်းဘူးပေါ့ ... ဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



[illegible]ခြင်းများ"

[illegible] ဒေါင်းက ထူးဦးရဲ့ စကားထဲမှာ သူ့ကို ထည့်သုံးလိုက်မိသော နာမ်စားတစ်ခုကို ကြေကြေကွဲကွဲနှင့် ရေရွတ်ကြည့်လိုက်အသည်။ ထူးဦးကလည်း ဘာနာမ်စားကို သုံးရမယ်ဆိုတာကို ဆော်ဆော် ရုတ်တရက်မှာ စဉ်းစားမရတော့လို့ပါ ...။ "ဒေါင်း"ဆိုတဲ့ အမည်ကိုတော့ လုံးဝမှ သူများတကာတွေကို မကြားမသိစေချင်ပဲ ...။ ဒေါင်းက အံတစ်ချက်ကို ကြိတ်လိုက်သည်။

"ဒါလောက်တောင် ဖြစ်နေရင်လည်း ပြန်ပါ့မယ် ..."

"ထူးဦးရေ ... ထူးဦးရော ..."

ပရိသတ်ထဲမှ အဖေ့အသံကို ကြားလိုက်ရသည်။ တစ်ခုခု လိုအပ်လာ၍ ထူးဦးကို ခေါ်ပြီထင်သည်။ ထူးဦးက အသံလာရာကို လှည့်ကြည့်လိုက်သည်တွင် အဖေ့အသံကြောင့် အဖေနှင့်ရောယောင်ပြီး ထူးဦးရှိရာဘက် ခေါင်းလည်မျက်စိအကြည့်ဆိုက်ရောက်လာသည့် ဦးစန်းလွင်ကြီးနှင့်မှ သွားပြီး မျက်လုံးချင်း ဆုံမိနေလေတော့သည်။ ဦးစန်းလွင်ကြီးက ထူးဦးကို ကြည့်ပြီးတာနဲ့ ဘာရယ်မဟုတ် ထူးဦးရဲ့ ဘေးသို့ မျက်စိအရောက် ...။

ထူးဦးက ကိုယ်ကို ဖျတ်ခနဲ စောင်းရွေ့ပစ်လိုက်ကာ ဒေါင်းကို ကွယ်ပစ်လိုက်ပါသည်။ ပြီးလျှင်တော့ "ပြန်ပါ့မယ်"ဟု ပြောကာ ပေရပ်နေဆဲဖြစ်သည့် ဒေါင်းရဲ့လက်ကို ဆွဲကိုင်ပစ်လိုက်ကာ အသုဘအခမ်းအနား အဆောက်အဦထဲမှ အမြန်ဆုံးအပြင်သို့ ဆွဲထွက်လာခဲ့လိုက်တော့သည်။



"ထူး ... ထူး ... ဘာလုပ်တာလဲ ... ကိုယ့်ဘာသာပဲ ပြန်ပါ့မယ် ... ပြန်မှာပါ ... ထူးမနေစေချင်ရင် မနေပါဘူး"

"ဘာနဲ့လာတာလဲ ..."

"တက္ကစီနဲ့ ... အပြင်မှာ စောင့်ခိုင်းထားတယ် ..."

"ဘယ်ကားလဲ ..."

ဒေါင်းညွှန်ပြရာ ကားတစ်စီးဆီအထိ ဒေါင်းလက်ကို [illegible]တွတ်တမ်း ဆွဲကိုင်ခေါ်ယူခဲ့ကာ ကားအတွင်းထိ ထည့်သွင်းပေး[illegible]က်သည်။ ဒေါင်းသည် ထူးကို ဘာစကားတစ်ခွန်းမှ ထပ်မဆို[illegible] ... ထူးဦးကတော့ မိန်းကလေးတစ်ယောက်ရဲ့ လက်ကို [illegible]ဦးက ဆွဲပြေးပြီး တက္ကစီတစ်စီးပေါ် အတင်းတင်လွှတ်လိုက်[illegible]ည့်အဖြစ်ကို အဖေတို့နှင့် ဦးစန်းလွင်ကြီးတို့များ မြင်သွားကြ[illegible]လား... ဟု အဆောက်အဦထဲ လည်ပြန်ကြည့်ကာ အကဲခတ်[illegible]တာနဲ့ ဒေါင်းရဲ့ အသွင်သဏ္ဌာန်ကို အပြည့်အဝကြီး အကဲ[illegible]ခတ်နိုင်ပါ ...။

ထင်သည့်အတိုင်းပင် လူကြီးအချို့က ထူးဦးကို [illegible]တော့ကြည့်နေကြသည်။ သို့သော် ဦးစန်းလွင်ရဲ့ ပုံစံက [illegible]င်းကို သိသွားပုံမရ ...။ "ထူးဦးတစ်ယောက် ဘာများအရေး[illegible]ပါလိမ့်"ဟု အကဲခတ်မရ ရှိနေပုံလောက်သာ ရှိသည်။ [illegible] ကျွတ်ခနဲ တစ်ချက်မြည်တမ်းလိုက်ကာ သက်ပြင်းတစ်[illegible] ချပစ်လိုက်ရင်း ဒေါင်းဘက် ပြန်လှည့်ကြည့်လိုက်သော[illegible] ... ဒေါင်းရဲ့ တက္ကစီကားလေးက ထူးဦးရဲ့အပါးမှ ထွက်[illegible]ပြီးခဲ့လေပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



ဝူး ...။ ကဲလေ ... မတတ်နိုင် ...။ ထူးဦးရဲ့ပုံစံဟာ ကရုဏာဒေါသောတွေ အပြည့်တော့ ဖြစ်နေခဲ့မှာပါပဲ ...။ ဒေါင်းတစ်ယောက် စိတ်ဆိုးသွားခဲ့ရင်တောင်မှ ကိုယ့်စေတနာက မှန်နေတာမို့ ပြန်လည်ဖြေရှင်းယူလို့ ရကိုရရမည်ဟု ထူးဦးက ယုံကြည်ပြီး ဖြစ်ပါသည်။

သို့သော် ထူးဦးတစ်ယောက် မထင်မှတ်တာတွေလည်း တစ်ခါတစ်ရံကျတော့ ဖြစ်ပွားသွားတတ်ပါသေးသည်။

အသုဘအခမ်းအနားက ပြန်လာပြီးသောအခါ အိမ်ရောက်တော့ ဒေါင်းမှာ စိတ်နာကျင်မောပန်းစွာဖြင့် အပြင်းအထန်ပင် ဖျားပါလေတော့သည်။ ဒေါင်းတို့ ဆွေမျိုးတစ်သိုက်ရဲ့ ရှေးအယူအဆအရ ... အသုဘက ပြန်လာရင် မဖျားစေရ ... ဖျားရင် ထိုအသုဘနောက်သို့ ကောက်ကောက်ပါရမည့်သူမှာ ကိုယ်ဖြစ်သွားနိုင်သည်။ အိမ်ပြောင်းရာပြောင်း အခြေအနေပြောင်း တစ်ခုခု မလုပ်ပစ်လိုက်လျှင် ဘဝပြောင်းသွားနိုင်ပါသတဲ့ ...။

တိုက်ဆိုင်စွာပင် ဒေါင်းရဲ့ အစ်မဝမ်းကွဲကလည်း အလုပ်တာဝန်အရ နယ်ပြောင်းပြီး အခြေကျပြီးဖြစ်သည့် ယောကျ်ား လုပ်သူက လှမ်းခေါ်သဖြင့် နယ်သို့ ပြောင်းရွှေ့ရတော့မည်ဖြစ် ရာ ... ဒေါင်းတို့သားအမိကိုပါ ... (ဖျားနေရက်ကြီးတန်းလန်းနှင့် ပင်) အိမ်ပြောင်းယာပြောင်း အခြေအနေပြောင်း ... ယတြာချေအနေ နှင့် ... နယ်သို့ ပြောင်းရွှေ့ခေါ်ဆောင် သွားပါလေတော့သည်။

ပုံမှန်အခြေအနေနှင့် ဆိုရင်တော့ ဒေါင်းဟာ အဖေ အပါအဝင် ဆွေမျိုးတစ်စုလုံးနှင့် ကိုယ်တစ်ယောက်တည်း ဒိုင်ခံ ထိပ်တိုက်တွေ့ကာ ငြင်းကောင်းငြင်းမိမည် ဖြစ်သော်မဲ့ ခုလောလော



ဆယ် အခြေအနေအရဆိုရင်တော့ ဒေါင်းကိုယ်တိုင်က ဖြစ်,ဖြစ်သမျှ ကိစ္စအဝဝတို့အတွက် စိတ်လေနေကာ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက် ... ကိုယ့်ဆန္ဒကို ဦးစားမပေးရဲတော့ဟု သဘောထားချင်နေသည်။

မထင်မှတ်ပါဘဲ ... မရည်ရွယ်ပါဘဲ ... ကြိုတင်ကြံစည်မှု မရှိကြပါဘဲနှင့် ထူးဦးနှင့် ဒေါင်းတို့ လပေါင်းများစွာ ကွဲကွာဝေးလွင့်သွားကြသည် ...။

❀ ၆ ❀

ပြန်တွေ့မဲ့တွေ့ကြတော့ ရွှေတိဂုံဘုရားပေါ်မှာ။

ဒေါင်းတို့ သားအမိ ရန်ကုန်ပြန်ရောက်လာကြပြီး ဒေါင်းအဖို့ ပထမဦးဆုံး အပြင်ပြန်ထွက်ဖြစ်သည့်နေ့မှာ ဖြစ်ပါသည်။ ရွှေတိဂုံဘုရားသို့ ရောက်ရောက်ချင်း ဒေါင်းက အမေ့ကို လူရှင်းရှင်း တန်ဆောင်းတစ်ခုအတွင်းမှာ ထိုင်နေခဲ့စေလျက် ... ကြာသပတေးထောင့်ရှိရာသို့ လှမ်းလာလိုက်သည်။

ဒေါင်းစိတ်ထဲမှာ ပန်းဝတ်မှုံကို မမေ့နိုင်သေး ...။ ပန်းဝတ်မှုံကို ဘယ်နေ့သမီးရယ်လို့ ဒေါင်းက မသိထားပါ ...။ စိတ်ထဲမှာ ကြာသပတေးသမီးများလားရယ်လို့ စိတ်ထင်နှင့် ကြာသပတေးထောင့်သို့ လာခဲ့ခြင်းပင် ...။ လပေါင်းများစွာ ကြာလာတာတောင် ပန်းဝတ်မှုံကို ဒေါင်းက မမေ့နိုင်ပါ ...။ ဒေါင်း စိတ်ထဲမှာ ... ဒေါင်းရဲ့ ရင်ထဲမှာ သူ အမြဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဆန်းပြားစွာပင် ...။ ကိုယ့်အစ်ကိုရင်းကိုဖိုးချိုသည်ပင် ဒေါင်းရဲ့ အတွေးစိတ်ထဲ အမြဲမရှိနိုင်တော့တာကြာပြီ ...။ အိပ်မက်လည်း တစ်ခါမှ ပြန်မမက်တော့ဘူးဆိုသောအခါ ကိုယ့်အစ်ကိုကို တမ်းတမ်းတတ လုပ်စရာကိစ္စလည်း မပေါ်တော့တာနဲ့ပဲ ဒေါင်းမှာ သတိမရတစ်ချက် ... ရတစ်ချက်သာ ...။

ပန်းဝတ်မှုံကိုတော့ အမြဲသတိရသည်။ သူ့ကို ဒေါင်းအိပ်မက်မမက်ပါ ...။ သတိပဲ ရနေသည်။ သူ့အတွက်လည်းကောင်းမှုကုသိုလ်တွေ အမြဲပြုဖြစ်နေကာ ... အံ့ဩစရာကောင်းလောက်အောင်ပင် ... ဒေါင်းကိုယ်တိုင် အသည်းစွဲ မုန်းတီးခဲ့မှုးသော ဒေါင်းရဲ့ရန်သူ မိန်းကလေးတစ်ယောက်ဟာ ဒေါင်းရင်ထဲစွဲမြဲစွာ ကိန်းဝပ်တည်ရှိနေတော့သည်တဲ့ ...။

ဘုရားကို လက်ဝဲရစ်ပတ်လာခဲ့ပြီး ကြာသပတေးထောင့်ကို လှမ်းမြင်လိုက်ရစဉ်မှာပင် ထူးကို ဒေါင်းက လှမ်းတွေ့ပါသည်။ ကြာသပတေးထောင့်မှာ ရေသပ္ပာယ်နေသော ထူးသည်စနေသားဖြစ်တာ ဒေါင်းသိပါသည်။ သူလည်း ပန်းဝတ်မှုံကိုမမေ့နိုင်သေးသူ တစ်ယောက်ပဲ ဖြစ်နေခဲ့သည် ထင်ပါရဲ့လေ ...။

ဒေါင်းက မရှောင်ပါ ... သူ့ကို ရှောင်ချင်ရင် ... တန်ဆောင်းရဲ့ အခြားတစ်ဖက်က ဂြိုဟ်တိုင်နောက်တစ်ခုဆီသို့သာ ရှောင်လွှဲသွားလိုက်လို့ ရနိုင်သေးသော်လည်း သူ ရေသပ္ပာယ်နေသည့် နေရာသို့ပဲ တန်းတန်းမတ်မတ် လျှောက်လှမ်းသွားလိုက်ပါသည်။ ဒေါင်းတို့နှစ်ယောက်ရဲ့ "ချစ်သူ"တွေအဖြစ်ဟာစစ်စစ်ပေါက်ပေါက် မှတ်မှတ်ရရ ... တစ်လမျှပင် မကြာလိုက်ရသောအခါ ဒေါင်းက နေတာတ်သွားခဲ့ပြီ ...။ ထူးကို မချစ်နိုင်တော့



ဘာလည်း မဟုတ် ...။ ချစ်တာကတော့ ချစ်တာပဲ ...။ သို့သော်ချစ်ခွင့်မရှိတော့ဘူးဆိုလည်း နေနိုင်သွားသည့်သဘောပင် ...။

"ဒေါင်း ..."

ထူးဦးတစ်ယောက် ဒေါင်းကို မြင်သည်နှင့် ရုတ်တရက် တုန်လှုပ်ထိတ်လန့်လို့သွားပါသည်။ ဒေါင်းကတော့ ကြိုတင်မြင်တွေ့ ပြင်ဆင်ပြီးထားပြီမို့ ပြုံးလိုက်နိုင်သည်။

"ထူး ... ရေလာသပ္ပာယ်သလား ..."

"ဒေါင်း ... ကျွန်တော် လူမမှား ... အမြင်မမှားပါဘူးနော် ... ဒေါင်းပဲပေါ့ ... ဟုတ်လား ..."

ထူးဦးက မချိတင်ကဲနှင့် နှုတ်ခမ်းကို ကိုက်လိုက်သည်။

"ဘယ်ရောက်သွားတာလဲ ... ကျွန်တော် အခေါက်ခေါက်အခါခါ လာရှာသေးတယ် ..."

"ဒေါင်းတို့ နယ်ကပြန်ရောက်ကြတာ နှစ်ပတ်လောက်ပဲရှိသေးတယ် ..."

"ဘာလုပ်သွားတာလဲ ..."

ထူးဦး၏ မေးခွန်းကို ဒေါင်းက သိပါသည်။

"ဆွေမျိုးတွေ ခေါ်လို့ လိုက်သွားရတာ ... ဟိုမှာ အတော်ကြာခဲ့တယ် ..."

"ဘာသွားလုပ်တာလဲလို့ မေးတာမဟုတ်ပါဘူး ... ဘာလုပ်သွားတာလဲလို့ မေးတာပါ ..."

ဒေါင်းက ပြန်မဖြေဘဲနေသဖြင့် ထူးဦးက မခိုတရိအပြုံးနှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်း ကျွန်တော့်ကို နာသွားတယ် ... ကျွန်တော် သိပါတယ် ..."

"နာတယ်ရယ်တော့ မဟုတ်ပါဘူး ..."

"ဒေါင်းရဲ့ အကြည့်တွေ အပြုအမူတွေက နာကျင်မှုကို ပြနေခဲ့တာပဲ ..."

"ဒါဖြင့်ရင်လည်း ထူးကိုတော့ မဖြစ်နိုင်ပါဘူး ..."

ထူးဦးက ဒေါင်းကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ဒေါင်းက မသိချင်ယောင်ပဲဆောင်ကာ ရေသပ္ပာယ်နေသည့် ရေခွက် အရေအတွက်ကို နှုတ်ကနေ အသံထွက်ပြီး ရွတ်နေသည့်အတွက် ထူးဦးမှာ စကားဖြတ်မမေးသာဘဲ ... စောင့်နေပေးရပါသည်။

"နှစ်ဆယ်တစ် ... နှစ်ဆယ့်နှစ် ... နှစ်ဆယ့်သုံး ..."

ဒေါင်းက ရေခွက်ကို ရပ်တန့်လိုက်ပြီး နှုတ်မှ တဖွဖွလေး ရေရွတ်ကာ ဆုတောင်းနေလိုက်လျှင် ထူးဦးမှာ ခပ်ကြောင်ကြောင်ပင် ဖြစ်မိသွားရပါသည်။ ကြာသပတေးထောင့်မှာ ဒေါင်းက ရေသပ္ပာယ်လျှင် တစ်စုံတစ်ယောက်အတွက်ပဲ ဖြစ်ရမည်ဆိုတာ ခန့်မှန်းနိုင်ပြီးသား ...။ အဖြစ်နိုင်ဆုံးကတော့ သူ့အစ်ကို ကိုဖိုးချိုပင် ...။ သို့သော် နှစ်ဆယ့်သုံးခွက်ထဲဆိုတော့ — အင်း ... မဟုတ်သေးပါဘူး ...။

ကိုဖိုးချိုဟာ ဆုံးသွားတုန်းက နှစ်ဆယ့်နှစ် — နှစ်ဆယ့်သုံးထဲ ဟုတ်ပါ့မလား ... ဒေါင်းပင်လျှင် နှစ်ဆယ့်သုံးထဲ ရောက်ပြီဆို ...။ ကိုဖိုးချိုဆုံးတာသည် အလွန်ဆုံးရှိလှ တစ်နှစ် ကျော်ပေါ့ ...။ ဒေါင်းနဲ့ ကိုဖိုးချိုဟာ ဒီလောက်အသက်မကွာခြားတာလား ... မဖြစ်နိုင်သေးပါဘူး ...။



"ဒေါင်း ... ကိုဖိုးချိုက ဘယ်နှနှစ်နဲ့ ဆုံးတာလဲ ..."

"နှစ်ဆယ့်ခြောက်လေ ... ဘာလို့လဲ ..."

"ဒေါင်းက ... ဟို နှစ်ဆယ့်သုံး ..."

"သြော် ..."ဟုဆိုကာ ဒေါင်းက ပြုံးလိုက်သည်။ ဒေါင်းရဲ့ အပြုံးကလေးက ငြိမ်းချမ်းနူးညံ့စွာ လှပလို့နေလေသည်။

"ပန်းဝတ်မှုံ့ အတွက်ပါ ..."

ထူးဦးမှာ ပါးစပ်အဟောင်းသားပင် ဖြစ်သွားရသည်။ ဒေါင်းက အပြုံးတွေကြားကပင် သက်ပြင်းတစ်ချက်ကိုချကာ ...

"သူ ဆုံးသွားအောင် ဒေါင်း မလုပ်ခဲ့ပါဘူး ... ဒါပေမဲ့ တစ်နေ့မှတော့ မေ့လို့မရဘူး ... ထူး ရှင်းအောင် ဒေါင်း မပြောပြတတ်ပါဘူး ... Guitly ဖြစ်တာ မဟုတ်ဘူး ... မေ့လို့ကိုမရတာ ... သတိတရရှိနေတာ ..."

"ကျွန်တော် သိပြီးပါပြီ ... ဒေါင်းကိုလည်း ယုံကြည်ပြီးခဲ့ပြီ ... နားလည်းနားလည်နိုင်ခဲ့ပြီ ..."

"ဟင် ... ဘာကိုပြောတာလဲ ... သြော် ... ဒေါင်း အကြာကြီး အဝေးကြီး သွားလိုက်လို့လား ..."

"မဟုတ်ဘူး ... အဲဒီအတွက် ကျွန်တော် ခံစားရပါတယ်၊ ဒါပေမဲ့ အဲဒီလို လုပ်လိုက်လို့ နားလည်သွားရတာဆိုရင် ဒီလောက်စစ်မှန်ချင်မှ စစ်မှန်လိမ့်မယ် ... ခုဟာက စစ်စစ် မှန်မှန်ကို နားလည်နိုင်တာ ... ဒေါင်း ပယောဂကြောင့် ပန်းဝတ်မှုံ့ ဒီလိုဖြစ်သွားရတာ မဟုတ်ဘူးဆိုတာကိုလည်း ယုံတယ် ... ပြီးတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဦးက ဆက်မပြော ...။ ခဏကြာမှ ...

"ပန်းဝတ်မှုံ အတွက်လို့ မထင်ဘူး ... ကျွန်တော်က ကိုဖိုးချိုအတွက် ရေလာသပ္ပာယ်ပေးတယ်ပဲ ထင်တာ"

"ကိုဖိုးချိုက ကြာသပတေးသားမှ မဟုတ်တာ ... တနင်္လာသားပဲဟာ ..."

"ဟိုက် ..."

"ဘာဖြစ်တာလဲ ..."

ထူးဦးက သူ့နဖူး သူရိုက်လိုက်သည်။

"ပန်းဝတ်မှုံကတော့ ကြာသပတေးသမီး ဖြစ်လိမ့်မယ် ထင်တယ်နော် ... ထူးရော သူ့အတွက်ပဲလား ..."

"ဟာ ... သူဘာနေ့သမီးလည်း ကျွန်တော်က ဘယ်လို လုပ်သိနိုင်မှာလဲ ... သူ့အတွက်လည်း ရေသပ္ပာယ်ပေးဖို့ အတွေးထဲမှာ မရှိပါဘူးကွာ ... ကျွန်တော်က ကိုဖိုးချို အတွက်ပါ ... သူ့ကို ... ဖိုးချိုဆိုတော့ ကြာသပတေးသားပဲ မှတ်တာပေါ့ ..."

"ထူးက ကိုကို့အတွက် ..."

"ဟုတ်တယ် ... အသက်လည်း မသိတော့ ခွက်သုံးဆယ် လောက်မှန်းပြီး လောင်းလိုက်တယ် ... ခုကျတော့ နေ့ပါ မှားနေပြီ ... ဟား ဟား ..."

ဒေါင်းမှာ ပါးစပ်အဟောင်းသားလေး ဟနေမိအောင်ပင် အံ့သြနေရပါသည်။ ဒေါင်းနှင့် ထူးဦးတို့နှစ်ယောက်သား ဘုရားကို ဦးချပြီး ကြာသပတေးထောင့်က ပြန်ထွက်လာကြသည် အထိ ... ဒေါင်းရဲ့ အံ့အားသင့်မှုတို့က မပြယ်နိုင်သေး ...။ ထူး



နောက်တာ လိမ်တာ မဟုတ်ဘူးဆိုတာတော့ ဒေါင်း သိသည်။ သို့သော် ထူးရဲ့ ရယ်သံတစ်ခုနှင့်ပင် လပေါင်းများစွာကြာအောင် အဲ့ကွာစိမ်းပြတ်နေကြသော ဒေါင်းတို့နှစ်ဦးကြားမှာ ရင်းနှီးစေးကပ်မှုတွေက အမြန်ဆုံး ပြန်ရောက်လာကြကာ ဟိုး နဂိုနေပုံစံအတိုင်းပင် ပြန်ရောက်သွားသလိုလို ...။

"ထူးက ကိုကို့အတွက် ဘာလို့ ရေလာသပ္ပာယ်ရတာလဲ"

"သူ့ကို ကျွန်တော် အိပ်မက်မက်တယ်လေ ... အိပ်မက်ထဲမှာ သူက ကျွန်တော်နဲ့ ဒေါင်းကို သဘောတူတယ် ... မကြာခင် ပြန်ဆုံစည်းအောင် လုပ်ပေးမယ်တဲ့ ..."

ဒေါင်းက ဟိုးအရင်တစ်ခါကလည်း ဒီလိုပဲ သူ့ ဆီမှာ ပြောင်ဖူးတာကို သတိရလိုက်သည်။

"ကြည့် ... သူများအစ်ကိုကို ပြောင်ပြန်ပြီ ..."

"ဟာ ... တကယ်ပြောတာပါ ... ဒေါင်းကိုရော ... ဘာမှ မပြောဘူးလား ..."

"ဒေါင်းဖြင့် သူ့ကို အိပ်မက်မမက်မိတော့တာ လပေါင်းများစွာ ရှိနေပြီ ..."

"ဒါဖြင့် ဘယ်လိုလဲ ..."

"ဘာကိုလဲ ..."

"ကျွန်တော့်ကိုလေ ... ဟိုးအရင်ကလိုပဲလား ..."

"ကျွတ် ... ဘယ်လို ဖြစ်နေတာလဲ ... ဘုရားပေါ်ကြီးမှာ"

"ဒါဖြင့်ရင် ဘုရားအောက် ပြန်ဆင်းပြီး ပြောကြမလား"

"အမေပါ ပါလာတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီလိုလား ... ဒါဖြင့် ကျွန်တော် လိုက်တွေ့လို့ရမလား ..."

ဒေါင်းက နှုတ်ခမ်းလေးကိုက်ကာ ခဏလေး ငြိုင်သက်စဉ်းစားနေလိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။ လပေါင်းများစွာ ခြောက်သွေ့ညှိုးလျှနေခဲ့သည့် သမီးငယ်၏ သောကကို အမေက အမြန်ဆုံးပြေပျောက်ပြေလည်စေချင် သူပါလေ ...။ ဒါကြောင့်မို့လည်း နယ်မှာပဲ အခြေကျနေပြီးကာမှ ဆိုင်းမဆင့် ဗုံမဆင့် ..."ရန်ကုန်ပြန်ကြတော့မယ်"ပဲ တွင်တွင်ပြောပြီး အမေပဲဦးဆောင်ကာ ပြန်ပြောင်းလာဖြစ်ကြတော့တာ။ ဒေါင်းသာ စိတ်ချမ်းသာမယ်ဆိုရင် ထူးကို အမေက ဘာမှပြောချင်နေတော့မည် မထင်ပေ ...။

ထူးနှင့်ဒေါင်းတို့ နှစ်ယောက်လုံး ငြိမ်ငြိမ်ကလေးတွေ တိတ်ဆိတ်ကာ ယှဉ်တွဲလျှောက်လှမ်းလာခဲ့ကြသည်။ ဒေါင်းတစ်ယောက် ယုံကြည်စွာ နားထောင်ချင်လာသည့် တစ်နေ့မှာ ပြန်ပြောင်းပြောပြလိုသော အိပ်မက်ညပေါင်းများစွာတို့ရဲ့ အကြောင်းတွေ ... ထူးဦးရဲ့ ရင်ထဲမှာ စီတန်းပြည့်နက်လို့နေကြလေသည်။

ပုဏ္ဏမီ

www.burmeseclassic.com